www.burmeseclassic.com

NEW IDEA
စိတ်ကူးသစ်စာပေ

# လေးမောင်

## ပြည့်ကျိုးငှက်
## တစ်ပွဲစားနဲ့မောင်
## နှင့်
## ကျွန်တော်တို့



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

တမူခွင့်ပြုချက်အမှတ် – ၅၀၁၂၀၅၀၈၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၅၉၉၁၁၀၈

■

စီစဥ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၀၉၊ဧပြီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
ဦးမန်းစော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
ဝင်းရှောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ကျပ်

# ပြည်ကျိုးငှက်၊ တစ်ပွဲစားနှံမောင်နှင့်ကျွန်တော်တို့

၁

ဇလုံအတွင်းမှ အငွေ့တထောင်းထောင်းထနေသော ကောက်ညှင်းတို့ကို လက်နှင့်အဆုပ်ဖြစ်အောင် လုံးလိုက်ပြီး၊ နှမ်းထောင်းများနှင့်တို့ကာ စားလိုက်ကြ၊ ဆတ်သားရည်သုတ်များတို့ကို ဖွန်းနှင့်ခပ်စားလိုက်ကြနှင့်ဖြစ်နေကြသော အဖွဲ့သားများကို လှဲနေရာမှလှမ်းကြည့်လိုက်ရင်း ကိုယ်ပါစားချင်စိတ်ပေါက်လာသည်မို့ အိပ်ရာမှကြိုးထလိုက်ပြီး လှမ်းနှိုက်လိုက်စဥ် ကျွန်တော့်လက်ကိုလှမ်းပုတ်ချလိုက်ရင်း တားဆီးလိုက်သူက အာလူးတစ်ယောက်ရယ်သာ။

"ဒီလောက်ငှက်ဖျားတက်နေတာ ကောက်ညှင်းတွေမစားနဲ့လေ ဆန်ပြုတ်သောက်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



သူတို့စားနေကြသော ကောက်ညှင်းတို့က အမွှေးလွှန်နေသလို အစည်းကလဲ ပိုသည်။ အဖြူနှင့်အမည်းတို့ရောစပ်ထားပြီး "ငနွဲအိုင်" မှ ချင်းမုဆိုး "ခေါင်ထောင်း"က လက်ဆောင်လာပေးထားသည့် ကောက်ညှင်းများတို့ပင်။

ဆတ်သားရည်သုတ်ဆိုသည်က ဟိုယခင်အချိန်များတို့ဆီက သားကောင်များတို့ကို ပစ်ခတ်ကြသည့်အထဲတွင် အရည်ချရသော အကောင်များဖြစ်ကြသည့် "ကျီ၊ ဒရယ်၊ ဆတ်၊ ဝံ၊ မိုင်နှင့် ပြောင်" များတို့လို အကောင်မျိုးတို့ကို ပစ်ခတ်ရရှိလာခဲ့ကြလျှင် ဦးစွာအရည်ချ (အရေခွံကိုခွာ)သည်၊ ဗိုက်ခွဲကာ အတွင်းမှဝမ်းတွင်းသားများကိုထုတ်၊ အသားများကို ခုတ်ထစ်လှီးဖြတ်၍ ယမ်းစိမ်းပက်၊ ဆားနယ်ကာ အခြောက်လှမ်းကြသလို ကျန်အသားတို့ကို ကြိုက်သလို ချက်ပြုတ်ကြော်လှော်ဖုတ်ကင်စားခဲ့ကြသည်။ အရည်ခွံများကို မြေပြင်တွင်ဖြန့်ကြက် ငုတ်စိုက်အခြောက်လှမ်းပြီးထားကြသည်။ လိုချင်သည့် ဆန္ဒရှိကယူဆောင်သွားကြသော်လည်း အလွန်တရာနည်းပါးပြီး မည်သူမျှ မယူဆောင်ကြသလို ရွာခံမုဆိုးအိမ်တွင်သာထားခဲ့ကြသော စွန့်ပစ်ပစ္စည်းများတို့ပင်။

ရွာခံမုဆိုးများကလည်း ထိုအရည်ခွံတို့ကို ရောင်းစား၍မရ သလို၊ အလကားပေးလျှင်တောင် ယူမည့်သူမရှိကြသည့် အနေအထား မျိုး။ သို့အတွက် ထိုပစ္စည်းများကို မုဆိုးတို့က တဲတစ်လုံးခေါက်ကာ အမှတ်တရထားကြသည့်ပစ္စည်းမျိုးပင်။

ယခုအခါ ကျွန်တော်တို့ မုဆိုးလုပ်ကြသူများတို့ လက်ဝယ် သေနတ်များရှိစဉ်ကာလက၊ စားကြရကောင်းမှန်းမသိသည့် ထိုအရေ ပြားခြောက်အချပ်ကြီးများတို့ကို ဘယ်မုဆိုးကတော်တို့က ဖန်တီးတီထွင်





စမ်းသပ်လိုက်သည်တော့ဖြင့် မသိ၊ ထိုစမ်းသပ်တီထွင်မှုက အောင်မြင် သွားသဖြင့်၊ အဝယ်လိုက်ကာ စီးပွားရေးဈေးကွက်တွင် အလွန်အမင်း ရှားပါးသွားသည်မို့ ထိုစွန့်ပစ်ပစ္စည်းသည် ထိပ်တန်းတွင် နေရာယူထား သည့်အဖြစ်ပင် ရောက်ရှိသွားခဲ့ရပေသည်။

လုပ်နည်းကလဲ ကြည့်ဦး။ ယခင်အချိန်များတို့က ထိုအရည်ခွံ များတို့ကို အခြောက်လှမ်းပြီး ဖျာကဲ့သို့ ခင်းထိုင်လာခဲ့ကြသော်လည်း ယခုအခါ ထိုအရေပြားခြောက်တို့ကို လက်လေးလုံးခန့် လှီးဖြတ်လိုက် ကြပြီး ကပ်နေသောအမွှေးများကိုမီးဖုတ်ကာ အမွှေးများကို မီးကျွမ်း သွားသောအခါ တုတ်နှင့်ခြစ်ပြီး ကုန်စင်သွားသောအခါ ကျန်နေသည့် မည်းမည်းအပြားကို ပြုတ်သည်။ ထိုရေကိုသွန်၍ နောက်ထပ်လေးငါး ခြောက်ရေလောက် ဆက်ပြုတ်လိုက်သောအခါ၊ ထိုအရေပြားက ဖြူလိုက် လာသလို ပွ၍လည်းလာသည်။ နောက်တစ်ရေလောက် ထပ်ပြီးပြုတ်လိုက် ပါက မည်းနေသောအရောင်မှ ဖြူဖွေးသွားသည်။ ထိုအရေပြားတို့ကို ထပ်ပြီးပါးပါးလှီးဖြတ်ပြီး သုတ်သည်ဟုပြောသည်။ ကိုယ်ကမစားရသေး၍ ကောင်းမှန်းမသိသေးသော်လည်း အဖွဲ့သားတို့က ခေါင်းမဖော်စတမ်း နှစ်သက်စွာစားနေကြသည်ကို မြင်နေရသည့်အပြင် အလွန်ကောင်းသည် ဟုလည်း တဖွဖွပြောနေကြပြန်သေးသည်။

ဩော် . . . သေနတ်များလက်ဝယ်မရှိ၊ မကိုင်ကြရတော့သဖြင့် ဟိုယခင်အချိန်များတို့ကကဲ့သို့ သားကောင်များပစ်ခတ်လို့ မရကြတော့ သဖြင့် ယခင်ကရရှိပစ်ခတ်ထားခဲ့ပြီးကြသော သားကောင်များတို့၏ အရည်ခွံများတို့ကိုပင် နည်းမျိုးစုံလုပ်ကြံဖန်တီးပြီး စားသောက်နေကြ ရသည့်အဖြစ်မျိုးတောင် ရောက်နေကြပါပေါ့ရယ်လားဟူ၍ တွေးတော နေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြောနေသည်ကလဲ ဟုတ်နေသဖြင့် ကျွန်တော့်လက်ကို ပြန်ရုပ်လိုက်ရင်း အသာငြိမ်နေလိုက်ရပေသည်။ သည်ခရီးကို အိမ်က ထွက်လာခဲ့စဉ်က အကောင်းကြီး။ သည်စခန်းချရာဆီကိုရောက်တော့မှ ကိုယ်လက်များကိုက်ခဲလာပြီး ငှက်ဖျားကထချင်လာသည်။ ငှက်ဖျားဆေးတို့ကို သောက်လိုက်သော်လည်း နောက်ကျသွားသည့်မို့ အချမ်းကထလာပြန်သည်။ ပိုက်များနှင့် အမဲထောင်ဖမ်းရန်လိုက်မသွားဘဲ စောင်ခြုံကာ ကွေးနေလိုက်သော်လည်း အချမ်းကတက်လာပြန်သည်။

ညနေပိုင်းအဖွဲ့သားများ တောမောင်းရာမှ ပြန်လာကြတော့ ကျွန်တော့်တက်နေသောငှက်ဖျားက ပြန်မကျသေး။ အတွင်းအထိပ်ထိ ရောက်နေသည်။ ငှက်ဖျားအရှိန်နှင့် ကယောင်ကတမ်းပြောကာ သီချင်းဆိုလိုက်၊ ညဏ်ကျယ်ကို ကလော်တုတ်လိုက်လုပ်နေတုန်း။ သူတို့က တတ်ကြမ်းတိုက်သည့်အနေနှင့် ကျွန်တော်စောင်ခြုံအိပ်သည့် ဝါးကြမ်းခင်းအောက်မြေပြင်ထက်ဆီတွင် ခေါင်းပိုင်းနှင့်ကိုယ်ပိုင်းတွင် မီးဖိုနှစ်ခု ဖိုကာ ထင်းများကိုဆိုင်ပြီး မီးအပူပေးကာ မီးအပူဒါဏ်ကြောင့် တလူးလူး တလိမ့်လိမ့် တညည်းညည်းတညူညူ လူးလိမ့်နေရင်း အတန်ကြာတော့ အိပ်ပျော်သွားသည်။ စောင်များကိုလည်း ထပ်၍ခြုံထားသည့်မို့ နိုးလာတော့ တစ်ကိုယ်လုံးချွေးများရွှဲနစ်နေသည့်မို့ အဝတ်အစားများလဲပစ်လိုက်ရသည်။ ယခုအချိန်တွင် ငှက်ဖျားပိုးတို့က ဘယ်ရောက်သွားမှန်းမသိတော့။ တစ်နေ့လုံး ဒုက္ခပေးခဲ့သောငှက်ဖျားကား သူနှင့်မပတ်သက်တော့သလိုမျိုး။

ငှက်ဖျားကျသွားပြီဆိုသော်လည်း အားတို့ပါကျသွားခဲ့ရသည့်မို့ ကိုယ်လက်များနှင့် ရင်တို့ကပါတုန်နေပြီး ခုခံအားတို့ပါကျဆင်းသွားသည့်မို့ မလှုပ်ချင်။ အဖွဲ့သားတို့မှာ ပိုက်ဖြင့် တစ်နေကုန်လိုက်လံတောခြောက်





ကြသော်လည်း ပိုက်ကိုသားကောင်များတို့က မတိုးကြသဖြင့်မရခဲ့ကြ။ ဗိုက်ကဆန္ဒပြလာသည့်မို့ ရွာခံမုဆိုးဖော်ဇနီး "မစန်းမြ" ပြုတ်ပေးသည့် ဆန်ပြုတ်ကိုသာ အားထားနေရသည်။ ယခုလည်း သူတို့ (တောမောင်း/ တောခြောက်)သွားကြမည့်မို့ စောင်များကိုထပ်၍ခြုံကာ ချွေးထုတ်ရင်း အနားယူစောင့်စားကာ အိပ်နေယုံမှတစ်ပါး အလုပ်ကမရှိတော့ပေ။

www.burmeseclassic.com

# တစ်ပွဲစားနီမောင်နှင့် တွေ့ဆုံခြင်း

၁

တောရိပ်ကအုံ့ဆိုင်းနေသလို ဂနိုင်ဝန်းကျင်က အေးမြလှသည်။ တောစပ်သို့ရောက်တော့ ခေတ္တနားလိုက်ပြီး ရှေ့တွင် လှမ်းမြင်နေရသော တောချုံပုတ်ကြီးကို မသက်သာသောစိတ်တို့နှင့် စိမ်းစိမ်းရှူးရှူးစိုက်ကြည့်နေလိုက်မိသည်။ စိတ်တို့က ထိုချုံနွယ်အရှုပ်တောကြီးအတွင်း ဂူကြီးတစ်ဂူရှိနေသည့် အသွင်မျိုး။ ထိုတောချုံပုတ်ကြီးနှင့် စိတ်တွင်းကရှိနေသည်ဟု ထင်မှတ်နေသော ဂူကြီးကပင် ကျွန်တော့်ကို လာလှည့်ပါ၊ ဝင်ခဲ့ပါဟု လက်ယပ်ခေါ်ပြီး မြူဆွယ်နေသယောင်ပင်။

ကျွန်တော်က လျှောက်လှမ်း၍လာနေရင်း ယခုရောက်ရှိရပ်နေသောနေရာသည် ကိုယ်မရောက်ဖူးသော ဝန်းကျင်အသစ်ဆိုသည်ကို





စိတ်တွင်းကသိနေသလို လျှောက်လှမ်းလာခဲ့ရသော ခရီးကပင် ပေါ့ပါးဖျတ်လတ်သွက်လက်လွန်းနေသည်။ တောကြီးစိမ်းစိမ်းဟု အထင်ရှိနေသော်လည်း အတွင်းစိတ်တို့က အေးချမ်းသာယာပျော်ရွှင်စိတ်တို့နှင့် ဖြတ်သန်းလာခဲ့ရသည်ဟုလည်း စိတ်တွင်းကသိနေသည်။

ရှေ့မှ ဖြတ်ဆီးပိတ်ဆို့ထားသော တောချုံပုတ်ကြီးအတွင်း ဂူကြီးရှိနေမည်ထင်သောနေရာဆီသို့ သွားကြည့်လိုက်မည်အလုပ်၊ စိတ်တို့နှင့်အတူ ခန္ဓာကိုယ်က ပေါ့ပါးမြန်ဆန်စွာ လေအဟုန်တွင် ငှက်များတို့ တောင်ပံဖြန့်ဝဲသည့်နှယ် တောချုံကြီးအစဆီသို့ ရောက်လာခဲ့သည်။

ချုံနွယ်တောကြီးအစမှ အတွင်းဘက်ရှိ ဂူကြီးရှိနေမည်ထင်သောနေရာဆီသို့ လှမ်းဝင်မည်ပြုလိုက်တော့ ချုံနွယ်တောကြီး၏အထက်ဆီမှ "ပြည့်ကျိုးငှက်"ကလေးတစ်ကောင်က –

"ရှေ့ကြည့် . . . ရှေ့ကြည့်"

လူတစ်ယောက် စကားလှမ်းပြောလိုက်ဘိသကဲ့သို့ ပီပီသသနှင့် အော်ဟစ်တေးဆိုလိုက်သည့်အသံကို ကြားလိုက်ရသည်။

သည်ငှက်ငယ်ကလေးများတို့၏ အော်မြည်သံက လူကို အန္တရာယ်ပေးကြတော့မည့်သားကောင်မျိုးနှင့် ထိပ်တိုက်ရင်ဆိုင်တိုးကြရတော့ မည့်အချိန်မျိုးတို့တွင် အော်မြည်ဟစ်ကြွေးသတိပေးတတ်ကြသည့် ငှက်အော်သံမျိုးဆိုသည်ကို သိရှိထားသဖြင့် ဝဲယာဝန်းကျင်ဆီကို လှမ်း၍အန္တရာယ်ပေးမည့် နိမိတ်ကိုကြည့်သော်လည်း မည်သည့်ထူးခြားမှုတို့မျှမရှိ။ သို့အတွက် တောချုံပုတ်ကြီးအတွင်း ဂူကြီးဆီသို့ဝင်မည်ပြုလိုက်တော့ –

"ဟဲ့အကောင် နင်ဒီကို ဘာလာလုပ်တာလဲ"

အသံရှင်ကို ဆတ်ခနဲမော့ကြည့်လိုက်တော့ စောစောက အော်



www.burmeseclassic.com

www.burmeseclassic.com



မြည်သံပေးနေသည့် ငှက်ကလေးတစ်ကောင်မှအပ အခြားဘာကိုမျှ မတွေ့ရ။ ကျွန်တော်က တအံ့တဩအသွင်မျိုးနှင့် ကြည့်နေလိုက်ပြီး ငှက်ငယ်ကလေးအပြင် အခြားဘာကောင်ကိုမျှမတွေ့၍ ရှေ့ဆက်သွားတော့မည်အလုပ် –

"ဟော့ . . . မိုလ်လေးငါမေးနေတာ ကြားရဲ့လားကွ"

ငှက်ငယ်ကလေးက အောက်ဘက်ဆီရှိ ကျွန်တော့်ကို ခေါင်းငုံ့လျှက် နှုတ်သီးကလေးကို ဟသလိုပိတ်သလိုနှင့် ပါးစပ်ကလှုပ်စိလှုပ်စိ လုပ်ရင်း ပြောနေဘိသကဲ့သို့နှင့် မျက်လုံးကလေးများတို့ကလဲပြူးလျှက် ကျွန်တော့်ကို စိုက်ကြည့်နေသယောင်။

သို့အတွက် ကျွန်တော်က –

"နေစမ်းပါအုံး။ ခင်ဗျားက ကျွန်တော့်နာမည်ကိုခေါ်နေတော့ ဘယ်သူများပါလဲ၊ ပြောပြစမ်းပါအုံး"

"ဘာ . . . နင်ငါ့ကို မသိတော့ဘူးလား။ နီမောင်လေကွာ ဟဲ ဟဲ ဟဲ မင်းတို့တွေခေါ်နေကြတဲ့ တစ်ပွဲစားနီမောင်။ အေးလေ ငါက ငှက်တစ်ကောင်အသွင်မျိုးနဲ့ဆိုတော့ မင်းဘယ်သိတော့မှာလဲ"

"ခင်ဗျားက အဘဦးနီမောင်လား၊ မွေးနီကျေးရွာကလေ"

"ဟုတ်ပါ့၊ ဟုတ်ပါ့၊ ဟား ဟား ဟား"

ကျွန်တော် သူပြောလိုက်သောစကားတို့ကြောင့် မျက်လုံး ပြူးသွားသလို အလွန်အမင်းလဲအံ့ဩသွားမိသည်။ အကြောင်းမှာ ကျွန်တော်တို့အဖွဲ့သည် အဘ "ဦးနီမောင်"နေထိုင်ရာ "မွေးနီကျေးရွာ" ဆီသို့ မကြာခဏအမဲပစ်ထွက်ရင်း အထိုင်ချလေ့ရှိသည်။

အဘဦးနီမောင်၏ သားများဖြစ်ကြသည့် "တင်သိန်း၊ တင်စိုး၊ ယောင်ကြီးတို့သည်၊ တောတွင်း (ပဲခူးရိုးမကြီးအတွင်း) တစ်နေရာဆီ





တွင် ကျွန်တော်တို့အဖွဲ့သားများနှင့် တွေ့ဆုံခင်မင်ရင်းနှီးသွားကြသဖြင့် သူတို့အထိုင်ချနေထိုင်ရာ "မွေးနီကျေးရွာ"ဆီသို့အလည်ခေါ်၍ အမဲပစ်ခတ်ကြရန် လိုက်ပါသွားကြရင်းမှ သိရှိသွားကြကာ ထိုလူငယ်များတို့၏ဖခင် "အဘဦးနီမောင်"ပင်။

အသက်အားဖြင့် (၆၀)နှစ်ခန့်၊ ဒူးလေးတစ်လက်ကို ကျောတွင်လွယ်ပိုးရင်း တောင်ချောက်အမျိုးမျိုးတို့ကိုလည်း၊ တောင်ကာ သားကောင်များကို ပစ်ခတ်၍လည်းကောင်း။ တောင်ချောက်အမျိုးမျိုး ဆင်ကာဖမ်းဆီးလျှက် အသက်မွေးနေသည့် မုဆိုးကြီးတစ်ဦးပင်။

သူ၏သားများတို့နှင့် ခင်မင်ရင်းနှီးကာ သူတို့အခြေချနေထိုင်ရာ "မွေးနီကျေးရွာ"ဆီသို့ အမဲလည်ရန် ကျွန်တော်တို့အဖွဲ့ရောက်ရှိသွားကြတော့ သူ့ကိုကြည့်ရသည်မှာ သူ့သားများနှင့် ကျွန်တော်တို့ခင်မင်သဖြင့် အလွန်ပျော်နေသည့်အသွင်၊ ပြုံးစိစိနှင့် ဘာစကားကိုမျှတော့ မပြော။ ကျွန်တော်တို့အမဲသားကောင်များတို့ကို ပစ်ခတ်၍ရလာလျှင် ကျောပြောင်ကြီးနှင့် သူကပင်ဦးစီး၍မျက်သည်။ တကြသောက်ကြနှင့် အိမ်ပြန်တော့လည်း ပစ်ခတ်လို့ရရှိထားကြသည့် အသားခြောက်များကိုလည်း တနင့်တပိုး ထည့်ပေးလိုက်ကြပြန်သေးသည်။ သူတို့မိသားစုအတွက် ဘာကိုမျှမယူ။

ကြာတော့ ထိုကျေးရွာဆီသို့ အမဲပစ်ထွက်၊ သူတို့ဆီတွင် အထိုင်ချလေတိုင်း "အဘဦးနီမောင်"အတွက် လက်ဆောင်ပစ္စည်းများကို ဦးစားပေးယူဆောင်သွားကြပြီး ပေးကြသည်။ သူသုံးစွဲရန် ငွေကြေးများ ထောက်ပံ့ခဲ့သည်။ အဖွဲ့တွင် အဘကောင်း၊ အစ်ကိုကြီးဦးသိန်းလွင် နှင့်ကျွန်တော်က အသက်ကြီးကြသူများမို့ သူလေးစားသည်၊ အငယ်ဆုံး သဖြင့် ကျွန်တော့်ကို သူအခင်ဆုံး။ သူအားကိုးသလောက်လဲ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က ထိုအချိန်တွင် ခရီးရောက်နေသူတစ်ဦး။

အသက်အရွယ်ကြီးရင့်လာပြီမို့ သားကောင်တို့ကို ပစ်ခတ်ရှာဖွေကြရာတွင် သူကိုယ်တိုင်မလိုက်နိုင်ပေမဲ့၊ သူတတ်သိထားသည့် မုဆိုးပညာရပ်များကို သူ့သားများတို့က အားလုံးနီးပါးတတ်မြောက်ထားကြသူများမို့ အဆင်ပြေသည်။

''တင်သိန်း မနက်ကြရင် သပြေကုန်းနောက်ကျော ခပ်အုန်းပင်ကြီးဆီကိုသွား၊ သုတ်ကိုင်းထောင်၊ အဲဒီခပ်အုန်းပင်က အသီးတွေမှည့်နေပြီဆိုတော့ ဝံတွေတက်စားနေပြီ။ တင်စိုးက လဟာမငယ်ကကိုင်းတောစမှာ ဆတ်၊ ဒရယ်နဲ့ဝက်တွေဝင်တာ နစ်ရက်လောက်ရှိနေပြီ။ သံညှပ်နဲ့ထောင်နော်။ ယောင်ကြီးက ရွှေအပ်ကွင်းစိုက်ခင်းမှာ ဒူးမဲတစ်ကောင်နဲ့ ဝက်အုပ်ကျသပေ့။ ခြေနင်းကိုင်းနဲ့ ခြေနင်းကွင်းထောင်ကြ''

ဒူးမဲဆိုသည့်အကောင်က ချေ(ဂျီ)ပင် ဖြစ်သည်။ အချို့က တောကြီးချေဟုလည်း ခေါ်ကြသည်။ စာဆိုအရဆိုလျှင် ဂျီတစ်ဆယ်၊ ဒရယ်အစိတ်ဟု ဆိုကြသည်။ အများဆုံးရကြသည့် ဂျီသည် အလွန်ဆုံးရှိမှ အချိန်တစ်ဆယ်နှင့် တစ်ဆယ်အောက်ပင်။

သို့သော် ထိုဒူးမည်း (ခေါ်) တောကြီးဂျီမျိုးဆိုသည်က တစ်ဆယ့်ရှစ်ပိဿာလောက်အထိ ကြီးသည်၊ အလွန်ရှားပါးသည့်ဂျီမျိုးပင်။

အကျီမပါကျောတွင် ဗလာကျင်းနှင့် ဒူးလေးကိုလွယ်ပိုးရင်း သူ့သားများကိုညွှန်ကြားကာ ထွက်သွားသည်။ သူပြောသည့်အတိုင်း သားကောင်များကို ရရှိသည်။ ကျွန်တော်တို့ သေနတ်ကိုင်ထားကြသူများဝင် သူတို့လောက်ပစ်ခတ်လို့မရ။ ထိုကဲ့သို့ မကြာခဏသမားဂုဏ်ပြသည်။ ကြာတော့ ကျွန်တော်တို့အဖွဲ့ကသူ့ကို တစ်ပွဲစားဖြစ်မည်ဟု သတ်မှတ်လိုက်ကြသည်။ ကျွန်တော်တို့ပင် မဟုတ်တော့၊ ကြာလာသော





အခါ—သူ့လုပ်ရပ်များတို့ကြောင့် ထိုကျေးရွာရှိလူများကပင် သူ့ကို ''တစ်ပွဲစားနီမောင်''ဟု သတ်မှတ်နေကြပေသည်။

ကျွန်တော်တို့ကိုယ်တိုင်လည်း အဘဦးနီမောင်ခိုင်းသည့်အတိုင်း လုပ်ခဲ့ကြသူများမို့ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် သားကောင်များကို လွယ်လင့်တကူပင် ပစ်ခတ်လို့ရရှိခဲ့ဖူးပေါင်းများခဲ့ကြပေပြီ။

ထိုများစွာတို့အထဲမှ တစ်ခုသော ဖြစ်ရပ်ကလေးကို ပြောပြချင်သည်။ အမှတ်တရကိစ္စလေးမို့ပင်။ တစ်နေ့ –

တောတောင်များဆီတို့အတွင်း၊ အမဲသားကောင်များတို့ကို လိုက်လံပစ်ခတ်ကြသည်ဆိုသည်က အိမ်တွင်မွေးထားသည့် အိမ်တန်းတက်ကြက်ကို ရိုက်ချက်စားရသည်လောက် လွယ်သည့်ကိစ္စမျိုးမဟုတ်။ သားကောင်တို့ပေါ်များသည့် ရိုးမကြီးအတွင်းဆိုပေမဲ့ တကယ့်လက်တွေ့တွင် မုဆိုးတစ်ယောက်အဖို့ သားကောင်တစ်ကောင်ကို ပစ်ခတ်ရရှိဖို့ဆိုသည်က မလွယ်လှ။

မြန်မာပြည်အတွင်းရှိ ရိုးမတောကြီးများတို့နှင့်အပ တောများတို့အတွင်း သားကောင်များဆိုသည်က အုပ်စုလိုက်သွားလာ ကျက်စားနေထိုင်ကြသည်မျိုးမဟုတ်။ ထိုသို့ နေထိုင်ကျက်စားကြသည်က မြေပေါ်ပျံသွားငှက်များတို့နှင့် မျောက်တို့လောက်ရယ်သာ။ မြေပြင်ထက်သွားလာကျက်စားကြသည့် သားကောင်မျိုးတို့က အုပ်စုလိုက်အလွန်အမင်း တွေ့ရခဲသည်။ တစ်ခါတစ်ရံတွေ့ရတတ်သည်တို့က တောဝက်အုပ်လောက်ရယ်သာ၊ ဒါတောင်မိသားစုအုပ်မျိုး။

သူ့အိမ်ဆီကို ကျွန်တော်တို့အဖွဲ့ရောက်တော့ အားရဝမ်းသာနှင့်ခရီးဦးကြိုပြုရင်းမှ အခန်းတွင်းသို့ဝင်သွားပြီး အရက်နှစ်ပုလင်းကို ဆွဲထုတ်လာသည်။ ထန်းလျက်အရက် (ဦးရေမီးတောက်) ပုတတ်



www.burmeseclassic.com

www.burmeseclassic.com



သားကင်များတို့နှင့် ညှော်ခဲ့သည်။

ကျွန်တော်တို့အဖွဲ့ကလည်း ဖောင်ကြီးတာဆုံ၏ အဘဦးနီမောင်ဆီအရောက် (၆)နာရီသာသာ ချောင်းရိုးအတိုင်းလျှောက်လှမ်းလာခဲ့ကြရသည့်အပြင် အလွန်အမင်း ပင်ပန်းလာကြသည့်အချိန်လည်းဖြစ်၊ သောက်ကြစားကြသည့် အချိန်လည်းဖြစ်နေသည့်အပြင်၊ ဝါသနာကမူးယစ်စေတတ်သော ကိစ္စမျိုးကိုဆိုလျှင် လူကိုပတ်ချာလည်ခြင်းမျိုးအလုပ်ကိုပင် ခုံမင်နှစ်သက်ကြသူများမို့ ယခုကဲ့သို့ သူချပေးလာသည့်အရက်နှစ်ပုလင်းလောက်က တစ်ယောက်လျှင်တစ်ခါသောက်ပင်၊ နံတောင်မစွပ်။ မလောက်မငမို့ ကျွန်တော်တို့ အရိပ်အခြည်ကိုကြည့်နေသည့် အဘနီမောင်က နောက်ထပ်နှစ်လုံးကို ဝင်ယူပြန်သည်။ ထိုနည်းအတိုင်း နောက်တစ်ခါဝင်ယူရန် နေရာမှထလိုက်တော့ ကျွန်တော်က –

"အဘတော်လောက်ပြီ။ ညကိုမီးထိုးပြီး လိုက်ပစ်ကြရအုံးမယ်၊ တော်ကြာအမူးလွန်ပြီး လမ်းမလျှောက်နိုင်ဘဲ နေဦးမယ်"

ကျွန်တော်လှမ်းတားလိုက်သည်မို့ သူပြန်ပြောလိုက်ပုံက–

"ဒီည မင်းတို့ ဘယ်နှစ်ကောင်လောက် လိုချင်လို့လဲ"

"ကျွန်တော်တို့ ဒီညသုံးဆိုင်း မီးထိုးရှာမယ်အဘ၊ တစ်ဆိုင်းကိုတစ်ကောင်လောက်စီရရင်တော်ပါပြီ"

"ဗိုလ်လေးကော ဒီညထွက်ပစ်ဦးမှာလား"

"ဟုတ်ကဲ့အဘ၊ ကျွန်တော်လည်း တစ်ဆိုင်းထွက်မယ်လို့စိတ်ကူးထားတယ်"

"ဒါဆို မင်းက ဘယ်မှထွက်မနေနဲ့ လယ်စိုက်ကွင်း ဘေးစပါးကျီပေါ်ကပစ်၊ တင်သိန်းကို ချောင်းရိုးအတိုင်း အုံတုန်မင်ဘက်ကိုလွှတ်၊





တင်စိုးကိုလဲ ချောင်းရိုးအတိုင်း မဆယ်ကုန်းဘက်ကို လျှောက်ခိုင်းလိုက်"

"အုံတုန်မင်"ဆိုသည့် ကျေးရွာက ယခုကျွန်တော်တို့ရောက်ရှိရာနေရာ၏ အထက်ပိုင်း၊ တောပိုနက်သည့် နေရာပင်။ "မဆယ်ကုန်း" ဆိုသည့်နေရာက ကျွန်တော်တို့လျှောက်လာခဲ့ကြသည့် နေရာတစ်နေရာ၊ ချောင်းရိုးအတိုင်းဆိုပါမူ အထက်နှင့်အောက်၊ ကျွန်တော်တို့ ထိုနေရာများဆီတွင် ပစ်ခတ်ကြရာတွင် ယခုသူပြောနေသည့် နေရာများဆီသို့ လက်လွှတ်၍မရ။ အတွင်းပိုင်းတွင် သားကောင်များအလွန်ပေါ်များဘည်း။ ယခုလိုနေရာများမပါဘဲ ချောင်းရိုးအတိုင်း အထက်နှင့်အောက်ကိုလွှတ်နေခြင်းနှင့် ကျွန်တော့်ကိုတော့ အိမ်ရှေ့လယ်ကွင်း စပါးကျီပေါ်ကထိုင်စောင့်ပစ်ရန် ဆိုနေသည်။ ဟိုနှစ်နေရာကိုတော့ ကျွန်တော်မဆိုလို။ ကျွန်တော်ပစ်ခတ်ရမည့်နေရာက ဘယ်လိုမှ မဖြစ်နိုင်မှန်းကို အားလုံးကလဲ သိနေကြသည်။ သို့သော်သူ့ကိုတော့ ဘာတစ်ခွန်းမှ မတုံ့ပြန်၊ ဒါကိုလဲ သူကသိနေသည်။

အိမ်မှပါလာကြသည့် ငါးခြောက်ထောင်းကြော်၊ သူ့တွင်ရှိနေသည့် ဆတ်သားခြောက်ချက်ကို ညနေစာစားလိုက်ကြပြီး၊ ညမီးထိုးရှာဖွေပစ်ခတ်ကြမည့်အဖွဲ့နှစ်ဖွဲ့က ပြင်ဆင်ကြသည်၊ ပြီးတော့သတ်မှတ်ရာနေရာများဆီသို့ သွားကြရန်မီးထိုးကာ ချောင်းရိုးဘက်ဆီသို့ ဆင်းကြသည်။ ချောင်းရိုးဆီရောက်တော့ အထက်အောက်စုံဆန်ကြကာ ကိုယ့်လမ်းကိုယ်သွားကြကာ ကိုယ့်အလုပ်ကိုယ်လုပ်ကြရုံပင်။

ဝါးချောင်းဆိုသည်က ပဲခူးရိုးမကြီးအတွင်း ရှာချလိုက်သော မိုးရေတို့စီးဆင်းရာချောင်း(တောင်ကျရေတို့စီးဆင်းရာ)ချောင်းကြီးပင်။

ထိုချောင်းကြီးအပြင် "မဟူရာ"ချောင်းတစ်ချောင်းကလည်း ရှိနေပြန်သေးသည်။ ဝါးချောင်းအတိုင်း တောင်ကျရေများတို့စီးဆင်းရာ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းရိုးတစ်လျှောက် ရိုးမကြီးကိုအမှီပြုလျက် ရိုးမကြီးအတွင်းမှ ထွက်ရှိသော သယံဇာတပစ္စည်းများတို့ကို ရေကြည်ရာမြက်နုရာ အမှီပြုလျက် သူ့အုပ်စုနှင့်သူစုစည်းကာ နေထိုင်ကြသည့်စခန်းကလေး များစွာရှိသည်။

ပမာပြရသော် ပဲခူးရိုးမအတွင်းပိုင်းကြီးဆီသို့ တောင်ကျချောင်း ရိုးအတိုင်း ဝင်လိုက်သွားမည်ဆိုလျှင် ဦးစွာဖောင်ကြီးတာဆုံမှ စတင်ရ ပေမည်။

ဖောင်ကြီး တာဆုံ၊ ဝါးချောင်းကျေးရွာ၊ မဆယ်ကုန်းကျေးရွာ၊ ရွှေအင်ကွင်းကျေးရွာ၊ မွေးနီကျေးရွာ၊ ပုတ္တကျေးရွာ၊ ယမကျေးရွာ၊ အုန်းနဲ့ပင်ကျေးရွာ၊ ကျွန်းပင်လျှို၊ ဝါးဘိုးမြောင်၊ မြွေဟောက်တောင်၊ စိန်တောင်မှ ဥက္ကံသုံးဆယ်ဘက်ထိ။

ထိုမှတစ်ဆင့် ပျားစွဲတောင်၊ မုဆိုးတောင်၊ ကျွဲကျတောင်များ ဘက်ဆီသို့ ရိုးမကြီး၏ အတွင်းပိုင်းကျသော နေရာများတို့ဘက်ဆီသို့ ဝါးချောင်းအတိုင်း တောင်ကျရေတို့ စီးဆင်းရာလမ်းကြောင်းအတိုင်း ရွာများရှိနေကြသလို စခန်းပေါင်းမြောက်မြားစွာတို့ကလဲ ရှိနေသည်။ ထိုရွာများနှင့် စခန်းများတို့မှာ ချောင်းရိုးကိုကျောပေးကာ တည်ဆောက် ထားကြသည့် တဲငယ်ကလေးများတို့ပင်။

သူတို့၏အဓိကလုပ်ငန်းများတို့မှာ သစ်ဖောင်နှင့် ဝါးဖောင်များ ချသည့်လုပ်ငန်း၊ ဝလှူ၊ ခနဲ့၊ တောင်ထန်း၊ တိုင်းဘော(ထမင်းပင်) တံမြက်စည်းလုပ်သည့်အပြင်၊ မီးသွေးစသည့် လုပ်ငန်းများတို့အပြင် ကြိမ်ခုတ်ခြင်းလုပ်ငန်းများကိုလည်း လုပ်ကြသည်။

သူ့သားအကြီးဖြစ်သည့် တင်သိန်း၊ ဥာဏ်ကျယ်နှင့်မွန်တို့က တစ်ဖွဲ့၊ တင်စိုး၊ ကုလားကြီးသန်းညွန့်နှင့် အာလူးတို့ကတစ်ဖွဲ့ မုဆိုးအသုံး





အဆောင်ပစ္စည်းများကိုယူဆောင်ကာ ထွက်ကြတော့မည်အလုပ်—

"မင်းတို့ အမဲကို အရင်မပစ်နဲ့၊ ထောင်ချောက်တွေကို အရင်ဆုံး ထောင်ပြီးမှ မီးတိုးရှာပစ်ကြ။ တစ်ကောင်စီရရင် ပြန်ခဲ့။ ကြားကြရဲ့လား ငါမှာတာကို၊ ပင်ပန်းတယ် အိပ်ရေးပျက်မခံကြနဲ့"

အဘဦးနီမောင်က မှာကြားလိုက်သဖြင့် အားလုံးက –

"ဟုတ်ကဲ့အဘ"

ဟု ပြောကာထွက်ခွာသွားကြပေသည်။ တဲပေါ်တွင် ကျွန်တော် တို့ အသက်ကြီးသူသုံးဦးနှင့် အဘဦးနီမောင်နှင့် မိသားစုတို့သာ ကျန်ရစ် ခဲ့ပေသည်။ ထိုစဉ်သူက အိပ်ခန်းအတွင်းသို့ဝင်သွားကာ အရက်တစ် ပုလင်းကို ကိုင်လျက်ထွက်လာပြီး –

"ငါကိုယ်တိုင် မင်းတို့အတွက် ချက်ထားတဲ့အရက်ကွ၊ သောက် ကြအုံး"

"ကျွန်တော်က ပစ်ရအုံးမယ်ဆိုတော့ တော်ပြီအဘရယ် သူတို့ နှစ်ယောက်သောက်ကြလိမ့်မယ်"

"သောက်စမ်းပါကွာ၊ မင်းကသူများတွေကို လိုက်ရှာနေရမယ့် အကောင်မဟုတ်ဘူး။ မင်းဆီလာမဲ့အကောင်ကို စပါးကျီပေါ်က ထိုင်ရင်း လှမ်းချိန်ပြီး ခလုတ်ဆွဲလိုက်ရုံလေးပဲဟာ"

ဆီမီးခွက်ထွန်းထားသည့် အလင်းရောင်နှင့် ကျွန်တော်တို့ သုံးဦး တစ်ဦးမျက်နှာတစ်ဦး လှမ်းကြည့်လိုက်ကြမိသည်။ ဘာကိုမျှတော့ မပြောလိုက်ကြဘဲ သူ့ဆန္ဒအရ အရက်ကို သောက်နေလိုက်ကြပေသည်။ ကျွန်တော်တို့အရက်သောက်နေစဉ် သူက မီးဖိုအတွင်းဝင်သွားကာ ပုတတ်ကင်ကလေးများကို ဝါးနှင့်တံစို့ထိုးကင်ထားသည့် ငါးခုကို သူ ဆောင်လာပြီး ကျွေးနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုတတ်ကင်ကို စားရန်အတွက်ဖမ်းယူလိုက်ရင်း ကျွန်တော်စဉ်းစား နေလိုက်မိသည်က ကျွန်တော်တို့ရောက်စက (၁၅)ကောင်ခန့်၊ ယခု (၅)ကောင်၊ အကောင် (၂၀)မှို့ ကျွန်တော်တအံ့တသြ ဖြစ်နေမိတော့ သည်နှင့်အတူ –

''အဘရဲ့ပုတတ်ကောင်တွေက ရတာများလှချည်လား။ ထောင် ဖမ်းတာလား၊ တူးတာလား''

ယခုလိုနွေမိုးတပေါင်း ကာလမျိုးတွင် တောတောင်များအတွင်း သစ်ရွက်ခြောက်တို့ကို တောမီးလောင်အပြီး မြေပြောင်ပြောင်တွင် မြေကြီးအတွင်းမှ ဖြူဖြူဖွေးဖွေး ''ပုတတ်စာမြေကပ်ပန်း'' ကလေးတို့က နံနက်ခင်း နှင်းပွင့်နှင်းစက်များတို့နှင့်အတူ ထိုးခွဲကာ တက်လာကြ သည်မှာ မြင်ရသူတိုင်း နှတ်ချင်၊ ခူးချင်စရာပင်ဖြစ်အောင် နေရာမလပ် တိုးထွက်ပေါက်ရောက်နေကြသည်။

ထိုပုတတ်စာပန်း ဖြူဖြူကလေးများတို့ကို လူသားများတို့က လိုက်လံတူးယူပြီး ချက်ပြုတ်စားသောက်ကြသလို၊ ထိုပန်းကလေးများကို တခုတ်တရစားကြသည့် အကောင်တို့က ပုတတ်ကောင်များတို့ပင်။

ပုတတ်ကောင်မျိုးဆိုသည်က ပုတ်သင်ညိုတို့၊ ကင်းလိပ်ရှော တို့လို အကောင်မျိုး၊ အနီးစပ်ဆုံးက ''ကင်းလိပ်ရှော''ဆိုသည့် အကောင်နှင့်ပိုတူသည်။ သူ့ကိုဖမ်းပြီး ရင်ကိုခွဲ ဆားနယ်ကာ မီးကင် လိုက်လျှင် လွန်စွာမွှေးကြိုင်ပြီး အသားကလဲစားကောင်းကြသဖြင့် များများရလျှင် ချက်ပြုတ်စားသောက်တတ်ကြသလို၊ အကောင်နည်း ပါက ယခုကဲ့သို့ မီးကင်စားကြသည်။ လူသားတို့ကြိုက်နှစ်သက်သည့် ဟင်းကောင်းတစ်ပွဲ ဖြစ်သည်မို့တွေ့လျှင် အလွတ်ပေးရိုးထုံးစံမရှိ၊ ထောင်၍ သော်လည်းကောင်း၊ တွင်းကိုတူး၍သော်လည်းကောင်း၊





နည်းမျိုးစုံနှင့် ရှာဖွေဖမ်းဆီးကာ စားသောက်ကြပေသည်။

ထိုအချက်ကို ပုတတ်ကောင်ငယ်များတို့ကလဲ သိရှိထားကြ သဖြင့် လှုံ့နှံရလျှင်ပင် လှစ်ခနဲ ပြေးဝင်ပျောက်ကွယ်သွားကြသည်မို့ ယခုလို အချိန်အခါမျိုးတွင် ထိုအကောင်ငယ်များတို့ကို များများစားစား မရနိုင်တော့ပေ။ ပုတတ်လိုက်ကောင်းသည့် ပုဂ္ဂိုလ်များတို့ပင် တစ်နေကုန် ရှာပါမှ ဆယ်ကောင်လောက် အလွန်ဆုံးရတတ်သည်။

ဟိုယခင်အချိန်က ထိုပုတတ်ကောင်ငယ်တို့၏ သဘောသဘာဝ ကို သိရှိထားကြသော ကျွန်တော်တို့အဖွဲ့က ပုတတ်စာပင်များပေါက်နေ သောနေရာနှင့် အနီးစပ်ဆုံး တောချုံပုတ်အတွင်း သွားရောက်ပုန်းခို ငြိမ်သက်စွာနေကြရသည်။

လှုပ်ကိုလည်းမကြား၊ လှုံ့ကိုလည်းမရသဖြင့် ပုတတ်စာပန်း ဖြူဖြူကလေးများတို့ကို လာရောက်စားသောက်ကြသည့် ထိုပုတတ် ကောင်ငယ်ကလေးများတို့ကို တောချုံပုတ်အတွင်းမှ လေသေနတ်နှင့် လှမ်းပစ်ကာ သွားရောက်မကောက်ဘဲ သည်အတိုင်းထားကာ နောက် အကောင်များတို့ ဝင်ရောက်စားသောက်ကြမည်ကို ငြိမ်သက်စွာပုန်းခို စောင့်စားကြရပြန်သည်။

ထိုနည်းနှင့် စိတ်ရှည်ရှည်ထားကာ စောင့်ဆိုင်းပစ်ခဲ့ကြသဖြင့် တစ်နေကုန်လျှင် အကောင်သုံးဆယ်လောက်ထိ ရတတ်ကြပေသည်။

ထိုအကောင်ငယ်များကို ထောင်သည်က သူဝင်ရောက်သွား သည့် တွင်းဝတွင် လည်တိုးကွင်းနှင့် သုတ်ကိုင်းပုံစံမျိုးထောင်သလို တွင်းဝတွင် သစ်ရွက်ကြီးကြီးထုထုကို အပေါက်ဖောက်ပြီး ထောင်သည့် နည်းတို့နှင့်လည်း ထောင်ကြသည်။ သို့သော် ကိုယ်ထောင်သည့်ကျင်း တွင် အကောင်ရှိမှိုလိုသည်။ အချို့အကောင်များတို့မှာ မိမိတွင်းစိရေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ပင် တွင်းထဲသို့ဝင်ရောက်သွားသည့် အကောင်မျိုးဆိုလျှင် သေချာသလောက်နီးပါးရတတ်ကြသည်။

လူကမူးနေသည်ဆိုသော်လည်း နောက်တစ်မျိုးကို စဉ်းစားနေလိုက်မိပြန်သည်က ယခု ကျွန်တော်တို့ထိုင်နေကြသည့် အဘနီမောင်တဲက တောင်ကျချောင်းကိုဖင်ပေးလျက် ရှာတန်းရှည်ပုံစံမျိုးနှင့် ဆောက်လုပ်ထားကြသည့် တဲများတို့၏ ရှေ့မျက်နှာစာကား စိုက်ကွင်း၊ ထိုလယ်ကွင်း၏ နောက်ဘက်က ဖုန်းဆိုးတော(လယ်ကွက်ပျက်များ)နှင့် ကိုင်းပင်နှင့်ကျူပင်ရိုင်းများတို့၏ အနောက်ဆီမှ သစ်ရိုင်းပင်ကြီးများတို့နှင့်အတိ။ ရိုးမကြီးပြင်ပြင် အတွင်းဆီမို့ သားကောင်ကို တဲပေါ်မှထိုင်ပစ်ရမည်ဆိုလျှင် တဲပေါ်တွင် မီးခွက်ကိုထွန်းထားသလို တဲရှေ့တွင် နွားနှင့်ကျွဲများတို့ကို မှက်၊ ခြင်နှင့် ယင်တို့ကိုက်မည်စိုးသဖြင့် မီးထားသည့် မီးပုံကြီးကလဲ ရှိနေသေးသည်။ တောတွင်းနေသားကောင်များတို့မှာ အရဲကိုးပြီး လာရောက်ကြမည် မထင်ကြောင်းကို တွေးတောနေလိုက်စဉ် –

"ဒိုင်း"

သေနတ်သံကြီးက ချောင်းရိုးအတိုင်း ပဲ့တင်သံများတို့နှင့်အတူ ထွက်ပေါ်လာသည်။ အရက်ကို ဆက်သောက်နေကြရင်း သားကောင်ကို ပစ်လိုက်သည်ဆိုသည်ကို အားလုံးသိလိုက်ကြသည်မို့ ဘာကောင်ဖြစ်သည်ကိုမသိကြသော်လည်း ဘာစကားကိုမျှ မပြောကြဘဲ အရက်ကိုဆက်၍သာ သောက်နေလိုက်ကြပေသည်။ ထိုစဉ် အဘဦးနီမောင်က –

"ကဲ . . . မင်းသေနတ်ကိုယူပြီး ကျည်သွင်းထားတော့ ဓာတ်မီးတစ်ချောင်းငါ့ကိုပေး"

သူပြောသည့်အတိုင်း ကျွန်တော်က ဘေးဘက်ရှိ ဝါးထရံတွင်





မှေးကာထောင်ထားသည့် ကျွန်တော့်နှစ်လုံးပြူး သေနတ်ကိုယူ၍ ဇက်ချိုးလျှက် (၉)လုံးကျည်နှင့် (၂၁)လုံးကျည်နှစ်တောင့်ကို ပြောင်းရင်းသို့ ထိုးထည့်လိုက်ကာ ဇက်ကိုပြန်စိပြီး ပေါင်ပေါ်တွင် ကန့်လန့်ဖြတ်၍ ခာင်ထားလိုက်ပြီ။ သူကလဲ အစ်ကိုကြီးဦးသိန်းလွင် လှမ်းပေးလိုက်သော လေးခဲထိုးဓာတ်မီးကို လှမ်းယူလျှက်မီးထိုးရင်း ရှေ့ဘက်စပါးများ လှောင်ထားသည့် စပါးကျီတဲဆီသို့လျှောက်သွားကာ ထိုင်လိုက်ကြပေသည်။

ညအစာရှာ ကျေးငှက်ကလေးများတို့၏ ပျံသန်းရင်း အော်မြည်သံကလေးများတို့ကို ကြားလိုက်ကြရသလို "အူးခနဲ၊ အူးခန်" အော်ဟစ်လိုက်ကြသည့် အသံများတို့ကို အတန်ငယ်အလှမ်းဝေးရာများတို့ဆီမှ ကြားနေရသည်။

ညသည် လတစ်ခြမ်းပဲ့ကလေး၏ အလင်းရောင်နှင့်အတူ ကြယ်တာရာ အစက်အပြောက်ကလေးများတို့၏ အလင်းရောင်တို့ကြောင့် အထိုက်အလျောက်အလင်းရောင်ကို ရရှိနေသော်လည်း ရိုးမကြီးတစ်ခွင် သစ်ရိုင်းပင်မြင့်ကြီးများတို့၏ အရိပ်တို့ကြောင့် ထိုးမဖောက်နိုင်သေး၍ အမှောင်တို့က အားသာနေဆဲ။

"ဒိုင်း"

အသာငြိမ်လျှက် ဝန်းကျင်ကို လိုက်လံကြည့်ရှုနေလိုက်စဉ် သေနတ်ပေါက်ကွဲသံကြီးတစ်ချက်ကို ချောင်းမကြီးဟိုဘက်ဆီမှ ကြားလိုက်ရပြန်သည်။ အသံကြားလိုက်ရာဆီကို ခန့်မှန်းလိုက်တော့ "တင်သိန်း၊ မွန်နှင့် ဉာဏ်ကျယ်"တို့ သွားကြရာဘက်ဆီမှပင်။ ထိုအချိန်တွင် ရှာထိပ်ဆီမှ မီးရောင်နှင့်ခွေးဟောင်သံများတို့ကို မြင်လိုက်၊ ကြားလိုက်ကြရသလို အဘဦးနီမောင်ကလဲ သူကိုင်ဆောင်ထားသော ဇက်နိပ်ဓာတ်မီးကို စိုက်ကွင်းများအဆုံး ဖုန်းဆိုးတောနောက် ကျူပင်၊ ကိုင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းများတို့ဆီသို့ လှမ်းထိုးလိုက်သဖြင့် ကျွန်တော်ကလဲ သေနတ်ကို ပစ်ခတ်ရန် ချိန်ရွယ်ထားလိုက်မိပေသည်။

ထိုးလိုက်သော လက်နှိပ်မီး၏အလင်းတန်းသည် စိုက်ကွင်းကို ကျော်လျှက် ဖုန်းဆိုးတောအစပ်၊ ကိုင်းပင်များနှင့် ကျူပင်များတို့ အကြား ထိုးဖောက်ပြာဆင်းသွားသည်။ မီးကိုရွှေ့ကာဝိုက်ကာဖြင့် ကစားလိုက်ရင်း လိုက်လံရှာဖွေနေစဉ် ကိုင်းပင်များတို့အကြားဆီမှ အညိုရောင်မျက်လုံး တစ်စုံကို အမှတ်မထင် တွေ့မြင်လိုက်ကြရပေသည်မို့ အဘဦးနီမောင်က ကျွန်တော့်ကို တံတောင်နှင့်တို့ထိသတိပေးရင်း မျက်လုံးအထက်တွင် မီးကိုထောက်ထားလိုက်ပေသည်။

သားကောင်မှာ မျက်လုံးအရောင်ကြောင့် တောကြောင်ကြီး တစ်ကောင်ဖြစ်ဖို့များသည်။ ဖုန်းဆိုးဟောမှ ဖြတ်လျှက် စိုက်ခင်းများရှိရာ ဆီသို့ ကိုင်းပင်နှင့်ကျူပင်တို့အကြား တိုးဝင်ဖြတ်သန်းမည့်အချိန် အမှတ်မထင်မီးနှင့် လှမ်းထိုးထားခြင်းကိုခံလိုက်ရသဖြင့် တအံ့တဩ အသွင်မျိုးနှင့် မီးရောင်ကိုမျက်လုံးလှန်၍ လိုက်လံကြည့်ရှုနေသည့် အသွင်မျိုး။

မျက်လုံးအရောင်နှင့် ဝွင်အကျယ်ကြောင့် သားကောင်က အကြီးသား၊ မျက်လုံးကဖန်ဂေါ်လီလုံးခန့်၊ အမြင့်ပေသုံးပေနီးပါးမို့ ခပ်သေးသေးအကောင်မျိုး မဖြစ်နိုင်၍ ညာဘက်ရှိ (၉)လုံးကျည်ဖြင့် ပစ်ခတ်မည်ဟု တွေးတောနေလိုက်စဉ်၊ ကိုင်းပင်များတို့အကြားမှ တိုးထွက်လာသော သားကောင်ကမီးရောင်ကို လိုက်လံကြည့်နေလိုက်မိ သည်မှာ မှားသွားပြီဟု သိရှိသွား၍လားတော့ဖြင့်မသိ၊ သူတိုးထွက်လာ ရာလမ်းဆီသို့ ပြန်ဝင်သွားဖို့ နောက်ကြောင်းကိုပြန်အလှည့် ဘေးတိုက် အနေအထားမျိုးဖြင့် ရှေ့လက်ပျဉ်နောက် နှစ်လုံးသားရှိရာဆီသို့





ကျွန်တော့်သေနတ်က ပစ်သွင်းလိုက်ပြီး ဖြစ်ပေတော့သည်။

''ဒိုင်း''

သေနတ်သံကြီးက တော်လဲလိုက်သည့်အခါ ကြားလိုက်ရသည့် အသံမျိုးကြီးကဲ့သို့ပင်။ တဲခြေရင်းတွင် အိပ်နေကြသော ''ထန်းသီးနှင့် ညို''တို့က ဝေါက်ခနဲ ခေါင်းထောင်ထလိုက်ရင်း မီးရောင်ရှိရာနှင့် သေနတ်ဒါဏ်ရာကြောင့် မြေပြင်တွင်လူးလှိမ့်နေရင်း တညည်းညည်း တညူညူသောအသံကြားရာဆီသို့ ပြေးဆင်းသွားကာ အသံပေးရင်း ဝိုင်းဝန်းကိုက်ခဲနေကြသည့် အသံများက ဝန်းကျင်အား ဖုံးလွှမ်းသွား ပေတော့သည်။

အတန်ကြာတော့ စောစောကလှမ်းမြင်လိုက်ရသော မီးရောင် သမားတို့ပြန်ရောက်လာကြပေသည်။ ကြည့်လိုက်တော့ ''အာလူး၊ ကုလားကြီးသန်းညွန့်နှင့် တင်စိုးတို့အဖွဲ့ ကျွန်တော်တို့ပစ်ခတ်လိုက်သည့် အကောင်ကိုသိလိုဇောနှင့် မေးဆတ်၍မေးမြန်းနေသဖြင့် အဘကောင်း က–

''တောကြောင်ကြီးကွ၊ ဘာကြောင်မှန်းတော့ မသိသေးဘူး ခွေးတွေနဲ့လုံးနေတုန်းပဲ၊ နှိမ်းတို့ကကော ဘာကောင်ပစ်ခဲ့တာတုံး''

''ဆတ်''

''ဘာဆတ်လဲ''

''ဆတ်ကျုတ်၊ အချိန်လေးဆယ်သာသာပဲ''

ကိုယ်ကမေးသလို သူတို့ကလဲ ပြန်မေးသည်။ မေးကြရမည် ပဲလေ၊ ဆတ်ဆိုသည့်အကောင်မျိုးက သည်မှာဘက် ပဲခူးရိုးမကြီးအတွင်း (၄)မျိုးရှိသည်ကို တွေ့ရသည်။

ဆတ်ကျွဲဆိုသည့် အကောင်မျိုးကကြီးသည် (အချိန် – ၉၀)ထိ



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်ရရှိခဲ့ဖူးသည်။

ဆတ်နွားဆိုသည့်အကောင်မျိုးက (၇၀)ခန့်ထိရှိသည်။

ဆတ်ပနီ၊ ဆတ်ကြုတ် (ဆတ်ကုလား)တို့က အလေးချိန်(၄၀) နှင့်အထက်လောက်ရယ်ပင်။ သူတို့ပစ်ခတ်လာသည်က ထိုဆတ်လေးမျိုးတွင် အသေးစားမျိုးပင် မဟုတ်ပါလား။

နောက်သူပြန်မေးနေသည့် "ဘာကြောင်တုန်း"ဆိုသည်ကလဲ၊ တောကြောင်ဆိုသည်က အမျိုးတော့အများသား။ ကြောင်ပါး၊ ကြောင်မြင်း၊ ကြောင်နားရွက်ဖြူ၊ ကြောင်ဒူးမဲ၊ ကြောင်နံ့သာ၊ ကြောင်ဖောင်း၊ ကြောင်ဝံပိုက်၊ နွယ်တန်းလျှောက်၊ ဝါးယောင်းကြောင်ပျောက်၊ ကြောင်ကတိုး၊ မြီးတံတို၊ ကြောင်ငပိ၊ ကြောင်ဝပ်စသည် စသည်များတို့ပင်။

ထိုတောကြောင်များတို့အတွင်း အကြီးဆုံးက "ကြောင်မြင်း၊ ကြောင်ပါး၊ ဝါးယောင်းကြောင်ပျောက်၊ ကြောင်မြီးတံတို"တို့မှာ ကြီးမားလွန်းကြပြီး၊ အသေးဆုံးတောကြောင်ကို ပြပါဆိုလျှင် "ကြောင်ငပိ" ရယ်သာ။ အလွန်ဆုံးရှိမှ မြေကြွက်လောက်ရယ်သာ (လယ်ကြွက်လောက်မကြီး)။ ကြွက်များတို့ကဲ့သို့ မြေကြီးတွင်းထဲမှာ နေထိုင်ကြပြီး သစ်ပင်များထက်ဆီမှ အသီးနှင့်အညွန့်အရွက်များတို့ကိုသာ စားကြသည်။ ထူးခြားသည်က သူ့အနံ့က ငပိအနံ့မျိုး၊ အမွှေးနုတ်ပြီး ချက်စားပါက ထိုငပိနံ့လုံးဝမထွက်တော့ဘဲ စား၍အလွန်ကောင်းသော တောကြောင်မျိုးပင်။

သားကောင်လူးလိမ့်နေရင်း အော်ဟစ်နေသည့်အသံကို မကြားရတော့ပေမဲ့–

"ထန်းသီးနှင့်ညို"တို့၏ အစာမာန်ထသံ၊ အောင်ပွဲခံသည့် ကိုက်ခဲသံများကိုသာ ကြားနေကြရသဖြင့် ကျွန်တော်တို့အုပ်စု လက်နှိပ်





ဓာတ်မီးများတို့ကို ကိုင်ဆောင်ကာ သားကောင်လဲနေရာဆီသို့ သွားလိုက်ကြပေတော့သည်။

မီးအောက်တွင် ပြေပြင်ထက်ဆီတွင် သွေးကွက်ကြီးများတို့နှင့်အတူ ခွေးနှစ်ကောင်က ဝိုင်းဝန်းကိုက်ခဲနေကြသည့် အကောင်ကြီးကို ကြည့်လိုက်တော့ ကြောင်ပါးကြီးတစ်ကောင်ပင်။ ရှည်လျားချွန်ထက်သည့် အစွယ်ကြီးများတို့နှင့် ကြီးမားသည့် သူ၏ပါးစပ်အတွင်း ဝါးမြစ်ဆုံပိုင်းကြီးကို ကိုက်ခဲလျက်၊ နီညိုညိုအမွေးများတို့နှင့်၊ အလေးချိန် (၁၀)ထက်မအောက်၊ ကြီးလိုက်သည့် ဖြစ်ခြင်း။ ထိုအချိန် ချောင်းဘက်ဆီမှ ကျွန်တော်တို့ရှိရာ ဘက်ဆီသို့ တက်လာသည့် မီးရောင်များကို တွေ့မြင်လိုက်ကြရပေသည်။

လူငယ်သုံးဦးက ခွေးများကို မောင်းနှင်လိုက်ပြီး တောကြောင်ကြီးကို မယူလိုက်ကြကာ ကျွန်တော်တို့ မူလထိုင်နေကြရာ တဲရှေ့ဆီသို့အရောက်၊ တင်သိန်း၊ မွန်နှင့် ဥာဏ်ကျယ်တို့အဖွဲ့ ရောက်လာကြပြန်သည်။ သူတို့ဝါးတစ်လုံးနှင့် သပ်လျှိုထမ်းလာကြသည်က ချေတစ်ကောင်၊ ရိုးရိုးချေတစ်ကောင်မဟုတ်။ အဘဦးနီမောင်ပြောသည့် ဒူးမဲ(ခ) တောကြီးချေပင်၊ အချိန်က (၁၇)ပိဿာခန့်။

ထိုတစ်ညထဲပင် လူတွေအပင်ပန်း သိပ်မခံလိုက်ကြရဘဲ သားကောင်သုံးကောင်ကို ရရှိလိုက်ကြပြီ။ အလေးချိန်အားဖြင့် ပိဿာ (၆၀)ခန့်ရရှိလိုက်ကြပြီ။ နောက်နေ့မနက် ထောင်ချောက်များထောင်ထားရာဆီသို့ သွားလိုက်ကြတော့ သူပြောသည့်အတိုင်းပင် ထောင်ချောက်များတို့တွင် သုံးကောင်မိနေလိုက်ကြသဖြင့် ထပ်မံရရှိလိုက်ကြပြန်သေးသည်။ တကယ့်အံ့သြစရာ အဘဦးနီမောင်တစ်ယောက်ပင်။

ထိုအဖြစ်အပျက်က ယခင်အချိန်က ကျွန်တော်တို့လက်ဝယ်

www.burmeseclassic.com



သေနတ်များကို လိုင်စင်ဖြင့်တရားဝင် ကိုင်ဆောင်ပစ်ခတ်နေကြသည့် အချိန်ကအဖြစ်။

ယခုအခါ နိုင်ငံတော်အစိုးရက တိုင်းပြည်ငြိမ်လုံခြုံရေး လိုအပ်ချက်များအရ၊ လိုင်စင်နှင့်တရားဝင် ကိုင်ဆောင်ထားကြသည့် အမဲပစ်သေနတ်များတို့ကို ပြန်လည်သိမ်းဆည်းထားလိုက်ကြသဖြင့်၊ သေနတ်များတို့ လက်ဝယ်မရှိကြတော့သည့်အချိန်။ မုဆိုးဝါသနာအရ သေနတ်များတို့ လက်ဝယ်မရှိကြသော်လည်း၊ တတ်သိနားလည်ထားခဲ့ကြသည့် မုဆိုးအတတ်ပညာတို့ဖြင့် သားကောင်များတို့ကို ဖမ်းဆီးကြမည်ဟူသော ရည်ရွယ်ချက်တို့ဖြင့် ထွက်လာခဲ့ကြသော ခရီးစဉ်ပင်။

အချိန်ကာလတို့က ကြာမြင့်လာသည်နှင့်အတူ ယခုအခါ အဘဦးနီမောင်ကလဲ သေဆုံးခဲ့ပြီး၊ သူ့ရွာပနမြေချပြီးသည့်နောက်ပိုင်း၊ ရှစ်လေးလုံးအရေးအခင်းကြီး ပြီးသည့်နောက်ပိုင်း၊ စီးပွားရေးတံခါးဖွင့်စံနစ်အတွင်း၊ ကျွန်တော်တို့အဖွဲ့သားများတို့သည် စားဝတ်နေရေးအတွက် စီးပွားရေးကို လုံးပန်းနေကြရသည့်အတွက် တောကိုသွားကာ အမဲလိုက်ကြသည့်လုပ်ငန်းများကို မေ့မေ့ပျောက်ပျောက်ပင် ရှိနေခဲ့ကြပေပြီ။

အဘဦးနီမောင်တို့ မိသားစုများ နေထိုင်ခဲ့ကြသည့် "မွေးနီကျေးရွာ"အပါအဝင်၊ အခြားသောကျေးရွာများတို့နှင့် စခန်းများတို့ကိုလည်း၊ နိုင်ငံတော်အစိုးရက ဖျက်သိမ်းပြီး၊ ထိုနေရာများတို့ကို လှည်းကူးရေလှောင်တမံကြီး တည်ဆောက်လိုက်ပြီး၊ ထိုရိုးမကြီးအတွင်းနေထိုင်ကြသည့် မိသားစုများတို့ကို မြို့သစ်တစ်ခုတည်ဆောက်၍ လိုအပ်သည်များကို ပံ့ပိုးကူညီကာ ပြောင်းရွှေ့နေရာချထားလိုက်သည်။

ထိုမြို့သစ်မှာ "ဘားလားကျေးရွာ"အမည်ဖြင့် မြောက်ဥက္ကလာပမြို့နယ်နှင့် တံပိုးထမ်းရွာကြီးတစ်ရွာဖြစ်ပေသည်။





"ကဲ . . . မင်းတို့အဖွဲ့ခုလာတာ ဘာလက်နက်မှလည်း ပါမလာကြဘူးဆိုတော့ သူတို့ဆီမှာရှိတဲ့ ဒူးလေး၊ ထောင်ချောက်တွေနဲ့ ပစ်ခတ်ထောင်ကြပေါ့ကွာ ငါကူညီမယ်"

ပြည့်ကျိုးငှက်ကလေးက ထိုကဲ့သို့ပြောကြားလိုက်ပြီး ပျံသန်းသွားသည်ကို ကြည့်နေလိုက်စဉ်၊ ခွေးဟောင်သံများကို အနီးကပ်ကြားလိုက်ရသည်နှင့်အတူ အိပ်ရာမှနိုးလာခဲ့ပေသည်။ ကျွန်တော့်တစ်ကိုယ်လုံး ချွေးများတို့ရွှဲနစ်နေသဖြင့် ချွေးများကိုသုတ်ကာ အဝတ်အစားများကို လဲပစ်လိုက်ပေသည်။

ငှက်ဖျားကားကျသွားခဲ့ပေပြီ။ သို့သော်လည်း၊ အားတို့ကမရှိ။ ငှက်ဖျားနှင့်ပါသွားသည်မို့ အနားယူရပေဦးမည်ကအမှန်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# တစ်ပွဲစားဦးနီမောင်တကူညီခြင်း

ကိုယ့်တွင် ဘာလက်နက်မှမရှိ ''တင်သိန်း၊ တင်စိုးနှင့် ယောင်ကြီး''တို့တွင်ရှိသည့် သားရေတပ်ဒူးလေးအပြင် ကျွန်တော်တို့ တတ်သိနားလည်ထားကြသည့် မုဆိုးပညာရပ်များတို့နှင့်ပေါင်းစပ်ကာ ဖြစ်သလိုရှာဖွေကြမည်ဟု အဖွဲ့သားများတို့နှင့်ညှိနှိုင်းကာ ထွက်လာခဲ့ကြပေရာ ပထမဦးဆုံး ''ယောင်ကြီး''၏ ပိုက်များနှင့် ထောင်ကာ သားကောင်များတို့ကို ပိုက်ထောင်ထားရာဆီသို့မောင်းသွင်းကာ ဖမ်းဆီးခြင်းလုပ်ငန်းကို အဓိကထားလိုက်ကြပေသည်။

ဒုတိယနည်းက ထောင်ချောက်အမျိုးမျိုးတို့နှင့် သားကောင်များ





တို့၏ အနေအထားပေါ်မူတည်၍ ထောင်ဖမ်းကြမည်ဟုဆုံးဖြတ်ကာ ထွက်လာခဲ့ကြသော်လည်း လေးနှင့် မြား၊ ဒူးလေးတို့ကို စာရင်းထဲသို့ မထည့်ခဲ့ကြ။

အဘယ့်ကြောင့်ဆိုသော် ပစ်လွှတ်လိုက်သည့် မြားတံတွင် သုံးစွဲသောအဆိပ်ကို ကျွန်တော်တို့ မဖော်စပ်တတ်ကြသလို သိလည်းမသိ။ သေနတ်များတို့ကိုသာ ထာဝစဉ်ကိုင်ဆောင် ပစ်ခတ်နေကြသည့် ကျွန်တော်တို့အဖို့ အဆိပ်အကြောင်းကို သိဖို့လည်းအမှန်မလိုအပ်။

အဆိပ်နှင့်ပါတ်သက်ပြီး ကြားဖူးနားဝရှိသော စကားတို့က တစ်ဆွေ့ခုန် နှစ်ဆွေ့ခုန်၊ တစ်ကွင်းဖြတ်၊ တစ်ကုန်းကျော်၊ တစ်တောင်တက် စသည့်အဆိပ်များတို့၏ အာနိသင်များအကြောင်းကိုတော့ ကြားခဲ့ဖူးသည်။ ကျွန်တော်တို့လက်တွင် ကိုင်ဆောင်ကြသည်က သေနတ်များတို့မို့ ကျွန်တော်တို့လိုအပ်ချက်က ကျည်ဆန်များတို့ပင်မို့ အဆိပ်သည် ကိုယ့်ကိစ္စနှင့်မသက်ဆိုင်သဖြင့် စိတ်လည်း မဝင်စားခဲ့ကြ၊ မလေ့လည်း မလေ့လာခဲ့ကြပေ။

အကြောင်းမှာ မြန်မာနိုင်ငံ တောတောင်များတို့အတွင်း သားကောင်များပေါများသည်ဆိုသော်လည်း ကျွန်တော်တို့နိုင်ငံ ရေ၊ မြေ၊ တောတောင် သဘာဝတို့အရ တောတွင်းနေသားကောင်များတို့က ဟိုနိုင်ငံများတို့လို အုပ်စုလိုက်နေထိုင်သွားလာ ကျက်စားသည်မျိုးမဟုတ်။

မုဆိုးလုပ်သူတစ်ယောက်အဖို့ သားကောင်တစ်မျိုးချင်းစီ၏ စရိုက်၊ သဘာဝ၊ သွားလာလှုပ်ရှားမှု၊ နေထိုင်ကျက်စားသည်များကို အချိန်ယူလေ့လာ လိုက်လံရှာဖွေကာ ခက်ခက်ခဲခဲပင် ပစ်ခတ်ကြရပေသည်။

ထိုကဲ့သို့ ခက်ခက်ခဲခဲရှာဖွေလို့တွေ့ပြီး ပစ်ခတ်လိုက်သည့်အခါမှ



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်က(ကျည်အ)ဖြစ်နေခဲ့ပါလျှင် အလွန်အမင်း နစ်နာဆုံးရှုံးမှုကြီးနှင့် ရင်ဆိုင်လိုက်ရသည့်နယ်ပင်။ လူကိုတွေ့ပြီး ပြန်လည်အန္တရာယ်ပေးတတ်သည့် အကောင်မျိုးနှင့်ဆိုပါမူ မိမိအသက်ကို ပေးလိုက်ရုံမှတစ်ပါး အခြားမရှိတော့ပေ။

ယခုတော့ –

ကျွန်တော်တို့အဖွဲ့အား ထိုကဲ့သို့ တစ်ချိန်ကစိတ်မဝင်စားခဲ့မှု၊ ကိုယ်နှင့်မဆိုင်သဖြင့် မလေ့လာခဲ့မှုတို့က ယခုအချိန်တွင် ကောင်းကောင်းကလဲ့စားပြန်ချေကာ နှိပ်စက်ခဲ့ပေပြီ။ အဘယ်ကြောင့်ဆိုသော် ယခုကျွန်တော်တို့အဖွဲ့ရောက်ရှိနေရာ ရိုးမကြီးဝန်းကျင်တို့တွင် သားကောင်များတို့သည် နေ့ပိုင်းတွင် သူတို့အတွက် ဘေးအန္တရာယ်ကင်းမည်ဟုထင်သော ဂူကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများတို့အတွင်း အိပ်စက်နိုအောင်းအနားယူကြပြီး ညအခါများမှသာထွက်၍ အစာကိုရှာဖွေစားသောက်ကြပေသည်။

ထိုစရိုက်သဘာဝတို့ကို မုဆိုးလုပ်ကြသူကျွန်တော်တို့က လေ့လာမှတ်သားပြီး သီးပင်စားပင်၊ ခြေရာခြေကြောင်းနှင့် ဝင်လမ်းထွက်လမ်းတို့၏ ဝင်ချိန်ထွက်ချိန်များတို့ကို မှတ်သားပြီး အပိုင်ပစ်ခတ်ကြရပေသည်။

ထိုကဲ့သို့ ခက်ခက်ခဲခဲနှင့်စောင့်ဆိုင်းကာ ပစ်ခတ်ကြရသည်မို့ သားကောင်ကိုတွေ့လျှင် တစ်ချက်တည်းနှင့် သားကောင်၏သေကွင်းကို ပစ်ခတ်နိုင်ဖို့အရေး၊ ပစ်ခတ်သည့်မုဆိုးလုပ်သူတစ်ယောက်အဖို့ သားကောင်၏စရိုက်သဘာဝကို မှတ်သားအားကောင်းပါမှသာ ပစ်ခတ်လို့ရရှိမည့်အနေအထား။

ထိုကဲ့သို့ သားကောင်တစ်ကောင်ကို ပစ်ခတ်ရရှိနိုင်ဖို့အရေး၊





မုဆိုးလုပ်သူ တစ်ယောက်အနေနှင့် အထက်ကတင်ပြထားသကဲ့သို့ အရင်းအနှီး၊ ဝါယမများတို့ စိုက်ထုတ်ထားသော်လည်း၊ တကယ်တမ်းသားကောင်ကို အပိုင်ပစ်ခတ်လိုက်ရသော် ပစ်လိုက်သည့်သားကောင်သည် နေရာတွင်မပုံ(မသေ)ခဲ့သော် ပြေးသည့်နောက်ဆီသို့ ခွေးများတို့နှင့် သွေးစက်ခံလိုက်ကြရပြန်သေးသည်။ လိုက်သာလိုက်ကြရသော်လည်း မသေချာလှပေ။

သားကောင်ဆိုသည်တို့ကလဲ အမျိုးမျိုးရှိနေကြပြန်သေးသည်။ သူတို့တွင်ရရှိထားသည့် ဒဏ်ရာဒဏ်ချက် ပစ်ခတ်လိုက်သည့်မုဆိုးကိုတုံ့ပြန်ရန်မူသည့် သားကောင်မျိုးတွေလည်း ရှိကြသလို ရရှိထားသည့်ဒဏ်ရာဒဏ်ချက်ကို အပြင်းအထန်ခံစားပြီးကာမှ ဒေါသကြောင့် တွေ့ကြုံရာလူသားများနှင့် ကျွဲ၊ နွားများတို့နှင့် ရှာတွေ့ပါမကျန် အန္တရာယ်ပြန်ပေးဒုက္ခရှာတတ်ကြသည်။ လက်စားချေတတ်ကြသည့် သားကောင်မျိုးတွေလည်း၊ ရှိတတ်ကြသည်။ အချို့သားကောင်များတို့က ပစ်ခတ်လိုက်သဖြင့် ရရှိသွားသည့်ဒဏ်ရာကြောင့် ရှောင်ပုန်းကြရင်း တစ်နေရာတွင် အသက်သေဆုံးသွားကြသဖြင့် လိုက်လံရှာဖွေကြသော်လည်းမတွေ့ကြတော့သဖြင့် သေဆုံးပြီးပုပ်၍အနံ့ထွက်လာတော့မှ တွေ့မြင်သိရှိကြသော်လည်း အသုံးမဝင်ကြတော့သည့်အဖြစ်မျိုးနှင့် တိုးခဲ့ရပေါင်းများနေကြပြီမို့ သားကောင်များတို့ကို လေး၊ မြား၊ ဒူးလေးတို့ဖြင့် မပစ်ခတ်လိုကြတော့ပေ။

ထိုကဲ့သို့ ဖြစ်ရသည့်အကြောင်းမှာ ရှားရှားပါးပါး အထက်ကတင်ပြခဲ့သလို ပစ်ခတ်လိုက်ကြသည့်မြားတံ့တွင် အဆိပ်ကို မသုတ်လူးကြ၍ဖြစ်သည်။ အဆိပ်ကိုမသုံးကြရခြင်း အကြောင်းမှာ အဘဦးနီမောင်၏ သားများဖြစ်ကြသည့် ''တင်သိန်း၊ တင်စိုးနှင့် ယောက်ကြီး''တို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ပင် အဆိပ်ဖော်စပ်နည်းကို မသိရှိကြ၊ မဖော်စပ်တတ်ကြခြင်းကြောင့်ဖြစ်သည်။ မတတ်ဆိုလည်း၊ သူတို့၏ဖခင်ကိုယ်တိုင်က တောနှင့်ပါတ်သက်ပြီး သူတတ်သိနားလည်ရန် အားလုံးကို သင်ကြားပြသပေးခဲ့သော်လည်း အဆိပ်ဖော်စပ်နည်းကို သင်ပြပေးခဲ့ခြင်း မရှိခဲ့သောကြောင့် ဖြစ်ပေသည်။

သို့အတွက် လေးနှင့်မြားတို့ကို မသုံးတော့ဘဲ သားကောင်များကို ထောင်ဖမ်းကြသည့် ထောင်ချောက်များဘက်ဆီသို့ ဦးတည်လိုက်ကြ ရပြန်ပေသည်။

ထောင်ချောက်ဆိုသည်တို့ကလဲ အမျိုးမျိုးရှိကြသည်။ သုတ်ကိုင်း၊ ခြေနင်းကိုင်း၊ ခြေနင်းကွင်း၊ သံညှပ်၊ ချမ်းကာဝ်(ယမ်းနှင့်ခဲသီး + မြား + ဒူးလေး)၊ လည်တိုးကွင်း၊ တားညွှတ်၊ တုံးဘီ၊ ကပ်ဘီ၊ လေးချက်များတို့ပင် သားကောင်အကြီးအသေးပေါ်မူတည်ကာ ထိုထောင်ချောက်များတို့နှင့် ဖမ်းဆီးနိုင်ကြသည်။

လေးချက်ဆိုသည်က အထက်ကဖော်ပြခဲ့သလို ဂျမ်းကပ်နှင့် ဆင့်တူရိုးမှားပင်။ သားကောင်တို့၏ ဝင်လမ်းထွက်လမ်းနှင့် အကြီးအသေးကိုခွဲခြားလျက် ခွာရာကိုတိုင်းပြီး အကောင်ကြီးဖြစ်ပါက လက်ပြင်ကိုထိစေရန်ချိန်ဆ၍ သစ်ပင်တွင်ကပ်ချီကာ လေးညို့ကိုဆွဲတင်လျက် အဆိပ်လူးမြားတံကို မြားလမ်းကြောင်းတွင် တပ်ဆင်ထားသည်။

ပစ်ခလုတ်ကို နွယ်ကြိုးနှင့်ချည်နှောင်ကာ သားကောင်ဖြတ်ရာလမ်းကြောင်းတွင် ထောင်ထားသည်၊ သားကောင်က ဖြတ်သန်းသည့်အခါ ခလုတ်ပြုတ်လျှက် ထိမှန်လိုက်ပါက အဆိပ်လူးမြားတံနှင့် အပစ်ခံလိုက်ရသည့်မှို့ ဆယ်ကိုက်လောက်အတွင်းလဲသည်။ အဆိပ်လူးမြားတံမဟုတ်ပါက သိပ်မသေချာပေ။

---

စိတ်ကူးသစ်စာပေ



ထိုလေးချက်ချနည်းကို လူသူများတို့နှင့် အလှမ်းဝေးသည့် တောကြီးများတွင်သာ မှဆိုးတို့သုံးကြသည်။ ကျွန်တော်တို့မှာ လေး၊ ဒူးလေးနေရာတွင် သေနတ်များကိုထားကာ အသုံးပြုခဲ့မှုကြသည်။

● ● ● ● ●

www.burmeseclassic.com

www.burmeseclassic.com

## အဖွဲ့သားများနှင့် ညှိနှိုင်းတိုင်ပင်ခြင်း

ငှက်များကကျသွားပြီး သုံးရက်လောက်အနားယူလိုက်တော့ လူကလန်းဆန်းပြီး တောင့်တင်းကြံ့ခိုင်လာသည်။ တော်နေသေးသည်က သူတို့အဖွဲ့ပိုက်ထောင်ရင်း ကျီတစ်ကောင်နှင့် တောဝက်တစ်ကောင်စီ ရလိုက်ကြသဖြင့် ဟင်းစားက နောက်တစ်ပါတ်လောက်အထိ မှုလုံနေသည်။ ယခုလည်း ကျီသားခြောက်မီးကင်ပြီး ဆီဆမ်းကာ အရက်နှင့် တားသောက်နေလိုက်ရင်း အတွေးတို့က အိပ်မက်ဆီသို့ ဦးတည်သွားသည်မို့ အဖွဲ့သားများနှင့် ဖွင့်ဟကာတိုင်ပင်သင့်/မသင့်၊ ဖွင့်ပြောသင့် မပြောသင့်ကို အတန်ကြာကြာစဉ်းစားနေလိုက်မိသည်။ လူကြီးတန်မဲ့နှင့်





သူတို့ကိုပြောပြဖို့ကလဲ နိုင်လုံသောအကြောင်းမျိုးတော့မဟုတ်။ အိပ်မက်အတွင်းဆီမှ "ပြည့်ကျိုးငှက်"ငယ်ကလေး၏အပြော။

နောက်ဆုံး အပြန်ပြန်အလှန်လှန် စဉ်းစားတွေးတောလိုက်ရင်း အဘဦးနီမောင်နှင့် ပတ်သက်ခဲ့ကြဖူးသည့် ကိစ္စများကို အားလုံးကလဲ သိရှိထားကြသူများတို့မို့ လူစုံတုန်း ကျွန်တော်ဖွင့်ဟတိုင်ပင်လိုက်မိပေသည်။

"ခုဗိုလ်လေးပြောတဲ့ကိစ္စက သွေးလေချောက်ချားလို့ မက်တယ်ဆိုဦးတော့ ကျွန်တော်တို့ကိုယ်တွေ့ သိရှိထားကြသူဆိုတော့ ယုံပါတယ်။ ကျွန်တော့်စိတ်ထဲမှာ သံသယရှိနေတာက အဲဒီဖြစ်ရပ်တွေက မွေးနီဆိုတဲ့ ရွာရဲ့ဝန်းကျင်တစ်ဝိုက်ဆီမှာ ဖြစ်ခဲ့ကြတာ။ ခုကျွန်တော်တို့ ရောက်နေကြတဲ့နေရာက ရေနက်ကြီးဆိုတဲ့နေရာဆိုတော့ အလှမ်းဝေးလွန်းလို့ပါ ဖြစ်နိုင်ပါ့မလားရယ်လို့"

"မင်းပြောသလို နေရာခြားနေတာကတော့ ဟုတ်ပါတယ်။ အဲဒီနှစ်နေရာစလုံးက ပဲခူးရိုးမကြီးရဲ့အတွင်းတွေဆိုတော့ စဉ်းစားစရာပေါ့။ ပရလောကဆိုတာကလဲ ဆန်းတယ်ကွ။ ငါတို့လိုက်မမီဘူး။ ဒီတော့ စမ်းကြည့်လိုက်ကြရင် မကောင်းဘူးလား။ တစ်ခုလောက်စမ်းကြည့်လိုက်မယ်။ အဘဦးနီမောင်က ငါတို့အားလုံးကို သူ့သားတွေနဲ့တန်းတူ ချစ်တယ်ဆိုတာ အကျိုးမယုတ်နိုင်ပါဘူး ငါယုံတယ်ကွဲ"

အစ်ကိုကြီးဦးသိန်းလွင်က ဝင်ရောက်ပြောလိုက်သဖြင့် အားလုံးကလဲ သဘောထားနှစ်မြိုက်စွာနှင့် စမ်းသပ်ကြည့်မည့်လုပ်ငန်းကို "အဘဒေါင်းနှင့်အစ်ကိုကြီးဦးသိန်းလွင်"တို့နှစ်ဦးက ဦးဆောင်ကာ စီစဉ်သွားကြရန် ညှိနှိုင်းကြပေသည်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

## ခမ်းသစ်ပွဲ

တောင်စွန်းရွက်ဖားဖားကြီးကို ကန်တော့ထိုးလျက် ထမင်းဦးပေါင်း၊ ထန်းလျက်၊ လက်ဖက်တို့ထည့်ကာ ကညင်ပင်ကြီးအရင်းပိုင်း မြစ်ဆုံခွကြားတွင် ထိုးစိုက်လိုက်ပြီး အမွှေးတိုင်၊ ဖယောင်းတိုင်၊ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကိုမီးတို့ကာ အစီအရီမြေပြင်တွင် ထားလိုက်ကြသည်။ ဖန်ခွက်အတွင်း အရက်ကိုငှဲ့ထည့်လိုက်ကာ ကျီသားဟင်းတို့နှင့်အတူ မြေပြင်ထက်တွင် ဖြန့်ခင်းထားကြကာ တောင်စွန်းရွက်ကြီးများတို့အပေါ် တင်လိုက်ရင်း ဆောင့်ကြောင့်ထိုင် ပုဆစ်တုပ်ကန်တော့နေသည်က အစ်ကိုကြီးဦးသိန်းလွင်။





သူ့ဘေးတွင်ကပ်လျက် ခါးထောက်ကာရပ်နေရင်း လိုအပ်သည်များကို မှာကြားပြောပြနေသူက အဘကောင်း။

အစ်ကိုကြီးဦးသိန်းလွင်က လက်အုပ်ချီဦးသုံးကြိမ်ချကာ ကန်တော့လိုက်ရင်း နှုတ်မှတဖွဖွနှင့် တီးတိုးရွတ်ဆိုနေသည်။ ကျွန်တော်တို့ကို သတ်မှတ်နေရာပေးထားသည့်နေရာသည် သူတို့နှစ်ဦးနှင့် အတန်ငယ်အလှမ်းဝေးနေသဖြင့် ဘာကိုမျှ သဲသဲကွဲကွဲမကြားရသော်လည်း၊ တောပိုင်တောင်ပိုင်များတို့နှင့်အတူ အဘဦးနီမောင်ကို တိုးလျှိုးတောင်းခံနေသည်ကတော့အမှန်။ အဘယ့်ကြောင့်ဆိုသော် ယခင်တောလမိုင်း တင်မြှောက်ပသတောင်းခံကြသည့်အချိန်များတို့က ဆေးပြင်းလိပ်နှင့် တင်မြှောက်ကြရာ ယခုပွဲတွင် အဘဦးနီမောင်သောက်သည့် ပြောင်းဖူးဖက်ဆေးလိပ်ကြီးက နေရာယူထားသည်မို့ပင်။

ထူးထူးခြားခြားပြချက်က ဖယောင်းတိုင်၊ အမွှေးတိုင်တို့က တငွေ့ငွေ့လောင်မြိုက်နေသော်လည်း မီးညှိထားသည့် ပြောင်းဖူးဖက်ဆေးလိပ်ကြီးမှာ လေငြိမ်နေသော်လည်း မီးခိုးများထွက်ကာ ဖွာရှိုက်နေသည့်အသွင်မျိုးနှင့်မို့ ထူးခြားနေသည်က အမှန်ပင်။

ထိုအချိန်တွင် ဝန်းကျင်သည် တိတ်ဆိတ်နေသည်ဆိုသော်လည်း သံပြတ်နှင့်တွန်နေသော တောကြက်ဖငယ်တစ်ကောင်၏အသံ အပြင် ငှက်ငယ်ကလေးများတို့၏အသံများကို ကြားနေကြရသည်။ ထိုစဉ် လတ်ဆတ်သောလေပြည်သည် ဝေ့ဝဲကာတိုက်ခတ်သယ်ဆောင်လာမှုကြောင့် တောပန်းတောင်ပန်းရနံ့များတို့ကို ရရှိလိုက်ကြပေသည်။ အမွှေးတိုင်၊ ဖယောင်းတိုင်နှင့် ဆေးလိပ်တို့ကား တောက်လောင်နေသည်။

ဘေးတွင်ရှိနေသော အစ်ကိုကြီးဦးသိန်းလွင်က အတန်ကြာကြာ စောင့်ကြည့်နေလိုက်ရင်းမှ အရက်ဖန်ခွက်ကိုလှမ်းယူလိုက်ပြီး ဘေးဘယ်



www.burmeseclassic.com

www.burmeseclassic.com



ညာများတို့ဆီသို့ အနည်းငယ်စီ စွန့်ကျဲလိုက်သလို ကန်ဇော့အတွင်းမှ ထမင်းဦးပေါင်းနှင့် ဟင်းတို့ကိုလည်း စွန့်ကျဲလိုက်သည်။ ဖန်ခွက်အတွင်းရှိ အရက်တို့ကို သူတို့နှစ်ဦးသောက်လိုက်ရင်း တပည့်ခံနေစဉ် –

"ရှေ့ကြည့် . . . ရှေ့ကြည့်"

ကျွန်တော်တို့အဖွဲ့ ရပ်နေရာ၏နောက်ကျော ကညင်ပင်ကြီးထိပ်များထက်ဆီမှ "ပြည့်ကျိုး"ငှက်ငယ်တစ်ကောင်၏ အော်ဟစ်လိုက်သံကို အားလုံးကပင် ကြားလိုက်ကြရသည်မို့ တစ်ဦးမျက်နှာတစ်ဦးကြည့်လိုက်ကြရင်း ကျွန်တော်တို့ တအံ့တဩဖြစ်သွားမိကြပေသည်။

တင်မြှောက်ပသတောင်းခံခြင်းလုပ်ငန်းများပြီးဆုံးတော့ လက်ကျန်အရက်နှင့် ဂျီသားတို့အား ဝိုင်း၍တပည့်ခံလိုက်ကာ စားသောက်နေလိုက်ကြရင်း အာလူးက –

"ဒီပြည့်ကျိုးငှက်ကလေးနဲ့ အဘဦးနီမောင် ဘယ်လိုပတ်သက်နေကြသလဲ မသိဘူးနော်"

သူမေးမည်ဆိုသည်ကလဲ မေးလောက်သည်။ တကယ်တော့ "ပြည့်ကျိုးငှက်"ဆိုသည်က တောလုံ့ငှက်များတို့ကဲ့သို့ "ဥဖွဖွ၊ ဥဖွဖွ" ဟု အော်မြည်သံမျိုးကို ကြားလိုက်ရလျှင် တောပစ်မည့်မုဆိုးတစ်ယောက်အဖို့ မိမိရောက်ရှိနေသည့် နေရာအဝန်းအဝိုင်းတွင် လူသားမုဆိုးကို အန္တရာယ်ပေးတော့မည့် သားကောင်ကြီးတစ်ကောင်ကောင်ရှိနေပြီကို သတိပေးနေသည့် အသံမျိုး။

နောက်တစ်မျိုးကလဲ "မိုက်ပုတ်ထုတ်လိုက်၊ ချောင်ထွက်ဟ" ဟု အော်ဟစ်ကြသည့် ငှက်များလိုမျိုးကဲ့သို့ပင်။ ယခုအော်ဟစ်လိုက်သည့် "ပြည့်ကျိုးငှက်"ကလေးကလည်း အထက်ကတင်ပြခဲ့သည့် ငှက်များတို့နှယ်ပင် လူတွေအကျိုးကို သယ်ပိုး၍လားတော့ဖြင့် မသိ။ သူ့ချေအော်





ဟစ်လိုက်သံကိုကြားလိုက်ရတိုင်း ကျွန်တော်တို့ဝန်းကျင်တွင် အန္တရာယ်ပေးတော့မည့် သားကောင်တစ်ကောင်ကောင် ရောက်ရှိနေသည်ကို တွေ့ကြရသဖြင့် ကျွန်တော်တို့အတွက်အကျိုးပြုနေသည့် ငှက်များစာရင်းတွင် ပါဝင်နေသည်မို့ ယခု တောလမိုင်းတင်မြှောက်ပသ တောင်းခံနေရင်း လာရောက်ပြီး အော်မြည်သံပေးလိုက်သည်က ကျွန်တော်တို့ ယူဆထားကြသည်နှင့် အလှမ်းကွာဟနေသည့်အတွက်ကြောင့်ပင်။

"အေးကွာ . . . တောတောင်ဆိုတာကလဲ ပင်လယ်သမုဒ္ဒရာတွေလို မာယာတော့အများသားကလား။ တို့မသိကြတာတွေ အများကြီးရှိနေကြသေးတယ်လေ။ ခု တို့တစ်တွေယုံကြည်ထားတဲ့ အဘဦးနီမောင်ကို တင်မြှောက်ပသတောင်းခံကားပြီပဲ။ ဆေးလိပ်ကိုလဲ သူသောက်ပြသလို မီးခိုးတွေထုတ်ပြတယ်။ ငှက်ကလေးအသွင်နဲ့လဲ အော်ပြတယ်ဆိုတော့ ယုံယုံကြည်ကြည်နဲ့သာ ဆက်လုပ်ကြတာပေါ့။ ထမင်းစားပြီးကြရင် ထောင်ချောက်တွေကို သွားထောင်လိုက်ကြရအောင်။ မင်းတို့သားကောင်ခြေရာရှိတဲ့နေရာတွေ မှတ်မိကြတယ်မို့လား"

အဘကောင်းကပြောလိုက်သဖြင့် ကျွန်တော်တို့ ထမင်းများကို စားလိုက်ကြကာ သူတို့အဖွဲ့က ပိုက်များကိုယူပြီး ခွေးများကိုခေါ်ကာ ပိုက်ထောင်ထွက်သွားကြသလို ကျွန်တော်တို့ကလည်း ထောင်ချောက်များဆင်ရန်အတွက် သားကောင်ခြေရာများရှိရာဆီသို့ ထွက်ကြရန် ပြင်ဆင်နေလိုက်ကြပေတော့သည်။

● ● ● ● ●

www.burmeseclassic.com

www.burmeseclassic.com

## တောင်ချောက်များဆင်ကြခြင်း

ပဲခူးရိုးမကြီးအတွင်းပိုင်းနီးပါးဆီမှ မြင့်မြင့်မားမားနှင့် သစ်ရိုင်းပင်ကြီးများတို့အပြင် ဝါးရုံတောကြီးများ။ ချုံနွယ်တောကြီးများတို့နှင့် အတိ။ သစ်ပင်ကြီးများတို့ကာ လွတ်လပ်စွာပေါက်ရောက်ကြရသဖြင့် နှစ်ချို့ပင်ကြီးများ ဖြစ်ကြသည်နှင့်အညီ လုံးပတ်ကြီးတို့က မသေးလှ။

ကျွန်တော်တို့အဖွဲ့ သုတ်ကိုင်းထောင်ကြရန်အတွက် ဦးစွာ "မျောက်ချောပင်"ကို ရှာကြသည်။ ထိုအပင်ကို တွေ့ပြန်တော့လည်း ကျွန်တော်တို့လိုချင်သည့် အလုံး၊ အရှည်ကိုရဖို့က လိုသေးသည်။

ယခုကဲ့သို့ သုတ်ကိုင်းထောင်ကြရာတွင် ကျွန်တော်တို့အသုံး





ပြုသည့် ကိုင်းတံများတို့မှာ "မျောက်ချောသားကိုင်းတံ၊ ပျဉ်းကတိုးပင်ပေါက်ကိုင်းတံ၊ တောင်ဝါးဘိုးကိုင်းတံ"များကိုသာ အသုံးပြုကြသည်။ အဘယ့်ကြောင့်ဆိုသော် ထိုကိုင်းတံများတို့က ညွတ်အားကောင်းသလို သုတ်အားလည်း ကောင်းသည့်အတွက်ကြောင့် ဖြစ်ပေသည်။

မျောက်ချောပင်ကိုတွေ့တော့ လိုချင်သည့်အရွယ်အစားမျိုးဖြစ်သည့် လုံးပတ်ပေါင်လုံးသာသာခန့်နှင့် အရှည်နှစ်ဆယ့်ငါးကိုက်နှင့် သုံးဆယ်ဝန်းကျင်၊ ဖြောင့်တန်းနေသည့် အကိုင်းမျိုးကိုရှာသည်။ တွေ့တော့ တက်ခုတ်နေသူကို အစ်ကိုကြီးဦးသိန်းလွင်က အောက်မှနေပြီး လှမ်းပြောလိုက်သည်က –

"ဟိုသစ်ခွက ရှားရှားပါးပါး ဗင်ဒါဆင်သစ်ခွကွ။ အဲဒီသစ်ခွကလေးကို အရင်ဆုံးတက်ပြီး အပင်ပါခူးပြီး အောက်ကိုချပေးစမ်းပါကွာ"

"ဘာသစ်ခွမျိုး အစ်ကိုကြီး ပြန်ပြောစမ်းပါအုံး သစ်ခွနာမည်ကို . . ."

"ဗင်ဒါဆင်သစ်ခွလေ . ... ဗင်ဒါဆင်"

"ဗင်ဒါဆင်သစ်ခွတဲ့ ဟုတ်လား။ ကျွန်တော်ကတော့ သစ်ခွပန်းတွေနဲ့ပတ်သက်လာရင် သဇင်ပန်းတို့၊ ရတနာရွှေခက်တို့၊ ရွှေတုငွေတုတို့၊ မိုးလုံးပြာနဲ့ မိုးလုံးမှိုင်းဆိုတာတွေလောက်ပဲ သိထားတာ။ ဒီသစ်ခွကြတော့ မြန်မာနိုင်ငံသစ်တောကြီးထဲမှာပေါက်နေပြီး နာမည်ကဘာပြုလို့ အင်္ဂလိပ်နာမည်ဖြစ်နေရတာလဲ"

မျောက်ချောသားကိုင်းတံလုပ်ရန် တက်ခုတ်နေသူကို အစ်ကိုကြီးဦးသိန်းလွင်က ကိုင်းတံမခုတ်မီ သူလိုချင်သည့်သစ်ခွပန်းကို အရင်ဆုံးတက်ခူးပေးရန်လှမ်းမှာနေသည်ကို နားထောင်လိုက်ရင်း အိတ်ကပ်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ ရှမ်းဖက်လိပ်နှင့်မီးခြစ်ကိုထုတ်၍ မီးတို့မှာရှိုက်ကာ မြေပြင်တွင် ထိုင်လိုက်စဉ် ကုလားကြီးသန်းညွန့်က လှမ်းမေးလိုက်သည့် စကားကြောင့် ကျွန်တော်ကစိတ်ဝင်တစားနှင့် သူတို့နှစ်ဦးပြောနေသည့် စကားများကို နားထောင်နေလိုက်စဉ် အစ်ကိုကြီး ဦးသိန်းလွင် ပြန်ဖြေပုံက –

"ဒီလိုကွ ညီလေးရ၊ မင်းမေးတာက သာမန်မေးလိုက်တာဆိုပေမဲ့ ပြန်ဖြေရမဲ့သူက ငါဆိုတော့ ငါ့မှာ တာဝန်ဖြစ်လာတယ်ကွ။ ဒါကြောင့်မို့ မင်းသိအောင်အတိုချုပ်ပြီး ငါနည်းနည်းရှင်းပြရတော့ မှာပေါ့ . . .။

မင်းက ကုလားဆိုတော့ ရှင်းအောင်ပြောရရင် တို့မြန်မာနိုင်ငံအကြောင်းပိုပြီး မင်းသဘောပေါက်နားလည်အောင် ထပ်ပြီးပြောလိုက်ချင်တာက တို့နိုင်ငံကို မတရားသိမ်းပိုက်ကျွန်ပြုချင်တဲ့ မျက်နှာဖြူ အင်္ဂလိပ်ကို ၁၈၂၄ – ခုနှစ်၊ ၁၈၅၂ – ခုနှစ်၊ ၁၈၈၅ –ခုနှစ်တွေမှာ အပြင်းအထန်တော်လှန် တိုက်ခိုက်ခဲ့ပေမဲ့ လက်နက်အင်အားနိမ့်တော့ မရရှာပါဘူးကွာ။ တို့နိုင်ငံ ကျွန်ဖြစ်သွားရုံမကတော့ဘဲ သဘောက်အဆင့် ရောက်သွားခဲ့ရတာကို မင်းသိပါတယ်။ တို့နိုင်ငံမှာနေကြတဲ့ ဘယ်လိုလူမျိုးမဆို ကိုယ်နေတဲ့နိုင်ငံရဲ့ ကျွန်ဖြစ်သွားရတဲ့အကြောင်းကိုလောက်တော့ သိဖို့လိုအပ်တာပေါ့ကွာနော်။

မင်းကကုလားလူမျိုးမို့ မင်းနားလည်သဘောပေါက်အောင် ငါရှင်းပြရတာပါ။ ငါတို့မြန်မာလူမျိုးတွေကိုယ်တိုင်က ဘာ့ကြောင့်ကျွန်ဖြစ်ရတယ်ဆိုတာကို သဘောမပေါက်ကြသေးဘူးကွ။ မင်းမေးတဲ့မေးခွန်းကို ဖြေဖို့က ငါအခုပြောနေတဲ့စကားတွေက အဓိကအချက်မို့ ငါရှင်းပြနေတာပါ။





တို့နိုင်ငံကို မတရားသိမ်းလိုက်တော့ သူတို့လာအုပ်ချုပ်တာပေါ့ကွာ၊ အဲဒီအချိန်မှာ သူတို့အနောက်ဥရောပ သစ်ခွဈေးကောင်းချိန်နဲ့ မြန်မာနိုင်ငံကို ကျွန်ပြုတဲ့အချိန်က သွားပြီးကိုက်ညီနေတဲ့အချိန်ပေါ့။ အဲဒီမှာ မြန်မာနိုင်ငံမှာ တောတောင်အတွင်း သဘာဝအရပေါက်နေတဲ့ မြန်မာ့သစ်ခွတို့ဟာလည်း မြန်မာလူမျိုးတို့နဲ့အတူ ကံဆိုးသွားရရှာတယ်ကွ။

ဖြစ်ပုံက အဲဒီအချိန်မှာ အနောက်ဥရောပမှာ သစ်ခွဈေးအလွန်ကောင်းနေတဲ့ အချိန်ဆိုတော့ သစ်ခွမုဆိုးတွေဟာ တို့မြန်မာနိုင်ငံတောတောင်တွေအတွင်း ရောက်လာကြပြီး တောတောင်တွေထဲမှာ သစ်ခွတွေကို ရှာကြတော့တယ်။

တို့နိုင်ငံက နာမည်ပေးပြီးသား သစ်ခွ၊ သူတို့ရှာဖွေနာမည်ပေးထားကြတဲ့ သစ်ခွတွေထက် ဒို့နိုင်ငံတောတောင်တွေထဲမှာ သစ်ခွတွေအများကြီး သူတို့တွေ့ကြရတော့ သစ်ခွနာမည်ကို သူတို့အခေါ်အဝေါ်တွေနဲ့ ပေးလိုက်ကြတာပဲကွ။ အထူးသဖြင့် ရုက္ခဗေဒလောကမှာ ဘာသစ်ခွမျိုးမှန်းမသိကြသေးတဲ့ သစ်ခွမျိုးတွေကိုပေါ့ကွာ။

သူတို့နာမည်ပေးထားတဲ့ သစ်ခွတွေဆိုရင် ငါသိသလောက်ပြောရလျှင် ပါဖီယို၊ ပဲဒီလမ်ပဲရစ်ရှေး၊ ဒင်ဒရိုဘီယမ်၊ ပင်ဒါပဲရစ်ရှေး ဆိုတဲ့နာမည်တွေပေါ့။

အဲဒီသစ်ခွတွေကို နာမည်ပေးလိုက်ကြတဲ့ အထဲမှာ သူတို့ဆီက ဗိုလ်မှူးကြီး ဘီလျှံကင်ဆင်၊ သူ ရုက္ခဗေဒပညာရှင်လည်းဖြစ်တဲ့ သစ်ခွမုဆိုးတစ်ယောက်က မြန်မာ့သစ်ခွမျိုးသစ်တစ်ခုကို သူ့အမည်ပါ သစ်ခွနှင့် ရှာဖွေတွေ့ရှိသူကို ဂုဏ်ပြုခံလိုက်ရပြီး အဖိုးတန်ပြီးရှားပါးတဲ့ သစ်ခွစာရင်းမှာ မှတ်တမ်းတင်ခြင်းခံလိုက်ရသည့်အထိ ဖြစ်သွားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွ။ အဲဒီသစ်ခွမျိုးက ခုနကမင်းမေးလို့ ငါပြောလိုက်တဲ့ ဗင်ဒါဆင်သစ်ခွမျိုးပေါ့။ နောက်တစ်မျိုးရှိသေးတယ် ဝိုင်ဖြူးတန်ဖိုးလည်းကြီးတယ်၊ သူ့နာမည်က ပါဗီယိုပဲလင်ဒီလန်တဲ့၊ အဖိုးတန်ရှားပါးတဲ့ သစ်ခွပဲ၊ သူတို့သစ်ခွတွေကို နာမည်ပေးထားတာနဲ့ပါတ်သက်လို့ ငါမှတ်မိသလောက်ပြောရရင် ဗင်ဒါပင်ဆိုနီသင်၊ ပါဗီယို၊ ပဲဒီလမ် ပဲရစ်ရှေး၊ ဒင်းဒရိုက်ဘီယမ်၊ ပင်တာပဲရစ်ရှေးဆိုတာတွေနဲ့ နောက်ထပ် ငါမမှတ်မိတာတွေ တော်တော်များများရှိသေးတယ်ကွ၊ သစ်ခွနဲ့ပါတ်သက်တဲ့ စာအုပ်တွေပြန်ကြည့်ရင်တော့ ငါ့မှာရှိတယ်''

အစ်ကိုကြီးဦးသိန်းလွင်က ကုလားကြီးသန်းညွန့်ကို စိတ်ရှည်လက်ရှည်ရှင်းပြနေသည်ကြောင့် ကျွန်တော်ပင် တအံ့တဩအသွင်မျိုးနှင့် သူ့ကိုကြည့်နေသလို အဘကောင်းကလဲ ကြည့်နေလိုက်သည်ကို တွေ့မြင်လိုက်ရပေသည်။

ကျွန်တော်တို့အဖွဲ့သားများတို့သည် တစ်ဦးချင်းတစ်မျိုးချင်းစီ ထူးခြားနေကြသူများဆိုသည်ကိုတော့ သူတို့၏လုပ်ရပ်၊ ပြောဆိုသည့် စကားတို့အရ အမှန်ဖြစ်နေသလို ဦးတည်ချက်ဖြစ်သည့် မုဆိုးလုပ်ငန်းတွင်လည်း ဝါသနာတူနေကြသည်က အလွန်အမင်းထူးခြားနေသည်က အမှန်ပင်။

လိုအပ်သည့် ''မျောက်ချောသားကိုင်းတံ''ကိုခုတ်ပြီးသောအခါ ကျွန်တော်တို့အုပ်စုက ကြိမ်နီကြိုးနှင့်ဝါးရှာသည်။ နီးဖြာသည်။

ပြီးတော့ ဆတ်ခြေရာ ဝင်လမ်းထွက်လမ်းတွင် ရှိနေသည့် ရေသဖန်းပင်ကြီးအရင်းပိုင်းတွင် မျောက်ချောသားအရင်းပိုင်းကို ကပ်လျက်ထောင်လိုက်ပြီး ရေသဖန်းပင်စည်လုံးနှင့်ပူးကပ်လိုက်ပြီး ကြိမ်နီကြိုးများတို့နှင့် အခိုင်အမာ၊ မရွေ့လျားနိုင်အောင် ပူးကာချည်နှောင်လိုက်





ကြပြီး စိတ်ချရသည့်အဆင့်သို့ရောက်ပါမှ မျောက်ချောသားအလယ်ပိုင်းကို ကိုးဆယ်ဒီဂရီအသွင်မျိုးနှင့် အခြားသစ်ပင်တစ်ပင်တွင် မေးတင်ကာ အခိုင်အမာ တုပ်ချည်လိုက်ကြပြန်သည်။

မည်သို့မှ ပြုတ်ထွက်မသွားနိုင်တော့သည့် သေချာသောအဆင့်သို့ရောက်တော့မှ သုတ်ကိုင်း၏ထိပ်များတွင် သံမဏိစတီးပျော့ကြိုးကို အသေအချာပြုတ်ထွက်မသွားစေရန် ချည်နှောင်လိုက်ပြီး။ မျောက်ချောကိုင်းအဖျားကို ကုတ်များအကူအညီနှင့် ခဲရာခဲဆစ်ပင် မြေပြင်ထက်ဆီသို့ ကွေးညွတ်လိုက်ကြပြီး မြေပြင်ထက်ကြွေကျထားသော သဖန်းသီးမှည့်များတို့အကြားတွင် သုတ်အားကောင်းသည့် သုတ်ကိုင်းတစ်ကိုင်းကို ထောင်ထားလိုက်ကြပေတော့သည်။

မြေပြင်ထက်ရှိ သံမဏိစတီးပျော့ကြိုးကို ကွင်းလျှောပြုလုပ်၍ သားကောင်များတို့ မရိပ်မိ၊ မသိရှိနိုင်စေရန်၊ မြေသား၊ သစ်ရွက်ခြောက်၊ ကြွေကျထားသည့် သဖန်းသီးမှည့်များတို့နှင့် ဖြန့်ထားလိုက်ပေသည်။

သားကောင်ကြီးများ ဝင်လမ်းထွက်လမ်းများဆီတို့တွင် သုံးခုထောင်ပြီးသောအခါ နေပင်စောင်းခဲ့ပေပြီမို့ ကျန်သောနေရာများကို နောက်တစ်နေ့မှ ဆက်ထောင်ကြရန် တိုင်ပင်လျက် ပြန်ခဲ့ကြပေတော့သည်။

ကျွန်တော်တို့အဖွဲ့ စခန်းချရာဆီကိုပြန်ရောက်ပြီး ကိုယ်လက်များသန့်စင်နေချိန် ပိုက်ထောင်ကာ သားကောင်လိုက်ကြသူတို့ ပြန်ရောက်လာကြသည်။ ချေတစ်ကောင်နှင့် တောဝက်တစ်ကောင်ကို ဝါးလုံးတွင် သပ်လျှိုထမ်းလာကြသလို ''မိုးကြည်''က၊ အနှံ့ခံအမဲလိုက်ခွေးတစ်ကောင်ကို ခါးတွင် ပုဆိုးဟောင်းတစ်ထည်နှင့်ပတ်ကာ သွေးများရွှဲရိုလျက် ပိုက်ကာတွေ့လိုက်ရသဖြင့် ကျွန်တော်က –



www.burmeseclassic.com

www.burmeseclassic.com



"ခွေး ဘယ်လိုဖြစ်တာလဲ မိုးကြည်"

"ပိုက်ထဲဝင်တိုးပြီး လုံးခံနေတဲ့ တောဝက်ကို ဝင်ကိုက်တာ ဟိုကပြန်ပက်လိုက်တာလေ"

"ဘာဖြစ်သွားလဲ၊ ဘယ်နေရာကို ပက်လိုက်တာလဲ"

"တော်သေးတာပေါ့၊ ဘေးကိုပက်လိုက်မိလို့"

သည့်နေရာတွင် စာဖတ်သူများကို ပြောပြချင်သည်က အမဲသားကောင်များတို့ကို ပိုက်နှင့်ထောင်ဖမ်းခြင်း ကိစ္စပင်။ ပိုက်ဟုဆိုလိုက်သည်နှင့် စာဖတ်သူများတို့က ငါးဖမ်းသည့် ပိုက်လောက်ကိုသာ သိရှိကြပေမည်။

ယခု ကျွန်တော်တို့အမဲလိုက်ကြရာတွင် သုံးသောပိုက်သည် ငါးဖမ်းကြရာတွင် သုံးစွဲသည့်ပိုက်များတို့ကဲ့သို့ပင် ကွာခြားသည်က ပိုက်ကို (အစိပ်အကျဲ) ခြားနားထားခြင်းသာပင်။

ငါးဖမ်းသည့်ပိုက်သည် ရေထဲတွင်မမြင်ရသည့် ငါးကိုဖမ်းယူခြင်းဖြစ်သဖြင့် ငမွှေများမှစ၍ ပိုက်ထဲသို့ဝင်လာသည့် ငါးအားလုံးကို ဖမ်းယူကြရသည့်အတွက်(ပိုက်စိပ်)ကိုသာ သုံးသည်။ ယခုကျွန်တော်တို့ အမဲလိုက်ရာတွင် သုံးသောပိုက်များတို့က အငယ်ဆုံးသော သားကောင်သည်ပင် ဂျီကဲ့သို့အကောင်မျိုး (ပိုက်ကျဲများကိုသုံးသည်)။

ဂျီတစ်ဆယ်၊ ဒရယ်အစိတ်၊ ဝက်သုံးဆယ်နှင့် ဆတ်လေးဆယ်လို အကောင်မျိုးကို သူတို့ ဝင်လမ်း၊ ထွက်လမ်း၊ ပြေးလမ်းကိုမှန်းဆကာ ပိုက်ကိုထောင်ထားပြီး လူနှင့် ခွေးများတို့က အသံပေးအော်ဟစ်ရင်း ရှေ့ကိုတိုးသွားကြရာမှ သားကောင်ကတစ်နေရာတွင် ကပ်နေလို့မရတော့သည့်အတွက် တထိတ်တလန့် ဦးတည်ရာဆီသို့ပြေးရင်းမှ ပိုက်ကို ဝင်တိုးရာ အထက်တွင်ရှိသော ပိုက်စကပြုတ်လျှက် အောက်ဘက်ဆီ





သို့ကျရာမှ ဝင်တိုးလိုက်မိသောသားကောင်ကို လုံးထွေးသွားသည့်အချိန်၊ တောခြောက်သူများတို့က ရိုက်တံကောင်းဝါးရင်းတုတ်များတို့နှင့် ပိုက်အတွင်းလုံးထွေးနေသော သားကောင်ကို အသေရိုက်ယူရသောနည်းပင်။

ထိုနေရာတွင် သားကောင်က မည်သည့်ဘက်ဆီတွင် ပြေးကာ ပိုက်တွင် မိ/မမိကို အနံ့ခံခွေးများတို့၏ အသံကိုနားထောင်ရင်း လှုပ်ရှားကြရသည့် လုပ်ငန်းမျိုးပင်။ လူများမရောက်ရှိသေးသည့်အချိန် အနံ့ခံခွေးက ပိုက်တွင်လုံးထွေးနေသောတောဝက်ကို ဝင်ပြီးကိုက်ရာမှ တောဝက်က ပြန်ပက်လိုက်သည့်အတွက် ဒဏ်ရာရရှိသွားခြင်းပင်။

သူတို့ရရှိလာကြသည့်အကောင်ကို ရွာခံများနှင့်လူငယ်များတို့က အရည်ချ၊ ဝက်ကိုရေနွေးနှင့်လောင်းကာ အမွေးခြစ်နေသလို၊ ဒဏ်ရာရရှိလာသော အမဲလိုက်ခွေးကို ဆေးထည့်နေချိန်၊ ကျွန်တော်တို့ ထုံးစံအတိုင်း အရက်သောက်ရင်း နောက်နေ့ထောင်ကြရမည့် ထောင်ချောက်များအကြောင်း၊ ဆွေးနွေးတိုင်ပင်နေလိုက်ကြပေသည်။

အရက်ကို သိပ်သောက်လို့ကမရ။ အပန်းဖြေရုံသက်သက်ရယ်သာ။ အဘယ့်ကြောင့်ဆိုလျှင် ကျွန်တော်တို့ယနေ့ ထောင်ထားကြသည့် သုတ်ကိုင်းသုံးခု၏ ထူးခြားသည့် အသံများကို နားစွင့်ကြရမည့်အရေးကြောင့်ပင်။

ချေနှင့်တောဝက်တို့ကို ခုတ်ထစ်ပိုင်းဖြတ်လိုက်ကြပြီး လိုက်ပါဆောင်ရွက်ကြသည့် ရွာခံများတို့ကို ပေးသင့်တာများကို ပေးလိုက်ပြီး လူစုခွဲလိုက်ကြသည့် အချိန်ကပင် (၁၀)နာရီကျော်ခဲ့ပေပြီ။

သုတ်ကိုင်းများတို့တွင် သားကောင်ပုံမတိုးကို သတိထားနေရင်း ညအစာရှာ ငှက်ကလေးများတို့ ပျံသန်းအော်မြည်သံတို့နှင့်အတူ ကျွန်တော့်အသိတရားတို့က လွင့်ပြယ်သွားခဲ့ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်က ''ကိုမြသိန်း''၊ ယခင်က မရမ်းကုန်းမြို့နယ် တရားရေးဥက္ကဋ္ဌ။ ရှစ်လေးလုံးအရေးအခင်းပေါ်နောက် စံနစ်ပြောင်းသွားချိန်တွင် သူကအထက်တန်းရှေ့နေကြီးတစ်ဦး။ ကွဲကွာကြရသည်မှာလည်း အနှစ်(၂၀)တိုင်ပင်။

သူနှင့်ကျွန်တော် မြို့ထဲတွင်တွေ့လိုက်ကြပြီး တစ်ခါတစ်ရံတွေ့ကြရသည့်အချိန်ကလေး စားသောက်ဆိုင်တစ်ဆိုင်တွင် ဘီယာတိုက်ရင်းဧည့်ခံနေသည်။ ပူပြင်းလွန်းသည်မို့ ကျွန်တော်တို့အစားကိုစားကြရင်း ဘီယာငါးလုံးလောက်စီ သောက်လိုက်ပြီးကြသောအခါ ကျွန်တော်အတော်မူးနေခဲ့ပေပြီ။

ကျွန်တော်ဆက်မသောက်နိုင်တော့သလို အမူးကလွန်သွားပြီမို့ မတ်တတ်ပင်ရပ်လို့ကမရတော့။ သူကကျွန်တော့်အခြေအနေကို သိလိုက်သဖြင့် အိမ်အတွက် ချစ်ဇနီးနှင့်ကလေးများစားရန် ခရုခေါက်ဆွဲသုံးထုပ်မှာ အပြီးပိုက်ဆံရှင်းကာ အငှားကားဖြင့် အိမ်သို့လိုက်ပို့သည်။

တကယ်တော့ ကျွန်တော်တို့ အိမ်ဆီကိုမရောက်။ တကယ်တမ်းရောက်နေသည်က ပုဂံမြို့ရှိ ''ဗူးဘုရားစေတီတော်ကြီး''ရှေ့တွင်။

ထိုဘုရားရှေ့ ကားရပ်လိုက်သည့်အချိန် ဝတ်ဖြူစင်ကြယ်နှင့် စိပ်ပုတီးကြီးကို လည်ပင်းဆွဲထားသည့် ပုဂ္ဂိုလ်တစ်ဦးက ပြေးကြိုဆိုလိုက်ရင်း –

''ဒကာလေးကို တွေ့ချင်နေတာကွယ်။ ခုလိုတွေ့ကြရတော့ အတော်ပဲဖြစ်သွားတယ်''

ထိုပုဂ္ဂိုလ်က ပြောလိုက်စဉ် ကျွန်တော်က ကြက်သီးမွေးညင်းများထသွားကာ လိုက်ပို့ပေးသူ ကိုမြသိန်းကိုလှည့်ကြည့်လိုက်တော့ မရှိတော့။ ကျွန်တော်စီးလာသည့်ကားနှင့် ကားမောင်းပို့သူကို ကြည့်





လိုက်တော့လည်း မတွေ့တော့။ ဘယ်လိုတွေဖြစ်ကုန်ကြမှန်းကို စဉ်းစားနေလိုက်ရင်းမှ ကျွန်တော်က ထိုသူတော်စင်ပုဂ္ဂိုလ်ကို –

''အဘက ကျွန်တော့်ကို သိနေတယ်နော်အဘ''

''သိတာပေါ့ကွ။ မင်းရဲ့ဟိုဘက် ငါးဘဝလောက်က သိခဲ့ကြဖူးတာဘဲ''

သူတော်စင်ပြောလိုက်သော စကားတို့ကြောင့် ကျွန်တော် ဘာဆက်ပြောရမှန်း မသိအောင်ဖြစ်သွားပေသည်။ သို့အတွက် သူ့မျက်နှာကို ကျွန်တော်အသေအချာ ကြည့်လိုက်တော့ မရမ်းကုန်းမြို့နယ်က ကျွန်တော်နှင့်အတူ အမဲပစ်ခတ်နေသည့် ''ကိုထင်ကျော်''ပင်။

သူ့ကိုအများက ''စွယ်စုံထင်ကျော်''ဟု ခေါ်ကြသည်။ အနုပညာသမားတစ်ဦး။ လက်ရှိနိုင်ငံတော်က ဖွင့်လှစ်ထားသည့် အနုပညာသင်တန်းကျောင်းတွင် ဆရာတစ်ဦး။

သူ့ကိုဘယ်ကဲ့သို့ ဘာသာရပ်ကို သင်ကြားရသဖြင့် (ဘာထင်ကျော်)ဆိုသည်ကိုတော့ဖြင့်မသိ။ ကျွန်တော်တို့နှင့် အမဲလိုက်ပစ်ခတ်ရာတွင် တောတောင်အတွင်းရှိနေသည့် အနုပညာပစ္စည်းဖြင့် တီးခတ်နိုင်သူဖြစ်သဖြင့် သူ့ကိုကျွန်တော်တို့အဖွဲ့က ''စွယ်စုံထင်ကျော်'' ဟု ပေးထားသည့်သူ့မျက်နှာ။

သို့သော် သူ့အကြောင်းကိုတော့ ပြောပြရပေမည်။ မပြောလို့ကလဲမဖြစ်။ ပြောရမည်ဆိုလျှင် တစ်နေ့ကျွန်တော့်အိမ်သို့ သူရောက်လာသည်။ ဧည့်ခန်းတွင်ထိုင်ရင်းက စကားပြောနေစဉ်က အကောင်းသား။ အတန်ကြာတော့သူ့ထံမှ ရှိုက်သံများထွက်လာသဖြင့် ကျွန်တော် သူ့မျက်နှာကို လှမ်းကြည့်လိုက်မိသည်။ အမှန်ပင်သူငိုနေသည်ကို တွေ့မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောနေသည့်စကားများသည် သူ့ယခုလိုငိုရမည့် စကားတစ်လုံးပါသဖြင့် တအံ့တသြဖြစ်သွားရင်းမှ မေးလိုက်မိသည်က–

"ကိုထင်ကျော်ဘာကြောင့် ငိုနေရတာလဲဟင်၊ ကျွန်တော်ပြောနေတဲ့စကားတွေထဲမှာ ခင်ဗျားငိုရလောက်မဲ့ စကားတစ်လုံးမှ ကျွန်တော်မပြောမိပါလား"

ကျွန်တော်က တအံ့တသြအသွင်နှင့် မေးလိုက်တော့မှ သူက စောစောကလို ရှိုက်သံပင်မကတော့ အသံများထွက်ကာ ဟီးချလိုက်ရင်းက ပြောလိုက်သည်က –

"မဟုတ်ပါဘူးဗျာ ခင်ဗျားနဲ့စကားပြောနေရင်း ကျွန်တော်ဟိုဟာကို သတိသွားရလို့ပါ"

"ဘယ်ဟာကို သတိရလို့လဲဗျ ပြောပြစမ်းပါအုံး"

ကျွန်တော် မေးလိုက်သည်ကြောင့် ကျွန်တော်ထိုင်နေရာနောက်ကျောဘက်ကို သူလက်ညှိုးထိုးပြလိုက်သဖြင့် ကျွန်တော်လှည့်ကြည့်လိုက်တော့ နံရံတွင် ချိတ်ဆွဲထားသည့် ဘီလူးရုပ်ကြီးပါသည့် ပြက္ခဒိန်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်ပင် ကြောင်အမ်းအမ်းဖြစ်သွားမိသည်။ သို့အတွက် ပြန်မေးလိုက်တော့ –

"ခင်ဗျား ငိုရလောက်အောင်လဲ ဘာမှမရှိပါလားဗျ။ ဘာကိုကြည့်ပြီး သတိရလို့ ငိုနေရတာလဲ"

ကျွန်တော်မေးလိုက်သည့် စကားတို့ကြောင့် သူက ထိုဘီလူးရုပ်ပါသည့် ပြက္ခဒိန်ရှိရာကို ထပ်မံလက်ညှိုးထိုးပြနေသည်မို့ –

"နေပါအုံး အဲဒီ ဘီလူးရုပ်နဲ့ခင်ဗျား ဘယ်လိုပတ်သက်နေလို့လဲဗျ"

"ဟိုဘဝက ကျွန်တော့်ဦးလေးလေ။ ခုသူ့ကိုတွေ့လိုက်တော့





သတိရပြီးငိုလိုက်မိတာ"

"ဟိုက်"

သူ့စကားကြောင့် ကျွန်တော့်နှုတ်ဖျားမှ အာမေဍိတ်သံများတို့ပင် ထွက်သွားမိပေသည်။ ယခုလည်း ပိတ်ဖြူစင်ကြယ်ကိုဝတ်ပြီး လည်ပင်းတွင် စိပ်ပုတီးကြီးကိုဆွဲပြီး ကျွန်တော့်ကို ဟိုဘက်ငါးဘဝလောက်က သိခဲ့သူဆိုနေပေသည်။

"အဘက ကျွန်တော့်ကိုတွေ့ချင်တယ်ဆိုတာ ဘာကိစ္စများရှိလို့လဲဟင် အဘ"

"တွေ့ချင်တယ်လို့ ပြောတာတွေ့ချင်လို့ပေါ့ကွ၊ ကဲ : . . ငါပြန်တော့မယ်"

ဟုပြောပြီး နောက်ဘက်ကိုလှည့်ကာ လျှောက်လှမ်းသွားဓိနေရင်း ဘုရားအတွင်းဝင်ရောက် ပျောက်ကွယ်သွားပေတော့သည်။

ကျွန်တော်ထိုနေရာတွင်ပင် ငူငူငိုင်ငိုင်ရပ်နေစဉ် နောက်ကျောဘက်ဆီမှ အသံကြားလိုက်ရပြန်သည်။ ယောကျ်ားသံတော့မဟုတ်၊ ဆွဲဆောင်အားကောင်းသည့် မိန်းမငယ်တစ်ဦးအသံမျိုး။

"မောင်တော်နမတော်ကို စောင့်တာကြာပြီလားဟင်"

ကျွန်တော်အသံကြားလိုက်ရာကို လှည့်ကြည့်လိုက်တော့ အစိမ်းရောင်ဝတ်စုံကိုဝတ်ပြီး ရွှန်းရွှန်းစားစားအကြည့်နှင့် ကျွန်တော့်အနီးကို လျှောက်လှမ်းလာနေသည့် မိန်းမငယ်တစ်ဦးကို တွေ့မြင်လိုက်ရပေသည်။ အနီးသို့ရောက်လာသော် သူမကကျွန်တော့်လက်ကို လှမ်းဆွဲလိုက်ပြီး ဘုရားဘက်ဆီသို့ ခေါ်သွားသည်။

ဖူးဘုရား နောက်ကျောတွင်ရှိနေသည့် ရောဝတီမြစ်ကြီးက ဘုရားဘေးတွင်ရပ်လျှက် ရပ်နေသည့် ကျွန်တော်တို့နှစ်ဦးကို ချေပြင်



www.burmeseclassic.com

www.burmeseclassic.com



ထက်ရှိ လျှပ်ပြေးလှိုင်းကြက်ခွပ်ကလေးများတို့က မနာလို၊ မလိုတမာ အသွင်မျိုးနှင့်ကြည့်နေစဉ် လေပြည်ကလေးတစ်ချက်က ဝေ့ကာဝိုက်ကာ တိုက်ခတ်လိုက်သည်မို့ သူမဆံနွယ်ကလေးများတို့က တလူးလူး တလွန့်လွန့်။

ကျွန်တော်တို့နှစ်ယောက်လက်တွဲကာ ကမ်းခြေကိုဆင်းလိုက်ပြီး မည်သည့်အချိန်က ဖြန့်ခင်းထားမှန်းမသိသည့် ကော်ဇောတစ်ချပ်ထက် ဆီသို့ သူမကအရင်ဆုံး ဝင်ထိုင်လိုက်သည်။ ပြီးတော့သူမက ကျွန်တော့် ကို –

''မောင်တော်ထိုင်လေ။ နှမတော်အနည်းငယ် နောက်ကျလို့ စိတ်ကောက်နေတော်မူတာလားဟင်''

ကျွန်တော်က သူမအနီးတွင် ဝင်ထိုင်လိုက်သည်။ ထိုစဉ် သူမ ထံမှ အသံထွက်လာသည်။

''မောင်တော်က နှမတော်ကို မမှတ်မိတော့ဘူးလားဟင်။ နှမတော်က ဟိုလွန်ခဲ့တဲ့ဘဝမှာ မောင်တော်ရဲ့ဖနီးလေ''

သူမမျက်နှာလှလှကလေးကို ပြန်ကြည့်လိုက်ရင်း ကျွန်တော် ပြောလိုက်မိသည်က –

''အမှန်အတိုင်း ပြောရရင်မမှတ်မိပါဘူး''

ထိုအခါ မြစိမ်းရောင်မိန်းကလေးသည် ကျွန်တော့်ကို လွမ်းမောရီဝေစွာဖြင့်ပင် ငေးစိုက်ကြည့်နေသည်။ သူမပြောသလို သူမနှင့် ကျွန်တော်သည် အတိတ်ကတစ်ဘဝတွင် အမှန်တကယ် အကြင်လင်မယား တော်စပ်ခဲ့မည်လားဆိုသည်ကို ကျွန်တော်တွေးနေလိုက်မိသည်။

ထိုအချိန်ကျမှပင် ကျွန်တော် မြစိမ်းရောင်ဝတ်မိန်းကလေးကို





အသေအချာ ကြည့်လိုက်မိသည်။

မိန်းမချောကလေးတစ်ယောက်ဟု ဆိုလောက်ပါသည်။ သူမ၏ အသားအရည်မှာ ဖြူဝင်းရှအိညက်နေပါသည်။ ဆံနွယ်စတို့သည် နက်မှောင်ပြီး နားရှေ့နားသယ်စပ်တို့၌ မွေးညှင်းနုကလေးများထကာ ပြေးနေသည့်သဖွယ်။

သည်အတွေ့အမြင်တို့ကြောင့် ကျွန်တော်သည် သူမကို အလွန်ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသူအဖြစ် ခံစားလိုက်မိသလို ရင်ထဲကလဲ လွမ်းလွမ်းဆွေးဆွေးနှင့် ဝေဒနာတစ်မျိုးဖြစ်လာသလို ခံစားလိုက်ရပေသည်။

''ဘယ်လိုလဲ မောင်တော်၊ မောင်တော်ကိုကြည့်ရတာ တစ်ချိန်က နှမတော်အပေါ်ထားရှိခဲ့ဖူးတဲ့ မေတ္တာမျိုးတွေ ပြန်ပေါ်လာသလားလို့''

သူမပြောလိုက်သော စကားတို့ကြောင့် ကျွန်တော်ငြင်းဆိုရန် အမှန်ပင်ခက်ခဲသွားပေသည်။ သို့အတွက် ကျွန်တော်ပြန်ပြောလိုက်မိသည်တို့က –

''မင်းပြောလိုက်တဲ့ စကားတွေဟာ ဟုတ်လိမ့်မယ်လို့ ကိုယ်ထင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ခုမင်းရဲ့မျက်နှာကလေးကို ကိုယ်အသေအချာကြည့်လိုက်မိရာက ရင်ထဲမှာလွမ်းသလိုလို ဆွေးသလိုလိုတစ်မျိုးကြီးပဲ ခံစားလာရတယ်''

''မှန်တာပေါ့ မောင်တော်ရယ်။ ဘဝတစ်ဘဝမှာ ရစ်ပတ်နှောင်ဖွဲ့တဲ့ သံယောဇဉ်တွေဟာ နည်းကြတာမှ မဟုတ်တာဘဲရှင်။ ဒါတွေက အသာထားပါလေ။ မောင်တော်ကို ပြောချင်တာက မောင်တော် လူသူတော်နဲ့တွေ့လိုက်တုန်းက သေရည်တွေသောက်ထားလို့ မူးနေတယ် မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ်၊ ကွဲကွာနေတာကြာခဲ့ပြီဖြစ်တဲ့ ကိုမြသိန်းနဲ့တွေ့လို့ သူတိုက်လိုက်တဲ့ ဘီယာတွေသောက်ထားမိပါတယ်၊ ဘာပြုလို့လဲ”

“အဲဒီလူသူတော်ဟာ ဟိုလွန်ခဲ့တဲ့ ငါးဘဝလောက်က မောင်တော်နဲ့ အစ်ကိုတော်စပ်ခဲ့ဘူးတယ်။ မောင်တော်ကို မစဖို့လာတာ။ မောင်တော်က သေရည်တွေကို သောက်ပြီးသူများအသက်တွေကို လိုက်သတ်နေတဲ့ မုဆိုးဖြစ်နေတော့ ဒီဘဝမှာ မစဖို့ကံမပေါ်သေးဘူးပေါ့။ ဒီတော့ ကောင်းမှုကုသိုလ်တွေကို ဆက်ပြီးလုပ်ပါလို့ မှာလိုက်ချင်ပါတယ် မောင်တော်ရယ်၊ နော် . . . နော်လို့”

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ရုံရှိသေး လန့်နိုးကာအိပ်မက်က ပြီးဆုံးသွားခဲ့ပေပြီ။

ကျွန်တော့်ဘဝသက်တမ်း တစ်လျှောက်တွင် အိပ်မက်များကို မက်ခဲ့ဖူးပြီဖြစ်သော်လည်း ယခုမက်လိုက်သည့် အိပ်မက်က ဆွတ်ပျံ့သာယာကြည်နူးစရာကောင်းသော အိပ်မက်မျိုးမို့ မနိုးသောအိပ်မက်မျိုး ဖြစ်လိုက်ပါတော့ရယ်လားဟု ယူကြုံးမရဖြစ်လိုက်ရင်း ဝန်းကျင်ကို သတိထားလိုက်မိပေသည်။

ရိုးမကြီးသည် ညဥ့်အမှောင်ထုကြီးရင်ခွင်တွင် မှေးစက်နေသည်။ ညအစာရှာ ငှက်ကလေးများတို့၏ အော်မြည်သံများကို ကြားနေရသလို ဖုစဉ်းရင်ကွဲအော်ဟစ်သံများတို့ကိုလဲ ကြားနေရသည်။ ဆက်ပြီး အိပ်လို့မရတော့သဖြင့် ဖယောင်းတိုင်ကို မီးထွန်းကာထွက်ပေါ်လာသည့် အလင်းရောင်ဖြင့် သူတို့ကိုကြည့်လိုက်တော့ အိပ်ပျော်နေကြသည်မို့ အဖန်ရည်တစ်ခွက်ကို မော့သောက်လိုက်ရင်း ရှမ်းဖက်လိပ်ကို မီးတို့ ဖွာရှိုက်လိုက်စဉ်

“အု . . . အု . . . အု”





ခပ်လှမ်းလှမ်းဆီမှ ခွေးအများအော်လိုက်သံတို့ကို ကြားလိုက်ရသည်။ မက်ခဲ့သော အိပ်မက်အကြောင်းကို သူတို့အားပြောပြသင့်မသင့်ကိုစဉ်းစားနေသလို နေ့လယ်ပိုင်းက သွားရောက်ထောင်ထားသည့် သုတ်ကိုင်းများဆီသို့ အတွေးတို့က ရောက်သွားပြန်သလို၊ ကျန်ရှိနေသည့် ထောင်ချောက်များကို မိုးလင်းလျှင် သုတ်ကိုင်းများတို့၏ အခြေအနေကို လိုက်လံကြည့်ရှုရင်း ထောင်ကြရပေဦးမည်။

“ဟူ . . . ဖွဲ ဖွဲ ဖွဲ”

ထိုအသံက ဆတ်ဟီသံပင်။ ဆတ်လိုအကောင်မျိုးတို့က တစ်သံပေးသလို ယခုကဲ့သို့ ဟီသံများကိုလဲ ပေးတတ်ကြသည်။ အသံလာရာဆီကိုခန့်မှန်းလိုက်တော့ ကျွန်တော်တို့ သုတ်ကိုင်းများ ထောင်ထားသည့်ဝန်းကျင်ဆီမှပင်။

ထိုစဉ် တရှဲရှဲအသံတို့ကို စောစောက ကျွန်တော်အိပ်နေသည့် ခေါင်းအုံးများထားရာဆီဘက်မှ ကြားလိုက်ရသည်။ ထွန်းထားသော ဖယောင်းတိုင်ကို လက်မှကိုင်ရင်း အလင်းရောင်နှင့်အသံကြားလိုက်ရာ ဘက်ဆီသို့ ရွှေ့ပြောင်းကာကြည့်လိုက်တော့ ဖြေလျှော့ထားသော ကိုယ့်ခြေထောက်ကို အမြန်နောက်ဆုတ်ကာ ရုပ်လိုက်ရင်း နေရာမှဆတ်ခနဲ ထရပ်လိုက်မိသည်။ မြင်တွေ့လိုက်ရသည်က တောကြီးမြွေဟောက်တစ်ကောင်။

ဖယောင်းတိုင်မှ ထွက်သောအလင်းရောင်ကြောင့် သူ့အရေခွံတို့က အရောင်တလဲ့လဲ့နှင့် ရောင်ပြန်ဟပ်နေသည်။ သူ၏ပါးပျဉ်းကြီးက ကျွန်တော့်လက်ဝါး ငါးခုစာလောက်ပင်ရှိမည်။ ပါးစပ်အတွင်းမှ လျှာနှစ်ခွက ဝင်လိုက်ထွက်လိုက်။ ဖယောင်းတိုင်မီးအလင်းရောင်နှင့်မြင်တွေ့လိုက်ရသည့် မျက်လုံးအစုံက ရဲရဲတောက်လျှက် ကျွန်တော့်ကို စူးစူး



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲ တံရှဲရှဲနှင့် မာန်ထကာကြည့်နေသည့်အသွင်။

ကျွန်တော်က လွှမ်းခြုံထားသည့်စောင်ဖြင့် မြွေကြီး၏ပါးပျဉ်းကို လှမ်းယူဆွဲအုပ်လိုက်သည်။ မြွေကြီးက ဝဲပျံလာသောခြုံစောင်ကို သူ၏ပါးပျဉ်းကြီးကို နောက်သို့လွှဲကာ ရှောင်တိမ်းလိုက်သော်လည်း နောက်ကျသွားပေသည်။ စောင်အတွင်း လုံးထွေးရစ်ပတ်ကာ တရွေ့ရွေ့ လှုးလွန့်နေသည်ကို မတ်တတ်ရပ်ရင်းဘယ်ဘက်ဆီသို့ ပြေးထွက်ရန် မဝေခွဲနိုင်ဖြစ်နေသည်က ကျွန်တော်ရယ်သာ။

စောင်အတွင်း ဖုံးလွှမ်းခြင်းခံထားသော မြွေကြီးက ပါးပျဉ်း ထောင်ရင်း ကျွန်တော့်ဆီရွေ့လျားလာနေသည်။ ကံကောင်းနေသည်က စောင်နှင့်ပတ်ထားခြင်းခံနေရသော မြွေကြီးက ကျွန်တော့်ကိုသာမဲနေခြင်းပင်။

သေးတွင်ထောင်ထားသည့် ကိုင်းနုတ်ဓားကိုဆွဲယူပြီး ခုတ်ပိုင်းပစ်လိုက်မိပေတော့သည်။ ကျွန်တော့်အပြုအမူတို့ကြောင့် အိပ်နေကြသည့်သူတို့အားလုံး နိုးထသွားကြပေတော့သည်။ ကံကောင်းသည်က မြွေကြီးအန္တရာယ်ကြောင့် ကျွန်တော်တို့တစ်ဦးတစ်ယောက်မျှ အန္တရာယ် မဖြစ်လိုက်ကြခြင်းပင်။ ထိုစဉ် –

''ဒေါင် . . . ဒေါင်''

ကြားလိုက်ရသည့်အသံတို့က လေညှို့လွှတ်လိုက်သည့်အသံ အနီးကပ်ကြားလိုက်ရသည့် အသံနှင့်အတူ လှမ်းကြည့်လိုက်တော့ ပစ်ခတ်လိုက်သူက မွန်ပင်။ သူပစ်လွှတ်လိုက်သည့် မြားတံတို့က စောင်နှင့်ဖုံးအုပ်ထားသော မြွေကြီးကိုယ်လုံးတွင် စိုက်ဝင်ထားသည်ကို တွေ့လိုက်ရသည့်မြင်ကွင်း။

ကျွန်တော်တို့အဖွဲ့ တဲအတွင်းအိပ်နေကြစဉ် မျှော်လင့်မထား





ဘဲဖြစ်လာသည့် တောတွင်းအန္တရာယ်၊ စိတ်ခေါ်မထားပါဘဲနှင့် တောတို့၏ သဘာဝဖြစ်တတ်သည့် ဖြစ်ရပ်ပင်။ မိုးလင်းတော့မည်မို့ ဆက်မအိပ်ကြ တော့ဘဲ မျက်နှာသစ်လိုက်ကြချိန် ''မိုးကြည်''က မြွေကြီးကိုယူသွားကာ အကြေးခွံများတို့ကို ဓါးခြမ်းပြားစနှင့်လှန်၍ ခြစ်နေသည်။ ချက်စားမည့် အသွင်မျိုးပင်။

''မွန်ရေ . . . တို့ထောင်ချောက်တွေ သွားထောင်ရင် ဒူးလေး တစ်လက်ယူခဲ့ကွာ။ လိုရမယ်ရ စခန်းသိမ်းရအောင်''

''လုံနှစ်ချောင်းယူခဲ့မယ်လေ အဘရဲ့။ ဒူးလေးယူဖို့လိုဦးမ လား''

''ယူခဲ့တော့ ပိုကောင်းတာပေါ့။ လမ်းတွေ့တဲ့အကောင်တွေလဲ ပစ်ရတာပေါ့''

အမုန်တော့ သားကောင်များတို့ကို ယခုကဲ့သို့ထောင်ချောက် များနှင့် ထောင်၍ဖမ်းဆီးကြရာတွင် မုဆိုးလုပ်သူအဖို့ သားကောင်များ တို့ကို လိုက်လံ၍ သေနတ်နှင့်သော်လည်းကောင်း၊ ဒူးလေးမြားတို့နှင့် ပစ်ခတ်ရသည်ထက် အသက်အန္တရာယ်ပို၍ ကြီးပေသည်။

ထောင်ချောက်အမျိုးမျိုးရှိကြသည့်အထဲမှ ယခုကျွန်တော်တို့ ထောင်ထားသည့် သုတ်ကိုင်းထောင်ချောက်မျိုးက သားကောင်များတို့ကို မိလိုက်သည့်အခါတွင် လည်ပင်းကိုမိပါက ထောင်ထားသည့်ကိုင်းတံ၏ ဆွဲအားကြောင့် လည်ပင်းတွင်ကြိုးတွဲလောင်းနှင့် အသက်ပျောက်နေ သည့် သားကောင်မျိုးဆိုပါက အကြောင်းမဟုတ်။ ခြေထောက်နှင့် လက်များတို့တွင် မိထားသောသားကောင်မျိုးဆိုပါက သူ့အသက်ကို အသေသတ်ပြီးပါမှ ဖြုတ်ယူ၍ရမည်မို့ သုတ်ကိုင်းမိသားကောင်နှင့် မုဆိုးတို့ဉာဏ်ရည်ပြိုင်ကာ အနိုင်ယူကြရသည့်ပွဲမျိုးပင်။



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် အဘကောင်းက လိုရမယ်ရ အဝေးမှပစ်ခတ် စခန်းသိမ်းနိုင်ရေးအတွက် ဒူးလေးကို အယူလာခိုင်းသည့်သဘောပင်။

မွန်က ပြန်မေးလိုက်သည့် စကားတို့ကလဲ မမှား။ ယခုကဲ့သို့ သုတ်ကိုင်းမိ သားကောင်မျိုးတို့ကို မုဆိုးလုပ်သူများတို့က လုံနှစ်ချောင်းနှင့်ပင် စခန်းသိမ်းအနိုင်ယူခဲ့ကြပေသည်။ ထိုလုံနှစ်ချောင်းကို မုဆိုးတို့အခေါ်အရ (ပစ်လုံနှင့်အောင်းလုံ)ဟု ခေါ်ကြသည်။

(ပစ်လုံ)အရှည်ဖြစ်ပြီး (အောင်းလုံ)က အတိုဖြစ်သည်။ လူကို ပြန်၍ အန္တရာယ်အများဆုံး ပေးတတ်ကြသည့် တောဝက်လိုအကောင်မျိုး၊ ဝံလိုအကောင်မျိုးဆိုပါက လေအောက်တစ်နေရာဆီမှ သားကောင်အနံ့လည်း မရအောင်၊ မသိမြင်အောင် ပုန်းကွယ်ပြီး ချောင်းမြောင်းကာ ကြည့်နေရသည်။

လည်ပင်းတွင် ကြိုးကွင်းစွပ်ကာ သေဆုံးနေပြီဖြစ်သော အကောင်မျိုးဆိုပါက ကိစ္စမရှိသော်လည်း ခြေနှင့်လက်များတို့တွင် ကြိုးတန်းလန်းဖြစ်နေသည့် အကောင်မျိုးဆိုပါက အလစ်အငိုက်ကို ပြေးဝင်ပြီး(ပစ်လုံ)နှင့် သေကွင်းကို ထိုးစိုက်နိုင်ဖို့အရေးကို တွက်ရဆရပေတော့သည်။

သားကောင်ကို သုတ်ကိုင်းတွင် မိထားပြီဆိုသည်နှင့် မုဆိုးလုပ်သူက ထိုနေရာဆီသို့ အရမ်းစွပ်ဝင်သွားလို့ကမရ။ တောဝက်နှင့်ဝံဆိုသည့်အကောင်များတို့က အင်မတိအင်မတန် မာန်ကြီးကြသည်။ အားလည်း အလွန်အမင်းကြီးသည်။ သို့အတွက် သူတို့ကိုဆိုလျှင် အလွန်သတိထားပါမှ တန်ကာကျပေမည်။ မတွက်ဆဘဲ ချက်ချင်းလုံနှင့် ဝင်ထိုးလိုက်မိပါက ချက်ကောင်း(သေကွင်း)ကို မထိုးမိလျှင်၊ သူတို့က ပြန်ရန်မူသည့်အခါ (အောင်းလုံ)နှင့် အနီးကပ်ပြန်ပြီး သေကွင်းဆီသို့





ထောက်ကာ ခုခံနိုင်ပါမှရပေမည်။

ချက်ကောင်းကို မထိုးနိုင်ပါက လူကို ကျားနာခဲပြန်ခဲသည့်အတွက် အန္တရာယ်အလွန်အမင်း ကြီးမားလှပေသည်။ သို့အတွက် သုတ်ကိုင်းမိထားသည့် သားကောင်ဆီသို့ လူလုံးမပြဘဲ တိုးကြပ်၍ အသံပြုကြည့်ရသည်။ မိထားတဲ့သားကောင်က လူကိုပြေးလိုက်ရန် ပြုတဲ့အခါမှာ သုတ်ကိုင်းကြိုးက နောက်ကို ပြန်ဆွဲလိုက်ခြင်းကို ခံလိုက်ရသဖြင့် လဲကျသွားသည့်နေရာကို မှတ်သားထားရ ပြန်သေးသည်။

ထိုကဲ့သို့ လဲကျသည့်နေရာကို သုံးကြိမ်လောက်မှတ်သားထားပြီးပါမှ သုတ်ကိုင်းမိထားသည့် သားကောင်အနီးတွင် သွားရောက်ရပ်ပြလိုက်သောအခါ သားကောင်ကမုဆိုးဆီ ပြေးဝင်တိုက်ခိုက်ရန် ပြေးအလာ သုတ်ကိုင်းကြိုးကဆုံးပြီး လဲအကျတွင် သေကွင်းကို မှန်းကာလုံ(ပစ်လုံ)နှင့် ထိုးစိုက်၍ စခန်းသိမ်းရခြင်းမျိုးပင်။ ထိုကဲ့သို့ ပစ်လုံနှင့်မှကိစ္စမပြီးလျှင် အခြားလက်တွင် အသင့်ကိုင်ဆောင်ထားသည့် (အောင်းလုံ)လုံတိုနှင့် ထပ်ဆင့်ရပေသည်။

မုဆိုးတစ်ယောက်အဖို့ ယခုကဲ့သို့ သုတ်ကိုင်းမိထားသည့် သားကောင်တစ်ကောင်ကို စခန်းသိမ်းရသည့်လုပ်ငန်းသည် လွန်စွာပင် အန္တရာယ်များသော လုပ်ငန်းတစ်ခုပင်။

မုဆိုးလုပ်ကြသူများတို့ဆိုသည်ကလဲ အခါခပ်သိမ်း သားကောင်များတို့ကို အထင်သေးလို့ကမရ။ သူ့အသက်နှင့်ကိုယ့်အသက်လဲကြရသည်မို့ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်အဖြစ် အသက်ချင်းထပ်ကြရသည့်လုပ်ငန်းမျိုး။

ပထမဦးဆုံး သုတ်ကိုင်းထောင်ထားရာဆီသို့ ရောက်ကြပြီး ကြည့်လိုက်တော့ မူလထောင်ထားသည့်အတိုင်း ပုံစံမပျက်။ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထားရာဆီသို့ရောက်တော့ ပထမထောင်ထားသည့် သုတ်ကိုင်းကဲ့သို့ သည်အတိုင်းပင်။ တတိယထောင်ထားသည့် နေရာဆီသို့ရောက်တော့ တွေ့မြင်လိုက်ရသည့်မြင်ကွင်းက လည်ပင်းတွင်ကြိုးကွင်းတန်းလန်းနှင့် မြေပြင်ထက် ငါးပေလောက်ကွာဟနေသည့် သေဆုံးနေသည့် သားကောင်တစ်ကောင်။

အနီးဆီသို့ ကျွန်တော်တို့ တိုးကပ်ကြည့်လိုက်တော့ ဆတ်တစ်ကောင်၊ ပိသာချိန်လေးဆယ်ခန့်ပင်။

တော်နေသေးသည်က သုတ်ကိုင်းရှိ သံမဏိဝတီးပျော့ကြိုးက သားကောင်၏လည်ပင်းတွင် ကွင်းစွပ်လျှက် ဆွဲယူမထားခြင်းကို ခံလိုက်ရသဖြင့် စခန်းသိမ်းရန် မလိုအပ်ပေ။

သုတ်ကိုင်းတွင် မိထားသည့် သားကောင်ကို မြေပြင်ထက်ဆီသို့ ဖြုတ်ချနေစဉ်အတွင်း –

"ဂဲ ဂဲ ဂဲ . . . ဂဲ ဂဲ ဂဲ"

နောက်ကျောဘက် ဝါးကောက်တောကြီးအတွင်းဆီမှ အောက်ချင်းငှက်တစ်အုပ်၏ အော်ဟစ်လိုက်သည့်အသံများနှင့် အားကျမခံ ပြန်အော်နေသည့် "ငှက်ဝါးယောင်း (ခ) ဝါးယောင်းငှက်" တစ်အုပ်တို့၏ အော်ဟစ်လိုက်ကြသည့် အသံများတို့ကို ဆူညံစွာကြားလိုက်ရသဖြင့် ဒူးလေးကိုကိုင်ဆောင်ထားသည့် ကုလားကြီးသန်းညွှန့်နှင့် လောက်လေးခွကိုကိုင်ဆောင်ထားသည့် အာလူးတို့နှစ်ယောက်က တစ်ဦးကိုတစ်ဦး အချက်ပြလိုက်ရင်း အသံများတို့ကြားလိုက်ရာ ဝါးကောက်တောကြီးအတွင်း တိုးဝင်သွားကြသည်ကို တွေ့မြင်လိုက်ကြရပေသည်။

ကျွန်တော်တို့က သားကောင်ကိုမိထားသည့် စတီးပျော့ကြိုးကို ဖြုတ်လျှက် မှုလနေရာတွင် မူလအတိုင်း ပြန်ထောင်နေကြစဉ် သူတို့





နှစ်ဦးပြန်ရောက်လာကြသည်။ မြားတန်းလန်းစိုက်လျှက် အောက်ချင်းငှက်ကြီးငါးကောင်နှင့် ငှက်ဝါးယောင်းခုနစ်ကောင် ပါလာသည်ကို တွေ့လိုက်ရပေသည်။

"ကဲ . . . တို့ထောင်ချောက်တွေ ဆက်ထောင်ကြမဲ့ကိစ္စကို ညနေပိုင်းမှလုပ်ကြမယ်။ ဒီဆတ်ကြီးကို စခန်းကို ပိုင်းသယ်လိုက်ကြရအောင်"

အာဘကောင်းပြောသည်ကလည်း ဟုတ်နေသည်။ ဆတ်ကကြီးသည်မို့ တစ်ယောက်တစ်လှည့်စီနှင့် စုပေါင်းထမ်းပါမှ ရမည့်ကိစ္စမို့ ကျွန်တော်တို့သားကောင်၏ ခြေလက်များတို့ကို နွယ်ကြိုးနှင့်တုပ်နှောင်ကာ ဝါးနှစ်လုံးနှင့်သပ်လျှိုလျှက် လူလေးဦးစီတစ်ပြန်တစ်လှည့်စီ ထမ်းကြရင်း စခန်းဆီသို့ ရောက်လာခဲ့ကြပေတော့သည်။

ဆတ်ကိုအရည်ချနေစဉ် အာလူးကအောက်ချင်းငှက်များနှင့် ငှက်ဝါးယောင်းတို့ကို အမွေးနှုတ်ချက်ပြုတ်ရန် စီစဉ်နေသည်။ ကျွန်တော်တို့က မနက်ပိုင်းက အိမ်တွင်ပင်ရရှိလိုက်သည့် ငန်းမြွေသားချက်နှင့် အရက်တို့ကို စားသောက်နေလိုက်ကြပေသည်။

ညနေပိုင်းတွင် ထောင်ချောက်များ သွားထောင်ကြမည်ဟု ဆိုသော်လည်း တကယ်တမ်းတွင် ဆတ်ကိုအရည်ချ၊ ခုတ်ပိုင်းလှီးဖြတ်နေကြရသည့်ကိစ္စတို့က လုပ်ကိုင်နေကြရသဖြင့် မထွက်နိုင်။ နောက်တစ်နေ့မနက်ပိုင်းကို သွားကြရန်စီစဉ် လိုက်ကြရပေသည်။

● ● ● ● ●

www.burmeseclassic.com

www.burmeseclassic.com

# ထောင်ချောက်များထောင်ကြခြင်း

ယနေ့မနက်ပိုင်းတွင် ကျွန်တော်တို့အဖွဲ့ သုတ်ကိုင်းထောင်ထားရာဆီသို့ မသွားသေးဘဲ အခြားသောထောင်ချောက်များကို ဦးစားပေးထောင်ကာ အပြန်မှသုတ်ကိုင်းများဆီသို့ ဝင်မည်ဟုညှိနှိုင်းကာ ထွက်လာခဲ့ကြခြင်းပင်။

လျှောက်လှမ်းခဲ့ရာ လမ်းတစ်လျှောက်တွင် သားကောင်များတို့၏ ခြေရာများတို့ကိုကြည့်လျက် ဝင်နိုင်ထွက်နိုင်မည့်လမ်းတို့တွင် သားကောင်၏ ခြေရာအပေါ်မူတည်လျက် ခြေနင်းကိုင်း၊ ခြေနင်းကွင်း၊ လည်တိုးကွင်း၊ သုတ်ကိုင်းငယ်များ၊ တားညွှတ်၊ တုံးဘိနှင့်ကပ်ဘိ၊ ကုန်းဆတ်၊





ဝုတ်ပိုက်များတို့ကို လိုက်လံထောင်အပြီး သားကောင်ကြီးများနှင့် သေချာမည့်အထင်ရှိသော နေရာများတို့တွင် သံညှပ်ကြီးများကို လိုက်လံထောင်သည်။

သံညှပ်ကြီးတို့မှာ ကြီးမားတုတ်ခိုင်သည့် သံလုံးကြီးများတို့နှင့် လခြမ်းသဏ္ဍာန်ရှိ ခွေးသွားစိပ်ကြီးများတို့လည်းပါသည်မို့ လခြမ်းများတို့ကဲ့သို့ ညှပ်တစ်ခုစီအား တစ်ဖက်တွင် နှစ်ယောက်လောက်စီကိုင်ကာ ဆွဲလိုက်ကြပြီး မောင်းတင်လိုက်လျှင် အချင်းနှစ်ပေခွဲခန့် စက်ဝိုင်းကြီး ပုံစံမျိုး ဖြစ်သွားသည့်နယ်၊ အလယ်တွင် နင်းခုံခလုတ်ရှိနေသောကြောင့် သားကောင်ကြီးများတို့ တက်နင်းလိုက်မိသည်နှင့် တစ်ဖက်တစ်ချက်စီ လခြမ်းသဏ္ဍာန်သံရူးချွန်များပါသော သံညှပ်များတို့က ညှပ်ထားလိုက်ပြီး ဖြစ်ပေမည်။

စပရင်များတို့ကလဲ တုတ်ခိုင်သန်မာသောကြောင့် မိလိုက်ပြီဆိုသည်နှင့် ပြန်လည်ဖြုတ်ယူဖို့ကပင် သိပ်မလွယ်။ လူကြီးတစ်ဖက်သုံးဦးစီလောက် အားကုန်ဆွဲဖြုတ်ပါမှ ရနိုင်မည့်သံညှပ်မျိုး။ သံညှပ်ကြီးများတို့ကို သေချာမည်ထင်သည့် နေရာများတို့တွင် လိုက်လံထောင်လိုက်ကြပြီး ယူဆောင်လာသည့်သုံးခုစလုံး ထောင်ထားပြီးသောအခါ နေပင်မွန်းတည့်ချိန်သို့ ရောက်ခဲ့ပေပြီ။

သုတ်ကိုင်းများ ထောင်ထားရာဆီသို့ ကျွန်တော်တို့လိုက်လံအကဲခတ်လိုက်တော့ မူလထောင်ထားကြသည့်အတိုင်း ပုံစံမပျက်မို့ စခန်းချရာဆီသို့ ပြန်ရောက်တော့ ညနေ(၅)နာရီပင်ထိုးပေတော့မည်။

ကျွန်တော်တို့အဖွဲ့နှင့် မရှေးမနှောင်း၊ သားကောင်ကို ပိုက်နှင့်ထောင်ကြသောအဖွဲ့နှင့် အနံ့ခံခွေးများတို့ ပြန်ရောက်လာကြသည်။ လှမ်းကြည့်လိုက်တော့ ချေနှစ်ကောင်၊ ဖွတ်နှစ်ကောင်နှင့် ငုံးခွေချပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကိုလဲ တွေ့လိုက်ရပေသည်။

မဂ်လာရှိသော မြင်ကွင်းပင်။ ကျွန်တော်က ဖွတ်များကို အနီးကပ်ပြီးကြည့်လိုက်တော့ "ရှန်းဖွတ်နှင့်ခပ်ချိုဖွတ်"တို့ပင်။ ထို အကောင်နှစ်မျိုးစလုံးက အကောင်နည်းနည်းသေးပြီး အလွန်ဆုံးရှိလှမှ သုံးဝိသာ ပျော့ပျော့အကောင်များပင်။

သူတို့အဖွဲ့ကို ကြည့်လိုက်တော့ ပျော်ရွှင်ဝမ်းသာနေကြသည့် အသွင်မျိုး။ ချေးနှင့်ဖွတ်တို့ရလာကြသဖြင့် ဝမ်းသာနေကြသည့် အသွင် မျိုးမဟုတ်။ သင်းခွေချပ်ကြီးကို ရရှိလာကြသည့်အတွက် အူမြူးနေကြ သည့်ပုံစံမျိုး။

သည်နေရာတွင် ဖွတ်နှင့်သင်းခွေချပ်အကြောင်းကို အနည်းငယ် ပြောပြလိုပေသည်။

ပဲခူးရိုးမကြီးအတွင်းဖြစ်သော်လည်း ယခုကျွန်တော်တို့အဖွဲ့ ရောက်ရှိနေကြသည့် နေရာနှင့်ဝန်းကျင်များတို့တွင် ဖွတ်နှင့်ပတ်သက်ပြီး လေးမျိုးတွေ့ကြရသည်။

ပထမအမျိုးအစားက ဖွတ်ညှင်းခံ၊ ဒုတိယမျိုးက ဖွတ်ကြား မျိုး၊ ထိုနှစ်မျိုးစလုံးက အလေးချိန် (၁၀)အထက်ထိ ကြီးကြသည်။ ကုန်းပေါ်တွင် အနေများပြီး အင်းအိုင်ကြီးများတို့အနီးတွင်လည်း တွေ့ မြင်ကြရသည်။

တတိယအမျိုးအစားနှင့် စတုတ္ထအမျိုးအစားကတော့ "ရှန်းဖွတ် နှင့်ခပ်ချိုဖွတ်"များတို့ပင်။ ထိုနှစ်မျိုးက အကောင်သေးပြီး သစ်ပင်ထက် များတွင် တွေ့ရတတ်သည်။ သူတို့တောမောင်းရင်း ခွေးများနှင့်တိုးကာ မှောင်ပြေးသဖြင့် ရိုက်ယူလာကြသည့်ဟန်ပင်။

သင်းခွေချပ်ကိုကြည့်လိုက်တော့ ကျွန်တော့်အမြင် ပြောရလျှင်





အစိတ်ဝင်အိုးနီးပါးပင်။ ယခုသူတို့ရလာကြသည့် အချိန်ကလည်း သူတို့ မျှော်လင့်တောင့်တနေကြသည့် အချိန်ကာလမျိုး။ မတ်လနှင့် ဧပြီလို သကြန်ကာလမျိုး။

ကျွန်တော်တို့အဖွဲ့သားများအဖို့ (အချိန်ကာလ)ကိုတော့ မှတ် မထားသဖြင့် မသိတော့ပေမဲ့ တောတောင်များတို့အတွင်း အမဲသားကောင် များတို့ကို လိုက်လံပစ်ခတ်ကြရင်း ယခုကဲ့သို့ သင်းခွေချပ်လို အကောင် မျိုးကို ရရှိခဲ့သည်ကအမှန်။ ကြီးသည့်အကောင်များရှိသလို သေးသည့် အကောင်များကိုလည်း ရရှိသည်။ သေးသည့်အကောင်များကိုတော့ ပြန်လွှတ်ပေးသလို ကြီးသည့်အကောင်များကိုတော့လည်း လိုချင်သည့် စိတ်ဆန္ဒရှိမှသာ ဖမ်းယူကြသည်။ မယူသည့်က များသည်။

ယခုကဲ့သို့ ပစ္စုပ္ပန်ရထားကြသည့် အကောင်မျိုးဖြစ်သည့်အတွက် မှတ်မှတ်သားသားလည်းမရှိ၊ အလေးလည်းသိပ်မထား။ အဲသလိုသဘော ထားသည်မှာ ကျွန်တော်တို့ပင်မဟုတ်၊ သူတို့ တောသူတောင်သားများ တို့လည်း အပါအဝင်။

ကျွန်တော်တို့ မှတ်မှတ်ရရသတိထားလိုက်မိသည့် အချက်က ယခုကဲ့သို့ အချိန်ကာလမျိုး။ ဧပြီလ သကြန်မကျမီအချိန်နှင့် သကြန် ကျပြီးသည့် အချိန်မျိုးဆိုလျှင် သူတို့ကိုယ်တိုင်က တောထဲတွင် သင်းခွေ ချပ်လိုအကောင်မျိုးကို လိုက်ရှာကြသည်ကို သတိပြုလိုက်မိသဖြင့် ကျွန် တော်ကပင် စတင်မေးလိုက်မိသည်။ ကျွန်တော်က အမှတ်တမဲ့ မေးလိုက် မိသည့်အချိန်က သူတစ်ယောက်ထဲမဟုတ်။ သူ့မဟေသီက သူ့အနီး မှမ်းဖက်လိပ်ကြီးကို မီးခိုးတလူလူထွက်အောင် ဖွာရှိုက်နေစဉ်အတွင်း–

"နေစမ်းပါအုံး ကိုဦးရဲ့။ ခင်ဗျားတို့ဆီမှာ ကျွန်တော်သတိထား နေမိတာတော့ကြာပါပြီ။ မေးမယ်မေးမယ်နဲ့ကြနေတာ မမေးဖြစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး။ ခုတော့ ကြုံတုန်းမေးကြည့်ချင်တယ်ဗျာ။ မသိလို့မေးကြည့်တာပါ''

ကျွန်တော့်စကားကြောင့် ဝိုင်းထိုင်ရင်း အဖန်ရည်သောက်နေကြသည့် အဘကောင်း၊ အစ်ကိုကြီးဦးသိန်းလွင်နှင့် ကျွန်တော့်ကို လှမ်းကြည့်နေသလို မုဆိုးကတော် မစမ်းမြကလဲ ရှမ်းဖက်လိပ်ကြီးကို လက်ကြားညှပ်၊ နှာခေါင်းနှင့်ပါးစပ်များတို့အတွင်းမှ မီးခိုးများကို ဖြည်းညင်းစွာ မှုတ်ထုတ်ရင်း ငွေကြည့်ရင်းက နားထောင်နေရှာသည်။

''မေးလေ ဗိုလ်လေးရဲ့၊ ဘာသိချင်လို့လဲ ကျွန်တော်ဖြေနိုင်တာဆို ဖြေမှာပေါ့''

''ဒီလိုဗျ . . . သိချင်တာက သင်းခွေချပ်နဲ့ပတ်သက်ရင် ခါတိုင်းအချိန်မျိုးတွေမှာရခဲ့ရင် ခင်ဗျားတို့သိပ်ပြီးလိုလိုချင်ချင်စိတ်မရှိဘဲ ခုလို သင်္ကြန်ကာလမျိုး နီးတဲ့အခါဆိုရင် ခင်ဗျားတို့ အဲဒီသင်းခွေချပ်လို အကောင်မျိုးချည်း လိုက်ရှာနေကြတာ ဘာကြောင့်လို့လဲဗျ၊ အဲဒါလေး ရှင်းပြစမ်းပါအုံး''

ကျွန်တော်မေးလိုက်သည့် မေးခွန်းက ရိုးရိုးလေးပါပဲ။ ရွာခံ မုဆိုးကိုဦးအတွက်တော့ဖြင့် အဖြေရခက်နေသည့် မေးခွန်းပုစ္ဆာတစ်ပုဒ်ကို အမေးခံလိုက်ရသည့် ကျောင်းသားငယ်တစ်ဦးပမာ ရှိုပြုရှိုပြုလုပ်ရင်း ကျွန်တော့်ကိုကြည့်ပြီး အဖြေရကျပ်နေသည့်အသွင်။ ထိုမေးခွန်းကို ကြားဖြတ်အဖြေပေးလိုက်သူက သူ့ဇနီးမစန်းမြပင် –

''ခွီး ခွီး ခွီး . . . အစ်ကိုကြီးကလဲ ကြံကြံဖန်ဖန် မေးတော့မယ်။ အဖြေရကြပ်တဲ့ဟာကို''

ဆေးပေါ့လိပ် လက်ကြားညှပ်ထားသည့် လက်ဖြင့် သူ့ပါးစပ်ကို ပိတ်ရင်း တခွီးခွီးရီကာ ကျွန်တော်တို့အနီးမှ ထပြေးသွားပေတော့သည်။





ကျွန်တော်တအံ့တဩနှင့် –

''ဪ . . . ဒါကြောင့်ကိုး''

ကျွန်တော်ပြောလိုက်သည့် စကားကြောင့်ကျန်ရှိနေကြသည့် ကျွန်တော်တို့ လေးဦးသားဝါးလုံးကွဲပင် ရယ်မောချလိုက်မိပေတော့သည်။

ယခုလည်းကြည့်ဦး –

အမဲလိုက်ဓားမြောင်ဦးစွန်းဖြင့် သင်းခွေချပ်အမြီးကို ထိုးဖောက်လိုက်ပြီး နှယ်ကြိုးကိုထိုးသွင်းလိုက်ကာ အိမ်ဖိနပ်ချွတ်အစွန်းတွင် ဖောက်ထိုးချိတ်ဆွဲထားလိုက်သည်။ ခွေလိပ်နေသော သင်းခွေချပ်မှာ အတန်ကြာတော့ ခွေလိပ်နေသည်ကိုဖြည်လိုက်ပြီး စန့်သွားသည်။ ထိုအချိန့်တွင် အောက်ပိုင်းဆီမှ အင်တုံ (သို့မဟုတ်) ဒန်အိုးသန့်သန့်နှင့် ထန်းလျက်အရက်ဦးရည်(ငါးပုလင်း)ကို စီ၍ချထားလိုက်သည်။

ထိုအမဲလိုက်ဓားမြောင်နှင့်ပင် သင်းခွေချပ်၏ လည်ပင်းအား (ဟာလာ)လှပ်ပစ်လိုက်သည်။ ထွက်ကျလာသော သွေးဂေါ်အောက်မှ ခံလိုက်ပြီး အရက်တစ်လုံးနှင့်ရောစပ်လိုက်သည်။ ထိုသင်းခွေချပ်သွေးနှင့် ရောထားသည့်အရက်ကို ပုလင်းထဲသို့ ပြန်သွင်းသည်။

လည်ပင်းကို ဓားနှင့်အလှီးဖြတ်ခံထားရသော သင်းခွေချပ်သည် တွဲလောင်းကြီးနှင့် တလူးလူးတလွန့်လွန့်အသွင်မို့ သွေးတို့က ကျနေဆဲ။ နောက်ထပ်အရက်တစ်လုံးနှင့် ရောလိုက်ပြန်သည်။ ၊ ရက် ငါးလုံးနှင့်ရောပြီးသောအချိန် သင်းခွေချပ်မှာ အသက်ရှုရပ်သ ားပေတော့သည်။

ပုလင်းအတွင်း သင်းခွေချပ်သွေးတို့နှင့် ရောပြီးသား အရက်ကား နီမနော၊ ခရမ်းရောင်အသွေးတို့နှင့်အတိ။ ဖန်ခွက်အတွင်း တစ်ခွက်လောက်ထည့်ကာ ကျွန်တော့်ကိုပေးလာသဖြင့် ရေအပြည့်ထည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



မြွေကြည့်လိုက်တော့ ခရမ်းရောင်သက်သက်ပင်။

မည်သို့အာနိသင်ရှိသည်ကို သိလိုသဖြင့် ကျွန်တော်တို့လူကြီး သုံးဦး လာချပေးသည့် ပုလင်းတစ်လုံးအပြင် နောက်တစ်ပိုင်းလောက်ပင် ယူပြီးသောက်ကြည့်လိုက်ကြသည်။ မူးကုန်ကြသည်။ များများဆက် သောက်လျှင် များများမူးသည်ကလွဲပြီး ကျွန်တော်တို့တော့ဖြင့် ဘာကိုမျှ ရှာမတွေ့ကြ။

ဆေးဘက်ဝင်သည့် ပစ္စည်းဖြစ်သည်ကိုတော့ ကျွန်တော်တို့ သဘောပေါက်ကြပါသည်။ သို့သော် မည်ကဲ့သို့ဖော်စပ်သုံးစွဲနည်းကိုတော့ ဖြင့်မသိ။ အရက်နှင့်ရောသောက်လာခဲ့ကြသည်မို့ အမူးသာအဖတ်တင် ခဲ့ကြရသည့် ကျွန်တော်တို့အဖြစ်။ သင်းခွေချပ်သွေးနှင့်ဆိုတော့ အဲသလို မျိုး။

ညနေစာထမင်းများကို စားသောက်လိုက်ကြပြီး ကျွန်တော်တို့ ခေတ္တအနားယူလိုက်ကြပေသည်။ သတိရကြလို့ မျက်လုံးကိုဖွင့်ကြည့် လိုက်တော့ ကျေးငှက်သံတစာစာတို့နှင့် မိုးကစင်စင်လင်းနေပေပြီ။ ဆေးစွမ်းကအဲသလို။ ထောင်ထားသည့်နေရာများတို့ဆီမှ ဘယ်လို အကောင်မျိုးတို့၏ ထူးခြားမှုကို မသိလိုက်ရ၊ ဘာတတ်နိုင်မည်နည်း။

နံနက်စာကို အဆာပြေစားလိုက်ကြပြီး ထောင်ချောက်များ ထောင်ထားရာဆီသို့ ထွက်လာခဲ့ကြသည်။ သုတ်ကိုင်း၊ ခြေနင်းကိုင်း၊ ခြေနင်းကွင်းနှင့် သံညှပ်ကြီးများတို့ဆီတွင် မထူးခြားသော်လည်း ကိုင်း ပင်များနှင့် ကျူပင်များတို့အကြား ထောင်ထားသည့် လည်တိုးကွင်း များဆီတွင် ရစ်သုံးကောင်၊ တောကြက်နှစ်ကောင်၊ ချေကြက်မနှင့် ဘုတ် ငှက်များကိုမိသလို တုံးဘိနှင့်ကပ်ဘိများ ထောင်ထားရာဆီတို့တွင် တောကြောင်တစ်ကောင်နှင့် မြွေပါတစ်ကောင်ထပ်မံမိလိုက်သည်။ ထို





အကောင်များကိုယူလျှက် အပြန်လမ်းတွင် –

''တင်စိုး မင်းတို့ဒူးလေးမြားတံက ဘာဝါးနဲ့လုပ်ထားတာလဲ''

''ဟိုအရင် အဖေရှိတုန်းကတည်းက သရကူး(သရဖူ)ဝါးနဲ့ လုပ်ခဲ့တာလေ''

''အေး . . . ဟုတ်တယ်၊ ငါ့ကိုဒူးလေးနဲ့ မြားတံပေးစမ်း''

တင်စိုးက ဒူးလေးနဲ့မြားတံသွားယူနေစဉ် သူကတဲအောက် သို့ဆင်းကာ ခေါင်းရင်းဘက် ''မလွှ''ပင်၊ လူတစ်ရပ်အမြင့် ခွဆုံကိုင်းတွင် စီးကရက်ဘူးခွံကိုကပ်လျှက် ထောင်ထားလိုက်ပြီး လေးညို့ကိုဆွဲတင် လျှက် မြားတပ်ပြီးချိန်ရွယ်ကာ ပစ်လွှတ်လိုက်ပေသည်။

ဒေါင်ခနဲအသံမြည်ကာ ထွက်ပေါ်လာသံနှင့်အတူ မြားတံက စီးကရက်ဘူးခွံအထက်တွင် စိုက်ဝင်လျှက် အမြီးပိုင်းက တုန်ခါနေသည် ကို တွေ့လိုက်ရသည်။ သူက စိတ်တိုင်းမကျသည့်ပုံနှင့် –

''မြားရွက်တွေက အတော်ခြောက်နေတာပဲကွ။ ဟောဟိုက ကြိမ်ရွက်ကိုခူးပြီး၊ ပြန်တပ်ပေးစမ်း''

တင်စိုးကမြားတံဖင်တွင် တပ်ဆင်ထားသည့် မြားတံရွက် အခြောက်ကိုဖြုတ်လိုက်ပြီး ကြိမ်နီရွက်အသစ်နှင့် အစားထိုးတပ်ဆင် လိုက်ပြီး ပြန်လည်ပစ်ခတ်ကြည့်ရာ မြားတံသည် စီးကရက်ဘူးခွံကို ဖောက်ထွင်းလျှက် ပင်စည်လုံးတွင် နက်ရှိုင်းစွာစိုက်ဝင်သွားသည ကို တွေ့မြင်လိုက်ကြရပေသည်။ အဘကောင်းက ယခုမှစိတ်တိုင်းကျ သွား ဟန်နှင့် –

''ဒူးလေးဘယ်နှစ်လက်ရှိသလဲကွ''

''သုံးလက်ရှိတယ်အဘ ဘာလုပ်ချင်လဲ''

''ငါတို့မနေ့က ထောင်ချောက်တွေလိုက်ဆင်ရင်း ပုဏ္ဏရွာ



www.burmeseclassic.com

www.burmeseclassic.com



နောက်က ရေငန်းတောထဲက ခပ်အုန်းပင်ကြီးမှာ ဝံတက်စားထားတဲ့ လက်သည်းရာတွေ တွေ့ခဲ့တယ်''

''ဟုတ်တယ်အဘရဲ့ ဝံတက်စားထားတာကို ကျွန်တော်တို့လဲ သိတယ်လေ။ သေနတ်တွေရှိနေရင်တော့ အပိုင်ပဲ။ ဒူးလေးနဲ့ကျတော့ အဆိပ်မရှိတော့ ဘယ်လိုမှ မလုပ်တတ်ဘူးဖြစ်နေတယ် အဘရဲ့''

''မင်းအဲဒီကိုသွားပြီး လင့်ထိုးစမ်းကွာ။ တို့သုံးယောက်သွား ထိုင်မယ်''

''မနှစ်ကထိုးထားတဲ့ လင့်ဟောင်းရှိတယ်။ သုံးယောက်လောက် ကို သက်သက်သာသာထိုင်လို့ရတယ်''

''အေး . . . ဒါဆိုမနက်ဖြန်ညကို တို့သွားမယ်။ မြားရွက်တွေ အသစ်လဲထားလိုက်။ မြားတံအသစ်တွေလည်း ကျည်တောက်ထဲကို ဖြည့်ထားအုံး''

''ဟုတ်ကဲ့အဘ . . . ဟုတ်ကဲ့''

မှာကြားလိုက်ရင်းက ဒူးလေးကြိုးများကို လိုက်လံစစ်ဆေးနေ လိုက်သည်။ လုပ်ငန်းတို့ကမပြီးသေး။ လုပ်ကိုင်နေကြတုန်းပင်။ ကျွန်တော် တို့က သူတို့အုပ်စုကိုမစောင့်ဘဲ ထမင်းစားလိုက်ကြပေသည်။ ယနေ့ည တွင် ထောင်ထားကြသည့် ထောင်ချောက်များတို့ဆီမှ အသံများတို့ကို လည်း စောင့်စားနားထောင်ကြရဦးမည်မဟုတ်ပါလား။

ညအစာရှာငှက်များတို့ ပျံသန်းကြရင်း အော်မြည်လိုက်ကြ သံများတို့ကို ကြားနေရသလို အမှောင်ထုကလဲ မင်းမူလာသည်။ လူငယ် များလုပ်ငန်းလက်စသိမ်းတော့ ည(၉)နာရီပင်ကျော်ပေပြီ။ အိမ်ရှေ့ မြေပြောင်ပြောင်မီးဖိုကြီးတွင် ကင်ထားသည့်ချေသားများဆီမှ သင်းပျံ့ပျံ့ အနံ့ကလေးများက ပျံ့လွင့်လာသည်။ ထိုအနံ့တို့နှင့်အတူ ကျွန်တော့်





အတွေးများအတွင်း တစ်ပွဲစား''အဘဦးနီမောင်''အကြောင်းက ဝင် လာပြန်သည်။

ကုန်လွန်ခဲ့သော အနှစ်(၂၀)လောက်ဆီမှ အဘဦးနီမောင်နှင့် ကျွန်တော်တို့ ပတ်သက်ခဲ့ပုံများကို တွေးတောနေလိုက်မိပေသည်။ အဖြစ်တို့က မနေ့တစ်နေ့ဆီကလို အဖြစ်မျိုးဟု ခံစားလိုက်ရပေသည်။

တစ်နေ့ –

ထိုတစ်နေ့ဆိုသည်က မှတ်မှတ်ရရနေ့ကလေးဖြစ်သည်။ ခရစ္စမတ်နေ့ကလေးပင်။ ထိုအချိန်က ကျွန်တော်သည် နိုင်ငံတော်က ပေးအပ်ထားသည့် ကြီးလေးသောတာဝန်များကို ထမ်းဆောင်နေရသည့် အချိန်။ ကျွန်တော့်ဝါသနာက သေနတ်ကိုကိုင်ပြီး အပစ်ခတ်ဝါသနာ အပြင် အမဲလိုက်ခြင်းလုပ်ငန်း။ အမဲကိုစိတ်တိုင်းကျ လိုက်လံပစ်ခတ် ရန်ကလည်း မည်သို့မျှမဖြစ်နိုင်သည့်ကာလ။ ထိုကဲ့သို့ မအားလပ်သည့် အကြားမှ ရရှိသည့်အခွင့်အရေးကို ရသလိုအသုံးချနေရသည့်ကာလမျိုး။

တိုက်ဆိုင်မှုက စနေနှင့်တနင်္ဂနွေအပြင် တနင်္လာနေ့က ခရစ္စမတ်နေ့ သုံးရက်ဆက်တိုက်ပိတ်သည်။ ထိုရက်များအတွင်း ထူး ခြားသည့် အခြားလုပ်ငန်းများကလဲမရှိကြသဖြင့် ကျွန်တော်တို့အဖွဲ့ ''ခရစ္စမတ်မီးပုံပွဲ''ကလေးကို တောထဲတွင်ပျော်ရွှင်ကြည်နူးကြမည့် သဘောမျိုးဖြင့် ထွက်လာခဲ့ကြသောခရီးပင်။

အလုပ်ကစီမံချက်တို့နှင့်လည်း မတိုက်ဆိုင်သဖြင့် သောကြာ နေ့ (၁၂)နာရီလောက်မှ အဖွဲ့နှင့်စတင်ထွက်ခဲ့ကြပေသည်။ လှည်းကူးမှ တောင်ကြီးတာဆုံ ငွေတိုးလေးစားသောက်ဆိုင်ရောက်တော့ (၄)နာရီ ထိုးဆိုင်တွင်ပင် ညနေစာကို စားသောက်အချိန်ဖြုန်းလိုက်ပြီး နီးလာ သည့်ကားကို ရန်ကုန်သို့ပြန်လွှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့ လမိုက်ညလည်းဖြစ်သည့်အတွက် ညပိုင်းတွင် ပစ်တက်–တက်သွားကြလျှင် နောက်နေ့မနက် (၄း၃၀)နာရီလောက် မွေးနီကျေးရွာဆီသို့ ရောက်ကြမည်။ သူတို့ကို ကြိုတင်အကြောင်းကြားမထားသဖြင့် ကိုယ့်အထုပ်ကိုလွယ်ပိုးရင်း ပစ်တက်–တက်သွားကြမည့် အစီအစဉ်မျိုးမို့ အချိန်ကုန်အောင်စောင့်ရင်း ထိုဆိုင်တွင် အချိန်ကုန်ရန် စောင့်စားရင်း ဖြုန်းနေသည့်အချိန်။

ထိုအချိန်တွင် မည်သို့မှမမျှော်လင့်မထားသော တင်စိုးနှင့် ယောင်ကြီးတို့နှစ်ယောက် ပေါက်ချလာသည်။

"ဟာ . . . . တင်စိုးနဲ့ယောင်ကြီးတို့ပါလား။ ဝမ်းသာလိုက်တာကွာ။ တို့လည်း အဲဒီကိုလာကြမလို့ကွ။ ပစ်တက်–တက်ကြမယ်ဆိုတော့ အချိန်လိုသေးလို့ ဒီဆိုင်မှာစောင့်နေတာ။ မင်းတို့ ဒီကိုဘာကိစ္စလာကြတာလဲ"

ကျွန်တော်က အားရဝမ်းသာစွာပြောလိုက်ရင်း သူတို့ကိုမေးလိုက်တော့ –

"ဗိုလ်လေးတို့အဖွဲ့ လာကြမယ်ဆိုလို့ အဖေက အကြိုခိုင်းလိုက်လို့လေ"

သူ့အပြောကြောင့် ကျွန်တော်တို့အားလုံး တအံ့တသြအသွင်နှင့်။ မနေနိုင်သူ ကုလားကြီးသန်းညွှန့်က –

"ငါတို့ကမဆက်သွယ်ဘဲ သူကငါတို့လာမယ်မှန်း ဘယ်လိုသိပြီး အကြိုခိုင်းရတာလဲကွ"

"ဒါတော့မသိဘူးဗျာ၊ မနက်ကတည်းက ကျွန်တော်တို့လှည်းနဲ့ ထွက်လာခဲ့ကြတာ။ မင်းတို့သွားဖြစ်အောင်သွားကြဆိုလို့ ကျွန်တော်တို့ လာစောင့်နေကြတာပဲ"





တင်စိုးပြောလိုက်သည့်စကားတို့ကြောင့် ကျွန်တော်တို့အားလုံး အမှန်တကယ်ပင် တအံ့တသြအပြင် သူ့ထံသို့လာလျှင်လည်း အဖွဲ့ခွဲလျက် ဘယ်လမ်းမှလာခဲ့ကြရန် မှာလိုက်သေးသဖြင့် သူမှာလိုက်သည့် လမ်းအတိုင်းလာခဲ့ကြရင်း ကျွန်တော်တို့သုံးဖွဲ့ပစ်ခတ်ခဲ့ကြရာ ထိုညတွင်ပင်(ဂု)ကောင်ရရှိခဲ့ပေသည်။ နွားလှည်းပါလာကြသဖြင့် အဆင်ပြေသွားပေသည်။

နောက်တစ်နေ့တွင် ခရစ္စမတ်နေ့မို့ ရရှိလာခဲ့ကြသည့်အကောင်များထဲမှ ဂျီတစ်ကောင်နှင့် ဒရယ်တစ်ကောင်ကို အရည်ချ၊ ရင်ခွဲ၊ ကလီစာများထုတ်ပြီး အိမ်ရှေ့ကွက်လပ်မြေပြောင်ပြောင်တွင် ထင်းတုံးကြီးများဆိုင်ပြီး မီးဖိုကြီးဖွင် ဝါးလုံးများနှင့်တံစို့ထိုးကာ အကောင်လိုက်ကင်ကြသည်။

ညမီးပုံပွဲတွင် တီးကြ၊ ဆိုကြ၊ အော်ကြ၊ ကကြ၊ စားကြသောက်ကြမည်၊ အပြတ်ကဲကြမည့်သဘော။ အဘဦးနီမောင်ကလဲ ကျွန်တော်တို့အဖွဲ့ရောက်ရှိလာကြသဖြင့် တပြုံးပြုံးဖြစ်နေရင်းက စကားတစ်ခွန်းတော့ မှာကြားသည်။

"ကဲ . . . မင်းတို့ကိုတော့ ငါစကားတစ်ခွန်းလောက်မှာထားမယ်။ ဒီနယ်မြေဟာ ပသီမောင်နှမပိုင်တဲ့နယ်မြေကွ။ အခြားဟာတွေတော့ မင်းတို့ရောက်ဖူးနေကြတော့ သိသင့်တာတွေ သိထားကြပေမဲ့ ခုလို အကောင်လုံးအသားကိုကင်ပြီး ပျော်ကြ၊ စားကြ၊ သောက်ကြ၊ ကကြတော့မယ်ဆိုရင် အခုကင်ထားတဲ့အသားတွေကို ဦးစွာတင်မြှောက်ပြီးမှ စားကြသောက်ကြတာကို ကြိုက်တယ်။ နွယ်ကြိုးကို ခိုမစီးရဘူး။ အခြားဘာသာစကားပြောတာမကြိုက်ဘူး။ ဦးထုပ်ကိုပြောင်းပြန်မဆောင်းရဘူး။ မင်းတို့သိအောင် ငါပြောထားတာပေါ့ကွာ။ သိထား

www.burmeseclassic.com



တော့ ဆင်ခြင်နိုင်ကြတာပေါ့ ဟုတ်ဖူးလား''

အဘဦးနီမောင်က သမ္မာရင့်မှဆိုးကြီးတစ်ဦးဖြစ်သည့်အပြင် တစ်ပွဲစားဆန်ဆန်မျိုးလည်း ဖြစ်နေသည့်အတွက် သည်ဝန်းကျင်နှင့် ရိုးမကြီးတစ်ခွင်လုံး နှံ့စပ်ကျွမ်းကျင်သူဖြစ်သည့်အတွက် အလေးမထား လို့ကမရ။

အထူးသဖြင့် သုံးရာသီတွင် ဘယ်လိုသီးပင်စားပင်များ ပွင့်ကြ သီးကြသလို ထိုအသီးအပွင့်များတို့ကို ဘယ်လိုသားကောင်များတို့က စားကြသဖြင့် ဘယ်လိုသွားပစ်လျှင်ရရှိသည် ဆိုသည့်အချက်နှင့် သား ကောင်တစ်မျိုးချင်းစီ၏ စရိုက်၊ သဘာဝအားလုံးတို့ကို သိရှိကျွမ်းကျင် နှံ့စပ်ထားသူဖြစ်သဖြင့် သူ့စကားကို အလေးမထားလို့ကမရ။ ယခင်က မပြောခဲ့ဘူးသည့်စကားများကို ယခုဘယ်လိုအမြင်နှင့်တွေးကာ မှာကြား နေသည်တော့ဖြင့်မသိ။

ကုလားကြီးသန်းညွန့်က မီးဖိုကြီးအထက် ခွထောက်များတို့ အပေါ် ကန့်လန့်ဖြတ်တင်ပြီးကင်ထားသော အသားတုံးကြီးများအပေါ် သို့ လိုက်သုတ်ပေးနေသလို မွှန်နှင့်ဉာဏ်ကျယ်တို့က အကျက်ညီစေ ရန် အသားတုံးကြီးများတို့ကို လှည့်ပတ်ပေးနေသည်။ ကိုထင်ကျော်က ညပိုင်းမီးပုံပွဲတွင် တီးခတ်ရန်အတွက် သူယူဆောင်လာသည့် မယ်ဒိုလင် (ထွင်းအိုး)ကိုကြိုးညှိကာ လက်သံစမ်းရင်း (အိုဘာဂျာ)တစ်ပိုဒ်ကို လုပ သေသပ်စွာ တီးခတ်နေသည်။

အဘကောင်း၊ အစ်ကိုကြီးဦးသိန်းလွင်၊ ကိုမြသိန်းနှင့် ကျွန် တော်၊ အာလူးတို့က ဝမ်းတွင်းသားတို့နှင့် အစပင်ပျိုးနေပေပြီ။

နေက ညိုပေပြီ။ ချေသား၊ ဒရယ်သားတုံးကြီးများတို့အပေါ် သို့ တစ်စက်စက်ကျလာသည့်အတွက်ကြောင့် ဖောက်ခနဲ့ရွှဲခနဲ အသံများ





တို့ကိုကြားလာရသလို သင်းပျံ့ပျံ့ရနံ့ကလေးများ ထွက်ပေါ်လာသဖြင့် ထိုအသားများကို စားချင်စိတ်တို့က မနည်းပင်ချိုးနှိမ်နေရသည်။

ညနေစောင်းသွားပြီမို့ အမှောင်ဘက်ဆီသို့ လူသွားခဲ့ပေပြီ။ အိပ်တန်းတက် တောကြက်ဖငယ်တို့တွန်သံများ၊ ကျေးငှက်သံတစာစာ တို့ကိုလည်း ကြားနေရသည်။ မီးပုံပွဲမကျင်းပမီ ချောင်းအတွင်းဆင်း ကာ ကိုယ်လက်များသန့်စင်လိုက်ကြသည်။

ည(၇)နာရီအချိန်တွင် ရေမိုးသန့်စင်ကာ အဝတ်အစားများ လဲပြီးကြပြီမို့ ခရစ္စမတ်အကြို မီးပုံးပွဲကလေးကို စတင်ရန်အတွက် တဲရှေ့ပြောင်ပြောင်မီးဖိုကြီးကို ဝိုင်းပတ်နေရာယူလိုက်ကြပေသည်။ ထိုအချိန် ကျွန်တော်တို့အားလုံးကို သူ၏တဲအရှေ့တွင် ကျောပြောင်ပြောင် နှင့် ဆောင့်ကြောင့်ကလေးထိုင်ရင်း ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးခိုး တထောင်းထောင်းထွက်အောင် ဖွာရှိုက်ရင်း ကျွန်တော်တို့လုပ်ရပ်ကို စောင့်ကြည့်နေသည့်အချိန် —

ကိုထင်ကျော်(စွယ်စုံထင်ကျော်)က သူယူဆောင်လာသည့် မယ်ဒိုလင် (မယ်ဒလင်)ကို တီးခတ်ရန် အသင့်အနေအထားကိုင်ဆောင် ထားသလို အဘကောင်းက ကျီသားကင်နှင့် ဒရယ်သားကင်များတို့ကို စားပွဲဝိုင်းထက်ဆီတွင် လှီးဖြတ်နေပြီး ဦးဦးဖျားဖျား အသားကင်များ နှင့်အရက်များကို ပသတင်မြှောက်မည့်အသွင်။

အဘကောင်းလုပ်နေသည်ကို အားလုံးက ဝိုင်းကြည့်နေသည့် ကြားမှ အသားတုံးတစ်တုံးကို လှီးဖြတ်နေရင်း လွင့်စင်ကာ စားပွဲဝိုင်း အောက်သို့ကျသွားသည်။

အတွယ်ဉ်တွဲရပ်ကြည့်နေသည့်ကြားမှ ဖြူးကျယ်က လှမ်း ကောက်ယူလိုက်ပြီး သူဝတ်ထားသည့် ပုဆိုးနှင့် ထိုအသားတုံးတွင်

www.burmeseclassic.com



ကပ်နေသည့်ဖုံများကို သုတ်လိုက်ပြီး ပါးစပ်အတွင်း ပစ်သွင်းဝါးစားနေသည်ကိုလည်း အားလုံးကမြင်တွေ့လိုက်ကြပေမယ့် စွန့်ပစ်ပစ္စည်းမို့ ဘယ်သူမျှ မဟန့်တားလိုက်မိကြ။

ပန်းကန်ပြားများတို့အတွင်း လှီးဖြတ်ထားသည့် ဂျုံသားကင်နှင့် ဒရယ်သားကင်များတို့ကိုထည့်လျက် အရက်ပုလင်းကိုဖွင့်ကာ ဖန်ခွက်အတွင်းသို့ အပြည့်လောင်းထည့်လိုက်ပြီး အမွှေးတိုင်၊ ဖယောင်းတိုင်နှင့် ဆေးပြင်းလိပ်တို့ကိုမီးညှိကာ သီးသန့်စားပွဲခုံတစ်လုံးထက်တွင်တင်ကာ အဘကောင်းက နှုတ်များမှတီးတိုးရွတ်ဆိုနေသည်ကိုလည်း ကျွန်တော်တို့ အားလုံး ငိုင်းကြည့်နေလိုက်သည်။

ပြီးဆုံးသောအချိန် ထိုပစ္စည်းများတို့ကို သည်အတိုင်းထားလိုက်ပြီး ကျွန်တော်တို့ပွဲကို စတင်လိုက်ကြပေသည်။

ဝါးစားပွဲထက်တွင် အရက်ပုလင်းများ၊ ဝါးခွက်များတို့အပြင် ရေဘူးများ၊ ကင်ထားသည့်အသားတုံးကြီးများတို့က စားချင့်စဖွယ်။ အသံကို စမ်းသပ်ထားပြီးဖြစ်သောကိုထင်ကျော် (စွမ်စုံထင်ကျော်က) (အိုဘာဂျာ)တစ်ပုဒ်ကို မြူင်မြူင်ဆိုင်ဆိုင်တီးခတ်လိုက်ရင်း ကျွန်တော်တို့ သီဆိုမည့်သံစဉ်ကို အစပျိုးလိုက်သည်မို့ ကျွန်တော်တို့က အရက်များထည့်ထားသည့် ဝါးခွက်ကလေးများကို ကိုယ်စီကိုင်လိုက်ကြရင်း နေရာမှ ထရပ်လိုက်ကြကာ ခရစ္စမတ်တေးသွားကို ကြုံးအော်လိုက်ကြရင်း မော့သောက်လိုက်ကြပြီး အသားကင်များကို စားနေလိုက်ကြပေသည်။

စားလိုက်သောက်လိုက်လုပ်နေကြရင်း အတန်ငယ်မူးလာသည့် အချိန်တွင် ကုလားကြီးသန်းညွန့်က ထိုင်နေရာမှထရပ်လိုက်ပြီး စတင်တောင်းဆိုလာသည်က

"ရွှေညီအစ်ကိုတို့ ကျွန်တော်စကား နည်းနည်းပြောမှာမို့





ပြောလက်စ စကားများကိုရပ်တန့်ပြီး နားထောင်ပေးကြဖို့နဲ့ ပျော်ရွှင်စရာကျရောက်လာတဲ့ ခရစ္စမတ်နေ့လေးအတွက် တောင်းဆိုမှုတစ်ခုပြုပါ့မယ်။ ကျွန်တော်တောင်းဆိုမှာကတော့ ကျွန်တော်တို့အားလုံး ဝိုင်းဆိုပြီး ကိုထင်ကျော်က တီးမယ်။ ကပြရမှာက ဉာဏ်ကျယ်။ သီချင်းက မြနန္ဒာ သီချင်းပါ။ သဘောတူရင် လက်ခုပ်တီးကြပါခင်ဗျား"

ကုလားကြီးသန်းညွန့်ပြောသည့်စကားကို အားလုံးက သဘောတူကြသဖြင့် လက်ခုပ်ဝိုင်းတီးနေသည့်ကြားမှ ထရပ်လိုက်သူက အဘကောင်း၊ ပြောလိုက်သည့်စကားတို့က –

"မြနန္ဒာသီချင်းကို စပေါင်းသီဆိုပြီး ဉာဏ်ကျယ်က မိန်းမလိုကပြဖို့ တင်ပြပါတယ်"

အဘကောင်းက မူးမူးနှင့်ထရပ်နေပြန်သည်မို့ ထိုအဆိုပြုချက်ကို ထောက်ခံနေကြသည့်အတွက် ဉာဏ်ကျယ်မရှောင်နိုင်တော့။ ညှပ်ကြီးဝိုင်းနှင့်တိုးသဖြင့် ခံလိုက်ရပြီဟူသောအသိကို သဘောပေါက်သွား၍လားတော့ဖြင့် မသိ။ အဘကောင်းနှင့် ကုလားကြီးသန်းညွန့်ကို မျက်စောင်းလှိမ့်ထိုးရင်း သူဝတ်ဆင်ထားသော ပုဆိုးခါးပုံစကိုဖြုတ်လိုက်ပြီး မိန်းမများလုံချည်ဝတ်သလို ခါးတွင်ရစ်ပတ်လိုက်ချိန် စွယ်စုံထင်ကျော်၏မယ်ဒိုလင်(ထွင်းအိုး)အသံက ပြောင်မြောက်စွာထွက်ပေါ်လာပေတော့သည်။ အဖွဲ့သားများ၏ ဝိုင်းဝန်းအော်ဟစ်သီဆိုလိုက်သံများတို့ကလဲ ဝန်းကျင်တစ်ဝိုက်တွင် လွှမ်းမိုးသွားပေတော့သည်။

× × × ချိုပြုံးရွှင်သောနှမငယ်ရယ် × × × မြလေးလေး နန္ဒာနန္ဒာ × × × နေညိုညိုရောခပ်ဆင်း × × × ရွှေမန်းတောင်ခြိုပ် × × ×

ဉာဏ်ကျယ်တစ်ယောက် မိန်းကလေးလို နွဲ့နွဲ့နှောင်းနှောင်း



www.burmeseclassic.com

www.burmeseclassic.com



ကပြနေသည်ကို သည်တစ်ခါသာ ကျွန်တော်တွေ့မြင်ခဲ့ဖူးသေးသည်။ ခါတိုင်းပွဲများတို့တွင် သူကချည်း အဘကောင်းကိုနှိပ်စက်နေကျ။ ခုတော့ သီချင်းကိုအားလုံးက ဝိုင်းသီဆိုနေကြသည့်အပြင် လက်ခုပ်ကိုပါရောတီးရင်း အားပေးနေကြသဖြင့် ပွဲကမြိုင်နေသည်။ ရွာတန်းရှည်ကလေးများတွင် နေထိုင်ကြသည့် တဲငယ်များတို့မှ ယောက်ျား၊ မိန်းမ၊ ကလေးများတို့ပါမကျန် လာရောက်အားပေးနေကြသည့်အတွက် တဝုန်းဝုန်း တရုန်းရုန်း တဝါးဝါး တဟားဟားအသွင်မျိုးနှင့် ပျော်စရာအလွန်ကောင်းနေပေသည်။

မွန်၊ အာလူး၊ ကုလားကြီးသန်းညွန့်တို့ကပင် စွယ်စုံထင်ကျော်၏ မယ်ဒိုလင်အတီးလက်သံနှင့် တေးသီချင်းနှစ်ပုဒ်လောက် ဆိုလိုက်ကြပြီး ခရစ္စမတ်နေ့မီးပုံပွဲကို ပျော်ရွှင်စွာဆင်နွှဲလိုက်ကြပေသည်။

ပွဲပြီးဆုံးသည့်အချိန်သည် သန်းခေါင်ယံ (၂)နာရီပင်ရှိခဲ့ပေပြီ။ နောက်ထပ်မည်သူမျှ သီချင်းကိုမဆိုနိုင်ကြတော့သလို ခေါင်းပင်မထောင်နိုင်ကြတော့။ ယှက်စွအဆုံး တဲပေါ်သို့ပင် တက်ရောက်မအိပ်နိုင်ကြ။ ထိုင်နေရာဝါးကုလားထိုင်တွင် ထိုင်ကြရင်း ဝါးစားပွဲထက်သို့ ခေါင်းစိုက်ကာ မှောက်ကုန်ကြပေသည်နှင့်အတူ မီးပုံကြီးဘေးတွင် ခွေခေါက်ကုန်ကြပေသည်။

နေ့သစ်တစ်နေ့ကို ကူးပြောင်းသည်ဆိုသော်လည်း ဘယ်ကဲ့သို့ ကူးပြောင်းလိုက်မှန်းကိုပင်မသိ။ ခရစ္စမတ်နေ့သို့ ရောက်သည့်တိုင်အောင်ပင်။ နံနက်ခင်းကျေးငှက်တို့အော်မြည်သံ၊ အစာရှာကျေးငှက်တို့၏ တွန်ကျူးသံများတို့ကိုလည်းမကြား။ ဦးခေါင်းကား ကိုက်တိုက်တိုက်။ အရက်သောက်များသွားသဖြင့် ခေါင်းထောင်လို့ကမရ။

"ဗိုလ်လေး . . . ဗိုလ်လေး . . . ထကြတော့လေ နေမြင့်နေ





ပြီကွ"

ခေါင်းတို့က ထောင်မရတော့လောက်အောင် ကိုက်နေသဖြင့် မထနိုင်သလို အဖွဲ့သားများတို့ကလဲ တုံးလုံးပက်လက်ဖြင့် မှောက်နေကြသည်။ အဘဦးနီမောင်နိုးကာ အထနိုင်းနေသဖြင့် ခေါင်းထောင်ကြည့်လိုက်သော်လည်း ထူ၍မရ။ သို့အတွက် မျက်လုံးကိုမှိတ်ထားရင်းက ပြန်ပြောလိုက်မိသည်က –

"ခေါင်းတွေကိုက်ပြီးထူလို့တောင်မရဘူး အဘရယ်၊ ထချင်ပါတယ်"

"တန်ပြန်လိုက်၊ နည်းနည်းထပ်ချလိုက် နေအုံးငါသွားယူလိုက်မယ်"

ပြောပြောဆိုဆိုနှင့် အခန်းတွင်းသို့ဝင်သွားကာ အရက်တစ်ပုလင်းနှင့်ဖန်ခွက်ကိုယူကာ အရက်ငှဲ့ထည့်ပြီး တိုက်နေပြန်သည်။ ပါးစပ်တလဲ–

"ရော့ . . . ဒါလေးထပ်ချလိုက်"

"အို အဘရယ်၊ ခေါင်းတွေဒီလောက်ကိုက်နေတာ အရက်ကိုထပ်သောက်ဖို့မပြောနဲ့ အနံ့တောင်မကြားချင်ဘူး။ ခုအသံကြားတာနဲ့တောင် ခေါင်းကပိုကိုက်လာတယ်"

"ဟဲ ဟဲ ဟဲ . . . ရော့စမ်းပါကွာ။ ဒါလေး ထပ်ချလိုက်၊ အဲဒီရောဂါကို ငါတာဝန်ယူတယ်။ ဆယ်မိနစ်အတွင်း ပျောက်သွားစေရမယ်"

ပြောပြော်ဆိုဆိုနှင့် အရက်ထည့်ထားသည့် ဖန်ခွက်အား အတင်းထိုးတိုက်နေသဖြင့် အလွန်အမင်း ကျွန်တော်စိတ်ညစ်သွားမိသသည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းကိုက်နေသည့်ဝေဒနာကို



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှယူဆောင်လာသည့်ဆေးပြားကိုယူ၍ သောက်ရန်တွေးတောနေသည့်အချိန် သူကအရက်ကိုအတင်းလာပြီးတိုက်နေပြန်သဖြင့် ဆေးပြားကိုသောက်ရမည်လား၊ အရက်ကိုသောက်ရမည်လားနှင့် ချိန်ဆနေစဉ်–

"ရော . . . ထပ်ချလိုက်၊ ချက်ချင်းသက်သာသွားမယ်"

သူကဒီလောက်လိုက်လိုက်လျောလျောနှင့် အတင်းတိုက်နေသဖြင့် အားနာစရာလည်း အလွန်ကောင်းနေသည်။ အဘဦးနီမောင်မှာ အဖွဲ့တွင် ကျွန်တော့်ကိုအလွန်ချစ်သူမို့ မမှားလောက်ဘူးအထင်နှင့် မထူးဇာတ်ခင်းကာ ရေပင်မရောတော့ဘဲ လှမ်းယူပြီးမော့ချပစ်လိုက်ပေတော့သည်။ ကျန်အဖွဲ့သားများတို့က ကျွန်တော့်လုပ်ရပ်ကို ခေါင်းထောင်လို့မရသည့်ကြားမှ ငေးငေးငိုင်ငိုင်ကြည့်ကာ အကဲခတ်ကြည့်နေကြပေသည်။

မကြာလိုက်၊ သိပ်မကြာလိုက်၊ သူပြောသည့်ဆယ်မိနစ်ပင်မပြည့်တန်ကောင်း၊ ဗီဝကလိုဆေးဆရာမျိုးနှင့်တွေ့ပြီး ခေါကုသခံလိုက်ရသည့်အလား ငေါက်ခနဲထထိုင်လိုက်ရင်း လစ်ဟာနေသော ဝမ်းကိုဖြည့်ရန်အတွက် ထမင်းရှုခိုင်းလိုက်ပေတော့သည်။

တအံ့တသြဖြစ်နေကြသည့် အဖွဲ့သားအားလုံး ကျွန်တော့်လမ်းစဉ်အတိုင်း လိုက်ခဲ့ကြသဖြင့် အဘဦးနီမောင်နှင့် နောက်ဆက်တွဲအရက်လေးပုလင်းလောက်လိုက်ရပြီး တစ်ယောက်ထဲထိုင်စားနေသည့် ထမင်းဝိုင်းတွင် လူပြည့်သွားပေတော့သည်။

ကျွန်တော်တို့အားလုံး ခေါင်းကိုက်ပျောက်သွားကြပြီမို့ ထမင်းကိုစားနေကြစဉ် အဘဦးနီမောင်က –

"မင်းတို့ခေါင်းကိုက်တွေလည်း သက်သာသွားကြပြီ၊ လူလည်းစုံတုန်း ငါစကားပြောမယ်၊ ဒီနေ့ဟာ မင်းတို့ဦးတည်ထွက်လာကြတဲ့ ဘာ





မတ်နေ့။ အေး . . . ငါတို့ကတော့သားတွေဆိုတော့ သိပ်ဂရုမထားဘူးကွာ။ ငါမင်းတို့ကိုမှာချင်တာက သားကောင်တွေလဲရထားကြပြီဆိုတော့ ကြိုက်သလိုငါ့ဆီမှာ နေကြ၊ စားကြ၊ ပျော်ကြ။ အေး . . . ဒီနေ့အဖို့ မင်းတို့တစ်ကောင်မှ သေနတ်ကိုမကိုင်ကြနဲ့တော့ ကြားကြရဲ့လား"

အဘဦးနီမောင်ပြောလိုက်သောစကားကြောင့် ကျွန်တော်တို့ ထမင်းစားနေကြရင်း တစ်ဦးမျက်နှာကိုတစ်ဦး ကြည့်လိုက်ကြသည်။ အမှားတစ်ခုခုကိုတော့ လုပ်မိခဲ့ကြပြီဆိုသည်ကို တွက်ဆလိုက်မိကြသည်။ မည်သူမှားသနည်း။ ကျွန်တော်တို့အသိတရားတွင် မည်သူမျှအမှားကို မကျူးလွန်မိခဲ့ကြဟု ထင်ထားသည်။ သို့အတွက် ကျွန်တော်ကပင်–

"အဘ ကျွန်တော်တို့ဘာအမှားလုပ်ခဲ့မိကြလို့လဲ။ အမှားမလုပ်မိအောင် သတိထားလုပ်ခဲ့ကြတာပဲ မဟုတ်လား။ အရက်သောက်လိုက်၊ စားလိုက်၊ သီချင်းဆိုလိုက်၊ ကလိုက်လုပ်နေကာ အဘမျက်စိရှေ့တွင်ပဲ မဟုတ်လား"

ကျွန်တော့်အပြောကြောင့် အဘဦးနီမောင်က ပြုံးစိစိလုပ်ရင်း ပြန်ပြောလိုက်ပုံက –

"မင်းတို့အားလုံးက အမှားတစ်ခုကို ဝိုင်းလုပ်လိုက်ကြတာလေကွာ။ ငါကအသေချာမှာထားပါလျက်နဲ့ အသားကိုမီးကင်ပြီးရင် တင်မြှောက်ပသပြီးမှစားကြဆိုတာလေ။ ခုမင်းတို့မတင်မြှောက်သေးဘဲ လှီးနေရင်း အောက်ကိုကျသွားတဲ့အတုံးကို ဘယ်သူစားလိုက်သလဲ။ အဲဒီကိစ္စက မင်းတို့မျက်စိအောက်တွင် မဟုတ်လား။ တစ်ယောက်မှဝင်မတားတော့ အားလုံးရဲ့အမှားမဟုတ်လားကွ။ နောက်တစ်ချက်ကလားလိုလည်း ဝိုင်းဆိုကြတယ်ကွာ။ မိန်းမလိုလည်း ကတယ်မဟုတ်လား။ ငါပြောတာကိုမယုံရင် မင်းတို့စမ်းကြည့်လိုက်ကြပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ကိုင်းခုတ်မားကိုခါးကြားတွင်ထိုးကာ တဲအောက်သို့ဆင်းသွားသည့် သူ့ကျောပြောင်ပြောင်ကြီးကို ငေးကြည့်လိုက်ကြရင်း ကျန်ခဲ့ကြပေတော့သည်။ အဘဦးနီမောင်ကား ချောင်းမကြီးဘက်ဆီသို့ ဆင်းသွားသည်မို့ ကိုင်းခင်းများတို့ဘက်ဆီသို့ ဖြစ်ပေမည်။

သူပြောသွားသည်ကလည်း ကျွန်တော်တို့ပြန်တွေးလိုက်ကြမိတော့ မှန်နေပေသည်။ မီးကင်ထားသော အသားတုံးကြီးများကို တင်မြှောက်ပသရန်အတွက် လှီးဖြတ်နေတုန်း အသားတုံးတစ်တုံးက စားပွဲပေါ်မှ အောက်သို့စဉ်ကျသွားသဖြင့် သူ၏မြေးဖြစ်သူပြူးကျယ်က ကောက်ယူလိုက်ပြီး ကပ်နေသောဖုံများကို သူဝတ်ထားသည့်ပုဆိုးနှင့် သုတ်၍ ပါးစပ်ထဲသို့ထည့်လိုက်ပြီး ဝါးစားနေသည်ကို ကျွန်တော်တို့အားလုံး မြင်လိုက်ကြသော်လည်း မည်သူတစ်ဦးတစ်ယောက်ကမှ မဟန့်တားလိုက်မိကြသည်က ကျွန်တော်တို့အားလုံးတွင် တာဝန်ရှိနေကြသည်ကအမှန်။ နောက်ဆက်တွဲ ပြောသွားသည့်အဖြစ်များတို့ကလဲ ဟုတ်မှန်နေသည့်အတွက် မည်သူမျှ အတွန့်မတက်ရဲကြ။ သို့အတွက် သူမှာကြားသွားသည့်အတိုင်း ထိုင်နေလိုက်ကြရုံပင်။

အဘဦးနီမောင် တိုက်သွားသောဆေးကား လွန်စွာကောင်းသော ဆေးတစ်လက်ဖြစ်သည့်အတွက် ခရစ္စမတ်နေ့လေးတွင် ပျော်ရွှင်စွာနှင့် သောက်လိုက်၊ စားလိုက်၊ အိပ်စက်နားနေလိုက်ကြရင်း အချိန်ကို ကုန်လွန်စေခဲ့သည်။

အိပ်တန်းတက်ကျေးငှက်များတို့၏ အသံများတို့ကို ကြားနေရပေပြီ။ တောကြက်ဖငယ်များတို့၏ အသံများနှင့်အတူ ချေဟောက်သံများကိုလည်း ချောင်းမကြီးရှိ စိုက်ခင်းများတို့ဘက်ဆီမှ ကြားနေရသည်။





ကိုင်းကျင်းများတို့အတွင်း ဝင်ရောက်စားသောက်ကြရင်း ဟောက်နေသည့်အသံမျိုး။

သေနတ်ကိုကိုင်ဆွဲ၍ သွားရောက်ပစ်ခတ်မည်ဆိုပါက ကောင်လုံးပေါ်နှင့် အပိုင်ပစ်ခတ်လို့ရသည်ကို သိရှိထားကြသော်လည်း မည်သူမျှ မလှုပ်ရဲ။ ကိုယ့်အဖြစ်နှင့်ကိုယ်မို့ တစ်ဦးမျက်နှာကိုတစ်ဦး လိုက်လံကြည့်နေကြသည်ကို အဘဦးနီမောင်က မြင်ဖြစ်အောင်မြင်လိုက်သည်။ မြင်နိုင်မည်ကို၊ သူကကျွန်တော်တို့အခြေအနေကို တစေ့တစောင်းကြည့်နေသည်ပဲ။ သို့သော်လည်း သူသောက်နေကျ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးခိုးတထောင်းထောင်းထွက်အောင်ဖွာရှိုက်ရင်း မသိချင်ဟန်ဆောင်ကာ ကျွန်တော်တို့၏အရိပ်အခြည်ကို အကဲခတ်နေပုံရသည်။ မနေနိုင်သူက ဉာဏ်ကျယ် –

"တောက် . . . ချေအခင်းထဲရောက်နေပြီ၊ သွားတွယ်လိုက်ရင် အပိုင်ပဲ"

ကျွန်တော်တို့ကို ပြောသလိုလိုနှင့် အဘဦးနီမောင်ကို သဘောထားတောင်းနေသည့် ပုံစံမျိုးဖြစ်သော်လည်း ဘာတစ်ခွန်းမှမပြော။ ဆေးလိပ်ကြီးကိုသာ ဖွာမြဲဖွာရှိုက်ပြီး အထိုင်မပျက်။ ထိုစဉ် ကိုမြသိန်းက ဝင်ပြီးပြောလိုက်ပုံက –

"စိတ်လျှော့လိုက် ဉာဏ်၊ စိတ်လျှော့လိုက်တော့၊ ထိုင်နေတာအကောင်းသား။ ငါတို့ကတော့ လက်တွေ့ကြုံဖူးခဲ့ကြသူတွေဆိုတော့ လက်မယားဘူးဟေ့"

ကိုမြသိန်း ပြောလိုက်သည့်စကားတို့ကြောင့် အဘဦးနီမောင်က

"မင်းတို့ရထားပြီးတဲ့အသားတွေကို အေးအေးထိုင်ပြီးစားကြသောက်ကြစမ်းပါကွာ။ မင်းတို့မနက်ဖြန်ပြန်မဲ့ခရီးအတွက် ငါစီစဉ်ထား

www.burmeseclassic.com



ပါတယ်။ နှစ်ကောင်သုံးကောင်လောက်ဆို ရတယ်မို့လား''

ထိုစဉ် ညာဏ်ကျယ်က အားရဝမ်းသာစွာနှင့် ဝင်ပြောလိုက်ပုံက –

''ရတာပေါ့အဘရဲ့၊ အဘဘယ်လိုများစီစဉ်ထားလို့လဲ''

''အချိန်တန်တော့ ငါဘာလုပ်ထားတယ်ဆိုတာ မင်းတို့သိရမှာပေါ့''

အဘဦးနီမောင် ပြောလိုက်သည့်စကားတို့ကြောင့် တအံ့တသြဖြစ်နေကြသည်။ ဘယ်လိုစီစဉ်ထားသည်ကိုတော့မြင့်မသိ။ မနက်ပိုင်းက ကျွန်တော်တို့ကို သေနတ်မကိုင်ဖို့ မှာကြားပြီး ခါးကြားတွင်ကိုင်းရုတ်ဓားထိုးပြီး အခင်းများဘက်ဆီသို့သွားသည်ဟု မှန်းဆထားကြသည်။ ထိုကဲ့သို့ ဆင်းသွားသည်ကလဲ အကြောင်းတစ်ခုခုရှိမည်ဟုလည်း တွေးထင်ထားလိုက်မိကြသည်။ သူ့အပြန်တွင် ကျွန်တော်တို့ဘာကိုမျှ မမေးလိုက်မိကြ။ သူပြန်ရောက်တော့လဲ ကျွန်တော်တို့အိပ်နေကြသည်မို့ စကားမပြော။ ခုမှ ပြောလိုက်မိကြသည်။ သူ့စကားကို ကျွန်တော်တို့ အကြွင်းမဲ့ယုံသည်။ ထိုစဉ် –

''တရိန် . . . တရိန်''

ဆတ်တစ်လိုက်သံများကို ကြားလိုက်ရပြန်သည်။ ထိုအသံလာရာက ရွာ၏အနောက်ဘက် ဖရဲခင်းများတို့ဆီမှပင်။ ထိုစဉ် အဘဦးနီမောင်က အိမ်ခန်းအတွင်းသို့ဝင်သွားပြီး ပြန်ထွက်လာတော့ သူ့လက်တွင် ကိုင်ဆောင်သည့် လက်စွဲတော်ဒူးလေးနှင့် မြှားတံများထည့်ထားသည့် ဝါးကျည်တောက်ဘူး။

''တင်စိုး ငါ့ဆီလာစမ်း။ ရော့ . . . ဒူးလေးကိုမင်းကိုင် အာလူးကမီးထိုး၊ ဖရဲခင်းတွေဆီ သွားနှင့်ကြ။ မှန်၊ ကုလားကြီးသန်းညွန့်၊





ညာဏ်ကျယ်နဲ့ကျန်တဲ့ကောင်တွေက နောက်ကခွာပြီးလိုက်သွားကြ။ သားကောင်ထမ်းဖို့ အဲဒီမှာ ခြေနင်းကွင်းထောင်ထားတယ်။ စခန်းသိမ်းပစ်ယူကြရမှာနော်''

ထောင်ထားသည့်ထောင်ချောက်က ခြေနင်းကွင်းဖြစ်သည့်အတွက် သားကောင်၏ခြေနှင့်လက်များကိုသာ ကြိုးကွင်းစွပ်နေသည်မို့ အဝေးမှဒူးလေးနှင့်ပစ်ခတ်ကာ ဦးစွာစခန်းသိမ်းကြရပေမည်မို့ မှာကြားနေခြင်းပင် –

''ဘယ်ကိုသွားရမှာလဲအဘ။ ပစ်တောင်မပစ်ရသေးဘဲနဲ့ သားကောင်ကိုထမ်းဖို့လူတွေပါ ခေါ်သွားရမှာလား''

အာလူးပြန်မေးသလို ကျွန်တော်ကလဲ မေးလိုက်ချင်သည်။ သို့သော် မကောင်းသဖြင့် အဘကောင်း၊ အစ်ကိုကြီးဦးသိန်းလွင်၊ ကိုမြသိန်းနှင့်ကိုထင်ကျော်တို့ မျက်နှာများကို လှမ်းကြည့်လိုက်တော့ ခေါင်းခါပြနေပြီး ဘာမျှဆက်မပြောရန် ခေါင်းခါပြနေစဉ် –

''ဟိုကိုရောက်ရင် မနက်က ငါထောင်ထားတဲ့ခြေနင်းကွင်းမှာ စာစာကတစ်သံပေးနေတဲ့ဆတ်ကို ပစ်ကြရမယ်။ နောက်တစ်နေရာက ချောင်းဘေးကစိုက်ခင်းတွေဆီက ချေ၊ အဲဒီကောင်ကိုလည်း ပစ်ရမယ်''

အံ့သြစရာမှ တကယ့်ကိုအံ့သြစရာ။ သူပြောနေသည့်ပုံက ကြိုးနှင့် ချည်ထားသောအကောင်ကို ဒူးလေးနှင့်ပစ်ခတ်သတ်ဖြတ်ပြီး တဲစခန်းဆီသို့ သယ်ဆောင်လာရမည့်ပုံစံမျိုးမို့ မချင့်မရဲရှိနေသည့် ကျွန်တော်က –

''အဘ ကျွန်တော်ပါလိုက်သွားလို့ရမလား''

''မလိုက်သွားနဲ့၊ မင်းတို့လူကြီးတွေ တစ်ယောက်မှလိုက်မသွား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူတို့လူငယ်တွေလုပ်ကြလိမ့်မယ်''

တင်စိုးက မြားကျည်တောက်ဘူးကိုလွယ်ကာ ဒူးလေးကို ပုခုံးထက်ထမ်းလိုက်သလို အာလူးက လေးခွဲထိုးတာတ်မီးကိုယူရင်း သေနတ်တစ်လက်ကို ဆွဲကိုင်လိုက်စဉ် –

''သေနတ်မယူနဲ့လေ၊ သေနတ်တွေကို မကိုင်ကြနဲ့လို့ မှာထားတာမေ့နေပြီလား''

အာလူးကို လှမ်း၍မာန်မဲလိုက်သဖြင့် ဖော်ကိုပုကာ လျှာကို ထုတ်လိုက်ရင်း အောက်ကိုဆင်းပြေးပေတော့သည်။ ကျွန်တော်တို့က အဘဦးနီမောင်ပြောသည့်အတိုင်း ဟုတ်မဟုတ်ကို စောင့်ကာကြည့်နေရုံပင်။

ပဲခူးရိုးမကြီး၏ညဉ့်ရင်ခွင်တွင် ကောင်းကင်ထက်ဆီမှ ကြယ်တာရာအချို့ကို ချွေချနေသည်။ လပြည့်ကျော်ရက်ဖြစ်သည့်အတွက် လရောင်ကဝန်းကျင်ကို မင်းမူနေသလို အထိုက်လျောက်နှင်းများတို့က ဝေ့ဝဲနေကြသည်။ ချောင်းမကြီးဘက်ဆီမှ လက်နှိပ်မီးအရောင်များကို တွေ့မြင်လိုက်ရသည်နှင့်အတူ ချေတစ်ကောင်ကို ထမ်းလာကြသည်ကိုလဲ တွေ့မြင်လိုက်ရပေသည်။ ချေငယ်၏ လက်ပြင်တွင်မြားတန်းလန်းစိုက်ဝင်လျက် ခြေနင်းကွင်းမိထားသည့်အကောင်ကို အဝေးမှဒူးလေးနှင့်ပစ်ခတ်ပြီး ယူဆောင်လာခဲ့ကြခြင်းပင်။

''ဟိုနှစ်ကောင် ဘယ်မှာကျန်ခဲ့သလဲ''

ပြန်ရောက်လာကြသည့်အဖွဲ့တွင် တင်စိုးနှင့်အာလူးကို မတွေ့သဖြင့် ကျွန်တော်ကလှမ်းမေးလိုက်ရာ ကုလားကြီးသန်းညွန့်က –

''ဖရဲခင်းတွေဘက်သွားတယ်၊ စောစောက ဆတ်တစ်သံကြားတဲ့ဆီကို၊ ကြိုးနဲ့ချည်ထားတဲ့ အတိုင်းပဲဗျို့''





''တစ် . . . တစ် . . . တစ်တီတူး . . . တစ်တီတူး''

ကုလားကြီးသန်းညွန့်ပြောနေစဉ် ဖရဲခင်းများရှိရာဘက်ဆီမှ တစ်တီတူးအော်သံများကို ကြားလိုက်ရသဖြင့် သူတို့နှစ်ဦး ဖရဲခင်းများဆီသို့ရောက်နေပြီဆိုသည်ကို ခန့်မှန်းလိုက်မိပေသည်။ အဘဦးနီမောင်ပြောသည့် စကားတစ်ခုကတော့ဟုတ်နေသည်။ နောက်တစ်ခုကို စောင့်ကြည့်ရပေမည်။ လူငယ်အဖွဲ့က သူတို့ထမ်းယူလာကြသည့် ချေသေကောင်အား လည်ပင်းတွင်ကြိုးကွင်းစွပ်လျက် သစ်ကိုင်းကြီးတွင်ချိတ်ဆွဲလိုက်ပြီး အရည်ချဖို့လုပ်ကိုင်ဆောင်ရွက်နေကြစဉ်အတွင်း ခပ်လှမ်းလှမ်းနောက် ကျောဘက်ဆီမှ မီးအလင်းတန်းကို တွေ့မြင်လိုက်ကြရသည်မို့ လှမ်းကြည့်လိုက်ရာ ကောင်းကင်ဘက်ဆီသို့ ထောင်ကာထိုးထားပြီး သူတို့ရှိရာဆီသို့လာရောက်ကြရန် မီးရိုက်ကာခေါ်နေသည့် အနေအထားမျိုးမို့ လူငယ်အုပ်စုထွက်သွားကြပေသည်။

နာရီဝက်သာသာခန့်လောက် အရောက်တွင် သူတို့အဖွဲ့ပြန်ရောက်လာကြရင်းက ဥဩကျယ်အသံက ထုံးစံအတိုင်းစွာကျယ်စွာကျယ် ထွက်လာသည်။

''ဆတ်ကြီးအဘရေ ဆတ်ကြီးဗျို့။ ခြေနင်းကွင်းကရှေ့လက်မှာမိနေတာ ဒူးလေးနဲ့သုံးချက်တောင်ပစ်ရတယ်။ အကောင်ကြီးတော့ ကျွန်တော်တို့ထမ်းလို့မရလို့ လှည်းနဲ့သွားသယ်ရမယ်''

''ဒီည သည်အတိုင်းထားလိုက်ကွာ။ မနက်မှသယ်ကြပေါ့။ ချေကိုလည်း မနက်ဖြန်မှဆတ်နဲ့ရောပြီး အရည်ချကြ''

အဘဦးနီမောင်က ဝင်ရောက်ပြောလိုက်သည့်အတွက် လူငယ်တို့မှာ ခေတ္တနားလိုက်ကြပြီး အိပ်ရာထက်သို့ဝင်ကြကာ အိပ်စင်အနားယူလိုက်ကြပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘဦးနီမောင်ကို လူတော်တော်များများနှင့်မှဆိုးများတို့က တစ်ပွဲစားနီမောင်အမည်တပ်ကြသည်။ ကျွန်တော်တို့အဖွဲ့သားများတို့က သူ့ကိုထိုအမည်တပ်ကာ မခေါ်ရက်ကြသော်လည်း သူ့အစွမ်းအစတို့က အဲသလိုမျိုးပင်။ ကိုယ်တွေ့ကြုံခဲ့ကြရသည်က အကြိမ်ကြိမ်ပင်။

● ● ● ● ●

# ဓားပင်ကိုစောင့်ကာဝံပမ်ခြင်း

လူငယ်တို့ကား ပင်ပန်းလှချေပြီမို့ အနားခိုင်းထားသည်ဆိုသော်လည်း အနားယူကြရမည်မထင်။ အဘယ်ကြောင့်ဆိုသော် ထောင်ချောက်များဆင်ထားရာဆီတို့တွင် သားကောင် (၄)ကောင်မိထားသည့်အတွက် သူတို့ဖျက်ကြ၊ အသားများကိုနေလှန်းကြရပေဦးမည်။

ကျွန်တော်တို့သုံးဦး ပုဗ္ဗကျေးရွာအနီး ရေငန်းတောကြီးအတွင်းတွင်ပေါက်နေသည့် ခတ်အုန်းပင်ကြီးကို မျက်နှာမူထားသည့် လင့်အထက်ဆီသို့ တက်ရောက်နေရာယူပြီးတော့ ညနေ(၅)နာရီပင် ထိုးပေပြီ။ ရိုးမကြီးအတွင်းပိုင်းဆီမှ အမှောင်ဘက်ဆီကိုပင် ကူးနေကြပေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ အိပ်တန်းတက် ကျေးငှက်သံများ တစာစာနှင့်ဖြစ်နေသလို အအေးဘက်ဆီသို့ လှနေပြီ။ အပေါ်စီးမှလှမ်းမြင်လိုက်ရသည့် မြင်ကွင်းအားလုံးတို့က မှိုင်းမှိုင်းပျပျတို့ရယ်သာ။ အမှောင်ထုက မင်းမူကြီးစိုးပေတော့မည်။

အိပ်တန်းတက် တောကြက်ဖငယ်တို့အသံများ၊ ရစ်ဖကြီးများတို့ အတောင်ခါသံများ၊ ဝါးယောင်းငှက်ငယ်များတို့၏ အော်မြည်သံများ၊ မျောက်အော်သံများတို့ကို နားစွင့်လိုက်ရင်း ကိုင်ဆောင်ထားကြသည့် ဒူးလေးတို့ကို ဘေးကွင်ချထားလိုက်ကြပြီး အနွေးထည်နှင့်ခေါင်းစွပ်များတို့ကို စွပ်လိုက်ကြပေသည်။

ကျွန်တော်က မီးထိုးပေးရမည့်သူဖြစ်သည့်အတွက် လက်နှိပ်ဓာတ်မီးကို ဓာတ်ခဲသစ်များတို့နှင့်လဲလိုက်ရင်း မျက်နှာချင်းဆိုင် ခတ်အုန်းပင်ကြီးကို လှမ်း၍ထိုးလိုက်ကာ မီးအစိပ်အကျဲကို လိုအပ်သည့်အနေအထားမျိုးထိရရှိအောင် စမ်းသပ်လိုက်ပေသည်။

''ခတ်အုန်းပင်''ကြီးကား ရိုးမကြီးအတွင်း လွတ်လပ်စွာပေါက်နေသည့်အပြင် နှစ်ချို့ပင်ကြီးလည်းဖြစ်သဖြင့် လူကြီးသုံးဖက်စာလောက် ပင်စည်လုံးကြီးက အလွန်ကြီးမားပြီး ရွက်စိမ်းဖားဖားကြီးများတို့အကြားတွင် ခတ်အုန်းသီးများတို့ကို အရောင်အမျိုးမျိုးနှင့် တွေ့မြင်နေရပေသည်။

ထိုခတ်အုန်းသီးများတို့ကား အမြင်ကလှသလောက် အတွင်းသားက အခါးလွန်ကဲသည်။ ထိုကဲ့သို့ အလွန်အမင်း ခါးလွန်းသည့်အသီးကို ဝက်ဝံများတို့က ကြိုက်နှစ်သက်စွာစားကြသလို ,အခြားသောသားကောင်များတို့ကလဲ စားကြပေသည်။

စားကြပုံစားကြနည်းတော့ဖြင့် မတူ။ ဝက်ဝံလိုအကောင်မျိုးက





သစ်ပင်ကြီးထက်ဆီသို့ ဖက်တွယ်၍တက်ပြီး ခွဆုံကိုင်းတွင်ထိုင်ကာ သူကြိုက်သည့်အသီးကို လက်နှင့်လှမ်းပြီးဆွဲယူကာ စားကြည့်သည်။ သူမကြိုက်နှစ်သက်သည့် အသီးမျိုးဖြစ်နေပါက ထိုကိုက်ဖဲ့ပြီးသားအသီးကို မြေပြင်သို့ပစ်ချလိုက်သည်။

ထိုကဲ့သို့ သူကြိုက်နှစ်သက်သော အသီးများကို စားသလို၊ မကြိုက်သောအသီးများကို မြေပြင်သို့ပစ်ချလိုက်သော အသီးများကို တော့သူကဲ့သို့ သစ်ပင်မတက်နိုင်သည့် ဆတ်၊ ဒရယ်၊ ချေ၊ တောဝက်၊ ဖြူတို့က စားကြသည်။ သို့အတွက် ခတ်အုန်းပင်တစ်ပင်၏ ပင်စည်လုံးကိုကြည့်လိုက်လျှင် ထိုအပင်သို့ ဝက်ဝံတက်၊ မတက်ကို ဝံလက်သည်းရာကို ကြည့်ခြင်းဖြင့် မုဆိုးလုပ်သူတို့က တွက်ဆလို့ရပေသည်။

ဝက်ဝံတက်သည့်အပင်ကို ယခုကျွန်တော်တို့ကဲ့သို့ စောင့်ပစ်ခတ်မည်ဆိုသည့် မုဆိုးတို့အဖို့ အပင်ထက်ဆီသို့ တက်ရောက်စားသောက်သည့်ဝက်ဝံကိုလည်း ပစ်ခတ်လို့ရသလို အပင်အောက်ဆီသို့လာရောက်စားသောက်ကြမည့် ဆတ်၊ ဒရယ်၊ ချေ၊ တောဝက်နှင့်ဖြူလိုအကောင်မျိုးကိုလည်း ပစ်ခတ်ကြရသည်မို့ အလွန်သတိထားရသလိုပါးနပ်ဖို့လည်း အလွန်အမင်းလိုအပ်လှပေသည်။

တောတွင်းရှိ သားကောင်များတို့၏ သဘာဝအသိတရားတို့ကား အလွန်အမင်း အံ့ဩစရာကောင်းသည့်အချက်က ယခုကဲ့သို့ခတ်အုန်းသီးများဆီသို့ ဝံတက်ရောက်စားတော့မည်ကို အခြားသောသားကောင်များတို့က သိရှိနေကြသည့်အချက်ပင်။

အမှောင်ဘက်ဆီသို့ အားသာနေပြီဖြစ်သည့်အတွက် ညအစာရှာငှက်များတို့၏ အသံများတို့ကိုလဲ ကြားနေရသည်။ ခပ်လှမ်းလှမ်းဆီများတို့မှ တောခွေးများအူလိုက်ကြသံများအပြင် ဝံကြီးများတို့၏



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရုပ်သံများ "ဂူးဂဲ . . . ဂူးဂဲ" အသံကြီးများတို့ကိုလည်း ကြားနေရပေသည်။ သားကောင်များတို့၏ ညအစာရှာချိန်မျိုး မဟုတ်ပါလား။

အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့က လေးညို့များတို့ကို ဆွဲမတင်ထားကြသေးသော်လည်း မြားလမ်းကြောင်းတွင် ပျားဖယောင်းများ၊ မြားတံများကို ကပ်လျက်တပ်ထားကြပေသည်။ သားကောင်များတို့၏ လှုပ်ရှားမှုကိုတွေ့မြင်မှသာ ခြေကန်ပေးလျက် လေးညို့ကို ဆွဲတင်ပစ်ခတ်ကြမည့်အသွင်မျိုး။

ကျွန်တော်တို့တက်ရောက်နေထိုင်သည့် လင့်မှာ"အုန်းနဲပင်" ကြီးအထက် ပေနှစ်ဆယ်ခန့် အမြင့်ခွဆုံကိုင်းတွင် ဝါးလုံးများတို့ကို ကြိမ်နီကြိုးများတို့နှင့် အခိုင်အခန့်ချည်တုပ်လျက် ဝါးလုံးများတို့ကိုပင် ကန့်လန့်ဖြတ်စီခင်းထားသည့် လင့်အဟောင်းဆိုသော်လည်း အနံ့အသက်များတို့က သေနေသည့်အပြင် ကျွန်တော်တို့သုံးယောက်စာကို လွတ်လွတ်လပ်လပ် ကောင်းစွာထိုင်နေနိုင်သလို အိပ်စက်လိုက လဲလျောင်းလို့ရသည့် အနေအထားမျိုး။ ဘေးဘက်နှင့် အထက်အောက်ဆီတို့တွင်ရှိ အုန်းနဲကိုင်းများတို့တွင် အုန်းနဲသီးမှည့်များတို့က အပြွတ်လိုက် အခိုင်လိုက်၊ အသီးမှည့်များတို့က လေအဟုန်တွင် သစ်ကိုင်းများယိမ်းနွဲ့လှုပ်ရှားလိုက်တိုင်း အောက်ဘက်ဆီသို့ တဖြုတ်ဖြုတ်ကြွေကျနေသည်။ ကျွန်တော်တို့ ထိုင်နေကြသည့်လင့်တွင်ပင် တဖျောက်ဖျောက်အသံများကို ကြားနေရသည်။

သည်အပင်သည်လည်း စားပင်ပဲဟုစိတ်တွင်းက မှတ်ချက်ပြုနေလိုက်မိသည်။ တော်နေသေးသည်က ကျွန်တော်တို့တက်ရောက်ထိုင်နေကြသည့်စားပင်က လူကိုအန္တရာယ်မပေးသည့်သားကောင်များဖြစ်သည့် ဘွတ်ကလုံငှက်၊ ငှငှက်၊ ငှက်ဝါ၊ ငှက်ပြာ၊ နှံပြည်စုပ်၊ တောကြက်





နှင့်ရစ်ဆိုသည့် အကောင်မျိုးတို့လောက်သာ လာရောက်စားသောက်ကြသည့် စားပင်မျိုး။

တစ်ခါတစ်ရံ ရောက်လာကြသည့် ထိုငှက်ငယ်ကလေးများတို့ကို ဖမ်းယူစားသောက်လိုကြသည့် မြွေများလောက်ရယ်သာ အလွန်အမင်း တွေ့ကြုံရခဲ့သည့်အဖြစ်မျိုး။

ထိုအချိန် အစ်ကိုကြီးဦးသိန်းလွင်က သူလွယ်ပိုးလာခဲ့သည့် စစ်လွယ်အိတ်အတွင်းမှ ပုလင်းကိုထုတ်လျက် ချေသားကင်တို့ကို ပွဲမစခင် ကိုင်မြှောက်လျက် နှုတ်မှတွတ်ထိုးနေသည်။ တောပိုင်တောင်ပိုင်များတို့နှင့် တစ်ပွဲစားအဘဦးနီမောင်တို့ကိုထင့်။ သူ့နှုတ်များက အသံမထွက်သဖြင့် ဘာတွေပြောဆို ဆုတောင်းနေမှန်းကိုတော့ဖြင့် မသိ။ ပြီးနောက် အောက်ဘက်ဆီသို့ အနည်းငယ်စွန့်လျက် သူအရင်သောက်လိုက်ပြီး အမြည်းကိုစားနေသည်ကို တွေ့မြင်လိုက်ရပေသည်။

သူသောက်ပြီးသည်နှင့် အဘကောင်းနှင့် ကျွန်တော်တို့နှစ်ယောက် ဆက်သောက်လိုက်ကြပေသည်။ အရက်သောက်လိုက်တော့ ရင်ထဲတွင် အနည်းငယ်နွေးထွေးသွားသည့်မို့ လင့်ထက်တွင်ကျောခင်းလိုက်ပြီး ကောင်းကင်ထက်ကြယ်တာရာ အစက်အပျောက်များတို့ဆီသို့ အကြည့်ကို ပို့လွှတ်လိုက်ရင်း အတွေးများတို့ကို ဖြန့်ထုတ်လိုက်မိပေသည်။

အတွေးများတို့က အဆိပ်များတို့ဘက်ဆီသို့ –

မြားဆိပ်ဖော်စပ်သည့်အပင်ကို ကျွန်တော်တစ်ခါကြုံတွေ့ခဲ့ဖူးသည်။ နှစ်ကာလအပိုင်းအခြားကို ပြောရလျှင် ၁၉၇၈ ခုနှစ်က တောင်ငူခရိုင်၊ သံတောင်ဘက်ဆီသို့ အမဲပစ်ထွက်ခဲ့ကြရာ တောင်ငူမြို့နေမုဆိုးဝါသနာရှင် ဒေါက်တာသိန်းလွင်ပြထားသည့်မို့ မှတ်သားမိလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိဖူးသည်။ ကျွန်တော်တို့အဖွဲ့ စိုင်အုပ်နောက် ခြေရာကောက်ပြီး လိုက်ကြရင်း အပစ်ခံလိုက်ရသည့်စိုင်ကြီးမှာ ခပေါင်းချောင်းရှိရာဘက်ဆီသို့ ဒဏ်ရာကြီးနှင့်ပြေးလွှားသွားသဖြင့် သွေးစက်ခံလိုက်ခဲ့ကြရင်း ညနေပိုင်းတွင် ကျွန်တော်တို့ပစ်ခတ်လိုက်သည့်စိုင်ကြီးမှာ ချောင်းအတွင်းဘေးတိုက်လဲကျသေဆုံးနေသည်ကို တွေ့မြင်လိုက်ကြရပေသည်။

မနက်ခင်းပိုင်းမှ ပစ်ခတ်ထားသော ထိုစိုင်ကြီးနောက်ဆီသို့ တစ်နေကုန်လိုက်ခဲ့ကြရသဖြင့် ပင်ပန်းနွမ်းနယ်မောဟိုက်နေပြီး ဗိုက်ကလည်း အလွန်အမင်းဆာလောင်နေသဖြင့် ချောင်းစပ်တွင် ခြေပစ်လက်ပစ်ထိုင်ကာ ယနေ့ညစာအတွက် စိုင်ကြီး၏မိုးမိုသားများကို လှီးဖြတ်နေကြသူများတို့ကို စောင့်စားနေစဉ်အတွင်း –

"ဗိုလ်လေးမြားဆိပ်ပင်တွေ့ဖူးလား"

ဒေါက်တာသိန်းလွင်က ကျွန်တော့်ကို မေးလိုက်သည်မို့ ပြန်ပြောလိုက်မိသည်က –

"ဟင့်အင်း . . . မတွေ့ဖူးသေးဘူးဗျ"

"အဲဒီအပင်မျိုးက ရှားလဲရှားတယ်။ နောက်ပြီး မှဆိုးလုပ်ကြတဲ့သူတိုင်းက ဘယ်သူ့ကိုမှ မပြကြဘူး။ သူတို့ရဲ့လျှို့ဝှက်ပစ္စည်းဗျ။ နောက်အန္တရာယ်လည်း ရှိတယ်မို့လား"

ဟုပြောလိုက်ရင်း သူ့တပည့်စိမ်းယဉ်ကိုင်ဆောင်သည့် ဒူးလေးကိုလှမ်းယူလိုက်ပြီး လေးညို့ကို ခြေကန်ပေးဆွဲတင်လိုက်သည်။ မြားကိုတပ်ဆင်လိုက်ပြီးနောက် ချောင်းကမ်းပါးရံတွင် ပေါက်နေသောအပင်ကြီးတစ်ပင်ဆီသို့ ပစ်လွှတ်ဖို့ချိန်ရွယ်နေသည်ကို တွေ့မြင်လိုက်ရသည်။ ကျွန်တော်က သူ့လုပ်ရပ်ကို ထိုင်ကြည့်နေသလို သူပစ်ခတ်မည့်အပင်ကိုလည်း သတိထားကာ ကြည့်လိုက်မိသည်။





သူပစ်ခတ်မည့်အပင်ကြီးကား အမှတ်တမဲ့ကြည့်လိုက်လျှင် ကညင်ပင်လိုအပင်ကြီးမျိုး (ကညင်ပင်တော့မဟုတ်)။ ပင်စည်လုံးကြီးမှာ တဖြောင့်တည်းအထက်သို့တိုးတက်သွားပြီး အမြင့်ပေ(၇၀)ခန့်လောက်တွင် အကိုင်းအခက်များတို့က ဝေဖြာသွားသည်။ သူ့အရပ် ရေ မြေ သဘာဝရာသီဥတုဖြင့် အညီပေါက်သည့်ပုံစံမျိုးဟုသော အဓွဲဝင်နေသည်မို့ စိတ်တွင်းက ကညင်ပင်လိုမျိုးရယ်လောက်သာဟု စွဲမှတ်ထားလိုက်သည်။

"ဒေါင်"

လေးညို့မှလွှတ်လိုက်သောမြားတံက အရှိန်ပြင်းစွာနှင့် ထိုအပင်၏ ပင်စည်လုံးစိုက်ဝင်သွားကာ မြားတံစိုက်ဝင်သွားရာဆီမှ အစေးဖြူဖြူများတို့က ရေပန်းလိုပန်းထွက်လာသည်ကို တွေ့မြင်လိုက်ရပေသည်။

ကျွန်တော်တို့အဖွဲ့သားများသည် အခြားသော တောတောင်များတို့အတွင်း ယခုကဲ့သို့ ကညင်ပင်လိုအပင်မျိုးနှင့် အခြားသောအပင်များတို့ကို ပစ်ခတ်စမ်းသပ်ကြည့်ခဲ့ဖူးသည်။ ယခုကဲ့သို့ အစေးများရေပန်းများတို့ကဲ့သို့ ပန်းထွက်လာသည်မျိုးကိုတော့ မတွေ့ကြုံဘူးခဲ့ကြသည်က အမှန်။ ယခုအပင်ကား အခြားသောအပင်မျိုးများကဲ့သို့မဟုတ်သဖြင့် အထိုက်အလျောက် စိတ်ဝင်စားလာခဲ့သည်မို့ ထပ်မံကြည့်လိုက်ရာ ပင်စည်လုံးမှာ လူကြီးနှစ်ဖက်စာလောက်ရှိပြီး သစ်ခေါက်တို့ကမကြမ်း။ သည်မှဘက်များတို့ဆီတွင် တွေ့မြင်နေကြရသည့် မျောက်ချောပင်၏ ပင်စည်လုံးများတို့ကဲ့သို့ပင်။

အစေးများပန်းထွက်နေရာမှ အတန်ကြာတော့ရပ်သွားပြီး တစ်စက်ခြင်းကျနေသည်ကို တွေ့မြင်နေရသည်။ ထိုစဉ် ဒေါက်တာ

www.burmeseclassic.com



သိန်းလွင်က –

"အဲဒီအပင် မြားဆိပ်ပင်ဆိုတာကို တိုလူတွေကို လုံးဝမပြော

နဲ့နော်။ ကျွန်တော်တောင် မနည်းမေးယူထားရတယ်"

သူက ပြောပြောဆိုဆိုနေရာမှထလျက် မြေပြင်ထက်ဆိ

စောစောကကျဆင်းနေသောအစေးများကို သဲများ၊ ဖုံများ၊ သစ်ရွက်

ခြောက်များတို့နှင့် လိုက်လံဖုံးအုပ်နေသည်။ ကိစ္စပြီးတော့ ကျွန်တော်

ထံ ပြန်ရောက်လာသည့်မို့ မေးလိုက်မိသည်။

"ဘယ်လိုအဆိပ်မျိုးလဲ၊ ဘယ်လိုခေါ်သလဲ၊ ဘာနဲ့ရောစ

ရသေးလဲ"

သူ့စကားအရ လိုရင်းတိုရှင်းပုံစံမျိုးနှင့်မေးလိုက်တော့ သူပြ

ပြောလိုက်ပုံက –

"တစ်ကွင်းဖြတ်၊ ကောင်နီလို့ခေါ်တယ်။ မြားထိပ်ကို အဲ

အစေးသုတ်ပစ်၊ ဒါပဲ"

ညနေစာအတွက် စိုင်သားများတို့ကို လှီးဖြတ်နေသည့်အခ

သားများတို့ရောက်လာကြသည့်မို့ သူကလည်း တိုတိုနှင့်လိုရင်းကိုသာ

ဖြေလိုက်သည်။ ကျွန်တော်တို့နှစ်ဦးထဲသာ သိထားကြသည့်ကိစ္စပင်။

"ဒေါက်တာ ဘာကိုပစ်လိုက်တာလဲဟင်"

အာဘာကောင်းက စပ်စုလိုက်သဖြင့် –

"အေးဗျာ . . . စိုင်ကြီးနောက်ကို ခြေနင်းသိမ်းလိုက်လာခဲ့ကြ

ပေမဲ့ မပစ်လိုက်ရဘဲ ချောင်းနားကိုလာသေနေတော့ မချင့်မရဲ

သစ်ပင်ကြီးကို စိုင်အမှတ်ထားပြီး ပစ်လိုက်မိတာပါဗျာ"

သူကပိတ်ပြောလိုက်သည့်မို့ ထိုကိစ္စက တစ်ခန်းရပ်သွားခဲ

တော့သည်။ ကျွန်တော့်အနေနှင့်လည်း ထိုအချိန်က မြားဆိပ်အကြောင်





ကို သိဖို့မလိုအပ်သဖြင့် နောက်ထပ်မစပ်စုမိလိုက်တော့။ ကျွန်တော်တို့လက်တွင်ကိုင်ဆောင်ထားသည်များတို့က သေနတ်များဖြစ်သည့်အတွက် ကျွန်တော်တို့ လေ့လာရမည့်ကိစ္စပင် မဟုတ်ပါလား။

နောက်တစ်မျိုးက "စွမ်ပရာဘွမ်" ဘက်ဆီသို့ အမဲပစ်ခရီးထွက်ခဲ့ကြရာ သားကောင်ကြီးများနောက်သို့ ခြေရာကောက်လိုက်ကြရင်း အချိန်တန်တော့ အရိပ်ကောင်းသောနေရာနှင့် ရေစမ်းနီးသောနေရာတွင် နားလိုက်ကြသည်။ ဗိုက်ဆာကြသဖြင့် ပါလာကြသော ထမင်းထုပ်များတို့ကိုဖြည်လျက် စားကြမည်လုပ်နေစဉ်အတွင်း ရှာခံမှဆိုးကလေးခေါင်တောင်းက ဝါးဘိုးဝါးရုံအတွင်းမှ ဝါးတစ်လုံးကို ခုတ်ပြီး အဆစ်ခံသည့် တစ်လံသာသာ ဝါးဘိုးဝါးကိုဖြတ်တောက်ကာ နေစဉ် ဘာလုပ်မည်ကိုမေးကြည့်ရာ မြားဆိပ်ထုတ်ရန်အတွက် အဆိပ်ပင်၏အစေးများကိုခံယူရန်ဟု ဆိုလာသည်။ ကျွန်တော်တို့ထမင်းများကို အရင်စားလိုက်ကြပြီး ခရီးကိုဆက်လက်ထွက်ခွာခဲ့ကြပေရာ သစ်ပင်ကြီးတစ်ပင်ကို ယခုအခါ ရော်ဘာပင်များကို ရော်ဘာစေးများခံသကဲ့သို့လုပ်ကာ စောစောက ဝါးဆစ်ပိုင်းဖြင့်ခံထားလိုက်ပြီး ကျွန်တော်တို့ ဆက်လက်ကာ သားကောင်ကြီးနောက်ဆီ သို့လိုက်ကြသည်။

အပြန်တွင် ထိုဝါးဆစ်ပိုင်းကိုဝင်ယူတော့ တစ်ဝက်နီးပါးရှိသည့် အစေးများတို့ကို တွေ့ရသည်။ ထိုအစေးချည်းတော့ဖြင့် အဆိပ်မဖြစ်။ အခြားအစေးတစ်မျိုးနှင့်ရောပါမှ မြားဆိပ်အဖြစ်သို့ ရောက်သည်။

ထိုအဆိပ်က တစ်ချွေခုန်အဆိပ်မျိုး ဖြစ်သည်။ ထိုအဆိပ်ဆေးပြုလုပ်ရန် အစေးထုတ်ယူသောအပင်ကို မျှင်ဆိပ်ပင်ခေါ်သည်ဟုပြောသည်။ ထိုစဉ်တုန်းဆီကလည်း ကိုယ့်အတွက် လိုအပ်သည့်ပစ္စည်းမဟုတ်သဖြင့် မလေ့လာခဲ့မိ။ နောက်ထပ်အစေးတစ်မျိုးနှင့် ရောစပ်ရသေးသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်ကိုလည်း မည်ကဲ့သို့အစေးမျိုးဆိုသည်ကို ကိုယ့်အလုပ်မဟုတ်သဖြင့်မမေးမြန်းမိ၊ မစပ်စုလိုက်မိ။

ဩော် . . . ယခုအခါဖြစ်ပေါ်နေသည့် အခြေအနေများတို့က ကိုယ်မျှော်မှန်းထားသလိုမျိုးတွေ ဖြစ်မလာဘဲ ပြောင်းလဲသွားသလို ဟိုယခင်အချိန်တုန်းဆီမှ မလိုအပ်တော့ဟု ထင်မှတ်ထားခဲ့သော အဆိပ်ထုတ်ဖော်နည်းများတို့က ယခုလိုအချိန်မျိုးတွင် အလွန်အမင်း ကျွန်တော်တို့တစ်ဖွဲ့လုံးအတွက် အမှန်တကယ် လိုအပ်ချက်ဖြစ်နေပါပြီကောရယ်လို့ တွေးတောနေလိုက်မိသည့်အချိန် –

"တုံ . . . တုံ . . . တုံ . . . တုံ"

အတွေးတို့နှင့်အတူ တစ်ချိန်က မြားဆိပ်ထုတ်ဖော်နည်း၊ လုပ်နည်းများတို့ကို လေ့လာမထားမိခဲ့သဖြင့် ယခုအခါ ကျွန်တော်တို့မှဆိုး တစ်ဖွဲ့လုံးအတွက် ဒုက္ခရောက်နေကြရပုံများကို တွေးတောနေလိုက်စဉ်အတွင်း လင့်ထိုင်နေသည့် အုန်းနဲ့ပင်ကြီးထက်ဆီမှ ပန်းထိမ်ဖိုငှက်ငယ်ကလေးတစ်ကောင်၏ အော်မြည်သံကို အဆက်မပြတ်ကြားနေရပေသည်။ အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့ကို စောင့်ငဲ့ကြည့်လိုက်တော့ ဆက်ရက်မင်းစည်းစိမ်မျိုးကို ရနေကြပြီထင်။ လင့်ထက်တွင် ကျွန်တော်ကဲ့သို့ကျောခင်းရင်း မှေးစင်းနေကြသည်။

တစ်ကြိမ်တစ်ရံ မျောက်အော်သံများတို့ကိုလည်း ကြားလိုက်ရသလို၊ ဖြူတို့၏ အစာမာန်ထသံများနှင့် တောခွေးများတို့၏ အူသံများကို ခပ်လှမ်းလှမ်းများတို့ဆီမှ ကြားနေရသည်။ ထူးခြားမှုတို့က ဖြစ်ပေါ်မလာသေးသည့်အတွက် သက်သောင့်သက်သာ အနေအထားမျိုးတို့ဖြင့် စောင့်စားနေကြခြင်းပင်။

နေ့ကာလဆိုသော်လည်း ရိုးမကြီးအတွင်းပိုင်းဆီမို့ အမှောင်





ထုနှင့် အတူအအေးဓာတ်ဆီသို့ လူလာပြီးနေသည်မို့ ခေါင်းစွပ်များအပြင် ဆွယ်တာများကိုပါ ဝတ်ဆင်ထားကြပြီး လိုရမယ်ရယူဆောင်လာခဲ့သော ဖယောင်းတိုင်တို့ အရေးရှိကသုံးစွဲရန် လွယ်အိတ်အတွင်းရှာဖွေစမ်းသပ်နေလိုက်မိသည်။ လင့်အောက်တွင်ရှိနေကြသည့် လွတ်လပ်စွာပေါက်ရောက်နေကြသည့် တောချုံပင်များကို လရောင်နှင့်လှမ်းကြည့်နေလိုက်သည်။ ထိုတောချုံပင်ရှားတို့အကြားမှ ဖားပုံကလေးများတို့၏ အော်ဟစ်လိုက်သည့်အသံများကို ကြားနေသလို တောခြင်ရိုင်းကြီးများတို့နှင့်ဖြုတ်ကောင်ငယ်ကလေးတို့ဒဏ်ကလည်း မသက်သာလှ။ သူတို့သွေးစုပ်ကိုက်ခဲအပြီး အခံရခက်လောက်အောင် ယားရှကျန်ခဲ့ပြန်သေးသည်။ အသံထွက်မည်စိုးသဖြင့် မရိုက်ရဲ၊ လေနှင့်လိုက်မှုတ်ပြီး ခြောက်ထုတ်မောင်းနှင်နေရသည်။

စောစောပိုင်းကတည်းက သည်ဒဏ်ကိုခံရမည်ဆိုသည်ကို သိထားသဖြင့် ကြို့တင်ပြီးလင့်အောက်တွင် မီးမဖိုထားရဲ။

ကောင်းကင်ထက်ဆီမှ ဘော်ငွေရောင်လတစ်ခြမ်းပဲ့ကလေးမှ အလင်းရောင်တို့ကြောင့် ဝန်းကျင်အနီး အထိုက်အလျောက်မြင်တွေ့နေရသည်။ ခတ်အုန်းပင်ကြီး၏ညာဘက် သဲဖြူလမ်းဆီမှ သဲပွင့်ဖြူဖြူကလေးတို့ထံမှ တဖိတ်ဖိတ်တလဲ့လဲ့နှင့် သဲမှုံကလေးတို့၏ ရောင်ပြန်ဟပ်နေမှုကိုလည်း တွေ့မြင်နေရပေသည်။

ထိုကဲ့သို့ တဖိတ်ဖိတ်တလဲ့လဲ့ သဲပွင့်ကလေးတို့ ရောင်ပြန်ဟပ်နေသည့် အထက်ဝယ် လင်းလာလိုက်၊ မှိတ်သွားလိုက်ဖြင့် ပိုးစုန်းကြူးကလေးများတို့ ပျံဝဲနေသည်ကိုလည်း တွေ့မြင်နေကြရသည်။ ထိုအချိန်အတွင်း သစ်ရွက်သစ်ခက်ကလေးများတို့ကား လေညင်းကလေးများတို့က ဖော့ယမ်းပွတ်တိုက်လိုက်သည့်အခါ အချင်းချင်းဝဲလှုံးတေးဆို



www.burmeseclassic.com

www.burmeseclassic.com



နေကြသလိုမျိုး ကြားယောင်နေရသည်။

ရိုးမရင်ခွင်ရိုင်းကြီးကား လတစ်ခြမ်းဖဲ့ကလေးဆီမှ အလိုက်အလျောက်ရရှိနေသော အလင်းရောင်ကလေးများတို့ကြောင့်နှင့် ကျွန်တော်တို့ကလဲ သုံးယောက်ဖြစ်နေကြသည့်အတွက် ချောက်ချားမှုကို အလိုက်အလျောက် ထိန်းကွပ်ထားနေသယောင်။

သုံးဦးသား လင့်ထက်ဆီတွင် သားကောင်တို့စားပင်ရှိရာဆီသို့ အဝင်ကိုစိတ်ရှည်ရှည်ထားကာ စောင့်စားနေကြရင်း အတွေးများကို ဆန့်ထုတ်ပစ်လိုက်မိပြန်သည်။ ယခုတစ်ခါ အတွေးများတို့က ဝေးဝေးဆီကိုမဟုတ်၊ အနီးတွင်ကျွန်တော်နှင့်အတူရှိနေကြသည့် အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့ဆီကိုရယ်သာ။

ယခုအချိန်တွင် နိုင်ငံတော်ကိုတာဝန်ယူထားကြသူများတို့က တိုင်းပြည်၏ လုံခြုံရေးလိုအပ်ချက်များအရ ကျွန်တော်တို့ကဲ့သို့ အမဲပစ်ဝါသနာပါကြသူများတို့ထံမှ တရားဝင်လိုင်စင်နှင့် ကိုင်ဆောင်ထားကြသော အမဲပစ်သေနတ်များတို့ကို သိမ်းဆည်းထားလိုက်ကြသောအခါ ကျွန်တော်တို့ကဲ့သို့ မုဆိုးဖိုး ငယ်ထိပ်ရောက်သည့်၊ တိုင်ထိပ်တက်ကပ်နေကြသည့်သူများတို့အဖို့ အလွန်အမင်း အကျပ်ရိုက်ခဲ့ပေတော့သည်။

သေနတ်များ လက်ဝယ်မရှိကြတော့သည်မို့ ဝါသနာရင်းကို မစွန့်လွှတ်နိုင်ကြသော ကျွန်တော်တို့အုပ်စုမှာ မိရိုးဖလာအမဲလိုက်လုပ်ငန်းကိုလုပ်ကိုင်ကြသူများ သုံးစွဲခဲ့သော ဒူးလေး၊ လေးမြားတို့အပြင် ထောင်ချောက်အမျိုးမျိုးများတို့ဘက်ဆီသို့ ဦးတည်လိုက်ကြရပေတော့သည်။

သားကောင်များတို့ကိုရှာဖွေကာ စောင့်ဆိုင်းချောင်းမြောင်းပုန်းအောင်းပြီး လေးမြား၊ ဒူးလေးတို့နှင့်ပစ်ခတ်ကြရာတွင် အခက်အခဲ





တစ်ခုနှင့်ကြုံတွေ့ရင်ဆိုင်တွေ့ကြုံနေရသည်က မြားတံထိပ်များတွင် သုတ်လိမ်းသော အဆိပ်ကိုမဖော်စပ်တတ်ကြသဖြင့် အခက်တွေ့ခဲ့ကြရပြန်သည်။

သားကောင်များတို့ကို မြား၊ ဒူးလေးများတို့နှင့် ပစ်ခတ်ကြရာတွင် ထိမှန်ခံရသော မြားတန်းလန်းဖြင့် သေငယ်ဇောနှင့် လွတ်ရာလွတ်ကြောင်းထွက်ပြေးကြရင်း ဆုံးရှုံးခံလိုက်ကြရပေါင်း များလှန်းသဖြင့် နောက်ထပ်သားကောင်များတို့ကို လေးမြား၊ ဒူးလေးများတို့နှင့် မပစ်ခတ်လို၊ မကိုင်လိုကြတော့။ သားကောင်များတို့ကို ဖြန့်တီးရာလည်း ရောက်နေသဖြင့်ပင်။

သို့အတွက် မုဆိုးတို့မှာ လေးမြား၊ ဒူးလေးတို့ကို မသုံးစွဲကြတော့ဘဲ ထောင်ချောက်များတို့ဘက်ဆီသို့ ဦးတည်လိုက်ကြပြန်သည်။ သားကောင်အကြီး၊ အသေးအလိုက် ခြေရာကို မှတ်သားကာ၊ ထောင်ချောက်အမျိုးမျိုး ရှိကြသည့်အနက် သူနှင့်လိုက်မည့် ထောင်ချောက်များတို့နှင့် ထောင်ဖမ်းခြင်းကပို၍ တွက်သားကိုက်ခဲ့ပေသည်။ သို့သော် ထိုကဲ့သို့ ထောင်ချောက်များတို့နှင့် သားကောင်များတို့ကို ဖမ်းဆီးကြရာတွင်၊ ထောင်ချောက်တွင်မိခံထားရသော သားကောင်များတို့ကို စခန်းသိမ်းရသည်က အလွန်ခက်ခဲပြီး အန္တရာယ်ကြီးနေပြန်ပေသည်။

သူတို့နှစ်ဦးကို လရောင်ကလေးများကိုခံကာ ကျွန်တော်လှမ်းကြည့်ရင်း သက်ပြင်းမောများကို ရှိုက်ထုတ်ပစ်လိုက်မိပေသည်။ အကြောင်းမှာ သူတို့နှစ်ဦးစလုံးက ကျွန်တော့်ထက်လည်း အသက်ကြီးသည်၊ စားနိုင်သောက်နိုင်နှင့် အလိုက်အလျောက် ငွေကြေးပြည့်စုံကြသူများပင်။ သို့သော် ဝါသနာအရ သည်လုပ်ငန်းကိုမှ စွဲလမ်းပြီး ဒုက္ခမျိုးစုံကို မညည်းမညူခံနေကြသူများမို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် –

"အီး . . . အီး . . . အွတ် . . . အုအုအု"

ကျယ်လောင်စူးရှသော အသံများတို့သည် ပြေပြေကလေး အောက်ဖက်ဆီသို့ နိမ့်ဆင်းသွားသည့် ခတ်အုန်းပင်ကြီး အနောက် အတန်ငယ်အလှမ်းဝေးသော နေရာဆီမှထွက်ပေါ်လာသည့် အသံများ တို့ကြောင့် ကျွန်တော်တွေးလက်စတို့က ပြတ်သွားသည်။ အသံက တောဝက်အုပ်၏ အသံဖြစ်ဟန်တူသည်။ တစ်ကောင်နှင့်တစ်ကောင် မာန် ထကိုက်ခဲကြရင်း သည်မှာဘက်ဆီသို့ လာနေကြသည့်အသံများ။ လှမ်း ကြည့်လိုက်တော့ အမှောင်တွင်းဆီမို့ ဘာကိုမျှမမြင်ရ။ အတန်အလှမ်း ဝေးနေသေးသည့်အသွင်။

ကျွန်တော်တို့သုံးဦးစလုံး အသံကြားလိုက်ရာဆီသို့ မျက်တောင် မခတ်စတမ်း လိုက်လံကြည့်နေကြသော်လည်း ထူးခြားမှုတို့ကမရှိ။ ပိုးစုန်းကြူးကလေးများတို့၏ လင်းတစ်ခါ မှိတ်တစ်လှည့် ပျံသန်းနေ သည်ကိုသာ တွေ့မြင်နေရသည်။

အတန်ကြာကြာ စောင့်ကြည့်လိုက်တော့ စောစောက တဖိတ် ဖိတ်တလဲ့လဲ့ ရောင်ပြန်ဟပ်နေသည့် သဲလမ်းကြောင်းဖြူလွလွများတို့ အပေါ်တွင် မည်းမည်းအုပ်တစ်အုပ်က တလှုပ်လှုပ်ဖြင့် ကျွန်တော်တို့ ဘက်ဆီသို့ ဦးတည်လာနေသည်ကို တွေ့လိုက်ကြရသဖြင့် တစ်ဦးနှင တစ်ဦး တံတောင်နှင့်တို့ထိ သတိပေးလိုက်ကြရင်း လေသံနှင့် –

"တောဝက်အုပ်လာနေတယ် ဘယ်လိုလုပ်ကြမလဲ"

"ပစ်မယ်"

"ပစ်လို့ဖြစ်ပါ့မလား"

"အန္တရာယ်မဖြစ်နိုင်ဘူး။ စမ်းလိုက်ကြရအောင်"





သူတို့နှစ်ဦးက ဒူးလေး၏ ညှို့များတို့ကို ခြေကန်ပေးရင်း ဆွဲတင်လိုက်ကြပေသည်။ မြားတံကလည်းကြောင်းတွင် များဖယောင်း ကပ်လျက် အဆင်သင့်မဟုတ်ပါလား။

သူတို့နှစ်ဦးက လင့်ထက်တွင် မှဆိုးဒူးထောက်ပုံစံမျိုးနှင့် ထိုင် လိုက်ကြရင်း လာရာလမ်းကိုမှန်းကာ ချိန်ရွယ်စောင့်ဆိုင်းနေကြသည့် အသွင်။

မြင်ကွင်းကား သစ်ပင်ကြီးများကျဲပါကာ လရောင်ဖြင့် အထိုက် အလျောက် မြင်တွေ့နေရသည့်နေရာမို့ ကျွန်တော်မီးထိုးဖို့က မလိုသေး။ ဝေါခနဲ ဈောခနဲ တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့တွန်းတိုက်သံတို့ သည် တစ်စနှင့်တစ်စ ပိုမိုကျယ်လောင်လာသည့် အသံများတို့ကို ကြားလိုက်ကြရသည်။ တစ်ကောင်နှင့်တစ်ကောင် သွားနေကြရင်းမှ ထိုးကော်ပက်လိုက်သဖြင့် တအုအုတအီးအီးအသံများတို့က ပိုမိုဝီပြင် လာသည်။ ကောင်ရေများပြီး မိသားစုအုပ်မျိုးဖြစ်ဟန်ပင်။

လရောင်ရှိနေသော်လည်း အကောင်လိုက်ခြင်းတော့ မမြင် တွေ့ရသေး။ အမဲစက်ကြီးကြီးအကွက်ကြီးသည် ကျွန်တော်တို့ထိုင် နေကြရာ လင့်အောက်ဆီသို့ တိုးဝင်နေသည့်အသွင်။ အနီးသို့ရောက် လေ အကွက်မဲကြီးက ပိုမိုထင်ရှားလေမို့ ရှေ့မှဦးဆောင်လာကြသည့် အကောင်ကြီးများတို့ကိုသာ ပစ်ခတ်ကြရန် လက်ကုတ်အချက်ပေး လိုက်စဉ် –

"ဒေါင် . . . ဒေါင်"

ရှေ့ဆုံးမှ ကိုယ်ထည်ကြီးများတို့ကို ချိန်ယမ်းလျက် တန်း လျှောက်လှမ်းကာ စိတ်အေးလက်အေးနှင့် ဦးဆောင်လာနေကြသော တောဝက်ကြီးများအတွင်း ဒူးလေးမောင်းဖြုတ်လိုက်သံနှင့်အတူ "ဖွပ်

www.burmeseclassic.com



ဖွစ်''ဟူသော မြွားတံတို့စိုက်ဝင်သွားကြသည့် အသံများတို့နှင့်အတူ ''အီးခနဲ . . . အီးခနဲ'' အော်ဟစ်လိုက်သည့် နာနာကြည်းကြည်း အသံများကို ကြားလိုက်ရပြီး ကျွန်တောဝက်အုပ်တို့မှာ နေရာမှတထိတ်တလန့်အသွင်မျိုးနှင့် ဝေါခနဲအသံကြီးနှင့် မြေတုန်ခမန်း ဦးတည်ရာများတို့ဆီသို့ ပြေးထွက်တောတိုးသွားကြသည့် အသံကြီးကို ကြားလိုက်ရပေသည်။

အတန်ကြာတော့ တထိတ်တလန့်အသွင်မျိုးနှင့် ဦးတည်ရာဆီများသို့ တောတိုးဝင်ရောက်သွားကြသည့် အသံများတို့ တကျိုကျို အော်ဟစ်ကြသံများ။ သစ်ရွက်သစ်ခက်များတို့နှင့် ထိတွေ့ပွတ်တိုက်သံများ။ အနိုက်အတန့် ရှည်ပွက်လောထသွားသည့် အသံများ အဝေးဆီသို့ သွားရောက်သွားသဖြင့် ငြိမ်သွားသည့်တိုင်၊ နေရာတွင်မြွားတန်းလန်းနှင့် ဒူးညွှတ်ကာ မြေပြင်ထက်တွင် ဘေးတိုက်လဲကျကာ လူးလိမ့်အော်ဟစ်နေသည့် တောဝက်ကြီးနှစ်ကောင်၏ အသံများတို့ကိုလည်း မကြားရတော့ပေ။ မီးကိုမထိုးသေးဘဲ လရောင်ကိုခံလျက် မြေပြင်ထက်ဆီသို့ လှမ်းကြည့်လိုက်တော့ မြေပြင်ထက်တွင် ဘေးတိုက်လဲနေသည့် တောဝက်ကြီးနှစ်ကောင်ကို တွေ့မြင်လိုက်ရပေသည်။

လက်နှိပ်ဓာတ်မီးကိုပင် မထိုးလိုက်ရသလို အဆိပ်သုတ်လိမ်းထားသော မြွားတံမဟုတ်ပါဘဲနှင့် ရရှိလိုက်သော တောဝက်ကြီးများတို့မို့ တအံ့တဩ ဖြစ်သွားသည်နှင့်အတူ ကျွန်တော်ကိုယ်တိုင် လင့်ထက်တွင်ပင် သူတို့နှစ်ဦး၏လက်များကို ဆွဲယူနှုတ်ဆက်နေလိုက်မိပေသည်။

အခြေအနေကို သိရှိနိုင်ရန်အတွက် လက်တွင်ကိုင်ဆောင်ထားသည့် လက်နှိပ်ဓာတ်မီးဖြင့် လင့်အောက်တွင် ဘေးတိုက်လဲကျသေဆုံးနေပြီဖြစ်သော တောဝက်ကြီးများတို့ဆီသို့ လှမ်းထိုးကြည့်လိုက်





တော့ တောဝက်ကြီးနှစ်ကောင်စလုံး၏ ဦးခေါင်းများဆီတွင် မြွားတံတို့က နက်ရှိုင်းစွာ စိုက်ဝင်နေသည်ကို တအံ့တဩ တွေ့မြင်လိုက်ကြရပေသည်။

မြွားတံများတို့က ဦးနှောက်ကို ဖြတ်ဖောက်သွားသဖြင့် နေရာတွင် လဲကြသည့်အသွင်နှင့် ရှားရှားပါးပါး ဖြစ်တောင့်ဖြစ်ခဲမြင်ကွင်းမျိုးပင်။ ထိုမြင်ကွင်းကြောင့် ကျွန်တော်တို့သုံးဦး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေလိုက်ကြစဉ် –

''ရှေ့ကြည့် . . . ရှေ့ကြည့်''

ခတ်အုန်းပင်ကြီးထိပ်ဖျားထက်ဆီမှ ပြည့်ကျိုးငှက်ကလေးတစ်ကောင်၏ အော်ဟစ်သံပေးပြီး ပျံသန်းသွားသည်ကို တွေ့မြင်လိုက်ရသဖြင့် အစ်ကိုကြီးဦးသိန်းလွင်က –

''သေချာတယ်ကွ၊ တို့ကို အဘဦးနီမောင်က အနီးကပ်ကူညီနေတာ၊ ဘာကိုမှကြောက်မနေကြနဲ့တော့''

''ဘာ့ကြောင့်တုန်း အစ်ကိုကြီးရ''

''ဟ . . . မင်းစဉ်းစားကြည့်လေ။ ငါတို့ဆီကို တောဝက်အုပ်ကြီးကို မောင်းသွင်းလာတာရယ်၊ မြွားတံမှာအဆိပ်မပါဘဲနဲ့ အမှောင်တွင်းမှာ မှန်းပစ်လိုက်ကြတာလဲ ထိချက်တွေက ခေါင်းမှာချည်းပဲ။ ဘယ်လိုမှဖြစ်နိုင်တဲ့ကိစ္စမျိုး မဟုတ်ဘူးလေကွာ။ ခုလဲကြည့်လေ၊ သူအနီးကပ်ကူညီနေတဲ့အကြောင်း အသိပေးရင်း အသံပေးပြသွားတာလေ''

သူပြောနေသည့်စကားတို့က ကျွန်တော်တို့နှစ်ဦး လက်တွေ့မြင်နေကြရသည့် ကိစ္စများဖြစ်ပြီး ဟုတ်မှန်နေသည်မို့ အဘကောင်းနှင့် ကျွန်တော်တို့ ဘာတစ်လုံးမှမပြောနိုင်။ စိတ်လှုပ်ရှားစွာနှင့်လက်ထဲမှ အရက်ကိုမော့လိုက်ကြရင်း ဆက်လက်စောင့်ဆိုင်းနေလိုက်ကြတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

လက်တွင်ပတ်ထားသည့် နာရီကိုကြည့်လိုက်တော့ သန်းခေါင် ကျော်ခဲ့ပေပြီ။ အောက်တွင်သေဆုံးနေပြီဖြစ်သည့် ဆိတ်ကြီးနစ်ကောင်မှ မြေပြင်တွင်လူးလိမ့်ထားကြရင်း ထွက်ကျသည့်သွေးညှီနံ့များကို ရနေ ပေသည်။ ကျွန်တော်က အရက်ရှိန်ကလေးနှင့် ပင်စည်လုံးကိုမှီပြီး မှေး စင်းနေလိုက်စဉ် ကျွန်တော့်ကိုလက်ကုတ်လိုက်သဖြင့် ဖွင့်ကြည့်လိုက် တော့ အစ်ကိုကြီးဦးသိန်းလွင်ဖြစ်နေသည်မို့ လေသံနှင့် –

"ဘာလဲ အစ်ကိုကြီး။ ဘာအကြောင်းထူးလို့လဲ"

"မင်းဖယောင်းတိုင်ပါတယ်မို့လား၊ ခဏထွန်းစမ်းကွာ"

ကျွန်တော်က အိတ်အတွင်းမှ ဖယောင်းတိုင်ထွန်းလျက် လေကွယ်ရာ ပင်စည်လုံးဘေးတွင် အစက်ချထောင်ထားလိုက်ချိန် အဘကောင်းက ငိုက်မြည်းနေရာမှ လန့်နိုးသည့်အသွင်မျိုးဖြင့် –

"ဖယောင်းတိုင် ဘာကြောင့်ထွန်းတာလဲဟင်"

သူမေးမည်ဆိုသည်ကလဲ မေးသင့်သည့်မေးခွန်းမျိုးပင်။ ယခု ကဲ့သို့ စားပင်ဆီသို့ဝင်မည့်သားကောင်ကို စောင့်သည်ဆိုသည်က သား ကောင်တို့ မသင်္ကာဖြစ်တတ်ကြသည့် အလုပ်မျိုးကို ရှောင်ရှားရမည့် ကိစ္စက အဓိက။ ယခုတော့ ကျွန်တော်တို့လင့်ထက်တွင် ရှိနေကြောင်း ကို ဖယောင်းတိုင်မီးနှင့် လှုလုံးပြနေသည့်အသွင်မျိုး။ သူ့အထွန်းခိုင်း သဖြင့် ဖယောင်းတိုင်ကို မီးထွန်းလိုက်ရသော်လည်း ကျွန်တော်ကိုယ်တိုင် ဘာကြောင့်ထွန်းလိုက်ရမှန်းမသိ။ သို့အတွက် ကျွန်တော်က ဘာဖြေရမှန်း မသိ ဖြစ်နေသည်။ သည်တွင် အစ်ကိုကြီးဦးသိန်းလွင်က –

"ငါတို့ကို သရဲခြောက်နေတယ်ကွ။ ငါပဲမူးနေသလား ငါ့မျက်စိ ကပဲ ဝေ့ဝေ့ဝါးဝါးဖြစ်နေသလားဆိုတာ သဲကွဲအောင်မင်းတို့ကို ပြမ





လို့ကွ"

"ဟုတ်လား . . . ကျွန်တော်တို့သုံးယောက် ရှိနေတဲ့ကြားက အစ်ကိုကြီးတစ်ယောက်ထဲကို ခြောက်နေတာလား။ ဘယ်မှာလဲ အဲဒီသရဲက . . ."

ကျွန်တော်မေးလိုက်သည်ကြောင့် သူလက်ညှိုးထိုးပြလိုက်ရာ ဆီသို့ ကျွန်တော်တို့နှစ်ဦး ကြည့်လိုက်ကြရာ –

"ဟာ"

ကျွန်တော်တို့နှစ်ဦးစလုံး နှုတ်များမှ အာမေဋိတ်သံများပင် ပြိုင်တူလိုထွက်သွားလိုက်ကြပေတော့သည်။ တွေ့မြင်လိုက်ရသည်က ခတ်အုန်းပင်ကြီးအရင်း မြေပြင်ထက်မိုးပေါ်သို့ ထောင်ထိုးထားသည့် အသွင်မျိုးနှင့် လက်နှိပ်ဓာတ်မီးအလင်းတန်းကြီးတစ်ခုပင်။ မြေပြင်မှ လေးပေအမြင့်ခန့်မှလာက်ဖြစ်သည်ကို တအံ့တဩ တွေ့မြင်လိုက်ကြ ရခြင်းဖြစ်သည့် အတွက်ပင်။

"ငါစပြီးတွေ့လိုက်လို့ ထူးပါလားဆိုပြီး သတိထားလိုက်တဲ့ အချိန်က တစ်ထွာလောက်ပဲကွ။ ခုကြည့်နေရင်းက တဖြည်းဖြည်း မြင့်တက်လာတာ။ မင်းတို့ကိုနှိုးပြီး ခုတွေ့လိုက်ရတာက လေးပေလောက် ဖြစ်နေပြီကွ။ ငါတော့ သရဲခြောက်နေပြီလို့ထင်တယ်"

ကျွန်တော်တို့တွေ့လိုက်ရသည့် မြင်ကွင်းက လရောင်ရှိနေ သော်လည်း ရွက်ဖားဝေဝေကြီးတို့အပြင် အသီးများတို့နှင့်မို့ အလင်း ရောင်က အပင်အောက်ဆီသို့ ထိုးမဖောက်နိုင်သဖြင့် အမှောင်ဘက် ဆီသို့ အားသာနေသည့် အပင်ကြီးခြေရင်းတွင် ကျွန်တော်တို့ညပိုင်း သားကောင်များကို မီးထိုးရှာဖွေပစ်ခတ်ကြသည့်အခါ ထွက်ပေါ်သည့် မီးအလင်းတန်းမျိုးဆိုသော်လည်း သူ့အလင်းတန်းက သိပ်မရှည်သေး။



www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်တော်တို့တွေမြင်နေရသည်က လေးပေလောက်ရယ်သာ။

"ဟော . . . တွေ့လားဗိုရှည်လာပြီ။ စောစောကထက် ဗိုရှည်လာပြီ တွေ့ကြလား"

အစ်ကိုကြီးဦးသိန်းလွင်ပြောသလို ကျွန်တော်တို့နှစ်ယောက်ပါ ဝိုင်းကြည့်နေသည့်အကြားမှ စောစောကအလင်းတန်းသည် ဗိုရှည်လျားလာပြီး ရှေ့ကို တရွေ့ရွေ့တိုးလာနေသည်ကို သုံးဦးစလုံး တအံ့တသြ တွေ့မြင်လိုက်ကြသည်မှ အနီးတွင်ချထားသော ဒူးလေးများကို ကောက်ကိုင်လိုက်ပြီး လေးညှို့ကို ဆွဲတင်လိုက်ကြပေသည်။ ထိုအချိန်တွင် တဖြည်းဖြည်း နောက်ကိုပြန်ဆုတ်သွားရင်း တဖြည်းဖြည်းတိုသွားသည်ကို တအံ့တသြ တွေ့မြင်လိုက်ကြရပြန်ပေသည်။ ထိုစဉ် အဘကောင်းထံမှ အသံထွက်လာသည်က –

"ဒါ သရဲခြောက်တယ်လို့လည်း ပြောလို့မရဘူးကွ။ ဘယ်လို သဘောမျိုးလည်းဆိုတာတော့ ငါတို့လည်းမကြုံဘူးတော့ ဘာပြောရမှန်းလည်း မသိဘူးကွ"

အဘကောင်းစကားကြောင့် အစ်ကိုကြီးဦးသိန်းလွင်က –

"ကျွန်တော်တစ်ခု သတိရတယ်။ ဒါတစ်ပွဲစားဦးနီမောင်က သူကျွန်တော်တို့အနားမှာရှိနေကြောင်း အသိပေးတာလားလို့ ထင်နေတယ်။ အဘကိုလှမ်းပြီး တောင်းပန်ကြည့်လိုက်ကြရအောင်။ ဘယ့်နှယ်လဲ"

"လုပ်ကြည့်လိုက်ပါလား။ သိရအောင်ပေါ့"

အဘကောင်းစကားကြောင့် အစ်ကိုကြီးဦးသိန်းလွင်က လင်းထက်မှ မတ်တတ်ထရပ်လိုက်ပြီး လက်အုပ်ချီကာ –

"ကျွန်တော်တို့အဖွဲ့ကို အဘစောင့်ရှောက်နေကြောင်းကို





ကျွန်တော်တို့ယုံကြည်သလို အားလည်းကိုးပါတယ်။ ကျွန်တော်တို့ကို ရန်ကုန်မပြန်ခင်အတွင်း အဘကိုယ်တိုင်စောင့်ရှောက်ပေးပါရန် အဘကို မေတ္တာရပ်ခံပါတယ်။ အဘပင်ပန်းနေပြီဖြစ်တဲ့အတွက် တော်လောက်ဖို့ မေတ္တာရပ်ခံပါတယ် အဘဦးနီမောင်ရယ်"

ထိုသို့ပြောဆိုတောင်းပန်လိုက်စဉ် စောစောကတွေ့မြင်လိုက်ရသည့်အလင်းတန်းသည် တဖြည်းဖြည်းသေးသွားပြီး နောက်ဆုံး မီးလုံးကလေးအသွင်မျိုးနှင့် လူတစ်ရပ်လောက်မြင့်တက်သွားကာ နောက်ကျောတောကြီးအတွင်းဆီသို့ ရွေ့လျားသွားကာ ပျောက်ကွယ်သွားသည်ကို အံ့သြဖွယ် တွေ့မြင်လိုက်ကြရပေသည်။

"တော်သေးတာပေါ့၊ စားပင်ဆီကို သားကောင်မဝင်သေးခင် ဖြစ်နေတာမို့ ဒါပေမဲ့ အောက်ကဝက်တွေဆီက သွေးနံ့ကိုလည်း ရချင်ရမယ်။ ဖယောင်းတိုင်မီးနဲ့ ငါတို့ကိုမြင်သွားချင်လည်း၊ မြင်သွားနိုင်တယ်ဆိုတော့ သိပ်မသေချာတော့ဘူးကွ"

အဘကောင်းပြောလိုက်သဖြင့် ကျွန်တော်ဖယောင်းတိုင်ကို မီးမှုတ်လိုက်ရင်း စောစောကတွေ့လိုက်ကြမြင်လိုက်ကြရသည့် အလင်းတန်းဆီသို့ အတွေးများတို့က ရောက်သွားပေသည်။ စိတ်အားကို လျှော့ချလိုက်၍လားတော့မြင့်မသိ။ အတန်ကြာတော့ မှေးခနဲအိပ်ပျော်မည်ဟု စိတ်ကထင်နေတုန်း ပုခုံးကိုခပ်ကြမ်းကြမ်းကိုင်ကာ လှုပ်နိုးခြင်းကို ခံလိုက်ရသဖြင့် မျက်လုံးအစုံကိုဖွင့်ကာ နားကိုစွင့်လိုက်ရာ ထိန်ထိန်သာနေသော လရောင်နှင့်အတူ အဘကောင်းနှင့်အစ်ကိုကြီးဦးသိန်းလွင်တို့၏ တစ်နေရာဆီသို့ စူးစူးစိုက်စိုက်ကြည့်နေကြသည့်အသွင်ကို တွေ့မြင်လိုက်ရသဖြင့် ကျွန်တော်ကလဲ လှမ်းကြည့်လိုက်စဉ် –

"ရွှတ် . . . ရွှတ် . . . ဈော့"



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းကြည့်နေရာ ခတ်အုန်းပင်ကြီးအထက်ဆီမှ သစ်ကိုင်းတစ်ကိုင်းက လေမတိုးပါဘဲနှင့် လှုပ်လှုပ်ရှားရှားဖြစ်သွားကာ သစ်ရွက်ချင်းတိုးဝှေ့ပွတ်တိုက်လိုက်သည့် ပြင်းထန်စွာထွက်ပေါ်လာသည့် အသံကြီးကို ကြားလိုက်ရသလို ခတ်အုန်းပင်ကြီး၏ ဆယ့်ငါးပေအမြင့် ခွဆုံကိုင်းကြီးတွင် မိန့်မိန့်ကြီးထိုင်လျက် ဟိုအကိုင်းလှမ်းဆွဲ အသီးများကို ကိုက်ဝါးစားလိုက်၊ သည်အကိုင်းကိုလှမ်းဆွဲကာ အသီးများကို ကိုက်ခွဲစားသောက်လိုက်လုပ်နေသည့် ဝံကြီးတစ်ကောင်အပြင် မကြိုက်သည့် အသီးများတို့ကို အောက်သို့ပစ်ချလိုက်သည့်အခါ ထွက်ပေါ်လာသော "တဖုတ်ဖုတ်" အသံများတို့နှင့်အတူ တွေ့မြင်လိုက်ရပေသည်။

"ဝက်ဝံကြီး တက်ပြီးစားနေပါလားအဘ"

ကျွန်တော့်အသံကို ဝံကြီးကြားသွားမည်စိုးရိမ်သဖြင့် အဘကောင်းက သူ့နှုတ်ခမ်းကိုလက်နှင့်တို့လိုက်ရင်း အသံမပေးရန် သတိပေးနေသည့်ကြားက –

"အကောင်ကကြီးလှချည်လား ဘာလုပ်ကြမလဲ"

"စောင့်ကြည့်လိုက်ကြတာပေါ့။ မီးကိုတော့အရမ်းမတိုးလိုက်နဲ့အုံး"

ကျွန်တော်တို့နှစ်ဦးစလုံး လေသံနှင့်ပြောနေကြစဉ် အစ်ကိုကြီးဦးသိန်းလွင်မှာ သူကိုင်ဆောင်ထားသည့် ဒူးလေးနှင့်ပင် လှမ်းချိန်ရွယ်ထားသည်ကို တွေ့မြင်နေရသည်။

"ဗိုလ်လေး . . ., မင်းကိုင်တဲ့ ဒူလေးကိုလေးညှို့တင် မြှားတပ်ပြီး အသင့်ဘေးမှာချထား။ လိုရမယ်ရ စခန်းသိမ်းချင်သိမ်းရမယ်"

အစ်ကိုကြီးဦးသိန်းလွင် ပြောလိုက်သည့်စကားအရ ခတ်အုန်းပင်ကြီးထက်ဆီသို့ ခတ်အုန်းသီးများတက်ရောက်စားနေသော ဝံကြီး





ကို သူတို့မလွှဲမသွေ ပစ်ခတ်ကြမည့်အဓိပ္ပာယ်ပင်။ သည်မှာဘက်များဆီတွင် ဝံကိုနှစ်မျိုးတွေ့ကြရပေသည်။ တစ်မျိုးကအသေးမျိုး (ဝံမြီးကောက်) ဖြစ်ပြီး နောက်တစ်မျိုးက (မြေထိုင်ဝက်ဝံ) ဝံကြီးမျိုးဆိုသည်တို့ပင်။

ယခု ခတ်အုန်းပင်ကြီးထက်ဆီတွင် ကျွန်တော်တို့မြင်တွေ့နေရသည့် ဝံကမြေထိုင်ဝက်ဝံ (ဝံကြီးမျိုး) ဖြစ်နေပြီး သူ့ကိုပစ်ခတ်ရမည့် လက်နက်ကလဲ ဒူးလေးဖြစ်သည့်အပြင် မြှားတံတွင်သုတ်လိမ်းသည့် အဆိပ်လဲဖေပါသဖြင့် သူတို့ ထိုအကောင်ကြီးကို ပစ်ခတ်ကြမည်ဆိုသည်ကို မတွေးတောတတ်အောင်ပင် ဖြစ်နေသည်။

အဘကောင်းကလဲ ဒူးလေးကိုပစ်ခတ်ရန်အတွက် အသင့်ချိန်ရွယ်ထားသည်ကိုလည်း တွေ့မြင်နေရပေသည်။ ဝံကောင်ကြီးမှာ ခတ်အုန်းပင်ကြီးအလယ်ခွဆုံကိုင်းတွင်ထိုင်လျက် လက်လှမ်းမီရာ အကိုင်များတို့တွင်သီးနေကြသော ခတ်အုန်းသီးရှိနေသည့် အကိုင်းကြီးများတို့ကို လှမ်းဆွဲလိုက်၊ အသီးများကိုသူ၏ ကြီးမားသောပါးစပ်အတွင်းမှ ချွန်ထက်ရှည်လျားသော သွားစွယ်ကြီးများတို့နှင့်ကိုက်ဖဲ့လိုက်၊ သူကြိုက်နှစ်သက်သည့် အသီးတို့ကိုစားလိုက်၊ မကြိုက်သည့်အသီးများကို အောက်ဘက်မြေပြင်ထက်ဆီသို့ ပစ်ချလိုက်၊ နောက်ထပ်သစ်ကိုင်းကြီးတစ်ကိုင်းကို လှမ်းဆွဲလိုက်၊ လွှတ်လိုက်တို့ဖြင့် အပူအပင်ကင်းမဲ့စွာ စိတ်အေးလက်အေး စားသောက်နေသည်ကိုကြည့်ရင်း အပင်ကြီးအောက်တွင် သူပစ်ချထားသည့်အသီးများကို ကောက်ယူစားသောက်ကြမည့် အခြားသောသားကောင်များရှိလိုရှိငြား ကျွန်တော်လှမ်းကြည့်နေလိုက်မိသော်လည်း ဘာတစ်ကောင်ကိုမျှ မတွေ့ရပေ။

"ကိုယ့်လက်ကိုယ်ယုံရင်တော့ ပစ်လို့ရတယ်ဗျ"

"ဘယ်လိုကိုယ့်လက်ကိုယ်ယုံပုံမျိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



''မီးထိုးပြီးမျက်လုံးကိုပစ်ဖို့''

''ပစ်ရမဲ့လက်နက်က သေနတ်မဟုတ်တော့ ခက်နေတယ်ဗျာ''

အဘကောင်းနှင့်အစ်ကိုကြီး ဦးသိန်းလွင်တို့တီးတိုးစကားတို့နှင့် အပြန်အလှန်ပြောနေကြသော စကားများပင်။ အဘကောင်းပြောသည်ကလည်း ဟုတ်နေသည်။ ကျွန်တော်တို့အဖွဲ့သားများသည် တစ်ဦးချင်းစီ သေနတ်များပစ်ခတ်ကြရာတွင် အင်မတန်လက်ဖြောင့်ကြပေသည်။

သေနတ်များနှင့် (တစ်တောင့်ထိုးကျည်ချွန်များကို ဆိုလိုသည်) ညပိုင်းလဆုတ်ရက်များတွင် သားကောင်များတို့ကို မီးထိုးရှာဖွေပစ်ခတ်ခဲ့ကြရာတွင် မီးရောင်တွင် ရောင်ပြန်ဟပ်လာသည့် သားကောင်များ၏ မျက်လုံးများကို ပစ်မှတ်ထားကာ ပစ်ခတ်လာခဲ့ကြပေသည်။

အများအားဖြင့် ကျွန်တော်တို့ပစ်ချက်များသည် ထိချက်များတို့က ပစ်မှတ်ထားရာများဆီသို့သာပင်။ ဟိုတစ်ချိန်က ကိုင်ဆောင်ထားကြသည့် သေနတ်များနှင့်ဆိုသော်လည်း ယခုကိုင်ဆောင်ပစ်ခတ်ကြရမည့်လက်နက်က ဒူးလေး၊ သေနတ်မဟုတ်သဖြင့် အရဲမတိုးဝံ့။

လရောင်အလင်းနှင့် တစ်ဦးမျက်နှာတစ်ဦးကြည့်ရင်း အကြံအိုက်နေကြသည်။ ရေ့ကို တိုးကြမလား။ နောက်ဆုတ်ရင်း သည်အတိုင်းထိုင်ကြည့်နေကြမည်လား။ ထိုနှစ်ခုကို အဆုံးဖြတ်ခက်နေကြသည်။ မည်သူမှုလည်း သဘောထားဆက်မပေးရဲကြ။ အတန်ကြာအောင် စဉ်းစားနေလိုက်ပြီးမှ အစ်ကိုကြီးဦးသိန်းလွင်က –

''တို့ဘက်မှာ အဘဦးနီမောင်ရှိတယ်။ ပစ်မယ်ကွာ မကြောက်နဲ့ ဗိုလ်လေး မီးထိုး''





ထိုကဲ့သို့ လေသံနှင့်ပြောလိုက်ရင်း ကျွန်တော့်ကို မီးထိုးခိုင်းလိုက်စဉ် –

''ရှေ့ကြည့် . . . ရှေ့ကြည့်''

ပုံသန်းနေရင်းမှ ပြည့်ကျိုးငှက်ကလေးတစ်ကောင်၏ အော်ဟစ်လိုက်သံကို ကြားလိုက်ရပေသည်။ ကျွန်တော်တို့သုံးဦးလုံး အကြံအိုက်နေသည့်ကြားမှ ထိုငှက်ငယ်ကလေး၏ အော်မြည်လိုက်သံကြောင့် တွန်းအားပေးလိုက်သည်နှယ်မို့ အကျပ်အတည်းကြားမှ လွတ်မြောက်သွားကြသူများပမာ ကြက်သီးများတဖျန်းဖျန်းထရင်း အားတက်သွားကြသည်နှင့်အတူ ကျွန်တော်ကိုင်ဆောင်ထားသည့် လေးခဲထိုးဓာတ်မီးအလင်းတန်းက ဝံကြီးဆီသို့ တိုးထွက်သွားပေတော့သည်။

အမှုအပင်ကင်းမဲ့စွာ စိတ်အေးလက်အေးနှင့် ခတ်အုန်းသီးများတို့ကို တစ်ကိုင်းပြီးတစ်ကိုင်းဆွဲကာ ကိုက်ဖဲ့စားသောက်နေသည့် ဝံကြီးမှာ အမှတ်မထင်ထွက်ပေါ်လာသည့် သူနှင့်တစ်တန်းထဲဆီမှ မီးအလင်းရောင်တန်းကြီးက သူ၏မျက်နှာကိုလှမ်းထိုးခြင်းကို ခံလိုက်ရသဖြင့် တအံ့တသြအသွင်နှင့် စားလက်စအစာကို အောက်ဘက်ဆီသို့ လွှတ်ချလိုက်ရင်း သွားစွယ်ဖွေးဖွေးကြီးများကိုထုတ်ကာ နီရဲတောက်ပြောင်သော မျက်လုံးအစုံဖြင့် မီးတန်းကြီးလာရာဆီသို့ လိုက်လံကြည့်နေသည့်အပြင် သူ၏နှုတ်ဖျားတို့ကလည်း ဒေါသထွက်နေသည့် အသံကြီးမျိုးနှင့် ကြုံးအော်ဟစ်လိုက်ရင်း အလွန်အမင်း ဒေါသခိုးများထွက်နေသည့်အသွင်ကို တွေ့မြင်လိုက်ရပေသည်။

နီရဲလျက် ကြီးမားပိုင်းစက်တောက်ပြောင်သော မျက်လုံးကြီးနှစ်လုံးအောက်ဝယ် ကြီးမားသောပါးစပ်ကြီးအတွင်း ရှည်သွယ်များချွန်ထက်သော သွားစွယ်ကြီးများတို့နှင့် တစ်ကိုယ်လုံးမည်းနက်ကာ



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းတွင် အဖြူရောင်အကွက်ကြီးနှင့် ကြီးမားသန်စွမ်းတုတ်ခိုင်သည့် ဝံကြီးတစ်ကောင်ကို ထင်းရှားစွာတွေ့မြင်လိုက်ရပေသည်။

"ဝူး . . . အူး . . . ဂရား . . . ဂရား . . . ဝူးဂဲ . . . ဝူးဂဲ"

ခတ်အုန်းပင်ကြီးခွဆုံထက်ဆီမှ မီးရောင်ထွက်ပေါ်လာရာဆီသို့ မျက်နှာမူ၍ ထိမထင်ဟန်နှင့် စူးစူးစိုက်စိုက်ပြန်ကြည့်လိုက်ရင်း ဒေါသသံကြီးဖြင့် ကြုံးအော်နေချိန် –

"ဒေါင် . . . ဒေါင်"

လေးညှို့တို့မှ ပစ်လွှတ်လိုက်သည့် မြားနှစ်စင်းတို့က ရှေ့ဆင့်နောက်ဆင့်နှင့် လျှင်မြန်သောအရှိန်အဟုန်တို့ဖြင့် ဝံကြီးရှိရာဆီ မြေးထွက်ကြသည်။ မြားတံတို့သည် ပစ်မှတ်ထားရာ ဝံကြီး၏မျက်လုံးနှစ်လုံးဆီသို့ တာဝန်ကျေပြွန်စွာနှင့် စူးဝင်နစ်မြုပ်သွားကြသည်ကို တွေ့မြင်လိုက်ရသည်နှင့်အတူ သစ်ပင်ခွဆုံကိုင်းတွင် ထိုင်နေသည့် ဝံကြီးမှာ သူ၏လက်ကြီးနှစ်ဖက်နှင့် မြားစိုက်ဝင်ခြင်းခံထားရသော မျက်လုံးနှစ်ဖက်ကို ပိတ်ကာလိုက်ရင်း မြေပြင်ထက်သို့ "ဘုန်း" ခနဲ ပစ်ကျသွားသည့်အသံကြီးကို ကြားလိုက်ရပြီး မြေပြင်ထက်တွင် လူးလှိမ့်နေသည်ကို မီးရောင်အောက်တွင် တွေ့မြင်လိုက်ရပေသည်။

"ဒေါင် . . . ဒေါင် . . . ဒေါင်"

ဝမ်းခေါင်းသံကြီးနှင့် နာနာကြည်းကြည်း ရန်လိုမာန်သွင်းသံကြီးများတို့နှင့် မြေပြင်တွင် လူးလှိမ့်အော်ဟစ်နေသည့် ဝံကြီးကိုမြားချက်တို့က ဆက်တိုက်စူးဝင်နစ်မြုပ်သွားသည်ကို လှမ်းကြည့်နေလိုက်ရင်း အတန်ကြာတော့ သစ်ပင်ငယ်တစ်ပင်ကိုကိုက်ခဲရင်း ငြိမ်သက်သွားသည်ကို တွေ့မြင်လိုက်ရပေသည်။

ရိုးမကြီး၏ ကျွန်တော်တို့ရောက်ရှိနေရာ ဝန်းကျင်ကား အတန်





ကြာကြာ ငြိမ်သက်သွားခဲ့ပြန်ပေသည်။ ဝံကြီး၏အခြေအနေကို သိရှိလိုသည့်အတွက် မီးနှင့်ထပ်မံလှမ်းထိုးကြည့်လိုက်ရာ တောဝက်ကြီးနှစ်ကောင်ကဲ့သို့ ဘေးတိုက်လဲကျသေဆုံးနေပြီကို တွေ့မြင်လိုက်ရပေသည်။ မြားတံများတို့က သူတို့မှလပစ်မှတ်ထားရာ မျက်လုံးနှစ်လုံးတိုပင် တန်းတန်းမတ်မတ်စိုက်ဝင်ထားခြင်းကို ခံလိုက်ရပြီး ကျန်ပစ်လွှတ်လိုက်သည့်မြားတံတို့က သူ၏ကိုယ်လုံးသေကွင်းများတို့၏ နေရာအနှံ့များတို့တွင်ပင်။

အံ့ဩစရာကောင်းသည်က တကယ့်အံ့ဩစရာကောင်းနေသည့် မြင်ကွင်းမျိုးပင်။ အဖွဲ့သားများတို့ကို ပြောပြလျှင်ယုံကြည်မည်ပင်မထင်။ သို့သော် တကယ့်လက်တွေ့ရရှိထားကြသည့် အကောင်များတို့က ကျွန်တော်တို့ပြောပြမည့်ကိစ္စတို့ကို သက်သေခံပေမည်။ အချိန်ကလည်း မိုးလင်းပေတော့မည်။

ပစ်ခတ်လိုက်ကြသော လက်နက်များက သေနတ်မဟုတ်သဖြင့် ယမ်းနံ့မရ။ ထွက်ကျသောသွေးများတို့ကြောင့် သွေးညှီနံ့များကို ရနေသည်။ အောက်ဘက်ဆီရှိ တောဝက်ကြီးများတို့ထံမှလည်း ဝက်သိုးနံ့များထွက်လာပေသည်မို့ အနံ့များကိုရနေသည်။

ထိုအနံ့အသက်များတို့ကြောင့် ထိုဝန်းကျင်ဆီသို့ နောက်ထပ်သားကောင်များလာမည်ကို မျှော်မှန်းလို့မရသည်က အမှန်။ သို့အတွက် မိုးအလင်းကိုထိုင်စောင့်ကြရင်း ယူဆောင်လာသည့် လက်ကျန်အရက်ကို သုံးဦးသားသောက်လိုက်ကြကာ အခြေအနေနှင့်ဖြစ်ရပ်များကို ဆွေးနွေးသုံးသပ်ကြပြီး စောင့်စားနေလိုက်ကြပေသည်။

"အု . . . အု . . . အု . . . ကွီး"

အမှတ်မထင်အောက်ဘက်ဆီမှ အော်သံကြီးတစ်သံကို ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ အသံလာရာဝက်ဝံကြီးရှိရာ ခတ်အုန်းပင်ကြီးအောက်ဆီသို့ ကျွန်တော်တို့သုံးဦး လှမ်းကြည့်လိုက်မိသည်။ အသံတလည်း တောဝက်တို့၏ အော်ဟစ်လိုက်သံမျိုးမို့ ညလယ်ပိုင်းလောက်ဆီက ကျွန်တော်တို့ ပစ်ခတ်လိုက်ကြသဖြင့် နှစ်ကောင်ကျန်ခဲ့ပြီး ကျန်အကောင်များတို့က အဝေးဆီသို့ ပြေးထွက်သွားကြသည်။ ဝက်များတော့ ဟုတ်ဟန်မတူ။ အခြားဝက်များ စားပင်အောက်ဆီသို့ ဝင်ရောက်လာကြသည့် တောဝက်များဖြစ်နိုင်သည်။ သို့သော် ဝံကြီးကိုယ်မှထွက်ကျထားသော သွေးညှီနံ့များတို့ကိုရနေပါလျက် အခြားသို့ရှောင်မသွားသည်က အံ့သြစရာကောင်းနေသည့် အဖြစ်မျိုး။

ကျွန်တော်က အရက်ကိုသောက်နေရင်း တအံ့တသြနှင့် အသံကြားလိုက်ရာဆီသို့ လိုက်လံကြည့်ရှုနေစဉ် သူတို့နှစ်ဦးက ဘေးတွင်ချထားသည့် ဒူးလေးများကို လှမ်းယူလိုက်ကြရင်း အရေးရှိက ပစ်ခတ်နိုင်ရန် စီစဉ်ဆောင်ရွက်နေစဉ် ကျွန်တော်က လက်နှိပ်ဓာတ်မီးကို ကောက်ကိုင်လိုက်မိပေသည်။ မိုးကားလင်းနေပြီဆိုသော်လည်း နှင်းများတို့က ဝန်းကျင်တပိုက် မှိုင်းမှုန်နေဆဲ။

သူတို့နှစ်ဦးကိုင်ဆောင်ထားသည့် ဒူးလေးကိုပစ်ခတ်တော့ရန် အဆင်သင့်ချိန်ရွယ်ထားကြသဖြင့် ကျွန်တော်က မီးထိုးရန်သူတို့ မျက်နှာများကိုကြည့်လျက် သဘောထားတောင်းလိုက်တော့ အစ်ကိုကြီးဦးသိန်းလွင်က ခေါင်းခါပြနေသဖြင့် အသာငြိမ်နေလိုက်ရသည်။

"ဗျဲ . . . ဗွဲ . . . ပလပ် . . . ပလပ်"

အသံများကိုကြားလိုက်ရသည်။ ထိုကြားလိုက်ရသော အသံများဘို့ က သစ်ပင်ထက်ဆီသို့ ဝက်ဝံကြီးတက်ရောက်ကာ ခတ်အုန်းသီးများတို့ကိုစားခဲ့စဉ်က မကြိုက်သဖြင့် အောက်ဆီသို့ပစ်ချထားသည့် ခတ်အုန်းသီးများကိုစားသည့်အသံမျိုးမဟုတ်။ သားကောင်အသေတစ်ကောင်၏ အသားများနှင့်အရိုးများတို့ကိုခွဲဖြဲကာ ကိုက်ဖဲ့စားသောက်နေသည့် အသံမျိုး။





"ဒါ ခတ်အုန်းသီးကို စားတဲ့အသံမျိုး မဟုတ်ဘူးကွ။ ဝံကြီးရဲ့အသားတွေကို ကိုက်ခွဲပြီးအရိုးတွေကို ကိုက်ဖြတ်တဲ့အသံမျိုး။ ဝက်မဖြစ်နိုင်ဘူး။ ဘာကောင်ဆိုတာကို အသာစောင့်ကြည့်အုံး၊ မလောနဲ့"

အစ်ကိုကြီးဦးသိန်းလွင်က တွေးတွေးဆဆနှင့် ပြောလိုက်သဖြင့် ကျွန်တော်တို့နှစ်ဦး ငြိမ်၍နားထောင်နေလိုက်ရင်း အသံကြားလိုက်ရာဆီသို့ စူးစူးစိုက်စိုက် လိုက်လံကြည့်ရှုနေသော်လည်း နှင်းများဖုံးလွှမ်းနေသည့်မို့ သဲကွဲစွာမမြင်တွေ့ရသော်လည်း ဝိုးတိုးဝါးတားဖြင့် ခတ်အုန်းပင်၏ ပင်စည်လုံးကြီးဘေးတွင် အရပ်ခပ်ရှည်ရှည်နှင့် လူတစ်ယောက်ရပ်နေသည့်အသွင်မျိုးနှင့် အောက်ဘက်ဆီသို့ငုံ့လိုက်၊ မတ်တတ်ထရပ်လိုက်၊ သားကောင်သေ၏အသားများတို့ကို ဗျဲခနဲကိုက်ခွဲလိုက်၊ ပလပ်ပလပ်နှင့် စားသောက်နေလိုက်၊ အရိုးများတို့ကို တဂျွတ်ဂျွတ်ဝါးနေလိုက်သည့် အသံများတို့ကို အတိုင်းသားကြားနေရသည်မို့ ဝိုးတဝါးနှင့် နှင်းမှုန်များတို့အကြားတွင် ယခုကဲ့သို့ ဖြစ်ရပ်မျိုးကို မတွေ့ကြုံကြဘူးသူများဖြစ်ကြသည်နှင့်အညီ တစ်ပွဲစားအဘဦးနီမောင်ဖြစ်မည်ဟု ကောက်ချက်ချလိုက်ကြရင်း

"စားစမ်းပါ အဘဦးနီမောင်ရယ်။ အဲဒီအကောင်ကြီးကုန်လို့မဝသေးဘူးဆိုရင် ကျွန်တော်တို့အောက်မှာ တောဝက်ကြီးနှစ်ကောင်ရှိသေးတယ်။ ဝအောင်သာ စားပစ်"

မဖြစ်နိုင်လွန်းသော ကိစ္စမျိုးကို တကယ်ဖြစ်အောင်လုပ်ပြသိုးကျညီထားပြီး နှုတ်မှဖွင့်ဟ၍ဝင် အဘဦးနီမောင်ကို စားနိုင်အနေလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း စောင့်စားကြည့်ရှုနေလိုက်မိကြရပေသည်။

အိပ်တန်းတက်တော့ကြက်ဖငယ်တို့ ကွန်သံများတို့နှင့်အတူ မျောက်အော်သံများ၊ ကျေးငှက်သံတစာစာများတို့ကို ကြားနေရစေကာမူ နှင်းများတို့နှင့်အတိမှို အမှောင်ထုက လွှမ်းမိုးနေတုန်းပင်။ သို့သော် အနိုက်အတန့်ပင်ဖြစ်ပေမည်။ နံနက်ပိုင်းတွင် ထွက်ပြူစနေပြည်တွေးတွေး တို့ကို မြင်တွေ့နေကြရပြီ မဟုတ်ပါလား။

"မင်း ဒူးလေးကိုမြားတပ်ပြီး လေးညို့ကိုဆွဲတင်ထားပေတော့"

အစ်ကိုကြီးဦးသိန်းလွင်ပြောလိုက်သည့် စကားတို့ကြောင့် ကျွန်တော်နှင့်အဘကောင်းတို့နှစ်ဦးက သူ့မျက်နှာကိုလှမ်းကြည့်လိုက်ရင်း –

"ဘာပစ်မလို့လဲ"အစ်ကိုကြီး အဘနီမောင်စားနေတာပဲ စားပါစေ"

ကျွန်တော်က လေသံနှင့် မေးလိုက်တော့သူကလဲ လေသံနှင့်ပင် ပြန်ဖြေသည်။

"ငါနိုင်းတာကို မင်းအရင်လုပ်၊ ပြီးရင်ဒူးလေးကို ဘေးမှာ အဆင်သင့်ချထား၊ နောက်ပြီးမီးကို ဆက်ထိုး"

သူက ခပ်ထန်ထန်ပင် ပြောလိုက်သည့်အတွက် ကျွန်တော်က လေးညို့ကိုဆွဲတင်ကာ မြားတံကိုတပ်ဆင်လိုက်ပြီး လိုအပ်ပါက အသင့် ကောက်ယူကာ ပစ်ခတ်နိုင်မည့်ပုံသဏ္ဍာန်မျိုးဖြင့် ဘေးတွင်ချထားလိုက် ချိန် အဘကောင်းက လှမ်း၍ချိန်တွယ်ပြီးသား ဖြစ်နေပေသည်။ ကျွန် တော်က ကိုင်ဆောင်ထားသည့် လက်နှိပ်မီးဖြင့် အသံကြားလိုက်ရာ ဆီသို့ တန်း၍ထိုးလိုက်ပေသည်။

မီးအလင်းတန်းက နှင်းမှုံများတို့ကိုထိုးခွဲကာ ခတ်အုန်းပင်ကြီး အောက်ဘက်ဆီသို့ စိုက်ပြီးတန်းဆင်းသွားသည်။ မီးရောင်ကြောင့်





တထိတ်တလန့်အသွင်မျိုးနှင့် ရူးရူးရဲရဲနှင့် လိုက်ကြည့်နေသည့် သား ကောင်ကြီး၏မျက်နှာကို ကျွန်တော်တို့ တွေ့မြင်လိုက်ကြရတော့ သုံးဦး စလုံးပင် အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွားကြပေတော့သည်။

"ဗုဒ္ဓေါ . . . ဘယ်လိုအကောင်ကြီးမျိုးလဲ အဘနဲ့အစ်ကိုကြီး"

ကျွန်တော်က မီးနှင့်လှမ်းထိုးထားလိုက်ရင်း ကယောင်ကတမ်း ပင် အသံများထွက်သွားမိပေသည်။ သားကောင်ကြီး၏မျက်နှာကြီးမှာ နှာခေါင်းကြီးက ပုတိုတို၊ မျက်လုံးနှစ်လုံးတို့က ရဲရဲတောက်လျက် ရှည်လျားသော သွားစွယ်ကြီးများတို့နှင့် ပါးစပ်ကြီးအတွင်း ဖက်ဝံသားတုံး ကြီးများတို့ကို လက်နှင့်ကိုင်ကာစားသောက်နေပြီး ကျွန်တော်တို့ရှိရာ ဆီသို့ ရူးရူးရဲရဲရပ်လျက် ထီမထင်ဟန်နှင့် ပြန်ကြည့်နေသည့်အသွင်။

"ခေါင် . . . ခေါင်"

အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့ထံမှ လေးညို့ကို လွှတ်လိုက်သည့်အသံတို့ကို ကြားလိုက်ရသည်နှင့်အတူ မြားတံများတို့က မျက်နှာကိုတစ်ချက်၊ လည်ပင်းကိုတစ်ချက် ရူးရူးနစ်နစ်စိုက်ဝင်နစ်မြုပ် သွားခြင်းကို မြင်တွေ့လိုက်ရသည်နှင့်အတူ မြေပြင်ထက်ဆီသို့ ငိုက်ကျ သွားရင်း "တအူးအူး"နှင့် အော်မြည်ကာ လူးလိမ့်နေသည်ကို တွေ့မြင် လိုက်ရပေသည်။ သားကောင်ကြီးများ မြေပြင်တွင် လူးလိမ့်နေရင်း ကျွန်တော်တို့ရှိရာဆီသို့ မော့ကြည့်သော်လည်း ကြာကြာကြည့်၍ မရ သည့်အသွင်မျိုး။ သူ၏လက်ကြီးနှစ်ဖက်ကို မျက်နှာတွင်အုပ်ထားကာ ငိုက်ကျသွားရာမှ ကြိုးထဖို့ကြိုးစားနေသည်မို့ အနီးတွင်အသင့်ပစ်ခတ် ရန်ချထားသည့် ဒူးလေးကိုကောက်ကိုင်လိုက်ရင်း လှမ်းပစ်လိုက်မိပေ သည်။

လက်တစ်ဖက်က မီးထိုးထားရပြီး ကျွန်လက်တစ်ဖက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူပစ်ခတ်လိုက်ရသည်မို့ မြားတံကတန်းခနဲ စိုက်ဝင်သွားသည်က မြေကြီးအတွင်း။

ထိုအချိန်တွင် သူတို့နှစ်ဦးစလုံး နောက်ထပ်ပစ်ခတ်ရန် အဆင်သင့်ဖြစ်နေသည်မို့ မြေပြင်တွင် လူးလိမ့်အော်ဟစ်နေသည့် သားကောင်ကြီးဆီသို့ ပစ်လွှတ်လိုက်ကြပေတော့သည်။

မြားတံများတို့က မြေပြင်တွင် လူးလိမ့်ကြုံးထကာ ပြန်လည်ကလဲ့စားချေဖို့ကြိုးစားနေသည့် ကုန်းကုန်းကွကွ လှုပ်ရှားနေသည်ကို ပစ်ခတ်လိုက်ကြရသည်မို့ သေကွင်းကိုမဟုတ်သော်လည်း ထိချက်တို့ကစုံးရသည်။ မြားတံတို့စိုက်ဝင်နေသည့်ကြားမှ လူးလိမ့်နေရင်း အတန်ကြာတော့ ငြိမ်သက်သွားပေတော့သည်။

"ဘာကောင်ကြီးလဲဗျ။ ဒီအကောင်မျိုး တစ်ခါမှမကြုံဘူးသေးပါလား။ အရုပ်ကဆိုးလိုက်တာ။ သူ့မျက်နှာက ခွေးဘီလူးမျက်နှာမျိုးပဲ"

ကျွန်တော့်အမေးကြောင့် အစ်ကိုကြီးဦးသိန်းလွင်က ရယ်နေသလို အသံကောင်းက –

"အဲဒီအကောင်က ခွေးတူဝက်တူကောင်ဆိုတဲ့ အကောင်လေ"

"ဟုတ်လား . . . ကြောက်စရာကောင်းလိုက်တာ။ အစားအသောက်ကလည်း ပက်စက်သလားမပြောနဲ့တော့။ ဒီကောင်သားကဝက်သားလိုပဲလို့ ပြောသံကြားဖူးတယ်"

အမှန်အတိုင်းပြောရလျှင် ကျွန်တော်တို့ လိုက်လံပစ်ခတ်နေသည့် တောတောင်များတို့တွင် ယခုလိုအကောင်မျိုးရှိနေသည်ဆိုသည်ကို သိတော့သိထားသည်။ ပစ်ခတ်ထားသည့် ဝံကြီးဓါ်အသားများတို့ကို ဝင်ပြီးကိုက်ဖဲ့စားသောက်နေသည့် အကောင်မျိုးကို မကြုံဖူးသလို ယခုပစ်ခတ်လိုက်သည့် ခွေးတူဝက်တူလိုအကောင်မျိုးကိုလည်း ယခု





မှပင် တွေ့မြင်ခဲ့ဖူးသည်က အမှန်ပင်။ ယုတ်စွအဆုံး သားစားသတ္တဝါများဖြစ်ကြသည့် ကျားနှင့်ကျားသစ်တို့လို အကောင်များတို့ပင် ယခုကဲ့သို့ အစားမကြူးကြပေ။ ထုံပေပေနှင့် ဘာကိုမှအမှုမထား အရေးမလုပ်သည့်ပုံစံမျိုး။

တောကြက်ဖငယ်များတို့၏ တွန်ကျူးသံများကို ကြားနေရပေပြီ။ နေ့သစ်တစ်နေ့ကို ကူးပြောင်းခဲ့ပေပြီ။ ကျွန်တော့်တို့တက်ရောက်ထိုင်နေကြသည့်အပင်တွင် အုန်းနဲ့သီးအမှည့်များကို လာရောက်စားသောက်နေကြသည့် ဘွတ်ကလုန်ငှက်ငယ်ကလေးတို့အပြင် ငှက်ဝါနှင့်ငှက်ပြာကလေးများတို့၏ စားသောက်နေကြရင်း တေးဆိုသံကလေးများတို့ကို လွမ်းမောဖွယ်ကြားနေရပေပြီ။ ထိုစဉ် –

"ဝိုး . . . ဝိုး . . . ဝိုး"

ကောင်းကင်ထက်မှာ ပျံသန်းလာသည့် ငှက်ကြီးများတို့၏ အတောင်ပံခတ်သံများတို့ကို ကြားလိုက်ကြရသဖြင့် ကျွန်တော်တို့ လှမ်းကြည့်လိုက်ရာ အုန်းနဲ့သီးများကို လာရောက်စားသောက်ကြမည့် ရစ်ဖကြီးများဖြစ်နေသည်ကို တွေ့လိုက်ကြရပေသည်။

ရစ်ဖကြီးများတို့ကား ကြီးမားလှပေသည်။ ဦးခေါင်းထက်ဆီတွင် (ဦးစွန်းကောက်)ကြီးများတို့နှင့်မို့ (ဗိုင်)အမျိုးအစားများဖြစ်ပြီး အရွယ်ညီသည့်အတွက် တစ်အုပ်စုထဲမှ လာရောက်စားသောက်ကြသည့်အသွင်။

သည်မှာဘက်များတို့ဆီတွင် ရစ်များနှင့်ပတ်သက်ပြီး လေးမျိုးလေးစားရှိသည်ဟု သိရသည်။ ယခုတွေ့မြင်နေကြရသည့် ရစ်များတို့က (ဗိုင်အမျိုးအစား)ဦးစွန်းကောက် ကြီးမားသည့်အမျိုးပင်။ နောက်တစ်မျိုးက(ဘော)ဟုခေါ်သည့် ဦးစွန်းနိမ့်အမျိုးအစား၊ ဦးစွန်းတန်းအမျိုးအစား



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရိုးရိုးအမျိုးအစားများတို့ပင်။

သူတို့စားသောက်ကြသည့် အစာများတို့မှာ ယခုလိုအုန်းနဲ့သီး အမှည့်များနှင့် ကြက်ခြမ်းသီးများတို့ပင်။ ကြက်ခြမ်းသီးဆိုသည်က အပင်ရင်းတွင်ကပ်ပြီးသီးသည့် နီနီရဲရဲအသီးကလေးများပင်။ ထိုအသီးကိုခွဲကြည့်လျှင် အတွင်းတွင် ထမင်းလုံးစေ့ကလေးများတို့ကဲ့သို့ ဖြူဖြူအဆံကလေးများရှိသဖြင့် ရစ်နှင့်တောကြက်များတို့ လွန်စွာကြိုက်နှစ်သက်ကြသောအသီးများ ဖြစ်ပေသည်။

"ဒီး . . . ဒီး . . . ဒီး"

ပျံသန်းလာရင်း အုန်းနဲ့ပင်ကြီးထက်ရှိ သစ်ကိုင်းများတွင် ဝင်ရောက်နားလိုက်ကြရင်းမှ တစ်ကောင်သောရစ်ဖကြီးက အစာကို မစားမီ အတောင်ခါလိုက်သည့် အသံကြီးက ဝန်းကျင်အားလှုပ်နှိုးလိုက်သည်နှယ်မို့ ကျွန်တော်တို့သုံးဦးသား ဘေးတွင်ချထားသည့် ဒူးလေးများကိုကောက်ယူလိုက်ကြပြီး လေးညှို့ကို ဆွဲတင်နေလိုက်ကြပေသည်။

ကျွန်တော်တို့သုံးဦးစလုံး ပစ်ခတ်ရန် အဆင်သင့်ဖြစ်နေပြီမို့ ပစ်တန်ကောင်းမည့်အကောင်များတို့ကို လိုက်လံချိန်ရွယ်လိုက်ကြရင်း လေးညှို့များတို့ကို လွှတ်လိုက်ကြပေသည်။

"ဒေါင် . . . ဒေါင် . . . ဒေါင်"

ရစ်ဖကြီးများတို့၏ အတောင်နှစ်ဖက်ကို ချုပ်ပစ်ခတ်လိုက်ကြသည်မို့ မြားတံများတို့က သတ်မှတ်ထားရာဆီများသို့ တိကျစွာထိုးဖောက်သွားကြသည့်အတွက် ရစ်ဖကြီးသုံးကောင်စလုံးသည် သစ်ကိုင်းထက်များတို့ဆီတွင်ပင် တဖျပ်ဖျပ်အတောင်များကို ခတ်ရင်းမြေပြင်သို့ ပြုတ်ကျသွားသည့်အသံကြီးနှင့်အတူ ကျန်သောအကောင်များတို့က တထိတ်တလန့်အသွင်နှင့် နားနေရာများဆီတို့မှ ဝေါခနဲအသံကြီးဖြင့်





ဦးတည်ထားရာဆီများသို့ ပြေးထွက်သွားကြသည်ကို တွေ့မြင်လိုက်ရပေသည်။ ကျန်ရှိနေသည့် ငှက်ငယ်ကလေးများတို့ကား ထိုကိစ္စသည် သူတို့နှင့်မသက်ဆိုင်သဖြင့် နေရာများတို့ဆီမှ အစားမပျက်သလို တေးဆိုလည်းမပျက်။

တစ်ကောင်လျှင် သုံးပိဿာနီးပါးရှိပြီး သုံးကောင်ရလိုက်သဖြင့် ကျွန်တော်တို့အဖွဲ့အတွက် နှစ်ရက်စာလောက် ဖူလုံသွားပေသည်။

နှင်းများကိုထွက်ပြူစနေရောင်ခြည်က အနိုင်ရသွားပြီမို့ အရာအားလုံးကို ပြတ်ပြတ်ထင်ထင် မြင်တွေ့နေကြရပြီမို့ သုံးဦးသားအပင်ထက်မှ အောက်ကိုဆင်းရန်အတွက် ကြိုးလှေခါးကိုချတော့မည်လုပ်နေစဉ် –

"အူး . . . ဝူး . . . ဝူး"

နောက်ကျော တောစဘက်ဆီ ရေငန်းတောကြီးအတွင်းဆီမှ လူ့အူလိုက်သံများတို့ကို ကြားလိုက်ရသဖြင့် ပြန်လည်ပြီး အူသံပေးလိုက်ကြပေသည်။ ကျွန်တော်တို့ အောက်ကိုဆင်းလိုက်ကြပြီး ရစ်ဖကြီးသုံးကောင်အား လိုက်လံကောက်ယူနေစဉ် လူငယ်များနှင့်ရှာခံများတို့ရောက်ရှိလာကြပေသည်။ လင့်အောက်တွင် ဦးနောက်ဆီသို့ ဖြတ်ဖောက်ကာ မြားတံများ စူးဝင်နစ်မြုပ်အသက်ပျောက်နေသည့် တောဝက်ကြီးနှစ်ကောင်၊ ကိုက်ဖဲ့စားထားခြင်းခံရသည့် ကြီးမားသည့်ဝံကြီးတစ်ကောင်နှင့် မြားတံများစိုက်ဝင်ကာ ခွေးတူဝက်တူအကောင်ကြီးများတို့ကို သူတို့လိုက်လံကြည့်နေကြရင်း ကျွန်တော်တို့သုံးဦးကို တအံ့တသြ ဖြစ်နေကြသည်နှင့်အတူ –

"လှည်းနဲ့သယ်မှရမယ်ဗျို့။ ဒီအကောင်က ဘာကောင်ကြီးတုန်း မျက်နှာက ကြောက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကုလားကြီးသန်းညွန့်မေးလိုက်သဖြင့် အဘကောင်းပြောလိုက်သည်က–

"ခွေးတူဝက်တူကောင်ကြီးလေ"

"ဝံကို ကိုက်ဖဲ့စားထားတယ်နော်။ အစားအသောက်ပျက်စက်လှပါလား"

"အေး . . . ဟုတ်တယ်"

"အံ့သြစရာနော်။ မြားတံမှာအဆိပ်မပါဘဲနဲ့ ပစ်လိုက်ရတဲ့အကောင်တွေက နေရာမှာအသက်ပျောက်ကုန်ကြတာ။ ထိချက်တွေကလည်း သေကွင်းတွေဆီမှာချည်းပဲ"

"အဘတစ်ပွဲစားဦးနိမောင် ကူညီတာလေ။ ဒီလောက်တော့ရှိမှာပေါ့"

ရစ်ဖကြီးသုံးကောင်ကိုယူလျက် ကျွန်တော်တို့စခန်းရှိရာဆီသို့ လျှောက်လှမ်းခဲ့ကြပေတော့သည်။ ရွာခံမုဆိုးများနှင့်လူငယ်တို့က သားကောင်များတို့ကို လှည်းဖြင့်သယ်ဆောင်ကာ လိုအပ်သည့်လုပ်ငန်းများတို့ကို သူတို့လုပ်ကိုင်ဆောင်ရွက်ကြရပေဦးမည်။

● ● ● ● ●

## ကြောင်ဆိုလျှင်နောင်မမေ့ဘူး ညောင်ဆိုလျှင်တွေ့တိုင်းပြော

ကျွန်တော်တို့အိပ်ရာမှနိုးတော့ မိုးပင်ချုပ်စပြုပေပြီ။ ကိုယ်လက်များသန့်စင်ကာ ထမင်းများကို စားလိုက်ကြပေသည်။ ထမင်းစားအပြီး လူငယ်အုပ်စုက ကျွန်တော်တို့အနီးတွင်ဝိုင်းထိုင်ကာ အဖန်ရည်သောက်ကြရင်းက မေးလာသည်။

"နေပါအုံး အဘရဲ့၊ အဘတို့မှာ မြားဆိပ်ရှိတယ်မို့လား။ ကျွန်တော်တို့မသိအောင် ဝှက်ထားတာလေ။ မြင်ဖူးတယ်ရှိအောင်ပြပါလား"

ကျွန်တော်တို့ ပစ်ခတ်ရရှိလာခဲ့ကြသည့် အမဲကောင်များတို့



www.burmeseclassic.com

www.burmeseclassic.com



အပေါ် လူငယ်အုပ်စုတို့က မယုံသင်္ကာဖြစ်ပြီး မေးလာသည်မို့ –

"တို့မှာ အဆိပ်မရှိပါဘူး။ မင်းတို့ကိုလည်း ဘာကိုမှထိန်ဝှက်မထားဘူး"

"ဟုတ်ပါ့မလား အဘရဲ့။ အဆိပ်မလူးဘဲနဲ့ ဒီလောက်အကောင်ကြီးတွေချည်းရတာ ဖြစ်ကော့ဖြစ်နိုင်ပါ့မလား"

"အမှန်တော့ မင်းတို့မေးသလို မဖြစ်နိုင်တာအမှန်ပဲကွ။ ဒါပေမဲ့ အဲဒီမဖြစ်နိုင်တဲ့ကိစ္စက အမှန်ဖြစ်နေတာ မင်းတို့အမြင်ပဲလေ"

"ဟုတ်ပါတယ် . . . ကျွန်တော်တို့စဉ်းစားနေကြတာက တောဝက်ကြီးနှစ်ကောင်စလုံးကို တစ်ချက်ထဲစီနဲ့ စခန်းသိမ်းခဲ့နိုင်တာရယ်၊ ဟိုအကောင်ကြတော့ သုံးချက်လောက်စီ ပစ်ကြတဲ့နေရာမှာ ဝံကတော့ ထိချက်ပြင်းပြီး ကျန်တဲ့အကောင်ကြတော့ ထိချက်သိပ်မပြင်းဘဲလဲတာကို တွက်ဆနေကြတာပါ။ အံ့သြစရာကောင်းလွန်းလို့"

"အေးကွာ . . . တို့သုံးယောက်စလုံးလဲ အမှန်အံ့သြကြပါတယ်။ ပထမဦးဆုံးဝက်အုပ်ကြီးက လူတွေမောင်းသွင်းလိုက်သလို တန်းပြီးဝင်လာတာနဲ့ လင့်အောက်ကိုရောက်မှ ပစ်လိုက်ကြတာပဲ။ မီးတောင်မထိုးဘဲ ပစ်လိုက်ကြတာ။ ထိချက်ကလဲ ခုမင်းတို့မြင်ကြတဲ့အတိုင်းပဲ။ ဒုတိယဝံကြီးကိုပစ်ဖို့ကတော့ အတော်စဉ်းစားကြရတယ်။ မမျှော်လင့်ဘဲ ပြည့်ကျိုးငှက်ကလေးရဲ့အော်သံကို ကြားလိုက်ရပြီး အားတက်လာလို့ မီးထိုးပြီး မျက်လုံးကိုပစ်လိုက်ကြတာပဲ။ နောက်ဆုံးပစ်လိုက်တဲ့ အကောင်ကတော့ ခွေးတူဝက်တူအကောင်ပဲကွ။ နှင်းတွေကြားထဲမှာ ဝံကြီးရဲ့အသားတွေကို ကိုက်ဖဲ့စားနေတာတွေ့ကြရတော့ အဘဦးနီမောင်ထင်လို့ စောင့်ကြည့်နေကြရသေးတယ်။ နောက်မှမဟုတ်မှန်းသိလို့ ပစ်လိုက်ကြတာကွ။ တစ်ပွဲစားအဘဦးနီမောင်ရဲ့ ကူညီပံ့ပိုးပုံကတော့ အံ့မခန်း





မျက်မြင်ပဲပေါ့။ ဒါကြောင့်သူ့ကို တင်မြှောက်ပသပြီးမှ စားကြကွာ"

သူတို့ပြောနေကြသည့်စကားများတို့ကို ကျွန်တော်နားထောင်နေရင်း လူမှုထိုးများတို့နှင့် ပရလောကသားဖြစ်သည့် တစ်ပွဲစားဦးနီမောင်တို့ အပြန်အလှန် ကျေးဇူးပြုနေကြပုံများတို့က ကိုယ်တိုင်မဟုတ်ဘဲ ပြောပြလျှင် ကိုယ်ပင်ယုံကြည်ရန် အမှန်ခက်နေသည်။

လူငယ်များနှင့်ရွာခံများတို့မှာ ရှိုက်စားပြီးကြသော အသားများတို့ကို ရွာသို့ပေးကမ်းဝေမျှကာ ကျန်သောအသားများတို့ကို အခြောက်လှမ်းပြီး ချက်ပြီးသားဟင်းတို့ကို အရက်နှင့်တင်မြှောက်ပသလိုက်ကြပေသည်။

"တောကြောင်ခြေရာ တွေ့ထားတယ်ဗျ။ မနက်ကြရင် ထောင်ချောက်တွေဆီကိုသွားကြရင်း ဝင်ထောင်လိုက်ကြမလား။ ခြေရာကို ကြည့်ရသလောက် အကောင်ကြီးဗျ"

တင်သိန်းက သူတွေ့လာခဲ့သည့် သားကောင်ခြေရာကို သွားထောင်ကြရန်အတွက် စကားစလာသည်မို့ အစ်ကိုကြီးဦးသိန်းလွင်က–

"ဘာနဲ့ထောင်မှာလဲ၊ သံညှပ်တွေလဲမရှိဘူးလေကွာ။ ဟိုမှာသွားထောင်ထားကြတာမို့လား"

"သံညှပ်မရှိတော့လည်း ခြေရာကြည့်ပြီး သင့်တော်မဲ့ထောင်ချောက်မျိုးဆင်ပြီး ထောင်လိုက်ကြတာပေါ့၊ သံညှပ်နဲ့ထောင်မှဖြစ်မယ်ဆိုရင်လဲ ထောင်ပြီးသားသံညှပ်တစ်ခုကို အဲဒီနေရာပြောင်းဆင်လိုက်ကြတာပေါ့။ သေချာလွန်းလို့ပါ"

တင်သိန်းပြောနေပုံအရဆိုလျှင် သေချာနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် သူကအဘဦးနီမောင်၏ သားအကြီးဆုံးဖြစ်ပြီး အမဲထောင်သည့်လုပ်ငန်းကို မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်ခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေသူမို့ ပေါ့ပေါ့ထားလို့ကမရ။

"အေး . . . ဒါဆိုရင် မိုးလင်းတော့ ထောင်ချောက်တွေဆီကို သွားရင်း ဝင်လိုက်ကြတာပေါ့ကွာ"

ကျွန်တော်တို့အဖွဲ့ သည်ကိုရောက်ရှိနေကြသည်မှာ တစ်ပတ်ကျော်ခဲ့ပေပြီ။ အဖွဲ့သားများတို့နှင့် စုပေါင်းတိုင်ပင်ကာ ပစ်ခတ်ကြရန် သေနတ်များတို့ မရှိကြသော်လည်း၊ တတ်သိနားလည်ထားကြသည့် မုဆိုးပညာရပ်တို့ဖြင့် အပျင်းအပြေနှင့် သတိတရလည်း၊ ရှိလွန်းလှသဖြင့် အေးအေးဆေးဆေးနေကြရင်း စိတ်အပန်းဖြေကြရန် ထွက်လာခဲ့ကြသော ယခုခရီးစဉ်တွင် မျှော်လင့်မထားကြပါဘဲနှင့် တစ်ပွဲစားအဘဦးနီမောင်နှင့် ကျွန်တော်ငှက်များတက်ကာ အိပ်ပျော်နေရင်း၊ ပြည့်ကျိုးငှက်ကလေးတစ်ကောင်အသွင်မျိုးဖြင့် အိပ်မက်အတွင်း၊ အပြန်အလှန်စကားပြောကြရင်းမှ သူ၏ကူညီမှုပေးနေမှုကြောင့် မယုံကြည်နိုင်လောက်အောင် သားကောင်တော်တော်များများတို့ကို ရရှိနေကြသည့်အတွက် အိမ်သို့ပြန်ရန် သုံးရက်လောက်အလိုတွင် ထိုင်၍စားသောက်နေကြမည့်အစား တစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်နေကြမည်ဟု ဆုံးဖြတ်ကာ သားကောင်များတို့ကို ထောင်ချောက်ဆင်ဖမ်းယူရန် လုပ်ကိုင်နေရင်းမှ တောကြောင်ထောင်ရန်ဘက်ဆီသို့ ဦးတည်နေကြခြင်းပင်။

"ဘယ်နေရာမှာလဲတင်သိန်းရဲ့ မင်းတွေ့ထားတဲ့ခြေရာက"

"ကြက်ခြမ်းတောအနောက်က စွန်ဘရပ်ပင်လေ"

စွန်ဘရပ်ပင်ဆိုသည်က ထိုအပင်မှသီးသော စွန်ဘရပ်သီးများကိုတောကြောင်များ အလွန်ကြိုက်နှစ်သက်စွာ စားကြသော တောကြောင်စားပင်မျိုးဖြစ်သည်။

"ဆေးရေတပ်ပင်ကြီးနဲ့ ဘယ်လောက်ဝေးသလဲကွ"





"အဲဒီဆေးရေတပ်ပင်ကြီးနောက်ဘက်က အပင်ပေါ့"

ယနေ့ညအဖို့ ထောင်ထားသည့် ထောင်ချောက်များတို့ဆီမှ ထူးခြားလာမည့် သားကောင်များတို့၏အသံများကို နားထောင်ကြရင်း မေးစက်အနားယူလိုက်ကြပေတော့သည်။

နံနက်မိုးလင်းတော့ ကျွန်တော်တို့အဆာပြေ ထမင်းနှင့်ဟင်းများကိုစားလိုက်ကြပြီး ထောင်ချောက်များထောင်ထားရာဆီသို့ ဦးစွာသွားကြဘဲ တင်သိန်းပြောသည့် တောကြောင်ခြေရာရှိသည့်ဘက်ဆီသို့ ဦးစွာသွားလိုက်ကြပေသည်။

"ငါးခူအိုင်" နောက် ကြက်ခြမ်းတောစွန်ဘရပ်ပင်နားရောက်တော့ သားကောင်၏ခြေရာအဝင်နှင့် အထွက်ခဲ့ခြေရာများတို့က နံနက်ခင်းနှင်းစက်များတို့နှင့်အတိုင်းသား လတ်လတ်ဆတ်ဆတ်ကို တွေ့မြင်လိုက်ကြရပေသည်။ ခြေရာကား ဂုံညင်းဒိုးခံအရွယ်မို့ ကြီးမားသည့်မည်သည့်တောကြောင်အမျိုးအစားဟူ၍တော့ဖြင့်မသိရပေမယ့် ယခုကဲ့သို့ ကြီးမားသောခြေရာကို ကြည့်ခြင်းအားဖြင့် ကြောင်ပါ။ ကြောင်မြင်းနှင့် နွယ်တန်းလျှောက်ကြောင်များတို့လို ကြီးမားသည့်အကောင်များထဲမှပင် ဖြစ်နိုင်ချေရှိသည်။

"ကဲ . . . ဘယ်လိုလုပ်မလဲ၊ သံညှပ်သွားဖြုတ်လိုက်ရမလား။ ဘယ်လိုပုံစံမျိုးနဲ့ထောင်မလဲ"

မိုးကြည်က အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့ထံ သဘောထားတောင်းလိုက်ပေသည်။ အမှန်တော့လည်း၊ သံညှပ်ဖြင့် ထောင်မည်ဆိုက ကျွန်တော်တို့တွင် သံညှပ်ကအပိုမရှိ။ ရှိထားသည့် သုံးခုကလဲ အခြားနေရာများတို့ဆီတွင် ထောင်ထားပြီးဖြစ်သည့်အတွက် သွားရောက်ဖြုတ်ယူရမှာမို့ မေးမြန်းလိုက်ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"နေအုံးကွ . . . လိုအပ်မှသွားယူမယ်ကွာ။ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ ဝိုင်းပြီးကြည့်ကြရင်း စဉ်းစားလိုက်ကြရအောင်"

အဘကောင်းက ပြန်ဖြေလိုက်ပြီး ကျွန်တော်တို့ခြေရာကို လိုက်လံကြည့်ရှုနေလိုက်ကြပေသည်။ တောကြောင်ကြီးဝင်ထွက်ထားရာ မြေပြင်တွင် ထင်ထားသည့်လမ်းကြောင်းကို ကြည့်လိုက်တော့ ညစဉ်ညတိုင်း တစ်ကိုယ်တော်ကြောင် အစာရှာထွက်ရင်း ဖြတ်သွားဖြတ်လာထားသည့် ခြေရာဝိုင်းဝိုင်းကြီးများတို့ကို တွေ့မြင်လိုက်ကြရပေသည်။

ဝင်လမ်းနှင့်ထွက်လမ်းတွင်ရှိနေသော ခြေရာတို့မှာအရွယ်ညီများဖြစ်သည့်အပြင် ပုံစံတူမို့ တစ်ကောင်ထဲသွားလာထားသည့်အသွင် အသွားခြေရာနှင့် အပြန်ခြေရာတို့က မနီးမဝေး။ ခပ်တန်းတန်းနှင့် တလမ်းစီမို့ ခြေရာဝိုင်းဝိုင်းကြီးတွင် လက်သည်းရာမထင်ဘဲရှိနေခြင်းကပင် အကောင်ကြီးထဲကဖြစ်မည်ကို အားလုံးကလဲ သဘောပေါက်ကြသည်။

ဝန်းကျင်တစ်ဝိုက်ဆီတွင် ကြီးမားသောသစ်ပင်ကြီးများ၊ ချုံနွယ်ပင်ကြီးများနှင့် နွယ်ပင်ကြီးများတို့နှင့်အတူ ခြတောင်ပို့ကြီး အများအပြားတို့ကို တွေ့မြင်ရပေသည်။

ကျွန်တော်တို့သံညှပ်ကို မယူတော့ဘဲ အသွားလမ်းတွင် ထောင်ချောက်တစ်ခုထောင်ပြီး အပြန်လမ်းတွင် တစ်ခုထောင်ကြရန် ဆုံးဖြတ်လိုက်ကြသည်။

အသွားလမ်းတွင် သုတ်ကိုင်းထောင်ရန်ပင် ကျွန်တော်တို့အဖွဲ့ ကွင်းလျှောထောင်မည့်ကျင်းကို တစ်တောင်အနက်တူးလိုက်ကြသည်။ ထိုကျင်းနှင့် ခပ်လှမ်းလှမ်းဆီတွင် နောက်ထပ်တစ်ကျင်းကို ထပ်မံတူးလိုက်ကြပြန်သည်။ ကွင်းလျှောချမည့်တွင်းအပြင် ကိုင်းတံစိုက်မည့်





ကျင်းတွင် သုတ်အားကောင်းမည့် အတောင်နှစ်ဆယ်ခန့် မျောက်ချောသားကိုင်းတံ အရင်းကိုထိုးစိုက်လိုက်ရင်း ကိုင်းတံထိပ်ဖျားဆီတွင် ကွင်းလျှောပြုလုပ်မည့် စတီးကြိုးမျှောကိုချည်လိုက်ပြီး မျောက်ချောသားကိုင်းတံကိုကွေးညွတ်လျက် ကွင်းလျှောချမည့်တွင်းနှင့် ငုတ်နှစ်တိုင်ငုတ်ချိုက်ကာ ဝါးမာစိပ်ချောတစ်ချောင်းကိုယူလျက် ဘယ်ညာထိပ်အငုတ်ကို အလျားလိုက်ကန့်လန့်ဆက်သည်။

အလျားလိုက်ကန့်လန့်ထားသော ဝါးမာစိပ်အပေါ်ဘက်ဆီတွင်နှင့် ညာဘက်ဆီတွင် ဝါးမာစိပ်အတိုကလေးများတို့ကို ခပ်ပါးပါးတင်လိုက်ပြီး ထိုဝါးမာစိပ်များတို့ပေါ်သို့ သစ်ရွက်ခြောက်များတို့နှင့် သဲနှင့်ဖုံများတို့ဖြင့် ဖုံးဖိထားလိုက်ကြသည်။ သားကောင်မသိနိုင်စေရန်အတွက် မြေမှုန့်များတို့ကိုလဲ ဖြူးထားလိုက်ကြပေသည်။

မျောက်ချောသားကိုင်းတံနှင့် ထိပ်ဖျားဆီမှကြိုးစကို ကျင်းထိပ်ရှိငုတ်နှင့်ဆွဲလာသောကြိုးမှပါလာသည့် ဝါးအကန့်ကလေးနှင့် ခလုတ်ဆင်လိုက်သည်။ သားကောင်က ကွင်းလျှောချထားသည့် ကျင်းအထက်ကို တက်နင်းလိုက်မိပါက ကျင်းအတွင်းဆီသို့ခြေကျွံသွားကာ အလျားလိုက်ခံထားသောကြိုးကလည်းပြုတ်၊ ခလုတ်ကလည်းပြုတ်ကာ ကွေးညွတ်ထားသော မျောက်ချောသားကိုင်းတံကြီးက ဖျောင်းခနဲဆန့်တန်းကာ သားကောင်ကိုထွေးခနဲဆွဲတင်ကာ မိထားသည့်အသွင်မျိုးပင်။

အပြန်လမ်းဆီတွင် ဆယ်ပေကျော်မြင့်သော တိုင်နှစ်တိုင်ကို စိုက်ထူလိုက်ကြပြီး ထိုတိုင်နှစ်တိုင်တွင်နှစ်ပေခန့်သစ်သားတန်းများ စိုက်လိုက်ပြီး အပေါ်နှင့်အောက် သစ်သားညှပ်များဆင့်ထားသည်။

ထိုသစ်သားညှပ်သည် တစ်ဖက်တွင်ရှိသော အစာကိုစားသော တောကြောင်အဝို့ မြေပြင်မှတစ်ဖက်ထောက်လျက် ပေါင်လုံးအရွယ်



www.burmeseclassic.com

www.burmeseclassic.com



ပေနှစ်ဆယ်ခန့်ရှိသော ကျွန်းပင်ပျိုသစ်လုံးအလေးချိန် အားပြုထားပြီး ခလုတ်တံကို ထိ၊ နင်း၊ တို့၊ တိုက်လိုက်မိသည်နှင့် သစ်လုံးကြီး၏ ဖိအားဖြင့် ညပ်နေပေမည်။ ယခုကဲ့သို့ ကြီးမားသည့် တောကြောင်မျိုးနှင့် အခြားသောကြီးမားသော အကောင်ကြီးများတို့ပင် မလွှတ်နိုင်လောက်အောင် ညှပ်၍ဖမ်းထားသည့် ထောင်ချောက်မျိုးဖြစ်ပေသည်။

ထိုထောင်ချောက်မျိုးကို မုဆိုးတို့အခေါ်အဝေါ်အရ တုံးဘိထောင်ချောက်ဟု ခေါ်ကြပေသည်။

မှတ်ချက် –

ထိုထောင်ချောက်မျိုးကို အစာနှင့်မျှားကာ ထောင်ကြရပေသည်။ ယခုကျွန်တော်တို့ထောင်သောနေရာသည် စွန်ဘုရပ်အသီးများက သူတို့အစာဖြစ်သည့်အတွက် ထိုအပင်ပေါ်သို့ တက်ရောက်စားမည့်နေရာတွင် ထောင်ထားခဲ့ကြခြင်းပင်။

တောကြောင်အသွားလမ်းနှင့် အပြန်လမ်းတွင် ထောင်ချောက်များတို့ထောင်ပြီးသောအခါ နေလုံးနီနီသည် ခေါင်းပေါ်တည့်တည့်ပင်ရောက်ခဲ့ချေပြီ။ အခြားသော ထောင်ချောက်များတို့ဆီတွင် မိထားကြသည့် သားကောင်များကိုဖြုတ်ပြီး ပြန်ဆင်ထားကာ ပြန်ခဲ့ကြပေသည်။ ထောင်ချောက်နှင့်ထောင်ထားသည့် သားကောင်များတို့မှာ ညပိုင်းအစာရှာရင်းမှ ထောင်ချောက်များနှင့်မိကြမည့် သားကောင်များဖြစ်ကြသည့်အတွက် စခန်းချရာဆီသို့မိထားသည့် ချေနှစ်ကောင်ကိုထမ်းကာ ပြန်ခဲ့ကြပေသည်။

အပြန်လမ်းတွင် သစ်ပင်မြင့်ကြီးများတို့ထက်ဆီမှ မျောက်အော်သံများ၊ ဝါးရုံတောကြီးများတို့အတွင်းဆီမှ အောက်ချင်းငှက်အုပ်တို့၏ အော်သံများ၊ ရစ်ပကြီးများတို့၏ အဝေါင်ခါသံများတို့ကို ကြားနေရ





သော်လည်း ဝင်ရောက်ပစ်ခတ်ခြင်းမပြုတော့ဘဲ ပြန်လာခဲ့ကြပေတော့သည်။ ရရှိလာခဲ့ကြသည့် ချေနှစ်ကောင်ကို အရည်ချခုတ်ထစ်ပိုင်းဖြတ်ကြရပေဦးမည် မဟုတ်ပါလား။

"ခု ကျွန်တော်စဉ်းစားနေမိတာက တခြားမဟုတ်ဘူးဗျ။ အရင်တုန်းက ကျွန်တော်တို့ သေနတ်တွေနဲ့ လာခဲ့ကြတုန်းကတောင် သားကောင်တွေကို ဒီလောက်မရဖူးဘူး။ ခုတော့ဗျာ မရပါစေနဲ့လို့ ဆုတောင်းလည်းရနေတာပဲဗျနော်။ အံ့ရောပဲ"

အာလူးကပြောလိုက်သည်ကြောင့် ဥာဏ်ကျယ်ကလည်း ထပ်မံပြောလိုက်သည်က –

"ဟုတ်ပဲဗျာ . . . အဘဦးနီမောင်သားတွေရှိနေလျက်နဲ့ မြားနဲ့ဒူးလေးတို့ကိုတောင် မသုံးချင်လို့ပစ်ထားခဲ့ကြတဲ့ဥစ္စာ။ ခုကျွန်တော်တို့ ရောက်လာတော့မှ ဒီဖွတ်စည်းတွေက ကျွန်တော်တို့အတွက် အဆိပ်မသုံးဘဲ ရနေတော့ သူတို့တောင်ပြန်ကိုင်ကြမယ်လို့ ပြောနေကြတယ်ဗျ"

ပါလာသော ချေနှစ်ကောင်ကို အရည်ချပြီးဝမ်းတွင်းသားကို ထုတ်ကာ ချက်ကြပေဦးမည်။ ကျွန်တော်တို့မှာ အရက်ပုလင်းကိုဖွင့်ကာ သောက်စားနေကြရင်း သူတို့ပြောနေသည့် စကားများကို နားထောင်နေလိုက်ကြစဉ် မှန်က –

"ကျွန်တော်တို့သားကောင်တွေကို ရနေပေမဲ့ ခက်ခက်ခဲခဲနဲ့ သူတစ်ပြန် ကိုယ်တစ်ပြန် အသက်လုရတဲ့ပွဲမျိုး မကြုံရသေးဘူးဆိုတော့ ကျွန်တော်ပျင်းတောင်လာတယ်ဗျာ"

"အေးပါ . . . အေးပါ . . . နင်မနက်ဖြန်ဆိုရင် ပျော်ရပါစေ့မယ်။ အဲဒီအတွက် ငါတာဝန်ယူတယ်"

မှန်ပြောလိုက်သည့်စကားကြောင့် ဥာဏ်ကျယ်မှဝင်ရောက်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်က –

"နင်က ဘယ်လိုတာဝန်ယူမှာမို့လဲ ပြောပါဦး"

"ဒီလိုလေ . . . နင်က ခက်ခက်ခဲခဲစခန်းမသိမ်းရလို့ ပျင်းနေတယ်ဆိုတော့ နင်ပျော်သွားအောင် ငါအဘတစ်ပွဲစားဦးနီမောင်ဆီက အကောင်ကြီးတစ်ကောင် စမ်းပြီးတောင်းကြည့်မယ်ကွာ။ တကယ်လို့ မိနေခဲ့ရင် အဲဒီအကောင်ကို နင်ပျော်သွားအောင် နင်ပဲစခန်းသိမ်းရမယ် ဘယ့်နှယ်လဲ"

"စိန်လိုက်လေ၊ ဘာကြေးလဲပြော"

"ထုံးစံအတိုင်းပေါ့ မေးနေဖို့လိုလား"

"ကောင်းပြီ အပြန်မှာနဂါးနီစားသောက်ဆိုင်မှာနော်"

ထိုကဲ့သို့ အလောင်းအစားပွဲမျိုးမှာ ဘီယာတိုက်ကာ စားသောက်ကြသည့် ကုန်ကျစရိတ်ကို ပေးချေရသည့် လောင်းကစားနည်းဖြစ်ပေသည်။ ယခုလည်း ကျွန်တော်တို့အပြန်လမ်းတွင် တွေ့ရမည့် (၈)မိုင်မရမ်းကုန်းရှိ နဂါးနီစားတော်ဆက်ကို ရည်ညွှန်းကာ ပြောဆိုနေကြခြင်းဖြစ်ပေသည်။

ထိုစဉ် ဉာဏ်ကျယ်က ကျွန်တော်တို့နှင့် စုပေါင်းထိုင်နေရာဆီမှထကာ တဲအောက်သို့ဆင်းသွားပြီး အရပ်လေးမျက်နှာဆီကို လိုက်လံကြည့်ရင်း ပြောလိုက်သည်တို့က –

"အဘ တစ်ပွဲစားဦးနီမောင်ခင်ဗျား။ အဘကူညီမစတဲ့အတွက် သားကောင်များကို ကျွန်တော်တို့အများကြီးရရှိခဲ့ပါတယ်။ အဘကိုလည်း သားတို့အဖွဲ့ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် အခက်အခဲနဲ့မကြုံရလို့ ပျင်းနေတယ်တဲ့။ ဒါကြောင့် ခဲရာခဲဆစ်လဲဖြစ် လူတွေကိုလည်း အန္တရာယ်မဖြစ်မယ့် သားကောင်ကြီးတစ်ကောင်လောက် မပြန်ခင်ကလေး ပေး





သနားပါခင်ဗျား။ အဘကြိုက်တတ်သည့် ကွမ်း၊ ဆေး၊ လက်ဖက်၊ အရည်နှင့် အမဲခေါင်းသားများတို့ကို သားတို့အဖွဲ့ ဂါရဝပြုပါမယ်ခင်ဗျား၊ အပြစ်များရှိခဲ့ရင်လည်း သည်းခံခွင့်လွှတ်ဖို့ကိုတောင်းပန်ရင်း တောင်းခံပါတယ်ခင်ဗျား . . .

ဉာဏ်ကျယ်က အရပ်လေးမျက်နှာဆီသို့ လက်အုပ်ချီရှိခိုး တောင်းပန်ရင်း တောင်းခံလို့အပြီးတွင် –

"ရှေ့ကြည့် . . . ရှေ့ကြည့် . . . ရှေ့ကြည့်"

ပြည့်ကျိုးငှက်ကလေးတစ်ကောင် အသံပေးအော်မြည်ဟစ်ကြွေးလိုက်ရင်း တဲပေါ်မှဖြတ်သန်းပျံသန်းသွားသည့်အသံကို တအံ့တဩကြားလိုက်ကြရပေတော့သည်။

ညဉ့်အစာရှာငှက်များတို့၏ အော်မြည်သံများတို့နှင့်အတူ ကျွန်တော်တို့မှေးစက် အနားယူလိုက်ကြပေတော့သည်။

"ဗုံ . . . ဗုံ . . . ဗုံ"

တဲခေါင်းရင်း သပြေမွှေးဆုပ်ပင်ကြီးထက်ဆီမှ ထူးထူးဆန်းဆန်း မုံတီးနေသည့်အသံမျိုးနှင့် ငှက်အော်သံများကို ကြားလိုက်ရသဖြင့် နိုးထလာသည်။ ထိုငှက်များတို့က ငှက်ဆိုင်းဗိုင်းဟုခေါ်သည့် ငှက်မျိုးပင်။ ခေါင်းရင်းဘက်ရှိတံခါးကိုဖွင့်လျက် ငှက်အော်သံများကြားလိုက်ရာဆီကို လှမ်းကြည့်လိုက်တော့ ငှက်အုပ်က တထိတ်တလန့်အသွင်မျိုးနှင့် ပျံသန်းပြေးထွက်သွားကြသည်ကို တွေ့မြင်လိုက်ရပေသည်။

ထိုအချိန်တွင် အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့က နိုးလာသလို လူငယ်အုပ်စုမှာ ပင်ပန်းလွန်းကြသဖြင့် အိပ်ပျော်နေကြတုန်း ယခုကိစ္စသည် လူများများနှင့် သွားရန်မလိုသဖြင့် ကျွန်တော်တို့ လူကြီးသုံးယောက်ထဲသာ သွားလိုက်ကြရန် တိုင်ပင်လိုက်ကြပြီး အဘ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းက ဒူလေးနှင့်မြားကျည်တောက်ကို လွယ်ပိုးသလို အစ်ကိုကြီး ဦးသိန်းလွင်က ပစ်လုံးနှင့်အောင်းလုံးနှစ်ချောင်းကိုကိုင်ကာ ကျွန်တော်က ကိုင်းခုတ်ဓားကြီးတစ်ချောင်းကိုကိုင်ရင်း ထွက်လာခဲ့ကြပေသည်။

ကျွန်တော်တို့ဦးတည်ချက်က အခြားနေရာများဆီသို့ မဟုတ်။ မနေ့က ထောင်ထားခဲ့ကြသည့် တောကြောင်ကိုထောင်ထားသည့် ငါးခု အိုင်ဘက်ဆီကိုရယ်သာ။

တောကနက်ရှိုင်းသလို တိတ်ဆိတ်နေသည်။ နံနက်ခင်း လေအငွေ့ကြောင့် သစ်ရွက်များတို့ လှုပ်ခတ်သံပင် ကျယ်လောင်လွန်းနေသည်က ထူးခြားနေသည့်အသွင်မို့ –

"အဘရေ့ တောကငြိမ်လှချည်လား။ ထူးခြားနေတယ် မှတ်တယ်"

ကျွန်တော်က လေသံနှင့်ပြောလိုက်သဖြင့် အဘကောင်းက သွားလက်စကို ရပ်တန့်လိုက်ပြီး ဝန်းကျင်ဆီသို့အ...ခတ်ရင်း လိုက်လံကြည့်နေသည်မို့ ကျွန်တော်တို့ကလည်းရပ်တန့်ကာ လိုက်လံကြည့်ရှုနေလိုက်ကြသော်လည်း ထူးထူးခြားခြားတစ်စုံတစ်ရာကိုတော့ မတွေ့မြင်။

အဘကောင်းက မည်သည့်အနံ့အသက်ကို ရလိုက်သည်တော့ မသိ။ လက်တွင်ကိုင်ဆောင်ထားသည့် ဒူးလေးကိုလေညို့ကို ဆွဲတင်လိုက်ပြီး မြားတံကို ဒူးလေး၏မြားလမ်းကြောင်းတွင် ပျားဖယောင်းနှင့် ကပ်နေသည်ကို တွေ့မြင်လိုက်ရပေသည်။ ထိုစဉ်တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည့်အသံကြီးကို အားလုံးကြားလိုက်ရပေသည်။

"ခွီး . . . ခွီး . . . ခွီး"

ကျွန်တော်တို့ မနေ့ကထောင်ထားသည့် ဝှန်ဘုရပ်ပင်ဘက်





လောက်ဆီမှ ကြားလိုက်ရသည့်အသံပင်။ ကျွန်တော်တို့ ယခုရောက်ရှိနေသည့်နေရာနှင့် အတန်ပင်အလှမ်းဝေးသေးသဖြင့် တော်နေသေးသည်။ အသံကိုမှန်းဆလိုက်ခြင်းအားဖြင့် တောကြောင်တစ်ကောင်၏ မာန်ဖီသံမျိုးဟု ခန့်မှန်းလိုက်ကြပေသည်။

ကျွန်တော်က အိပ်ကပ်အတွင်းမှ ရှမ်းဖက်လိပ်ကိုထုတ်ကာ မီးတို့ဖွာရှိုက်လိုက်ပြီး မီးခိုးများကို မိုးပေါ်သို့မော့လိုက်ရင်း မှုတ်ထုတ်လိုက်သည်။ လေသည်အရှေ့အနောက်သို့ ပြန်တိုက်နေသဖြင့် ဆေးလိပ်မီးခိုးများတို့က ကျွန်တော်တို့ လျှောက်လှမ်းလာခဲ့ရာဘက်ဆီသို့ ရွေ့လျားနေသည့်အတွက် ကျွန်တော်တို့ အနံ့အသက်များကိုရသွားသဖြင့် အော်လိုက်ဟန်မတူ။ သားကောင်ကိုမိထားသည့် နေရာဆီမှ အော်နေသည်မို့ တုံးဘီတွင်မိထားသည့် ပုံစံမျိုးမဟုတ်။ အဘယ်ကြောင့်ဆိုသော် တုံးဘီတွင်မိထားခြင်းခံရသော သားကောင်တို့မှာ ယခုကဲ့သို့ အော်ဟစ်နိုင်ခြင်းမရှိ အသက်ပျောက်နေပေမည်။

ယခုအော်နေသည့်အသံက သုတ်ကိုင်းတွင် မိထားခြင်းခံရသဖြင့် ရုန်းကန်လှုပ်ရှားရင်း ဒေါသထွက်၍ အော်ဟစ်နေခြင်းဖြစ်သည့်အတွက်က သေချာလှပေသည်။ ထောင်ထားသည့်ကိုင်းတံကလည်း တောကြောင်ခြေရာရှိရာဆီမို့ ယခုကြားလိုက်ရသည့် အသံကလည်း တောကြောင်တစ်ကောင်၏အသံမို့ သုတ်ကိုင်းတွင် မိနေပြီဆိုသည်က သေချာလှပေသည်။

တောကြောင်များတို့သည် အခြားသော သားကောင်များတို့နှင့် မတူညီသည့်အချက်က ဝင်လမ်းနှင့်ထွက်လမ်း၊ အလွှန်အမင်း မှန်သည့်အကောင်မျိုးပင်။ ပိုထူးခြားသည့်အချက်က သူ့ဝင်လမ်းထွက်လမ်းတွင် သူ့အတွက် အန္တရာယ်မပေးသေးသမျှ ကာလထပ်လျှောက်မှုး ထို



www.burmeseclassic.com

www.burmeseclassic.com



ဝင်လမ်းထွက်လမ်းအတိုင်းသာ သွားလာကြသည့် ထူးခြားသောအချက်ပင်။ ထိုကဲ့သို့ တောကြောင်များတို့၏ ထူးခြားသောအချက်ကို သိရှိထားကြသည့် ကျွန်တော်တို့အဖွဲ့သားများအတွက် ထိုနည်းကို အပိုင်အသုံးချလိုက်နိုင်သဖြင့် ယခုအချိန်တွင် ကျွန်တော်တို့ထောင်ထားကြသည့် ထောင်ချောက်တွင် မိနေခဲ့ပေပြီ။

"ကဲ . . . ကျွန်တော်တို့သုံးဦး ဒီကနေလူစုခွဲပြီး တောကြောင်ကြီးအနီးကိုကပ်မယ်။ ကိုသိန်းလွင်က ဒူးလေးကိုကိုင်၊ လုံနှစ်ချောင်း ကျွန်တော့်ကိုပေး၊ ကျွန်တော်စခန်းသိမ်းမယ်။ လိုအပ်ရင် ဒူးလေးနဲ့ ပစ်ပေါ့ ဗိုလ်လေးက ပွဲကြည့်ပရိသတ်လုပ်"

ပြောပြောဆိုဆိုနှင့် အဘကောင်းက လုံနှစ်ချောင်းကို အစ်ကိုကြီး ဦးသိန်းလွင်ထံမှယူလိုက်ပြီး ပြောလိုက်သည်က –

"ဟိုမှာတွေ့နေရတဲ့ ဒိုးနွယ်ပင်ကြီးမှာ ကပ်ပေါက်နေတဲ့ သပွတ်သိမ်ချုံတောကြီးကို ကျွန်တော်ဝင်ကပ်မယ်။ ခင်ဗျားတို့နှစ်ယောက် ဟိုရေခန်းတောကို အရောက်သွား။ အဲဒီကိုရောက်တော့မှ ထောင်ချောက်ဘက်ဆီကို တိုးဝင်ကြ။ သားကောင်အနံ့မရဖို့နဲ့ မရိပ်မိစေဖို့တော့ အထူးသတိထားပါ။ ကျွန်တော့်ကိုကြည့်နေပါ။ ကျွန်တော် မလှုပ်ရှားရင် အချက်မပြရင် ခင်ဗျားတို့ဘာကိုမှစပြီး မလှုပ်ရှားကြနဲ့ ကြားကြရဲ့လား"

ပြောပြောဆိုဆိုနှင့် လုံနှစ်ချောင်း(ပစ်လုံ)ကို ညာဘက်မှာကိုင်ပြီး (အောင်းလုံ)ကို ဘယ်လက်မှဆုပ်ကိုင်ရင်း ရှည်မတက်ချုံနွယ်တောကြီးအတွင်း တိုးဝင်သွားပေသည်။

ထိုရှည်မတက်တောကိုကျော်ပြီးပါမှ သူသွားမည့်ဒိုးနွယ်ပင်ကြီးကို တွယ်ကပ်ပေါက်နေသည့် သပွတ်သိမ်ချုံနွယ်တောကြီးအတွင်းသို့ သွားလို့ရမည် မဟုတ်ပါလား။





ကျွန်တော်တို့နှစ်ဦးက နေရောင်တွင်ပင် အတန်ကြာကြာရပ်နေလိုက်ကြပြီး ရေခန်းတောဘက်ဆီသို့ လျှောက်လှမ်းခဲ့ကြပေတော့သည်။

နံနက်ပိုင်း မိုးမကြီးအတွင်းဆီမှ မြူနှင်းများတို့နှင့် ခပ်ယဲ့ယဲ့ အလင်းရောင်တို့ကြောင့် ဝန်းကျင်ကို ဝိုးတဝါးလှမ်းမြင်တွေ့နေကြရသလို လေကလည်းငြိမ်နေသဖြင့် ကျွန်တော်တို့အနံ့အသက်ကို ရဟန်မတူ။ သို့အတွက် သားကောင်ထံမှ ထူးထူးခြားခြား ဘာသံကိုမျှမကြားရ။ ရေခန်းတောကိုကျော်လိုက်သည်နှင့် သုတ်ကိုင်းထောင်ထားရာဆီသို့ အရောက်သွားတိုးကပ်ရန်အတွက် အခက်တွေ့ကြရပေသည်။ အဘယ်ကြောင့်ဆိုသော် ရှေ့သွားရမည့်လမ်းက တောမထူဘဲ ဆင်ငိုမြက်ရိုင်းများသာပေါက်နေသည့် လွင်ဆန်ဆန်ပြင်အတွင်း တောချုံငယ်ပင်များတို့က ခပ်ကျဲကျဲနှင့် ဟိုတစ်စု၊ သည်တစ်စုပေါက်နေသည့်အသွင်။

တောချုံငယ်ပင်များဆီသို့ ငုံ့လျှိုးကာ တစ်ဦးချင်းကပ်မှရမည်မို့ အစ်ကိုကြီးဦးသိန်းလွင်က ဆင်ငိုမြက်များအတွင်း ဝမ်းလျားမှောက်ကာ မိချောင်းတက်၊ တက်လိုက်ရင်း တရွေ့ရွေ့တိုးကပ်သွားသလို၊ သူသွားသည့် စွပ်ကြောင်းအတိုင်း ကျွန်တော်က နောက်မှလိုက်သွားပေသည်။ နံနက်ခင်းမြက်ရိုင်းတို့အပေါ်ကျပေါက်ထားသော နှင်းတို့က ကျွန်တော်အဝတ်အစားများကို ရွှဲနစ်ကုန်ပေပြီ။ ကျွန်တော်နောက်က လိုက်သူပင် သည်အခြေအနေမျိုးဆိုပါက ရှေ့ကသွားနေသည့် အစ်ကိုကြီးဦးသိန်းလွင် ဆိုပါက မည်သို့ဖြစ်နေမည်မသိ။

"ခွီး . . . ခွီး . . . ခရူး . . . ခရူး"

မည်သို့ဖြစ်သည်ကိုတော့ဖြင့် မသိ၊ အရှုတ်တောစသို့ ရောက်ကာနီးပါမှ တောကြောင်ကြီး၏အသံကို ကြားလိုက်ရပြန်သည်။ ကျွန်တော်တို့ အနံ့အသက်ကို ရသွားလိုက်ဟန်ထင်၊ ကိုင်းတံဖြင့် မိထားသောသား



www.burmeseclassic.com

www.burmeseclassic.com



ကောင်က အပြင်းအထန် ရှုန်းကန်နေသည်။

အရှုတ်တော၀ကို ရောက်ကြပြီမို့ ချုံနွယ်တောအကြားဆီသို့ နှစ်ဦးသားတိုးဝင်လိုက်ကြပေသည်။ အတန်လှမ်းလှမ်းဆီသို့ တိုးကပ်လိုက်ကြရင်း သားကောင်ဆီကိုခေါင်းထောင်ကြည့်လိုက်တော့ စတီးကြိုးပျော့က လက်တစ်ဖက်ကိုမိထားသဖြင့် ပတတ်ရစ်နေသည့် အသွင်မျိုး အပြင် မြေပြင်နှင့်လည်း မလွတ်တလွတ်ဖြစ်နေသည့် တောကြောင်ကြီးတစ်ကောင်၏အသွင်။

ကျွန်တော်တို့ တိုးဝင်ခေါင်းထောင်ကြည့်နေသည့်နေရာက တောကြောင်ကြီးပတ်ရစ်နေသည့် နောက်ကျောဆီမို့ ကျွန်တော်တို့ အနံ့အသက်ကို ရဟန်မတူ။ သို့သော် ရုန်းလည်းရုန်းနေသလို သူ့လက်တွင်မိထားသော စတီးကြိုးပျော့ကိုလည်း ကိုက်ဖြတ်ဖို့ကြိုးစားနေရင်း ဒေါသထွက်နေရသည်က ထွက်ပေါ်လာသည့်အလင်းရောင်ကြောင့် ဖြစ်ဟန်တူသည်။ မိုးစင်စင်လင်းပါက သုတ်ကိုင်းထောင်ထားသူများ ရောက်လာပြီး သူ့အသက်ကို ချွေယူတော့မည်ကို ရိပ်မိသိရှိထားသဖြင့် အတင်းရုန်းကန်နေသည့်အသွင်မျိုး။ ကျွန်တော်တို့ကို နောက်ကျောပေးထားသည်မို့ ဘယ်လိုတောကြောင်အမျိုးအစားဆိုသည်ကိုပင် မသိကြသေး။

နောက်ကျောကကြည့်လိုက်ရသည်မို့ ကြောင်ပါ။ ကြောင်မြင်း။ ကြောင်နံ့သာ၊ ကြောင်ကတိုး။ ကြောင်ဦးကြည်း၊ ကြောင်တံငါ၊ ကြောင်ဘားလား။ ကြောင်ညို၊ နွယ်တန်းလျှောက်၊ ဖါးယောင်းကြောင်ပြောက် ဆိုသည့် အမျိုးအစားများထဲက ဟုတ်ဟန်မတူ။ နေခြည်နုနုအလင်းရောင်ကြောင့် တွေ့မြင်သတိထားလိုက်မိသည်က သူ၏အမြီးက တိုနံ့နံ့နှင့်မို့ မြီးတံတိုကြောင်မျိုးဖြစ်ဖို့များသည်။

ကျွန်တော့်အတွေးများတို့က မှန်ကန်နေသည်။ အစ်ကိုကြီး





ဦးသိန်းလွင်က –

“ကြောင်မြီးတိုတို့ကွ။ အကောင်တော်တော်ကြီးတယ်၊ ညီလေးက ဖက်သမ်းပင်ဘက်ကိုသွား။ ဟိုဘက်ကအယောင်ပြ၊ ငါကဒီနေရာက နေမယ်။ အဘကောင်းအရိပ်အခြည်ကို ကြည့်လှုပ်ရှားနော်”

အစ်ကိုကြီးဦးသိန်းလွင်က ဒူးလေးကိုကိုင်ဆောင်ထားသော်လည်းမပစ်သေးဘဲ လှံနှစ်ချောင်းကိုကိုင်ဆောင်သွားသည့် အဘကောင်းရှိနေမည့် သပွတ်သိမ်ချုံတောအတွင်းမှ အသာတိုးဝေ့သွားလိုက်ပေသည်။ ရောက်တော့ ကျွန်တော် ဘေးတိုက်အနေအထားမျိုးနှင့် တောကြောင်ကြီးကို ကြည့်နေလိုက်ပေသည်။

သပွတ်သိမ်ချုံနွယ်တောကြီးအတွင်းဆီမှ အစ်ကိုကြီးဦးသိန်းလွင်ကို လှမ်းအချက်ပြလိုက်သည်ကို တွေ့မြင်လိုက်ရပေသည်။ သို့အတွက် အစ်ကိုကြီးဦးသိန်းလွင်က တောချုံပုတ်အား လှုပ်ခြလိုက်သဖြင့် နောက်ကျောပေးထားရာမှ တောချုံပုတ်လှုပ်ရှားနေရာဆီသို့ ပြန်ကြည့်နေစဉ် ကျွန်တော်၏ ခပ်လှမ်းလှမ်းဆီမှ လှုလုံးထွက်ပြလိုက်သဖြင့် ကျွန်တော့်ထံသို့ ဒေါသတကြီး ရန်လိုမှန်းတီးစွာဖြင့် ပြေးထွက်ကိုက်ခဲဖို့ ကြိုးစားလိုက်သော်လည်း ကိုင်းတံထိပ်များတွင်ချည်နှောင်ထားသည့် စတီးကြိုးပျော့က နောက်ဆီသို့ ပြန်လည်ဆွဲခြင်းကိုခံလိုက်ရသဖြင့် နောက်ပိုင်းဆီသို့ပြန်လည်ကာ ဘေးတိုက်လဲအကျတွင် အဘကောင်းက သူပုန်းကွယ်နေရာ သပွတ်သိမ်ချုံတောကြီးအတွင်းမှ လှစ်ခနဲပြေးထွက်လာပြီး ညာလက်တွင်ကိုင်ဆောင်ထားသည့် ပစ်လှံကတောကြောင်ကြီး၏ ရှေ့လက်ပြင် နောက်နှလုံးသားရှိရာဆီသို့ နက်နက်ရှိုင်းရှိုင်း ထိုးစိုက်နစ်မြုပ်ဝင်ရောက်သွားသည်နှင့်အတူ ခွီးခနဲ . . . ခွီးခနဲ အသံကြီးနှင့် နာနာကြည်းကြည်း အော်ဟစ်လိုက်ရင်း ရှိသမျှခွန်အားကိုသုံးကာ နောက်ဆုံး

www.burmeseclassic.com



လက်စားပြန်ချေသည့်အသွင်မျိုးနှင့် အဘကောင်းဆီသို့ လှမ်းခုန်လိုက်သော်လည်း အဘကောင်းလက်တွင် ကျန်ရှိနေသည့် အောင်းလုံ့ဖြင့် ထောက်ကာ ထိုးလိုက်ခြင်းကို ခံလိုက်ရသဖြင့် လုံနစ်ချောင်းစလုံး နက်ရှိုင်းစွာ သေကွင်းများဆီသို့ စိုက်ဝင်ခြင်းကို ခံလိုက်ရသဖြင့် သေငယ်ဇောနှင့် မြေပြင်ထက်တွင် လူးလိမ့်အော်ဟစ်နေပေတော့သည်။

တောကြောင်ကြီး၏ ပြင်းပြင်းထန်ထန် လှုပ်ရှားမှုကြောင့် မျောက်ချောသားကိုင်းတံကြီးမှာ ကွေးလိုက်၊ ဆန့်လိုက်အသွင်မျိုးဖြစ်နေရာမှ အတန်ကြာတော့ ငြိမ်သက်သွားသည်ကို တွေ့မြင်လိုက်ရပေတော့သည်။

ငြိမ်သက်သွားပြီဖြစ်သော တောကြောင်ကြီးကို ကြည့်လိုက်တော့ သူ၏ကြီးမားသော ပါးစပ်ကြီးအတွင်းမှ ရှည်လျားသောသွားစွယ်ကြီးများတို့ဖြင့် ဝါးမြစ်ဆုံပိုင်းကြီးတစ်ခုကို ကျားနာခံခဲရင်းကိုက်ထားသည်ကို တွေ့မြင်လိုက်ရပေသည်။

ကျွန်တော်တို့နှစ်ဦး အဘကောင်းနှင့် သေဆုံးပြီဖြစ်သော တောကြောင်ကြီးအနီးဆီသို့ တိုးကပ်ပြီးကြည့်လိုက်ရာ အလွန်ကြီးမားသည့် တောကြောင်ကြီးတစ်ကောင်ဖြစ်ပြီး အလေးချိန် (၂၀)အထက်နှင့် ကြောင်မြီးတံတိုမျိုးပင်။ အသက်ပျောက်ကာ ငြိမ်သက်သွားပြီဖြစ်သော တောကြောင်ကြီး လက်မှကွင်းလျှောမိနေသည့် စဝီကြိုးကိုဖြေလိုက်သည်။ သူကိုယ်မှထွက်သော သွေးတို့က မြေပြင်ထက်တွင်မြင်မကောင်း။ သွေးညှီနံ့များကိုရလိုက်ကြသဖြင့် ယင်မမဲရိုင်းကောင်ကြီးတို့က ရောက်လာကြပေသည်။ မြေပြင်ထက်တွင်ကျဆင်းနေသော သွေးများကိုသောက်သုံးနေကြချိန် ခြေနှင့်လက်များတို့ကို နွယ်ကြိုးများနှင့်ချည်နှောင်လိုက်ကြပြီး ဝါးတစ်လုံးကိုခုတ်ကာ သင်လျှိုထမ်းကြရင်း ပြန်လာခဲ့ကြပေသည်။





ထိုသုတ်ကိုင်းကို ပြန်မထောင်ခဲ့တော့ဘဲ သည်အတိုင်းထားခဲ့လိုက်သလို ဟိုဘက်မှထောင်ချောက်တုံးဘီကိုလည်း သည်အတိုင်းထားကာ သားကောင်ကိုထမ်းရင်းပြန်လာစဉ် အစ်ကိုကြီးဦးသိန်းလွင်က –

"ညီလေး . . . ဒီတောကြောင်ကြီးကို ငါကိုယ်တိုင်ကိုင်မယ်။ မင်းတို့အဖွဲ့ကို ငါကိုယ်တိုင်ချက်ကျွေးမယ်။ လမ်းသွားရင်း ကျွဲဂုံမင်း ဘယ်မှာပေါက်တယ်ဆိုတာ ကြည့်စမ်းကွာ။ ငါချက်ကျွေးတာကို မင်းတို့စားပြီး တော်ကြာဟိုစကားလိုဖြစ်သွားမယ်"

"ဘယ်စကားလိုလဲ အစ်ကိုကြီးရဲ့"

"ဟိုလေကွာ . . . ကြောင်ဆိုရင် နောင်မမေ့ပါဘူး။ ညောင်ဆိုရင် နောင်တွေ့တိုင်းပြောဆိုတဲ့ စကားလေကွာ"

"ကြားတော့ကြားဖူးတယ်အစ်ကိုကြီးရဲ့။ အစ်ကိုကြီးပြောသလောက်ကောင်းတဲ့ချက်နည်းမျိုးကိုတော့ တစ်ခါမှ မစားခဲ့မိသေးဘူး အစ်ကိုကြီးရဲ့"

"အေး . . . ဒီတစ်ခါ ငါကိုယ်တိုင်ချက်ကျွေးမယ်။ မင်းကျွဲဂုံမင်းကြည့်ရင်း ပဒဲကောပင်ကိုလည်း ကြည့်စမ်းကွာ"

"ကဲ . . . ပြောရင်းဆိုရင်း ဟိုမှာပေါက်နေတာ ကျွဲဂုံမင်း။ ဟိုဘက်က ပဒဲကော၊ ဒီမှာက ပုတတ်စာတွေ"

အဘကောင်းကပြောရင်း လက်ညှိုးထိုးပြလိုက်သည်နှင့် ကြည့်လိုက်တော့ ဟုတ်နေသဖြင့် ရမ်းနားလိုက်စဉ် ကျွန်တော်ကိုင်ထားသည့် ကိုင်းခုတ်ဓားကို အဘကောင်းကလှမ်းယူလိုက်ပြီး သွားရောက်ခုတ်ယူနေသည်ကို တွေ့လိုက်ရပေသည်။

ကျွန်တော်တို့စခန်းဆီသို့ရောက်တော့ လူငယ်အုပ်စုမှာတော့။ ထောင်ချောက်များထောင်ထားရာဆီသို့ သွားကြပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးဦးသိန်းလွင်ကား သူပြောထားသည့်စကားအတိုင်း တောကြောင်ကြီးကို မီးမွှိုင်း၊ အမွေးတို့ကိုချစ်၊ ဗိုက်ခွဲ၊ ခုတ်ထစ်ပိုင်းဖြတ်ကာ ချက်သည်။ ချက်ပြီးကျန်သည့် အသားများကိုနေလှမ်းကာ ခြွေးတလုံးလုံး၊ ဘောင်းဘီတိုကလေးနှင့် လုပ်နေရင်းက –

''အဘကောင်းနဲ့ ညီလေးတို့အဖွဲ့ ဒီညနေထမင်းကို ကြောင်သားနဲ့စားကြမှာဆိုတော့ လျှာလည်သွားမယ်။ နောင်ကို တောပစ်ထွက်လေတိုင်းကြောင်ရခဲ့ရင် ငါ့ကိုမင်းတို့ဝိုင်းပြီး သတိရနေကြမှာ ငါမြင်ယောင် သေးတယ်''

အပြောကတော့ ရွှေမန်းပင်။ ဟုတ်သည်မဟုတ်သည်ကိုတော့ ဖြင့် စောင့်ကြည့်ရပေဦးမည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ တောပစ်ထွက်လေတိုင်း (သူအပါအဝင်)တောကြောင်များတို့ကို တော်တော်များများပစ်ခတ်ရရှိခဲ့ကြသည်။ အဲဒီအချိန်က ရရှိခဲ့ကြသည့် တောကြောင်များကို စခန်း(အထိုင်ချရာ) မှဆိုးတို့မိသားစုမှ ချက်ပြုတ်ကျွေးမွေးခဲ့ကြသည်ကို သူလည်းစားခဲ့သည်။

အဲဒီအချိန်ကာလကရရှိသည့် တောကြောင်သားကို သူကိုယ်တိုင် ချက်ကျွေးမည်ဟုမပြောခဲ့။ ယခုလို ကောင်းကြောင်းကိုလည်း အမွှမ်းမတင်ခဲ့။ ယခုကျမှ သူကိုယ်တိုင်ချက်ကျွေးမည်၊ အင်မတန်ကောင်းသည်ဆိုသည်မှို ဟုတ်၊ မဟုတ်ကိုတော့ သူချက်ပြီး၍ စားကြည့်ပြီးမှ ဟုတ်၊ မဟုတ်ကို ပြောလို့ရပေမည်။

တောကြောင်ဆိုသည်ကလဲ အမျိုးကအများသားကလား။ ယခု သူပြောနေသည့် ကောင်းလှပါသည်ဆိုသည့် တောကြောင်က မြီးတံတိုမျိုးမှို ပြောသည်လားတော့ဖြင့် မသိပေ။ လူငယ်အဖွဲ့သားကောင်များကို ထမ်းကာပြန်ရောက်လာတော့ ညနေသုံးနာရီမှင် ထိုးခဲ့ပေပြီ။ သူတို့ထမ်း





လာကြသည့် အကောင်များကိုကြည့်လိုက်တော့ တောဝက်တစ်ကောင်နှင့် ဆတ်ပေါက်တစ်ကောင်တို့ပင်။

တောဝက်မှာသံညှပ်နှင့်မိပြီး ဆတ်ကသုတ်ကိုင်းနှင့် မိခြင်းဖြစ်ပေသည်။ သူတို့ရရှိလာကြသည့် အကောင်များကို အရည်ချ၊ ဝက်မွေးချစ်နေကြသည့်အချိန် ကျွန်တော်တို့ ကိုယ်လက်သန့်စင်ပြီးကာ အရက်ထိုင်သောက်ကြရင်း ကျက်နေပြီဖြစ်သော တောကြောင်သားဟင်းနှင့် အမြည်းလုပ်ကာ သောက်စားလိုက်ကြရင်း စောင့်စားနေလိုက်ကြပေသည်။

သူတို့ကိစ္စပြီး၍ထမင်းစားရန် ပြင်ဆင်တော့ ကျွန်တော့်တို့ ထမင်းပင် မစားနိုင်ကြတော့။ ဗိုက်ဆာဆာနှင့်ကြောင်သားဟင်းကို တဝစားလိုက်ကြသည့်အတွက်ကြောင့် ဖြစ်ပေသည်။ အစ်ကိုကြီးပြောခဲ့သလို အမှန်အတိုင်းကလည်း တောကြောင်သားဟင်းက ကောင်းနေသည် မဟုတ်ပါလား။

"မနေ့ညက ဉာဏ်ကျယ် အဘဆီမှအကောင်ကြီးကြီး တောင်းထားတာမို့ ပေးများပေးမလားရယ်လို့ ကျွန်တော်တို့ထောင်ချောက်တွေဆီ အကုန်လိုက်ကြည့်ပါဦး။ နောက်ထပ်သုံးရက်လောက် ကျန်နေသေးတာပဲ မဟုတ်လား"

ကုလားကြီးသန်းညွှန့်ပြောစကားအရ အဘကောင်းက ပြန်ပြောလိုက်ခြင်းပင်။ အမှန်တော့လည်း ဟုတ်နေသည်မို့ မည်သူကမျှ ပြန်ပြောလို့ကမရ၊ အချိန်များရှိနေသေးသည် မဟုတ်ပါလား။

"ဒါနဲ့ကိုလှမြင့်တစ်ယောက် ခုံးတယ်လို့ကြားတယ်။ တို့ကိုလည်း အကြောင်းမကြားဘူး မင်းတို့ကောကြားရဲ့လား။ ဟုတ်ကောဟုတ်ရဲ့လားကွ"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ဦးသိန်းလွှင်မေးလိုက်သည်ကြောင့် တင်စိုးက –

''ဟုတ်တယ် . . . သူသေတာက ဆန်းတော့ဆန်းသား။ ပြောပြန်လည်း ယုံကြမှာမဟုတ်ဘူး။ ဖြစ်ရပ်ကတော့ အမှန်ပဲ''

တင်စိုးပြောလိုက်သော စကားတို့ကြောင့် ကျွန်တော်စိတ်ဝင်တစားဖြစ်သွားမိသည်မို့ မေးလိုက်မိသည်က –

''ဘယ်မှာဆုံးတာလဲ။ ဘယ်လောက်ကြာပြီလဲ။ ဖြစ်ပုံကလေးကို ပြောပြစမ်းပါအုံး တင်စိုးရဲ့။ ငါတို့သိထားရအောင်ပေါ့''

ကျွန်တော်ပြောလိုက်သော စကားတို့ကြောင့် ဖြစ်ပျက်ပုံကို သူကပြောပြလိုက်ပေသည်။ သူပြောသည့်အတိုင်းကို အခြေခံလျှက် ကျွန်တော်ပြန်လည်ရေးသားတင်ပြပါမည်။

❁ ❁ ❁ ❁ ❁

# ချစ်ဘလေ့အိုး

လောကကြီးတွင် မယုံကြည်နိုင်စရာကောင်းသည့် လှည့်စားချက်တို့က ကော်ကေရှိနေကြပေသည်။ ထူးဆန်းအံ့သြဖွယ်ရာအဖြစ်အပျက် အကြောင်းအရာများတို့သည် နေရာတိုင်းတွင်ရှိနေသလို ဖြစ်လည်းဖြစ်နေကြသည်။ သဘာဝအတိုင်း ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော သဘာဝလွန်ဖြစ်ရပ်မျိုးတို့နှင့်လည်း တွေ့ကြုံရတတ်ပေသည်။ မယုံကြည်လို့ကလဲ မရ။ ယခုပင် ကျွန်တော့်ရဲ့ ရဲဘော်ကိုလှမြင့်၏ဖြစ်ရပ်ကို ကြားလိုက်ကြရသည့် ကျွန်တော်တို့တစ်ဖွဲ့သားလုံး စုပ်တသပ်သပ်နှင့် ရင်သပ်ရှုမော အံ့သြမကုန် ဖြစ်သွားခဲ့ကြရပေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယခုဖြစ်ရပ်ကား ပဟေဠိဆန်သော ဖြစ်ရပ်တစ်ခုအနေဖြင့် ကျွန်တော်တို့အဖွဲ့က တအံ့တဩ ဖြစ်ခဲ့ကြရသည်မှတစ်ပါး ဘာကိုမျှ မလုပ်တတ်ကြတော့ပေ။

တစ်နေ့ –

"လှမြင့်" တစ်ယောက် "တင်စိုးနှင့်ယောင်ကြီး"တို့ တဲဆီသို့ ရောက်လာခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် တောတွင်းသို့သစ်လှည်း တိုက်ပြီး ပြန်ရောက်ကာစ သစ်လုံးများချပြီးသည့်အချိန်နှင့် တိုးလိုက်ခြင်းပင်။

"လာဟေ့ . . . လှမြင့်၊ ဘယ်ကနေ မျက်စိလည်လာတာလဲကွ။ မင်းတို့ဆီကို မရောက်တာတောင်ကြာပြီ။ ခုတလော မင်းအမဲတွေသိပ်ရနေတယ်ကြားတယ်။ မင်းအတွက် ငါတို့ဖွတ်တစ်ကောင်ရလာလို့ချက်ထားတာရှိတယ်။ ထန်းလျက်အရက်မီးတောက်ကလေးနဲ့ ဝိုင်းလိုက်ကြရအောင်။ တို့လည်းပင်ပန်းလာတော့ အပန်းဖြေလေးပေါ့ကွာ။ ယောင်ကြီးလည်းရှိနေတာပဲ"

လျှော်ကြိုးကျစ်နေသော တင်စိုးက ခြံဝကိုရောက်နေပြီး အိမ်တွင်းသို့ဝင်လာတော့မည့် လှမြင့်ကို လှမ်းပြောလိုက်သလို ဖိနပ်ချွတ်တွင် ဝင်ထိုင်လိုက်သော လှမြင့်က –

"အေး . . . အဆင်ပြေပါတယ်။ တစ်ရက်ခြားကို တစ်ကောင်လောက် မှန်မှန်လဲနိုင်ပါတယ်"

"အေးကွ . . . ခုလိုအချိန်က သားကောင်တွေတအားမြူးတော့ ပစ်လို့ကောင်းတဲ့အချိန်မျိုးကွ။ ရတုန်းရခိုက်လေးမှာ သိပ်မဖြုန်းနဲ့ကွ စုဦး၊ ဆောင်းဦး"

"အေးပါဟ . . . ငါအရင်ကလို မဖြုန်းတော့ပါဘူး"





"ဪ် ဒါနဲ့မြို့ဆရာတွေ အလာကျဲသွားကြပါလားကွ"

"အေးလေ . . . အလာကျဲဆို သူတို့မှာသေနတ်တွေကလည်း မရှိကြတော့တဲ့အပြင် တိုကိုင်ကြတဲ့ ဒူးလေးတွေကလည်း အဆိပ်ကို မဖော်တတ်ကြတော့ သူတို့ဘာနဲ့သွားပစ်ကြမှာလဲ။ နောက် ရှာဖွေစားကြသောက်ကြရတာလဲ ကုန်ဈေးနှုန်းတွေက ခေါင်ခိုက်နေတော့ အလုပ်ကို ဖိလုပ်နေကြပြီး မအားကြလို့ဖြစ်မှာပေါ့"

"အေး . . . ဟုတ်မယ်၊ သူတို့နေကြတဲ့ရန်ကုန်က လူတန်းစေ့နေနိုင်အောင်ဆိုရင် မနည်းရှာကြပြီး ရှာဖွေကြရမှာကွ။ ဗိုလ်လေးနဲ့ ဆုံလိုက်ချင်ပါသေးတယ်။ အားလုံးကိုလည်း သတိရတယ်ကွာ။ ငါအိမ်ကလေးပြင်ပြီးရင် လိုက်ချသွားဦးမယ်ကွာ"

"အေး . . . မင်းလိုက်သွားပြီး အပြန်ကျရင် သူတို့အဖွဲ့ကို ခေါ်လာခဲ့ကွာ။ ငါတို့ကလည်း လိုက်လာဖို့ မှာလိုက်တယ်ဆိုတာ ပြောလိုက်။ ဒါနဲ့ မေးရဦးမယ်။ မင်းလာရင်းကိစ္စကို ပြောပါဦး။ အလည်သက်သက်ပဲလား။ ငါတို့ ဘာကူညီရမလဲ အေးအေးဆေးဆေးမို့လား"

"ငါအခုလာတဲ့ကိစ္စက မနက်ဖြန်မနက် ရက်လဲကောင်းလို့ ငါ့တဲကလေး ပြန်ပြင်မိုးလိုက်ကြရအောင်။ ရန်ကုန်အဖွဲ့လာကြရင် ကျယ်ကျယ်ဝန်းဝန်းဆိုတော့ အဆင်ပြေတာပေါ့။ မနက်ဖြန် မင်းတို့ညီအစ်ကို တွေအားတယ်မို့လား ငါ့ကိုဝိုင်းကူကြအုံးကွာ"

"ဟကောင် . . . မင်းကိစ္စကို ငါတို့ကူရမှာပေါ့။ တင်သိန်းကတော့ သစ်သွားတိုက်တာ သစ်မရသေးလို့ စောင့်နေရတယ်။ ငါနဲ့ ယောင်ကြီးနှစ်ယောက်ရှိတယ်။ ပစ္စည်းတွေကော စုံပြီလား။ ဘာတွေလိုသေးသလဲ"

"ပစ္စည်းတွေက စုံပါပြီ။ မင်းတို့အတွက်လည်းစုံလို့ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ပဲ''

''ဘာကိုပြောတာလဲကွ ငါတို့အတွက်စုံပြီဆိုတာ''

''ကွမ်း၊ ဆေး၊ လက်ဖက်၊ အရက်နဲ့ ဘောစဉ်ခဲမွယ်ပေါ့ကွာ။ ငါ ယဉ်ကြိုင်နဲ့ ပြူးကျယ်တို့ကိုလည်း စောစောလာဖို့ ချိန်းထားတယ်။ မင်းတို့လည်း စောစာလာခဲ့ကြကွာ''

ပြောစရာစကားတို့ပြတ်သွားပြီမို့ တင်စိုးက ထန်းလျက်အရက် (ဦးရည်)နှင့် သူတို့ရရှိလာကြသည့် ဖွတ်သားချက်ကို မော့လိုက်ကြစဉ် ယောင်ကြီးက နွားစာကျွေးပြီးသဖြင့် ရောက်ရှိလာသည့်အတွက် သုံးဦးသား စားသောက်နေလိုက်ကြပေသည်။

''ငါ့အစီအစဉ်က တို့သူငယ်ချင်းတစ်စု မနက်ဖြန်အိမ်မှာ ဆုံလိုက်ကြရင်း တဲကိုပြင်မယ်။ ပျော်ပျော်ပါးပါးလဲ စားကြသောက်ကြဖို့ စီစဉ်ထားပြီးမို့ မနက်စောစော ရောက်အောင်သာလာခဲ့ကြကွာ။ ညနေစာကို အိမ်မှာစားသောက်ပြီးမှ ပြန်ခဲ့မယ်လို့ အိမ်ကိုလည်းမှာထားခဲ့ကြ''

''ဟား . . . ဟား . . . ဟား . . . ဒီလိုအစီအစဉ်မျိုးလား။ မသိပါဘူးကွာ။ နို့ဖြင့် တစ်ခွက်ထပ်ချလိုက်ဦး သူငယ်ချင်း။ တို့တွေ မဆုံကြရတာကြာနေတော့ ခုတောင်တွေးရင်း ငါပျော်နေမိတယ်''

''တော်ပြီ . . . သူငယ်ချင်း ငါတခြားလုပ်စရာလေးတွေ ကျန်နေသေးလို့ ပြန်လိုက်ဦးမယ်။ မင်းတို့သာ စောစောရောက်အောင် လာခဲ့ကြ၊ ငါသွားမယ်''

ပြောပြောဆိုဆိုနှင့် လှမြင့်ကသူနေထိုင်ရာ ''ပန်းတောကုန်း'' ရွာများဆီသို့ လှမ်းထွက်သွားပေတော့သည်။

● ● ● ● ●

ပန်းတောကုန်းကျေးရွာဆိုသည်က ပဲခူးရိုးမကြီး၏ အတွင်းပိုင်း မဟုတ်စေကာမူ ရိုးမကြီးကိုအမှီသဟဲပြု လုပ်ကိုင်ရှာဖွေစားသောက်နေကြသည့် ရွာသူရွာသားတို့ အခြေချနေထိုင်ကြသော ရွာကလေးတစ်ရွာပင်။

ရန်ကုန်မှ သွားကြမည်ဆိုလျှင် လှည်းကူး၊ ဖောင်ကြီး၊ သင်တန်းကျောင်းနောက်ဘက် (စက်ပစ်ကွင်း)နှင့် တံပိုးထမ်း၊ ရွာတန်း ရှည်ကလေးဖြစ်သည့် ရွာတစ်ရွာပင်။ အိမ်ခြေငါးရာနီးပါးရှိပြီး စီးပွားရေးလုပ်ငန်းများတို့မှာ ပဲခူးရိုးမကြီးအတွင်းဆီမှ သယံဇာတပစ္စည်းများဖြစ်သည့်သားကောင်များတို့ကို အမှီသဟဲပြုကာ အမဲလိုက်ခြင်းလုပ်ငန်း၊ သစ်၊ ဝါး၊ လံထင်း၊ မီးသွေး၊ ကြိမ်၊ တောင်ထန်း၊ ထမင်း (တံမြက်စည်း)၊ စလူ၊ ခနွဲ၊ တောင်ထန်း၊ ကိုင်းဘော၊ တောင်ယာ စိုက်ခြင်းများတို့ အပြင် စီးပွားရေးအတိုက်အလျောက် အဆင်ပြေသည့် ကျေးရွာတစ်ရွာ ဖြစ်ပေသည်။

ယခင်အချိန်က ကျွန်တော်နှင့်အဖွဲ့ဝင်များတို့သည် နိုင်ငံတော်မှ ပေးအပ်ထားသည့် ကြီးလေးသောတာဝန်များတို့ကို ထမ်းဆောင်နေကြရင်းမှတစ်ဖက်ကလည်း မိမိတို့ဝါသနာအရ အနီးစပ်ဆုံးသော သားကောင်များတို့ကို ပစ်ခတ်လို့ရမည့်နေရာများဆီသို့ ရမည့်အချိန်တိုကလေးကိုလုရ၍ လိုက်လံပစ်ခတ်နေကြရာ ရန်ကုန်မြို့နှင့်အနီးစပ်ဆုံး

www.burmeseclassic.com



သားကောင်များတို့ကို ပစ်ခတ်လို့ရမည့်နေရာသည် (ဖောင်ကြီးသင်တန်းကျောင်း) နောက်စက်ပစ်ကွင်းရှိရာနှင့် မနီးမဝေး "ပန်းတောကုန်းကျေးရွာ" ကလေးရှိ ရွာခံမုဆိုးတို့ကို ခြေကုတ်ယူလျက် အထိုင်ချကာ သွားရောက်ပစ်ခတ်ပြီး ဟန်မပျက်ရုံးတက်နေသူများ ဖြစ်ပေသည်။ သို့အတွက် ထိုရွာကလေးကား ကျွန်တော်တို့နှင့်မစိမ်းသလို ရွာခံမုဆိုးများအပြင် အခြားသောသူများတို့နှင့်လည်း မစိမ်းသောရွာကလေးတစ်ရွာ ဖြစ်ပေသည်။

❁ ❁ ❁ ❁ ❁

သူတို့နေထိုင်ကြရာ ရွာလေ့အခေါ်အဝေါ်များကွဲပြားရ သူတို့နေထိုင်ရာ လဲလျောင်းကြရာနေရာကို အိမ်ဟုဆိုသော်လည်း အမှန်တစ်ဖက်ရက်တဲကလေးများတို့ရယ်သာ။ ဝါးပင်များပေါများသည့်အရပ်မို့ သူတို့နေထိုင်ကြသည့် အိမ်များကို ဝါးများတို့နှင့်သာ ဆောက်လုပ်နေထိုင်ကြသော အရပ်ဒေသမျိုးပင်။

နံနက်ခင်းကျေးငှက်သံတစာစာနှင့် အပေါင်းအသင်းများ စုံနေကြပြီဖြစ်သဖြင့် တက်ညီလက်ညီနှင့် တဲအမိုးကိုဖျက်ချပြီး "ထုတ်၊ ယောက်၊ ဒိုင်း။ မြှား၊ အချဉ်"များတို့ကို ပြုပြင်မွမ်းမံပြီးတော့ နံနက်ပိုင်းဆွမ်းခံပင်မကြွတတ်သေး။ ကျန်သည့်အရေးကြီးသော လုပ်ငန်းများထဲမှ "တောင်ထန်း"ရွက်များတို့နှင့် တဲကိုမိုးကြရန်ပင်။ သို့မှသာ နေမပူခင် အမိုးကို အပြီးမိုးထားလိုက်ပါမှ ကျန်ရှိနေသော အကာအရံလုပ်ငန်း





များနှင့်အခင်းများတို့ကို အမိုးအောက်မှ ဖြည်းဖြည်းချင်းလုပ်သွားသည်တောင် အလွန်ဆုံးကြာလှ လေးမောင်းလောက်ထိပင်။

အိမ်တွင် ဝိုင်းဝန်းကူညီ လုပ်ကိုင်ဆောင်ရွက်ပေးနေကြသော ခင်ပွန်းသည်၏ သူငယ်ချင်းများတို့ကို ဧည့်ခံကျွေးမွေးပြုစုရေးအတွက် ဇနီးသည် "မလှယုန်"ကိုယ်တိုင် စပါယ်ရှယ်ချက်လုပ်ထားသည့် ထန်းလျက်အရက်(ဦးရည်)က အလုံအလောက်ရှိနေသည့်အပြင်၊ ဆတ်ဝမ်းတွင်းသားဟင်းနှင့် ကျီသားခြောက်ဖုတ်တို့က လိုက်ဖက်လွန်းလှသည်မို့ တစ်ခဏအတွင်း အရက်သုံးပုလင်းနှင့် အမြည်းသုံးပန်းကန်လောက်က ကုန်နှင့်နေပြီ။

လုပ်ကိုင်ဆောင်ရွက်နေကြရင်း မဆုံရသည်မှာကြာပြီဖြစ်သော သူငယ်ချင်းတစ်စုတို့ အတွေ့အကြုံလေးများကို ပြောလိုက်၊ ရယ်စရာကောင်းသည့်ဖြစ်ရပ်ကလေးများကို ပြောလိုက်၊ ဟားတိုက်ရယ်မောလိုက်နှင့် လုပ်နေကြရင်း –

"ကဲ . . . နေမရင့်ခင် မင်းတို့အိမ်ခေါင်ကို တက်ကြကွာ။ အောက်က ငါနဲ့ပြူးကျယ်တို့က မင်းတို့လိုတာကို လှမ်းပေးမယ်။ မိုးပြီးရင် ထမင်းစားလိုက်ကြရအောင်"

တဲကို တောင်ထန်းများနှင့် မိုးရန်အတွက် "တင်စို။ ယောင်ကြီး၊ ကျော်ဝင်းနှင့်ယဉ်ကြိုင်"တို့ကို အိမ်ခေါင်မိုးထက်ဆီသို့ တက်ကြရန် ပြောလိုက်သည်မို့ လေးဦးသားတဲခေါင်မိုးပေါ် တက်သွားကြပေသည်။

လှမြင့်နှင့်ပြူးကျယ်တို့က အောက်မှနီးများ တစ်ဦးချင်းဆီသို့ လှမ်းပစ်ပေးအပြီး အမိုးအတွက် တောင်ထန်းရွက်များတို့ကို လှမ်းပေးနေပေသည်။ ထိုအချိန် လှမြင့်ဇနီးဖြစ်သူ "မလှယုန်"က လုပ်ငန်းပြီးလျှင် ထမင်းအဆင်သင့်စားကြရန်အတွက် ပန်းကန်များကို ဆေးကြော



www.burmeseclassic.com

www.burmeseclassic.com



နေရင်း ခင်ပွန်းသည်နှင့် သူ့၏ သူငယ်ချင်းများ တပျော်တပါး ဝိုင်းဝန်း လုပ်ကိုင်ဆောင်ရွက်နေကြကာ တဝါးဝါးတဟားဟားနှင့် တပျော်တပါး ဖြစ်နေကြသည်ကို ပီတိစိတ်တို့နှင့် တငေးတမောကြည့်ရှုနေ၍ ပန်းကန် များကို ဆက်လက်ဆေးကြောနေရင်းက –

"ကိုလှမြင့်ရေ . . . မြွေကြီးတွေ၊ မြွေကြီးတွေ နှစ်ကောင် တောင်တော့" အိမ်ခေါင်ကိုတက်မိုးနေကြသူများတို့ကို အောက်ဘက်ဆီ မှ လိုအပ်သည့်ပစ္စည်းများကို လှမ်းပေးနေစဉ် အိမ်နောက်ဖေးအိုးခွက် ပန်းကန်များဆေးကြောသည့်နေရာဆီမှ ဇနီးသည် "မလှယုန်"၏ အော် ဟစ်ပြောဆိုနေသည့် အသံကိုကြားလိုက်ရသဖြင့် လှမြင့်က အပေါ်သို့ လှမ်းပေးမည့် "တောင်ထန်း"ရွက်ကို အောက်သို့ပစ်ချလိုက်ပြီး ဝါးထရံ တွင်ထိုးစိုက်ထားသော ကိုင်းခုတ်ဓားကြီးကိုဆွဲယူလိုက်ကာ တဲအောက်ဆီ သို့ ခုန်ချပြီး၊ ဇနီးသည် ဆေးကြောနေသည့် နောက်ဖေးဘက်ဆီသို့ ပြေးလွှားသွားလိုက်ရင်း သူမလက်ညှိုးထိုးပြနေသည့် ခေါင်းရင်းဘက် "ကညင်ပင်" ကြီးအောက်ခြေ "ခြတောင်ပို့" ကြီးရှိရာဆီ လှမ်းကြည့် လိုက်ရင်း နှုတ်ကလည်း –

"ဟ . . . ငန်းလင်းကြီး အဖိုအမပါလား။ သောက်ကျိုးနဲ ကြီးလိုက်ကြတဲ့ အကောင်ကြီးတွေပါလား"

ငန်းလင်းဆိုသည့်မြွေမျိုးက ငန်းမြွေနှင့်လင်းမြွေတို့နှင့်စပ်၍ ပေါက်ပွားလာသည့် အကောင်မျိုးတို့အကောင်ကလည်း ကြီးသလို အရှည်ကလည်း သာမန်မြွေများတို့ထက် ပိုမိုရှည်လျားသည်၊ အဆိပ် လည်း အလွန်ပြင်းထန်သည့် မြွေမျိုးတို့ပင်။ လုံးပတ်က လူ၏လက် မောင်းလုံးခန့်နှင့် အားကောင်းမောင်းသန်ပင်။ အဝါရောင်ရင့်ရင့်တွင် အနက်ကွက်များတို့နှင့် ဦးခေါင်းကို သုံးပေခန့်ထောင်ထားရင်း ပါးပျဉ်း





ခွက်ကြီးများတို့ကို ခပ်စောင်းစောင်းအနေအထားမျိုးနှင့် လူကိုလှမ်းမြင် လိုက်သဖြင့် ရှေ့ကိုဆက်မတိုးဘဲ တအံ့တသြနှင့် ရူးရူးစိုက်စိုက် ကြည့် နေသည့်အသွင်။

မက်လောက်စရာမှ တကယ့်မက်လောက်စရာ။ သေနတ်များ လက်ဝယ်မရှိသဖြင့် ထောင်ချောက်များဆင်ကာ သားကောင်များကို နည်းမျိုးစုံဖမ်းပြီး အဆိပ်ပြင်းသောမြွေများကိုပါ သတ်ဖြတ်ဖမ်းဆီး ရောင်းချစားသောက်နေသည့် မုဆိုးတစ်ယောက်အတွက် မက်လောက် စရာမို့ လက်တွင်းမှကိုင်းခုတ်ဓားနှင့် ပြေးဝင်ပိုင်းဖြတ်ရန်အတွက် ဟန်ပြင် လိုက်စဉ် မြွေကြီးနှစ်ကောင်မှာ ပါးပျဉ်းကြီးများကို လျှော့ချလိုက်ပြီး မြေပြင်ထက်ဆီသို့ကပ်လိုက်ရင်း လျှင်မြန်သောအရှိန်အဟုန်နှင့် နောက် ကြောင်းဆီသို့ ပြန်လည်ပြေးထွက် သွားကြပေတော့သည်။

ငန်းလင်းကြီးနှစ်ကောင်မှာ ရှေ့မှ အန္တရာယ်အရိပ်အငွေ့ကြောင့် ဦးတည်ရာများဆီသို့ အသက်ကိုလုကာ ပြေးကြရသည်မို့ တစ်ကောင်က နောက်ဘက်ရှိ ဝါးရုံတောကြီးအတွင်းဆီသို့ တိုးဝင်သွားသလို ကျန်တစ် ကောင်က ခေါင်းရင်းဘက်ခြံထောင့်ဆီသို့အရောက် တောစံပါယ်ရုံကြီး အောက်ဆီသို့တိုးဝင်ရန် ကြိုးစားလိုက်စဉ်အဖွင်း –

"ဗိုး . . . ဒုတ်"

လှမြင့်ထံမှပစ်လွှတ်လိုက်သည့် ကိုင်းခုတ်ဓားကြီးက လေကို ခွင်းလျှက် တောစံပါယ်ချုံတောကြီးအတွင်းဆီသို့ ဝင်ပုန်းအောင်းရန် ကြိုးစားနေသည့် မြွေကြီးတစ်ကောင်၏ဦးခေါင်းအား "တိ"ခနဲ ဖြတ်ပြီး သွားသလို သွေးရဲရဲတို့နှင့် မြွေကြီး၏တွန့်လိမ်နေသော ခန္ဓာကိုယ်သည် နီးစပ်ရာချုံငယ်များနှင့် အခြားသော အပင်များကို ရစ်ပတ်ခါ၍ညှစ် နေသဖြင့် တဖျောင်းဖျောင်းကျိုးနေသည့် အသံများတို့က မုဆိုးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အဖို့ ကြည်နူးစရာကောင်းသော မြင်ကွင်းမျိုးဆိုက မှားအံ့မထင်။

"လှမြင့်ရေ . . . ဒီနေ့အဖို့တော့ ဗိုက်တွေခွေးနမ်းပြီးဟေ့။ စားရက်ကြုံတော့ ငန်းလင်းလိုအကောင်မျိုးက အိမ်ထဲတောင်ဝင်ပြီး အသေခံပေးရတယ်။ ငါတို့ ဘုန်းကံများကြီးလိုက်တာ။ မလှယုန်ရေ တစ်ဝက်ကို ကြော်လိုက်။ ကျန်တစ်ဝက်ကိုချက်ဟေ့"

အိမ်ခေါင်မိုးထက်ဆီမှ "တောင်ထန်းရွက်"များမိုးနေသော ယောင်ကြီးက ဖြစ်စဉ်အစမှအဆုံးကို လှမ်းမြင်နေရသဖြင့် ဝမ်းသာအား ရထ၍ပင်၊ အော်နေသေးသည်။ အမှန်ကလည်း အော်ဟစ်အားပေး လောက်သည့် အဖြစ်မျိုးမဟုတ်ပါလား။

သည်အရပ်၊ သည်ဒေသ "ပန်းတောကုန်း" ကျေးရွာဝန်းကျင်တွင် သစ်ပင်ကြီးများတို့ကျဲပါးပြီး ဝါးတော (ဝါးကောက်တော)များတို့က သာ ပတ်လည်ဝိုင်းထားသည်။ သူတို့နေထိုင်ဆောက်လုပ်သည့်တဲများ တို့ကလည်း ထိုဝါးရုံတောကြီးအတွင်း ဆောက်လုပ်နေထိုင်ကြခြင်းပင်။ ထိုဝါးရုံတောကြီးများတို့အတွင်း မြွေများအလွန်ပေါများသည်။

ထိုရွာတွင် အခြေချနေထိုင်ကြသည့် အိမ်ထောင်ရှင်ယောကျ်ား များတို့သည် သုံးရာသီစလုံး ရိုးမကြီးအတွင်းဝင်ရောက်ကာ သစ်နှင့် ဝါးများတို့ကို ခုတ်ရန်သွားရောက်နေသည့်အတွက် အိမ်တွင်ကျန်ရစ်ခဲ့ ကြသည့် အိမ်သူများနှင့်သားသမီးများတို့ကလည်း ရိုးမကြီးအတွင်းခွေး များနှင့်တောတိုးကာ ဟင်းစားကိုရှာဖွေစားသောက်ကြရပေသည်။

မည်သည့်ရာသီတွင် ဘယ်နေရာဆီတွင် မှိုကျင်းရှိသည်၊ မျှစ်၊ ဂုံမင်း၊ တောက်တာ၊ ဖလံတောင်မွေး၊ ဇရစ်ရိုး၊ ပုတတ်စာ၊ ညောင်ချင်ဖူး စသည့် ဟင်းချက်စားလို့ရသည့် အပင်များပေါက်သည့် နေရာများတို့ကို လည်း မှတ်သားထားရသည်။ သူ့အချိန်၊ သူ့ရာသီအလိုက် တောတိုးကြ





ရင်းမှ မွေးထားသော ခွေးများကိုက သားကောင်များတို့ကို မြင်တွေ့လျှင် ဟောင်ပြီး သခင်ကိုသတိပေးသည်။ သူတို့ကိုက်လို့ရမည့် အကောင်များ ကိုလည်း ကိုက်သည်။

ယခုကဲ့သို့ မြွေဆိုးအမျိုးမျိုးနှင့်လင်းမြွေများတို့နှင့် ကင်းခြေ များတို့က ပေါများလွန်းသည်မို့ အိမ်တိုင်းလိုပင် မြွေသားဟင်းတို့က ပြတ်သည်ဟူ၍မရှိ။ သို့အတွက် ယခုအခါ စားရက်ကြုံသဖြင့် လိုက်၍ပင် မရှာရဘဲ မြွေကခြံထဲသို့ ဝင်လာပြီး အသေခံသည်မို့ သူ့ဘုန်းသူ့ကံနှင့် စားရက်ကြုံသည့်အတွက် မှတ်ဆိတ်ကို ပျားလာစွဲသည့်သဘောမျိုးပင်။

သူ၏ဦးခေါင်းပြတ်နေသော ကိုယ်လုံးကြီးဖြင့် သစ်ပင်ငယ် များတို့ကိုရစ်ပတ်ကာ ရှိနေသော မြွေကြီး၏ကိုယ်လုံးကို "မလှယုန်"က အားရဝမ်းသာစွာနှင့် ဆေးလက်စပန်းကန်များကိုချကာ ပြေးလွှားသွား ရင်း ဆွဲဖြုတ်ဆန့်တန်းလျက် မြေပြင်နှင့်သုံးကြိမ်ခန့် လွှဲရိုက်ပါမှ ငြိမ် သက်သွားပေတော့သည်။

မြွေကြီးမှာ ငြိမ်သက်သွားသည်ဆိုသော်လည်း "မလှယုန်" လက်ကို တွန့်လိမ်နေရင်းမှ ရစ်ပတ်နေပြန်သဖြင့် လှမြင့်ကဆွဲဖြုတ်ပေး ကာ မြေပြင်နှင့်နောက်ထပ်သုံးချက်လောက် အားကုန်လွှဲရိုက်လိုက်ပါမှ လုံးဝငြိမ်သက်သွားပေတော့သည်။

မလှယုန်က ဝါးခြမ်းပြားအတိုတစ်ချောင်းကို ကောက်ယူလျက် မြွေကြီး၏အမြီးမှ ပြောင်းပြန်ထိုင်ကာ အထက်သို့လှန်၍ မြွေကြေးခွံများ ကို ခြစ်ပစ်နေသည်။ မကြာမီအချိန်တွင် အကြေးခွံများမရှိတော့သော ငန်းလင်းမြွေကြီးကို ဗိုက်ခွဲ၊ တုံးတစ်၊ ဆေးကြောလိုက်ပြီး တရှဲရှဲနှင့် မီးဖိုတွင် ကြော်နေပေတော့သည်။

❁ ❁ ❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

တင်စိုးနှင့်ယောင်ကြီးတို့ ညီအစ်ကိုနှစ်ယောက် လှမြင့်နှင့် ရန်ကုန်အမဲပစ်အဖွဲ့သားများတို့ဆီ သွားရောက်ရန်အတွက် ဖောင်ကြီး တာဆုံ "ငွေတိုးလေးစားသောက်ဆိုင်"တွင် ချိန်းဆိုထားသဖြင့် စောင့် နေကြသည်။

ဖောင်ကြီးတာဆုံတွင် လှည်းကူးသို့ထွက်သော ကားတို့၏ ဂိတ်အစမို့ နံနက် (၇)နာရီထွက်မည့်ကားကို စီးကြရန်အတွက် ချိန်းဆို ထားခြင်းပင်။ သို့သော် လှမြင့်တစ်ယောက်က ရောက်ရှိမလာသဖြင့် ဆက်လက်စောင့်စားနေခြင်းပင်။

ကားလေးစီးလောက်ထွက်ပေမယ့် ကားဂိတ်သို့ လှမြင့်က ရောက်မလာသေး။ အချိန်ကိုကြည့်လိုက်တော့(၉)နာရီပင် ရှိချေပြီ။ ညီအစ်ကိုနှစ်ယောက်စလုံး ကျွဲမြီးတိုလာသလို ဒေါလဲပွလာသည်မို့ ယောင်ကြီးက –

"တင်စိုး . . . ဆိုင်မှာဝင်သောက်ရင်း စောင့်လိုက်ကြရအောင် ကွာ"

ညီဖြစ်သူ ယခုလိုပြောလာပြီဆိုလျှင် စိတ်ဆိုးနေပြီဆိုသည် ကိုသိထားသော အစ်ကိုဖြစ်သူတင်စိုး စိတ်ပြေလက်ပျောက်ဖြစ်စေရန် အတွက် စားသောက်ဆိုင်အတွင်းသို့ ဝင်သွားကြပေသည်။

စားပွဲတစ်လုံးတွင် ညီအစ်ကိုနှစ်ယောက် ထိုင်လိုက်ကြသော





အခါ စားပွဲထိုးမိန်းကလေးတစ်ယောက်ရောက်ရှိလာပြီး –

"ဘာစားကြသောက်ကြမလဲရှင့်"

"ဘီအီးတစ်လုံးပေး"

"အမြည်းကော ဘာစားမလဲရှင့် အမဲကြော်၊ ကြက်ကြော်၊ ငါးရှဉ့်တောကောင်သားဟင်း တွေရှိပါတယ်"

"အမဲကြော်နဲ့ ငါးရှဉ့်ပေးကွာ"

မိန်းကလေးက သူတို့အနီးမှထွက်သွားကာ အရက်ပုလင်းနှင့် ဖန်ခွက်နှစ်လုံးချပေးသည်။ ရေတာကောင်းနှင့်ထည့်ထားသည့်ရေဘူးက ရှိနေပြီး မဟုတ်ပါလား။ ယောင်ကြီးဖန်ခွက်အတွင်းဆီသို့ အရက်ကိုငှဲ့ ထည့်နေစဉ် မိန်းကလေးက အမြည်းနှစ်ပန်းကန်ကို ကိုင်ပြီးလာချပေး နေစဉ် –

"ခလွမ်း"

အရက်ငှဲ့ထားသော ဖန်ခွက်နှစ်ခွက်အတွင်း တစ်ခုသော ဖန်ခွက်က "ခလွမ်း"ဟု အသံမြည်လျှက် ထက်ခြမ်းကွဲသွားကာ အရက် များကစားပွဲတွင် ခင်းထားသောစားပွဲခင်းတွင် ရွှဲသွားပေတော့သည်။

"ဖန်ခွက်တွေကို ကောင်းတာလေးတွေချပေးစမ်းပါ အမိတို့ ရယ်။ နင်တို့ဖန်ခွက်ကွဲတာက အကြောင်းမဟုတ်ဘူး။ ကိစ္စမရှိဘူး။ အရက်က တို့ရည်ရွယ်ရည်မို့ သိပ်နှမြောဖို့ကောင်းတယ်"

ချိန်းထားသည့်အချိန်ကို ရောက်မလာသဖြင့် ဒေါပွနေသည့် စိတ်က မဆီမဆိုင်နှင့်(မာကာ)သုပ်ပေးနေသူ မိန်းကလေး ဖြူဖြူဝဝ ကစ်ကစ်ကလေးဆီ မြားဦးလှည့်သွားသဖြင့် မိန်းကလေးမှာ ဘာကိုမှ ပြန်မပြောသော်လည်း မျက်နှာရှုပ်သွားကာ အသစ်တစ်လုံးယူလာပြီး ကွဲသွားသော ဖန်ခွက်အကွဲအစများကို ဖယ်ရှားပစ်လိုက်သည်။ ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



အနီးမှထွက်သွားသည်ကို လှမ်းကြည့်နေရင်း ပြောလိုက်သည်က –

"ဖန်ခွက်ကွဲပုံက ဆန်းနေပါလားကွ"

လှမြင့်ကိုစောင့်ရင်း သောက်လိုက်ကြသည်မှာ နောက်ထပ်မှာသော အရက်တစ်လုံးကုန်တော့ နေ့လယ်(၁၂)နာရီပင် ထိုးခဲ့ပေပြီ။ နှစ်ဦးသား ရန်ကုန်သို့ဆက်မတက်ဘဲ လှမြင့်ရှိရာဆီသို့ ဒေါ်ပွပွနှင့်လိုက်ခဲ့ကြပေတော့သည်။

ပန်းတောကုန်းရွာဦးဆီသို့ရောက်တော့ ရွာခံမိန်းမများနှင့် ကလေးများတို့က သူတို့နှစ်ဦးဆီ ဝိုင်းအုံရောက်လာကြရင်း တီးတိုးတီးတိုး ပြောဆိုနေကြသည်ကို ထူးဆန်းစွာ တွေ့မြင်လိုက်ကြရသည်။ ရန်ကုန်အဖွဲ့နှင့် သည်ရွာတွင် မကြာခဏ အမဲလာရောက် ပစ်ခတ်နေသဖြင့် ရွာသူရွာသားများတို့က သူတို့နှစ်ဦးကို သိနေကြသဖြင့်ဟု ထင်နေလိုက်စဉ် အသက်ခပ်ကြီးကြီး အဒေါ်ကြီးတစ်ဦးက သူတို့နှစ်ဦးတို့ အနီးတိုးကပ်လာကာ –

"မောင်ရင်လေးတို့က ဒီမှာအမဲလာပစ်နေကြတဲ့အဖွဲ့က မဟုတ်လား"

"ဟုတ်ကဲ့ . . . ကျွန်တော်တို့ ရန်ကုန်အဖွဲ့နဲ့ မကြာမကြာရောက်လာတဲ့အဖွဲ့ကပါ"

"ဟယ်တော့ . . . အကြောင်းကြားတော မြန်လိုက်ကြတာ"

သူတို့စကားတွေက ဆန်းနေသဖြင့် နားမလည်သော ညီအစ်ကိုနှစ်ယောက်က တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြရင်း တင်စိုးက –

"ကျွန်တော်တို့လှမြင့်နဲ့ ဒီမနက် ရန်ကုန်သွားမလို့ မောင်ကြီးတာဆုံမှာချိန်းထားတာ။ ခု (၁၂) နာရီကျော်နေတာတောင် သူရောက်မလာလို့ ဘာဖြစ်တယ်ဆိုတာ သိချင်လို့လာကြတာပါ"





တင်စိုးပြောလိုက်သော စကားကြောင့် အဒေါ်ကြီးက –

"ဒါဖြင့် မင်းတို့ အသုဘကိစ္စကို မသိကြသေးဘူးပေါ့"

"ဟုတ်လား . . . ဘယ်သူသေလို့လဲအမေ ကျွန်တော်တို့ဘာမှ မသိသေးပါဘူး"

"အင်း . . . မင်းတို့ရွာသွားမဲ့အိမ်က မောင်လှမြင့်လေကွယ်။ တောထိုင်သွားရင်းကြာနေလို့ သူ့မိန်းမလိုက်သွားတော့ ငှတ်တုတ်ကြီး ဇက်ကျိုးသေနေတာ"

ဘုရား . . . ဘုရား။ နားနှင့်ဆတ်ဆတ် ကြားလိုက်ရပေမဲ့ ယုံကြည်နိုင်စရာ အလျဉ်းမရှိ။ မဖြစ်နိုင်ပါစေနှင့်ဟု ဆုတောင်းလိုက်ရင်း ညီအစ်ကိုနှစ်ယောက် လှမြင့်နှင့်မလှယုန်တို့ အိမ်ရှိရာဆီသို့ ဆောလျှင်စွာ သွားလိုက်ကြပေသည်။

သူတို့ညီအစ်ကိုနှစ်ဦး၏ ဆုတောင်းကား မပြည့်ခဲ့။ တဲငယ်၏ ခေါင်းရင်းဘုရားစင်အောက်တွင် လှမြင့်၏ရုပ်ကလာပ်ကား ပြင်ဆင်ထားလျက် ပုဆိုးများတို့ကို ဖြတ်တောက် ခေါင်းစဝ်နေကြသူများတို့ သူတို့ညီအစ်ကိုကို ဆီးကြိုနေကြသလို မလှယုန်ကအိမ်ထဲမှ ပြေးထွက်လာပြီး ကျုံကျုံပါအောင် အော်ဟစ်ငိုယိုနေသည်ကို စိတ်မကောင်းခြင်းများစွာနှင့် တွေ့မြင်လိုက်ကြရပေသည်။

ထိုဖြစ်ရပ်ကို ကျွန်တော်စဉ်းစားကြည့်လိုက်ရင်း သံဝေဂတစ်ပိုဒ်ကို နှုတ်မှ ရွတ်ဆိုနေလိုက်မိပေသည်။

"မရဏဓမ္မောဟံ၊ မရဏံ အနတီတော (သေခြင်းတရားကို မလွန်ဆန်နိုင်ကြပါတကား)" ဟူ၍ပင်။

● ● ● ● ●

www.burmeseclassic.com

www.burmeseclassic.com

## ရင်ဆိုင်ယှဉ်ပြိုင်ကြရာဝယ်

"ကြောင်ထွက်ဟဲ့ . . . ကြောင်ထွက်ဟဲ့"

ကျွန်တော့်ရွာခံမှဆိုး "လှမြင့်" ၏ ထူးထူးခြားခြား သေဆုံးခဲ့ရသည့်အကြောင်း ကိုတင်စိုးပြောပြနေသဖြင့် အဖွဲ့သားအားလုံးကပင် စိတ်မကောင်းဖြစ်နေကြသည့်အချိန်၊ တဲခေါင်းရင်းကညင်ပင်ကြီး ထိပ်ဖျားထက်ဆီမှ ထူးထူးဆန်းဆန်းငှက်တစ်ကောင်၏ အော်လိုက်သံကြီးကို ကြားလိုက်ကြရသဖြင့် မီးရောင်အောက်တွင် ကျွန်တော်တို့ တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်မိကြပေတော့သည်။

အဘယ့်ကြောင့်ဆိုသော် ထိုငှက်အော်သံမျိုးကို ကြားလိုက်ရလျှင်





နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ပြဿနာအားလုံးကပင် နားလည်သဘောပေါက်ထားကြခြင်းအတွက်ကြောင့် ဖြစ်ပေသည်။

ထိုငှက်အော်လိုက်သံမျိုးကို ကြားလိုက်ရပါက နောက်ဆက်တွဲဖြစ်ပေါ်လာတတ်သည့်ကိစ္စများတို့အပေါ် အဓိပ္ပာယ်ကောက်လိုက်လျှင်–

"မင်းတို့ဒီဇနရာက လှည့်ပြန်ကြတော့။ စခန်းသော်လည်း ပြောင်းလျှင်ပြောင်း။ မပြောင်းလျှင်လည်း သတိနဲ့သာနေကြပေတော့"

ဟူသောအဓိပ္ပာယ်မျိုးဆောင်သည့်အတွက် တစ်ဦးမျက်နှာတစ်ဦးကြည့်လိုက်ကြရင်း ဘယ်လိုလုပ်ကြမလဲဟူသော အမေးမျိုးကို ပြန်ဖြေကြမည့်အဖြေကိုဆောင်နေသည့် မကောင်းဆိုးဝါးငှက်အော်လိုက်သည့် အသံမျိုးမို့ပင်။

"ကြောင်ထွက်ဟဲ့ . . . ကြောင်ထွက်ဟဲ့"

ထပ်မံအော်ဟစ်လိုက်သည့်ငှက်သံကို ကြားလိုက်ရတော့ ကျွန်တော်တို့ အကြည့်များတို့က အသံထွက်ပေါ်လာရာ ကညင်ပင်ထိပ်ဖျားဆီသို့ အကြည့်များတို့က ရောက်သွားကြသော်လည်း ညအမှောင်တွင်းဆီမို့ ငှက်ကိုမမြင်ရ။ ထိုစဉ် အစ်ကိုကြီး ဦးသိန်းလွင်ထံမှ –

"ကိုင်း . . . ငှက်အော်သံရဲ့ အဓိပ္ပာယ်ကိုတော့ အားလုံးသိထားကြပြီဆိုတော့ ဘယ်လိုသဘောရကြလဲ"

"ဘယ်လိုသဘောရလဲဟုတ်လား။ သူနဲ့တွေ့ပါရစေဆိုပြီး အဘတစ်ပွဲစား ဦးနီမောင်ထံမှာ တောင်းထားတာပဲ။ ရင်ဆိုင်ရုံပေါ့"

ဥာဏ်ကျယ်က ဝင်ပြောလိုက်သဖြင့် အစ်ကိုကြီးက –

"အဘဦးနီမောင်ဆီမှာ တောင်းတဲ့အကောင်က သောင်ရှက်တွေမှာဓိတဲ့အကောင်မျိုးကို တောင်းတာကွ ခုဟာက ရင်ဆိုင်ကြရမဲ့ကိန်း"



www.burmeseclassic.com

www.burmeseclassic.com



"ရင်ဆိုင်ဖို့ဆိုရင် ကျွန်တော်တို့ဘက်မှာ ဘာလက်နက်တွေ ရှိလို့လဲ"

ဉာဏ်ကျယ်က ပြောလိုက်သည်မို့ ကုလားကြီးသန်းညွန့်က–

"နင်တဲအောက်ကိုဆင်းပြီး အဘတစ်ပွဲစား ဦးနီမောင်ထံမှာ တောင်းတုန်းက ဘယ်အကောင်ကို ဘယ်လက်နက်နဲ့ဆိုတာပါသလား။ ခနင်တောင်းထားလို့ ပေးနေပြီလေကွာ။ ပေးသမှ ရက်ရက်ရောရောကို ပေးတာ။ ဘာကောင်ဆိုတာသာ မသိသေးတာ။ ဒီတော့ တို့မှာဒူးလေး သုံးလက်ရှိတယ်၊ လုံနှစ်ချောင်းရှိတယ်၊ ကိုင်းခုတ်ဓားတွေလည်းရှိသလို လူအင်အားလည်းရှိနေတယ်ဆိုတော့ ရင်ဆိုင်မယ်။ နောက်မဆုတ်ဘူး ဒါပဲ။ ညဉ့်နက်ပြီဆိုတော့ အနားယူလိုက်ကြရအောင်"

ကုလားကြီးသန်းညွန့် ပြောသည်ကလည်း ဟုတ်နေသည်။ အချိန်ကသန်းခေါင်ကျော်ခဲ့ပြီမို့ မေးစက်အနားယူဘို့ ကောင်းသည့်အချိန်။ အားလုံးပင်အိပ်ရာထက်တွင် မေးစက်လိုက်ကြသော်လည်း ကျွန်တော်က မအိပ်နိုင်သေး။ အတွေးများတို့ကို ဖြန့်ထုတ်နေမိသည်။

ကျွန်တော်တို့အဖွဲ့ တောတောင်များတို့အတွင်း အမဲသားကောင်များတို့ကို လိုက်လံပစ်ခတ်နေကြသည့် ကာလတစ်လျှောက် တောတောင်များအတွင်း နေထိုင်ကျက်စားကြသည့် သားကောင်များတို့၏ အော်မြည်သံများကို စဉ်းစားနေလိုက်မိပေသည်။

အမှန်တော့ သူ့ဘဝတစ်လျှောက် အော်မြည်ကြသည့်အသံများ ဖြစ်သော်လည်း ထိုအသံများကပင် သားကောင်များတို့ အချင်းချင်း အကျိုးပြုနေသလို ကျွန်တော်တို့လူသားမုဆိုးများတို့ကို အကျိုးပြုနေကြပေသည်။

ထိုကဲ့သို့ အကျိုးပြုနေသည်ဆိုသည်ကို တော်ရုံတန်ရုံ အတွေ့





အကြုံများလောက်နှင့်တော့ သိနိုင်မည်မဟုတ်။ ကျွန်တော်တို့ကိုယ်တိုင် တောတောင်များအတွင်း ကာလရှည်ကြာစွာ လိုက်လံပစ်ခဲ့ကြသည့် ဝါသနာအရင်းခံကြသည့် လူများနှင့် သဏ္ဍာရင့်မုဆိုးကြီးများတို့၏ သင်ကြားပြသမှုကို မှတ်သားနာယူရင်း သူတို့၏သင်ကြားပြသမှုကြောင့် အတိုက်အလျောက်သာ သိရှိနေရခြင်းပင်။

သားကောင်များ၏ အော်မြည်သံများတို့ကလဲ အဆန်းတော့ အဆန်းသားပင်။ တောတွင်းအတွေ့အကြုံ နည်းပါးကြသူများအရို မှောက်မှားတတ်ကြပေသည်။

- ကျားလိုသတ္တဝါတစ်ကောင်က ဆတ်တစ်သံမျိုးပေးတတ်သည်။ တောကြက်ပေါက်စကလေးများတို့၏ အသံမျိုးကိုလည်းပေးပြီး လူကိုအနီးသို့လာအောင် ခေါ်ယူတတ်ကြသလို ချောင်းဆိုးလိုက်သည့် အသံမျိုးကိုလည်း ပေးတတ်ကြသည်။
- ကျားသစ်လိုအကောင်များတို့ကလည်း ဝက်ဝံကြီးများ ဝမ်းရုပ်သည့်အသံမျိုးလို အသံပေးလျှက် သားကောင်ကို အနီးကပ်လာရောက်ရန် မြူဆွယ်တတ်ကြသည့် အသံပေးတတ်သည်။
- မြွေကြီးများတို့၏ အစာရှာသည့်အသံများ၊ မိတ်လိုက်သည့် အသံများကိုလည်း သိထားဖို့လိုအပ်ပေသည်။
- ရှဉ့်နီပေါ၊ ရှဉ့်ဘောကြားကလေးများတို့၏ သစ်ပင်ထက်ဆီမှ အန္တရာယ်ပေးတတ်သည့် သားကောင်တစ်ကောင်ကို တွေ့လျှင် ကတောက်သံညံအောင်ပေးတတ်ကြသည့် အသံများ။



www.burmeseclassic.com

www.burmeseclassic.com



- ဒေါင်းများတို့၏ သူ၏နှုတ်သီးနှင့်အတက်ကို ခေါက်လိုက်သည့်အခါ တုံးမောင်းခေါက်သံမျိုးနှင့် အချက်ပေးသည့်အသံမျိုး။
- တစ်တီတူးငှက်များတို့ကဲ့သို့ သူတို့လှည့်ပတ်ပျံသန်း အော်မြည်နေသည့်ဝန်းကျင်တွင် အန္တရာယ်ပေးတတ်သည့် ကောင်တစ်ကောင်ကောင်ရှိနေပြီကို သိရှိထားဖို့လိုသည့်အသံများ။
- ဝိန်းတူမ(ခ)ရှန်းပတီ(ခ)ငှက်ငွေးများတို့၏ နွားသိုးများတို့ကဲ့သို့ တွန်သံများ။ လူညည်းသလို ကြောက်စရာကောင်းသည့် ညည်းသံများ။
- မိုးစည်းငှက်ငယ်ကလေးများလို ကြားလိုက်ရသူတိုင်း ပြာလောင်ခတ်ပြီး ရင်ထိတ်သွားရသည့် အသံများ။
- သစ်တောက်မငှက်များလို သစ်ပင်ကြီးတစ်ပင်ကို ခုတ်ထစ်နေသည့်အသံများ။
- ငှက်ပန်းထိမ်လို အဆက်မပြတ်သစ်ပင်ကြီးထောက်ဆီမှ တူနှင့်ထုနေသလို အသံများ။
- ဗီးကွက်ငှက်ကြီးများလို တုံးမောင်းခေါက်သည့်အသံမျိုး။
- ကင်းစောင့်မျောက်များတို့၏ အချက်ပေးအော်မြည်သံများ။
- တောလုံငှက်များတို့ကဲ့သို့ "ငပြောက်ထွက်ဟ၊ ငပြောက်ထွက်ဟ" ဟုအော်လိုက်သံများအပြင်၊

လူကိုအန္တရာယ်ပေးတော့မည့် သားကောင်တစ်ကောင်ရှိနေလျှင် တစ်နည်းနည်းနှင့် အချက်ပြသတိပေးတတ်ကြသည့် သားကောင်များလို ဟစ်ကြွေးအော်မြည်သတိပေးလိုက်သည့် အသံများတို့ကို မှဆိုးလုပ်သူ





တစ်ယောက်အနေနှင့် သိထားသင့်ပေသည်။

အတွေ့အကြုံနည်းပါးကြပြီး အလေ့အကျင့်မရှိသူတစ်ယောက်အနေနှင့် မုဆိုးလုပ်လို့မရသည်ကအမှန်။ ယခုပဲကြည့်ဦးတော့ –

ပြည့်ကျိုးငှက်ကလေးအော်လိုက်သည့် ရှေ့ကြည့်ဆိုသည့်အသံနှင့် နောက်တစ်ဖန်ကြားရသည့် ကြောင်ထွက်ဟဲ့ ဆိုသည့်အသံ၊ ထိုငှက်ကလေးများအော်လိုက်ကြသည့် အသံနှစ်မျိုးတွင် ပြည့်ကျိုးငှက်ကလေး အော်ဟစ်လိုက်သည့်အသံက ကျွန်တော်တို့အဖွဲ့ကို အကျိုးပြုသည့်အသံ (တစ်ပွဲစား အဘဦးနီမောင်ကြောင့်မဟုတ်လည်း) အခြားနေရာများနှင့် အခြားသောတောတောင်များတို့ဆီတွင် ကြားလိုက်ရလျှင်လည်း လူကိုအကျိုးပြုသည့်ငှက်သံဖြစ်ပေသည်။

နောက်ထပ်ကြားလိုက်ရသည့် ကြောင်ထွက်ဟဲ့ဆိုသည့်ငှက်အော်သံမျိုးက သတိပေးသည့်အသံမျိုးဖြစ်သလို လူကိုလည်းစြိမ်းခြောက်သည့်သဘောမျိုးပါသည့်အသံပင်။ မင်းတို့ဒီနေရာက လှည့်ပြန်ကြတော့ (သို့) စခန်းပြောင်းချင်လဲပြောင်းသွားကြ (သို့) သတိနဲ့သာ နေကြပေတော့ဟူသော အဓိပ္ပာယ်မျိုးသက်ရောက်နေသည့် ငှက်အော်သံမျိုးဖြစ်သည့်အတွက် ဖြစ်နေခြင်းပင်။

ကျွန်တော်က တွေးတောနေလိုက်ရင်း ခံတွင်းချဉ်လာသဖြင့် မီးခွက်ကိုတွန်းကာ ရှမ်းဖက်လိပ်ကို မီးတို့ဖွာရှိုက်လိုက်ရင်း အဖွဲ့သားများကိုကြည့်လိုက်တော့ အားလုံးပင် အိပ်ပျော်နေကြသော်လည်း ကျွန်တော်ကဲ့သို့ အိပ်မပျော်သေးသူက အဘကောင်း။

"ဗိုလ်လေး . . . မအိပ်သေးဘူးလား. ညဉ့်နက်နေပြီလေ"

"အင်း . . . အဘရယ်၊ စောစောကအော်လိုက်တဲ့ငှက်သံနဲ့ နောက်ဆက်တွဲဖြစ်လာမယ့် ပြဿနာကိုစဉ်းစားနေတာပါ။ ဟိုအရင်တုန်း

www.burmeseclassic.com



က သေနတ်တွေလက်မှာရှိတုန်းအချိန်မျိုးဆိုရင် ကျွန်တော်တို့ချက်ချင်း ထွက်ပြီး ရင်ဆိုင်ပစ်လိုက်တယ်။ ခုတော့ အားကိုးလောက်တဲ့လက်နက် မရှိတော့ အားငယ်တာပေါ့"

ကျွန်တော့်အပြောကြောင့် အဘကောင်းအတန်ကြာအောင် စဉ်းစားလိုက်ပြီး ပြောလိုက်သည်က –

"ကျွန်တော်တို့အဖွဲ့ ပန်းတနော်မြို့က ရန်းတောဆိုတဲ့ ရွာကလေးကိုသွားပြီး တောကြောင်လိုက်ကြတုန်းက အခြေအနေကလေးကို သတိရသေးလား"

"ရပါတယ်အဘရဲ့၊ တစ်ကောင်ကို အချိန်(၄၀)ကျော် ကြောင်ပါးကြီးသုံးကောင်ကို ကျွန်တော်တို့သေနတ်တစ်ချက်မှ မပစ်လိုက်ရဘဲ သူတို့လှံသမားတွေချည်း ခွေးတွေနဲ့ဝိုင်းလိုက်ကြရင်း အရယူခဲ့တဲ့ ကိစ္စမို့လား"

"အေး . . . ဟုတ်တယ်လေ။ နောက်ဆုံး ဒီနည်းမျိုးကို သုံးသင့်ရင်သုံးရမှာပေါ့"

"အဲဒါက လှံလိုတယ် အဘရဲ့။ သူတို့လှံတွေက ခုလိုအကောင်မျိုးကိုထိုးဖို့အတွက် သက်သက်ကိုလုပ်ထားကြတဲ့ လှံမျိုးတွေလေ။ ခု ကျွန်တော်တို့မှာရှိတဲ့ လှံနှစ်ချောင်းက အဘပြောသလိုနည်းမျိုးနဲ့ အသုံးချမယ်ဆိုရင် တစ်ချောင်းပဲရမှာပေါ့"

"ကဲပါကွာ . . . အိပ်လိုက်တော့။ သူတို့ရွာမှာ အခြားလှံတွေ ရှိဦးမှာပေါ့"

အိပ်လိုက်တော့မည်အလုပ် ထွန်းထားသောမီးခွက်ကို မှုတ်လိုက်မည်ပြုနေစဉ် –

"ဂ္ . . . ဂ္ . . . ဂ္"





နာနာကြည်းကြည်းနှင့် ဝမ်းခေါင်းသံကြီးနှင့် အော်ဟစ်လိုက်သံကြီးကို ကျွန်တော်တို့နှစ်ဦး ကြားလိုက်ရသည့်အတွက် မီးခွက်ကို မမှုတ်သေးဘဲ အဘကောင်းမျက်နှာကို လှမ်းကြည့်လိုက်တော့ သူကလည်း ကျွန်တော့်ကိုလှမ်းကြည့်ရင်း စကားသံထွက်လာသည်။

"ဟော . . . ကြားလား မိတော့မိနေပြီ။ သံညှပ်မှာလား သုတ်ကိုင်းမှာလားဆိုတာသာ မသိတာ"

"ဟုတ်လား . . . အဘ၊ ဒီအော်သံက ဘာကောင်ဖြစ်မယ်လို့ ထင်သလဲ"

"ဒီအော်သံမျိုးက ကျားလိုအကောင်မျိုးတွေ အော်တဲ့အသံဗျ။ ဒီရိုးမကြီးအတွင်းမှာ အိမ်မွေးကျားတွေ မရှိနိုင်ဘူးဆိုတော့ ပြောင်ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် စိုင်လိုအကောင်တွေလည်း ဒီလိုအသံမျိုးနဲ့ အော်တတ်ကြတယ်။ အဲဒီနှစ်မျိုးထဲက တစ်မျိုးမျိုးဖြစ်မယ်"

ကျွန်တော်တို့နှစ်ဦး ပြောဆိုနေသည့် စကားသံကြောင့် အစ်ကိုကြီးဦးသိန်းလွင် နိုးလာသဖြင့် အိပ်ရာထက်တွင် ထထိုင်လိုက်တော့ –

"ဂ္ . . . ဂ္ . . . ဂ္"

ထောင်ချောက်တွင်မိထားသည့် သားကောင်ကြီး၏ နာနာကြည်းကြည်းအော်ဟစ်လိုက်သည့် အသံကြီးကို ထပ်မံကြားလိုက်ရပြန်သဖြင့် သူပြောလိုက်သည်က –

"ဘာထိကျယ် ဆုတောင်းပြည့်သွားပြီကွ။ မနက်ကြရင် မှန်ရဲ့ စွန့်စားခန်းကိုတွေ့ရမယ်။ ဟိုကောင်လေးတွေ နှိုးလိုက်ရမလား"

"အိပ်ကြပါစေ သူတို့ပင်ပန်းကြပါတယ်။ မနက်မိုးသောက်မှ သွားကြမှာပဲဥစ္စာ"

သို့အတွက် လူငယ်များကို မနှိုးတော့ဘဲ ကျွန်တော်တို့ပါ



www.burmeseclassic.com

www.burmeseclassic.com



မေးဝက်အနားယူလိုက်ကြပေတော့သည်။

ညပိုင်းက အိပ်ရေးပျက်ထားကြသည်မို့ ကျွန်တော်တို့နိုးကြတော့(၇)နာရီပင် ကျော်ခဲ့ပေပြီ။ လူငယ်အုပ်စုကား ညကထောင်ချောက်တွင် သားကောင်မိနေသည်ကို မည်သူမျှသိပုံမရသေးပုံပင်။ မည်သူမျှပြောသံကို မှလည်းမကြားရ။ အဘကောင်းကံသာ –

"တင်စိုး . . . တို့မှာ လုံနှစ်ချောင်းပဲရှိတာဆိုတော့ မင်းအသိတွေထဲမှာ လုံသုံးချောင်းလောက်များရှိမလား"

"အိမ်မှာလိုရမယ်ရသုံးဖို့ သုံးချောင်းလုပ်ထားတာရှိတယ် အဘရဲ့။ တစ်ခါမှတောင် အသုံးမချရသေးဘူး။ အဘဘာလုပ်မှာလဲ"

"အေးကွာ . . . ထောင်ချောက်မှာ ညကသားကောင်မိတယ်ကွ။ ငါတို့ အော်သံကြားတယ်။ မင်းတို့ကိုနိုးမလို့ သိပ်ပင်ပန်းနေကြတော့ မနိုးဘဲထားတာ"

"ဘာကောင်ဖြစ်နိုင်မလဲ၊ ဘယ်လိုအသံမျိုးကြားသလဲအဘ"

"အကောင်ကြီးပဲကွ . . . ဠ ဠ ဠ လို့အော်နေတဲ့အသံ ကြားလိုက်ရတယ်"

"ဒါဆိုရင် ညတစ်ကျယ်ဆုတောင်းပြည့်သွားပြီအဘ"

"မင်းက ဘာကောင်လို့ထင်သလဲ"

"စိုင်မှစိုင်ပေါ့ အဘရယ်"

ပြောပြောဆိုဆိုနှင့် တင်စိုးက အခန်းတွင်းသို့ဝင်သွားပြီး ပြန်ထွက်လာတော့ လုံသုံးချောင်းကိုယူပြီး ထွက်လာသည်ကို တွေ့လိုက်ရပေသည်။

ထိုအချိန်တွင် လူငယ်အုပ်စုက ကျွန်တော်တို့အခန်း တိုးကပ်လာကြပြီး ညကထောင်ချောက်တွင် သားကောင်မိသည့် အခြေအနေကို





ဝိုင်းမေးနေသည့်အချိန်နှင့် ဆုံဆည်းသွားသည်မို့ တင်စိုးယူဆောင်လာသည့် လုံသုံးချောင်းကို အကြည့်များတို့က ရောက်သွားကြပေသည်။ ကျွန်တော်ကလည်း လှမ်းကြည့်လိုက်တော့ ထိုလုံမျိုးကို ကျွန်တော်တို့ မတွေ့ဘူးခဲ့သည်က အမှန်။

ကျွန်တော်ညကပင် ပြောဆိုစဉ်းစားခဲ့မိပေသည်။ ပန်းတနော်(ရှန်းတော)ကျေးရွာတွင် တောကြောင်ကြီးများကို ထိုးသည့်လုံလောက်ကိုသာ တွေ့မြင်ခဲ့ဖူးသည်။ ယခု လုံတို့မှာ သူတို့တောတွင်းသားကောင်ကြီးများတို့ကို ခနဲ့သိမ်းရန်နှင့် တောဝက်တို့အသိုက်ကိုက်ရာတွင် ထိုးကြရန်အတွက် စိတ်ကြိုက်လုပ်ထားသည့် လုံများတို့ပင်။

လုံသွားတို့က တစ်ပေခွဲသာသာခန့်ဖြစ်ပြီး လုံသွားအရွယ်အနံမှာ တစ်မိုက်ခန့်ဖြစ်ပေသည်။ လုံသွားနှစ်ဖက်စလုံးမှာ ထက်မြက်လှပြီး လုံဦးချွန်မှာမာကျောပြတ်ရှ ချွန်ထက်လွန်းလှသည်။ လုံအရှည်သည် ရှစ်တောင်ခန့်၊ ဝါးကျစ်ဝါးဖြင့် အရိုးတပ်ထားသည်။

လုံရိုးမာကျောမှုလည်း ထိုးလိုက်သော သားကောင်၏တွန်းကန်အား(ရှန်းအား)ကို လုံကိုင်သမား၏ ဗိတွန်းအားခံနိုင်ရည်ရှိစေသည်ဖြစ်သလို စူးဝင်နစ်မြုပ်မှုတို့ကလဲ အတွင်းအထိပ်ထိတိုင် ရောက်ရှိမည့်လုံမျိုး။

ကျွန်တော်တို့တစ်ဖွဲ့လုံးပင် ထိုလုံမျိုးကို ယခုမှမြင်ဖူးကြသည်မို့ ရေငတ်တုန်း ရေတွင်းထဲကျသည့်နှယ် အလွန်တရာ သဘောကျကာ လုံကိုယူလိုက်ရင်း ဖင်တစ်ပြန်ခေါင်းတစ်ပြန် ဝိုင်းဝန်းကိုင်တွယ်ချိန်ဆကြည့်နေလိုက်ကြစဉ် –

"ရှေ့ကြည့် . . . ရှေ့ကြည့်"

မနေ့က ညဘက်ငှက်အော်လိုက်သည့် ကညင်ပင်ထိပ်များထက်ဆီမှ "ပြည့်ကျိုး"ငှက်ကလေးအော်ဟစ်လိုက်သည့်အသံကိုကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသဖြင့် ကျွန်တော်တို့အဖွဲ့မှာ လုံးသုံးချောင်းကို အထူးအဆန်း သဖွယ် ဝိုင်းဝန်းငုံ့ကြည့်နေကြသည့်ကြားမှ ငှက်အော်သံကြားလိုက်ရာ ကညင်ပင်ဆီသို့ အကြည့်များရောက်သွားကြပေသည်။ ငှက်ငယ်ကလေး ကား ကျွန်တော်တို့ကြည့်နေစဉ် အဝေးသို့ပျံသွားသည်ကို တွေ့လိုက်ကြ ရပေသည်။ ထိုစဉ် အဘကောင်းက –

"ညက ကြားလိုက်ရတဲ့ ငှက်သံကတို့ကို ဒုက္ခပေးမဲ့ငှက်အော်သံ ကွ။ ခုအော်လိုက်တဲ့ ပြည့်ကျိုးငှက်ကလေး အော်လိုက်သံက အဘ တစ်ပွဲစားဦးနီမောင်က ရင်ဆိုင်ကြဖို့သတိပေးတဲ့ပုံမျိုးကွ"

ထိုစဉ် အစ်ကိုကြီး ဦးသိန်းလွင်က –

"ကဲ . . . ဘယ်လိုသဘောရလဲ၊ လုံကငါးချောင်းရှိတယ်။ ဒူး လေးက သုံးလက်ရှိနေတော့ တို့အဖွဲ့တက်ညီလက်ညီ ဝိုင်းလိုက်ကြ မလား"

"လုပ်ပါ့မယ်လို့ ညကတောင် လောင်းထားသေးတာပဲ။ လုံ တွေကိုတော့ ကျွန်တော်တို့လူငယ်တွေက အားကောင်းမောင်းသန်ဆို တော့ ကျွန်တော်တို့ပဲကိုင်မယ်။ လူကြီးတွေ နောက်ကနေကြ၊ ပန်းတနော် အတွေ့အကြုံကို အားလုံးသိတယ်နော်၊ သတ္တိရှိပြီး ရဲဘော်ရဲဘက် သေဖော် သေဘက်စိတ်ရှိဖို့ အဓိကလိုတယ်။ ငါလုံတစ်ချောင်းကိုင်မယ် ကျန်တဲ့သူ ဘယ်လူကိုင်မလဲ"

"ငါကိုင်မယ်"

"ငါလဲကိုင်မယ်"

"ဘယ်ရမလဲ ငါလဲကိုင်မှာပေါ့ကွ"

"ငါ့ကိုလဲတစ်ချောင်းပေးကွာ"

ကျွန်တော်တို့အဖွဲ့သားများချည်း တစ်ယောက်လုံတစ်ချောင်း





ကိုင်ဆောင်ကြမည် ဖြစ်သည့်အတွက် မှုန်က ဟန့်တားလိုက်သည်။

"ဉာဏ်ကျယ်၊ အဲလူးတို့နှစ်ယောက် လုံမကိုင်နဲ့။ ဒူးလေးကို ကိုင်၊ တင်မိုးနဲ့ယောင်ကြီးကို ပေးကိုင်လိုက်၊ ဒီကိစ္စက ကပျက်ကချော် လုပ်လို့ရတဲ့ကိစ္စ မဟုတ်ဘူး"

ဉာဏ်ကျယ်က လုံကိုသူမကိုင်ရသဖြင့် မကျေမချမ်းပုံစံမျိုး နှင့် ပြန်ပြောနေသည်က –

"ဟဲ့ . . . မှုန်စုတ်ရဲ့၊ သုတ်ကိုင်းမိတဲ့သားကောင်ကို လုံနဲ့ ဝန်းသိမ်းတဲ့ကိစ္စဟာ ခက်တဲ့ကိစ္စမှ မဟုတ်တာ။ သုတ်ကိုင်းမိတဲ့ သား ကောင်ရဲ့ အလစ်အငိုက်ကိုကြည့်ပြီး သေကွင်းကို လုံနဲ့ဝင်ထိုးကြရတဲ့ ကိစ္စပဲမဟုတ်လား။ ခုနင်ပြောနေတာက ဆင်ဖမ်းတော့မလို ကျားပဲ ဖမ်းတော့မလို ကြီးကျယ်လှချည်လားကွ"

"ဟော့ကောင် . . . ဉာဏ် ဒါအရေးကြီးတဲ့အချိန် ရောက်နေ ပြီ။ ငါပြောတဲ့စကားကို နင်နားထောင်၊ ငါအားလုံးအတွက် ပြောနေတာ။ နင်သိထားတာက ထောင်ချောက်မိနေတဲ့ အကောင်လောက်ကို ဝန်း သိမ်းဖို့သိတာ၊ အခြား ဘာတွေဖြစ်လာနိုင်တဲ့ဟာတွေကို နင်မသိဘူး လားမို့လား။ ခုအချိန်ဟာ အရေးကြီးတဲ့အချိန်မို့ နင့်ငါပြောနေတာ"

"ဘာကောင်ဖြစ်မယ်လို့ နင်က ထင်နေလို့လဲ"

"ဒါကတော့ ဘာကောင်ဖြစ်မယ်မှန်း မသိသေးဘူးလေ။ အားလုံးပြောနေကြတာကတော့ ဝိုင်လို့ပြောနေတာပဲ။ ဟိုရောက်တော့ ကြုံသလို ရင်ဆိုင်ကြရမှာပေါ့"

ထောင်ချောက်မိ သားကောင်ထံသို့မသွားမီ အဆာပြေထမင်း ကြမ်းများကို စားလိုက်ကြပြီး စတင်လှုပ်ရှားကြရန်အတွက် ကြိုတင် ပြင်ဆင်စရာများတို့ကို ပြင်ဆင်လိုက်ကြပြီး ခွေးများကိုအဘကျွေးနေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို စောင့်စားနေလိုက်ကြပေသည်။

ကျွန်တော်တို့အုပ်စု ဝါးတော့ပွဲတွင် ထိုင်လိုက်ကြရင်းမှ နံနက်ခင်း ဝန်းကျင်၏ ထူးခြားသည့်အခြေအနေကို သတိထားနေလိုက်ကြပေသည်။ စခန်းချရာနောက်ကျော တောတန်းများဘက်တို့ဆီမှ ကျေးငှက်သံ တစာစာတို့နှင့်အတူ မျောက်မောင်းမအော်သံများ၊ ကုတ်တလူးငှက်ကြီး များတို့၏ အော်လိုက်သံများအပြင် အောက်ချင်းငှက်တစ်အုပ်၏ အော်ဟစ် လိုက်ကြသည့်အသံများကို ကြားနေရပေသည်။

"ဝေါင်း . . . ဝေါင်း"

အတန်အလှမ်းဝေးသော နေရာဆီမှ သားကောင်ကြီးတစ် ကောင်၏ ဟိန်းဟောက်သံကြီးကို ကြားလိုက်ကြရသည်မို့ –

"သေချာတယ်ဗျ . . . ဟင်းကောင်ဝင်မွှေနေပြီ"

မွန်က ပြောလိုက်သည်။ ကျွန်တော်တို့ကလည်း၊ ထိုအသံ ကြောင့် ရင်ဆိုင်ကြရမည့်သားကောင်မှာ ဟင်းမျိုးခေါ် ကျားကြီးတစ် ကောင်ဖြစ်လာနိုင်ကြောင်း အတည်ပြုလိုက်ရင်း စတင်ထွက်ခွာကြဖို့ စီစဉ်လိုက်ကြပေတော့သည်။

မွန်၊ ကုလားကြီးသန်းညွန့်၊ တင်စိုးနှင့် ယောင်ကြီး၊ မိုးကြည် တို့က လုံများကိုကိုင်ဆောင်သလို ဉာဏ်ကျယ်၊ အာလူးနှင့် ယဉ်ကြိုင် တို့က ဒူးလေးများကို ကိုင်ဆောင်ထားကြပြီး ကျွန်တော်တို့ လူကြီး သုံးယောက်နှင့် အခြားရွာခံမုဆိုးများတို့က ဓါးချွန်များနှင့် ကိုင်းခုတ်ဓား များတို့ကို တစ်ဖက်စီကိုင်ဆောင်လိုက်ကြရင်း ခွေးများတို့နှင့် ထွက်လာ ခဲ့ကြပေသည်။

နံနက်ခင်းနှင်းစက်ကလေးများတို့ ဖြန့်ခင်းကြပက်ထားသော လူသွားလမ်းကလေးအတိုင်း လျှောက်လှမ်းနေကြရင်း ကျွန်တော်က





ရှေ့တူရူကို လှမ်းမျှော်ကြည့်လိုက်သည်။ နံနက်ခင်းနှင်းမြူတို့ ကြပက်ထား ခြင်းကို ခံထားရသဖြင့် ထွက်ပြူစနေရောင်၏ ရောင်ပြန်ဟပ်ခြင်းကို ခံလိုက်ရသဖြင့် တလဲ့လဲ့ဖြစ်ပေါ်နေသော စိမ်းစိုလန်းဆန်းနေသည့် ပဲခူးရိုးမကြီးတစ်ခွင် တစ်ပြင်လုံး၏ နံနက်ခင်းအလှကို ကျွန်တော်မြို့ငုံ ကြည့်လိုက်မိပေသည်။

လျှောက်လှမ်းနေလိုက်ရင်းမှ စိတ်အစဉ်တို့မှာ လှမ်း၍တွေ့မြင် နေရသော ရွက်ဖားစိမ်းစိမ်းကြီးများတို့ကဲ့သို့ လန်းဆန်းမြူးကြွနေ ပေသည်။ ကြည်နူးရိပ်သန်းနေသော နှင်းမြူတို့၏အစက်အပြောက် ကလေးများကြောင့်လဲ မြေသင်းနံ့ကလေးများ၏ ရနံ့ကလေးများတို့ကို အထိုက်အလျောက်ရနေသည်။ ယခုလိုအချိန်မျိုးတွင် တစ်ဖက်က ဓါးဆစ်ချွန်ကိုကိုင်လျှက် ကျန်တစ်ဖက်က ကိုင်းခုတ်ဓားကိုကိုင်ဆောင် ထားရင်း လူသွားလမ်းကလေးအပေါ် ကြွကြွရွရွလျှောက်လှမ်းနေရ သည်ကိုပဲ ကျွန်တော့်စိတ်က နှစ်သက်သဘောကျနေသည့်အသွင်။

တောသည် ဆိတ်ငြိမ်လျှက်ရှိသည်။ တောကြက်တွန်သံ၊ မျောက် အော်သံနှင့် ကျေးငှက်သံများတို့ပင် မကြားရ။ ဝါးရုံကိုင်းထိပ်ဖျား ထက်ဆီမှ ဖျင်းတိဖျင်းတွဲ ကူသံပေးနေသော ချိုးတစ်ကောင်၏ အသံ သည်သာ ခပ်ကျဲကျဲထွက်ပေါ်နေသည်။

ပါလာသော ခွေးသုံးကောင်က အရှေ့ဘက်ဆီသို့ ပြေးလွှားသွား လိုက်၊ ကျွန်တော်တို့အနီးသို့ ပြေးလာလိုက်၊ နှာခေါင်းကို တရှုံ့ရှုံ့နမ်း လိုက်၊ တောချုံပင်ကြီးများတို့အတွင်း ပြေးလွှားတိုးဝင်သွားလိုက်၊ ပြန်လာ လိုက်နှင့် သားကောင်နောက်ဆီသို့ လိုက်ကြရမည်မို့ ပျော်ရွှင်ကြည်နူး နေသည့်အချိန်။ တင်သိန်းက ခါးပုံစအတွင်းမှ ထန်းလျက်ခဲထုပ်ကို ထုတ်ယူလိုက်ပြီး တစ်လုံးစီပစ်ကျွေးလိုက်သဖြင့် လှမ်း၍ ဟပ်ယူ



www.burmeseclassic.com

www.burmeseclassic.com



စားသောက်လိုက်ပြီး အနီးမှပြန်လည်ပြေးထွက် သွားကြပြန်သည်။

ကျွန်တော်တို့ ဦးတည်လာရသည် ညကထောင်ချောက်မိသဖြင့် အော်လိုက်သံကြားရာဆီဘက်သို့ ဦးတည်ထွက်လာခဲ့ကြခြင်းပင်။ ဂနိုင်အတွင်းလျှောက်လှမ်းရာ ရွက်ကြွေတို့မှာ နံနက်ခင်းပက်ဖျန်းထားသော နှင်းစက်များတို့ကြောင့် နအိကာနေကြသဖြင့် ကျွန်တော်တို့ တစ်သိုက်လှုပ်ရှားသွားလာနေသည့် အသံများတို့ကိုပင် မကြားနိုင်လောက်အောက်ဖြစ်နေသည်။

သစ်ပင်ကြီး တစ်ပင်ထက်ဆီတွင် အစာစားနေကြသော မျောက်ညိုတစ်အုပ်မှာ မျှော်လင့်မထားဘဲ ကျွန်တော်တို့အုပ်စုကို အနီးကပ်တွေ့မြင်လိုက်ရပြီး ပါလာသောခွေးသုံးကောင်က ဝိုင်းဟောင်လိုက်ခြင်းကို ခံလိုက်ရသဖြင့် ကြောက်လန့်တကြားနှင့် တစ်ကိုင်းမှတစ်ကိုင်း၊ တစ်ပင်မှတစ်ပင် ခုန်ပျံပြေးလွှားကြောက်အားပိုလျှက် ပြေးထွက်သွားသည်ကို တွေ့လိုက်ရပေသည်။

''တောက် . . . နာလိုက်တာကွာ။ ငါ့လက်ထဲမှာ ဒူးလေးကိုင်ထားရင်ပစ်လိုက်တာကြာ့ပေါ့''

အသက်အကြီးဆုံးဖြစ်သူ ဘကြီးကောင်းထံမှ မကျေမချမ်းဖြစ်သည့်အသံက ထွက်လာသည်။ ဒူးလေးကိုယ်စီကိုင်ထားသော လူငယ်သုံးဦးကို မကျေမချမ်းဖြစ်နေသည့် သူ့အမူအရာကိုကြည့်ရင်း ကျွန်တော်တို့ပြုံးနေလိုက်မိသည်။ ဉာဏ်ကျယ်ကသူ့ကို ပြောနေမှန်းသိသဖြင့် မျက်စောင်းတစ်ချက်လှမ်းထိုးရင်း ကျွန်တော့်ကို မျက်စိတစ်ဖက် မှိတ်ပြနေသည်။

အမှန်တော့လည်း မျောက်အမျိုးမျိုးရှိကြသည့်အနက် ယခုပြေးလွှားသွားသော မျောက်ညိုမျိုးတို့က ကျွန်တော်တို့အတွက် ဆေးဘက်





ဝင်သည့် မျောက်မျိုးမဟုတ်ပါလား။

ရှေ့ဆုံးမှလှံများကို ကိုယ်စီကိုင်ဆောင်ထားကြရင်း သွားနေကြသော မုန့်တို့အုပ်စုက လှမ်းလက်စခြေလှမ်းတို့ကို ရပ်လိုက်ကြရင်း နောက်တွင်ဆိုက်လာကြသည့် ကျွန်တော်တို့အုပ်စုကို ရပ်စောင့်နေသည်ကို တွေ့မြင်လိုက်ရပေသည်။

ကျွန်တော်တို့အဖွဲ့ သူတို့အနီးသို့ရောက်တော့ တင်စိုးက -

''သံညှပ်တွေနဲ့ သုတ်ကိုင်းတွေထောင်ထားတဲ့ အနားကို ရောက်ကာနီးနေပြီ။ ထူးခြားနေတာက တောကသိပ်ငြိမ်နေပြီး ဘာသံကိုမှ မကြားရသလို ထောင်ချောက်မိနေတဲ့ အကောင်ဆီကလဲ ဘာသံမှ မကြားရတော့ ဘယ်လိုအခြေအနေရှိတယ်ဆိုတာကို ကျွန်တော်တို့အရင်သွားကြည့်မယ်။ ဒီကစောင့်နေကြပါ။ ဒူးလေးတစ်လက် ကျွန်တော်တို့နဲ့ လိုက်ခဲ့''

တင်စိုးပြောလိုက်သော စကားအဆုံးဝယ် မတိုးမကျယ်အသံပြတ်နှင့် ဟိန်းလိုက်သည့်အသံတစ်သံကို အားလုံးပင်ကြားလိုက်ကြရသဖြင့် တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်မိကြပေသည်။

ဟိန်းလိုက်သည့် အသံကြီးသည် ကြားနေကြဟိန်းသံမျိုး မဟုတ်ဘဲ မာန်ထကာဟိန်းလိုက်သည့် အသံမျိုးဖြစ်သည်ကို ကျွန်တော်တို့အားလုံးပင် နားလည်သလို၊ ခွေးများတို့ကလဲ နားလည်ထားဟန်ထင်။ ကြည့်လိုက်တော့ ခွေးသုံးကောင်မှာ ဖင်သိနေသည်ကို တွေ့မြင်လိုက်ကြရပေသည်။

ဒူးလေးကို ကိုင်ဆောင်ထားသည့် ဉာဏ်ကျယ်က လှံသမား ငါးဦးနှင့်ထောင်ထားသည့် ထောင်ချောက်များဆီသို့အသွား၊ ကျွန်တော်တို့က လူစုကာ လေးဘက်လေးတန်ကိုသတိထားရင်း ကျောချင်းကပ်



www.burmeseclassic.com

www.burmeseclassic.com



လူစုလိုက်သည့်အချိန် ခွေးသုံးကောင်မှာ လာရာလမ်းဆီသို့ လျှင်မြန်သော အရှိန်အဟုန်နှင့် ပြန်ပြေးသွားကြသည်ကို တွေ့မြင်လိုက်ကြရပေသည်။

ကျွန်တော်တို့မှာ ကိုင်ဆောင်ထားကြသည့် လက်နက်များကို တင်းတင်းဆုပ်ကိုင်လိုက်ကြရင်း တစ်ဦးမျက်နှာကို တစ်ဦးကြည့်လိုက်မိတော့ အစ်ကိုကြီးဦးသိန်းလွင် မျက်နှာက –

"ဘယ်လိုလဲကွ ဘာလုပ်ကြမတုန်း"

ဆိုသည့် ပြန်မေးနေသည့်မျက်နှာနှင့် အဘကောင်းမျက်နှာက "ဂရုစိုက်ကြနော်" ဆိုသည့် သတိပေးနေသည့်မျက်နှာ။

"ဟင်းကောင်ဗျ၊ ကြည့်ရတာ မိထားတဲ့အကောင်ကို ပွဲတော်တည်နေရင်း ကျွန်တော်တို့အနံ့အသက်ကိုရသွားလို့ မာန်ဖီလိုက်တဲ့ အသံမျိုးထင်တယ်"

ကျွန်တော်က အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့ ပြောလိုက်သဖြင့် အဘကောင်းက တိုးတိုးကပ်အံ့ပြေပေးလိုက်ပုံက –

"ကဲ . . . အားလုံးကိုပဲ သတိမလစ်စေနဲ့ ဟင်းကောင်ကွ။ လျှို့ဘက်ကဖြစ်မယ်။ နွားလေးသမားတွေ အလစ်မပေးနဲ့နော်။ လျှိုဘက်ကိုသတိထား"

မောင်ယဉ်ကြိုင်နှင့် အာလူးတို့က နွားလေးများကို ကိုင်ဆောင်ထားကြသည်မို့ လေးညို့ကိုဆွဲတင်ကာ မြားတံများတပ်ဆင်လိုက်ကြပြီး လျှိုကြီးဘက်ကို မျက်နှာမူလိုက်ကြကာ အလစ်မပေးစတမ်း လိုက်လံကြည့်ရှုနေလိုက်ကြပေသည်။

ကျွန်တော်စဉ်းစားနေလိုက်သည်က ဟင်းကောင်သည် ကျွန်တော်တို့ထောင်ထားသည့် ထောင်ချောက်တွင် မိနေသောသားကောင်ကို





သတ်လိုက်ပြီး စိတ်ကြိုက်ပွဲတော်တည်နေပေမည်။ ထိုစဉ် ကျွန်တော်တို့ အနံ့အသက်များကို ရသွားသည်လား၊ အခြားသော အကောင်တစ်ကောင်က စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်လိုက်သဖြင့် အစာမာန်ထကာ ဟိန်းလိုက်ခြင်းလား ဆိုသည်ကိုတော့ လုံသမားများ ပြန်လာသည့်အခါမှ သိရပေမည်။

ကျွန်တော်တို့အဖွဲ့ ရင်တထိတ်ထိတ်နှင့် စောင့်စားနေလိုက်စဉ် နောက်ထပ်နာရီဝက်ခန့်လောက်အကြာတွင် လုံသမားအုပ်စု ပြန်လည်ရောက်ရှိလာကြပေသည်။

"ဗိုင်ကြီးရဲ့ညာခြေထောက်ကို သံညှပ်မိထားကာ နှုတ်ခမ်းမွေးက ကုပ်ပိုးကိုကိုက်သွေးစုပ်သွားပြီး ဘာကြောင့်မှန်းမသိဘူး။ ဝမ်းဗိုက်သားနဲ့ ပေါင်တစ်ခြမ်းကိုစားနေပြီး ရှောင်ထွက်သွားတယ်ဗျ"

မှန်ကပြောပြနေသည်မို့ အဘကောင်းက –

"တို့အနံ့အသက်နဲ့ အသံတွေကို ရသွားလို့များလား"

"လေတင်လေအောက်ကို ကျွန်တော်တို့ စမ်းကြည့်သေးတယ်။ ကျွန်တော်တို့က လေအောက်ကဆိုတော့ မဖြစ်နိုင်သလို အသံကိုလည်း မကြားနိုင်ဘူး။ အလှမ်းဝေးတာကိုး"

"အမှန်တော့ ဒီအကောင်ထောင်ချောက်မိပြီး ရုန်းရင်းကန်ရင်း အော်ဟစ်နေတဲ့အသံကို ဟင်းကောင်ကကြားသွားပြီး လာအချောင်နှိုက်တာကွ။ သူစားလို့ဝနေတဲ့အတွက် အစာကိုထားပြီး ရှောင်ထွက်သွားတာမျိုးဖြစ်မှာပေါ့။ ဒါဆိုရင် သိပ်ဝေးဝေးကို သွားမှာမဟုတ်ဘူး။ လင့်စောင့်ရင်တော့ သေချာပေါက်ကွ"

"သူတစ်ချက်ဟိန်းလိုက်တာ ဘာကြောင့် ဟိန်းလိုက်သယ်ဆိုတာကို ကျွန်တော်စဉ်းစားနေတာ ကျွန်တော်တို့အတွက် ဖြစ်တာက



www.burmeseclassic.com

www.burmeseclassic.com



တော့ အမှန်ပဲ။ ခုနေရာမှာ သူရှိမနေတာဟာ ရှောင်ထွက်သွားတာ မဟုတ်ဘဲ အဲဒီအကောင်နောက်များ လိုက်သွားတာလားပဲ''

မှန်ပြောလိုက်သည့် စကားတို့ကလဲ ဖြစ်နိုင်သည်မို့ ကျွန်တော်တို့ နားထောင်နေလိုက်မိပေသည်။ မည်သို့ပင်ဖြစ်စေ ဟင်းကောင်သည် သူ့အစာကို မကုန်မချင်း စွန့်ပစ်သွားမည်မဟုတ်။ စိုင်သေကြီးဝန်းကျင် တွင်ပင် ခိုအောင်းနေမည်က ယုံမှားသံသယရှိစရာမလိုပေ။

''ကဲ . . . ဘယ်လိုစိတ်ကူးကြသလဲ''

အစ်ကိုကြီးဦးသိန်းလွင်က မေးလိုက်သဖြင့် ကုလားကြီး သန်းညွှန့် ဖြေလိုက်ပုံက –

''ကျွန်တော်တို့ ထွက်လာတုန်းက ရင်ဆိုင်ကြမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချပြီး ထွက်လာကြတာဆိုတော့ ရင်ဆိုင်မယ်။ ကြောက်တဲ့ သူရှိရင် ဒီကနေပြန်ကြပါပဲ''

ကုလားကြီးသန်းညွှန့်က ပြတ်ပြတ်သားသား ပြောလိုက်သည့် အတွက် ကျွန်တော့်အဖွဲ့သားများကို လှမ်းကြည့်လိုက်တော့ ပြန်ကြမည့် သူတစ်ဦးတ[illegible]ယောက်မှ မတွေ့ရသဖြင့် အားတက်သွားမိပေသည်။

''ဒါနဲ့မေးရအုံးမယ်။ ခွေးသုံးကောင် ဘယ်ရောက်သွားပြီလဲ''

''စောစောက ဟင်းကောင်ဟိန်းလိုက်တဲ့ အသံကြားလို့ ပြန်ပြေးကုန်ကြပြီလေ''

ယဉ်ကြိုင်မှာ ပြန်ပြောလိုက်သည်မို့ ကုလားကြီးသန်းညွှန့်က–

''အဲဒါမျိုးကိုကြိုက်တယ်။ မရင်ဆိုင်ရဲဘူးဆိုရင် ပြန်နိုင်တယ်နော်။ မပြန်ဘူးဆိုရင်တော့ သေတူရှင်ဖက်ပဲ၊ စွန့်စားကြရမယ်''

''ကဲ . . . ဘယ်လို ဆက်လုပ်ကြမလဲ''

''ဘယ်လိုဆက်လုပ်မလဲဆိုတော့ ဒီကောင်ကြီးကို ရှာကြည့်





မယ်။ လူစုခွဲလို့တော့ မဖြစ်ဘူး။ ဒူးလေးကိုင်တဲ့သုံးယောက်က ရှေ့ကနေ၊ လှံကိုင်သမားငါးယောက်က အလယ်ကနေပြီး ငါတို့ဝါးချွန်နဲ့ ကိုင်းခုတ်ဓား ကိုင်ထားကြတဲ့လူတွေက နောက်ကနေမယ်။ အခြေအနေကိုကြည့်ပြီး ငါပြောတဲ့အတိုင်း လုပ်ကြမယ်။ ငါမပြောနိုင်လဲ အခြေအနေပေါ်ကြည့်ပြီး လုပ်သင့်တယ်ထင်တာကို လုပ်ကြရမယ်''

အဘကောင်းက ထိုကဲ့သို့ပြောလိုက်သဖြင့် အားလုံးက လက်ခံကြသဖြင့် ကျွန်တော်တို့ စတင်ထွက်ခွာကြတော့မည် အလုပ်တွင် –

''အားလုံး ခြေသံလုံဖို့ကို အထူးသတိထားကြနော်။ ဒူးလေး သုံးယောက်က လျှိုဘက်ကိုဦးတည်ပြီး ရှေ့ကသွားမယ်။ မင်းတို့နောက်မှာ လှံအဖွဲ့လိုက်မယ်။ ငါတို့က နောက်ကကပ်ပြီး လိုက်လာကြမယ်။ လူစု မကွဲဖို့ကိုလဲ သတိထားကြနော်''

ကျွန်တော်တို့အဖွဲ့ ခြေသံလုံလုံနင်းကြရင်း လျှိုကြီးဘက်ဆီသို့ ဦးတည်လျှောက်လှမ်းခဲ့ကြပေသည်။ လျှိုကြီးအနားဆီသို့ရောက်ကာနီး ပေလေးရာလောက်ဆီမှ လှမ်းကြည့်လိုက်တော့ လျှိုကြီးဓါကမ်းပါးရဲ့ ထက်တွင် ဘယ်ညာယိမ်းထိုးလှုပ်ရှားနေကြသည့် ကိုင်းမြက်ရည်ကြီးများ သည်လည်းကောင်း၊ ဆူးရစ်ချုံကလေးများတို့သည်လည်းကောင်း၊ ကျူပင် ကြီးများနှင့် တောချုံပင်များတို့ကိုလည်းကောင်း ပကတိအတိုင်း တွေမြင် လိုက်ရသည်။ သက်ရှိသတ္တဝါဟူ၍ ကိုင်းပွင့်များတို့ထက်ဝယ် နားခိုရင်း အသံတစာစာ မြည်ကြွေးနေကြသည့် နှံပြည်စုပ်ငှက်ငယ်ကလေးများတို့ ကိုသာ တွေ့လိုက်ရပေသည်။

အဘကောင်းက ကျွန်တော်တို့အား လျှိုစောင်းတွင်ရှိနေသည့် တောချုံပုတ်များအတွင်း ဝင်ရောက်ရန် လက်ဟန်ပြလိုက်သည့်အတွက် တောချုံပုတ်ကြီးများအတွင်း တိုးဝင်ဖယ်ရှားသွားလိုက်ကြပေသည်မို့



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါးရုံနားဆီသို့ရောက်တော့ လျှို၏အောက်ခြေသို့ လှမ်းကြည့်လိုက်ကြပေသည်။

ကမ်းပါးရံအတွင်း ကျောက်တုံး၊ ကျောက်ခဲများတို့အကြား မည်သည့်နေရာဆီမှ လာမှန်းမသိသော စမ်းချောင်းကလေးများတို့က ခပ်ပါးပါးကလေးဖြင့် စီးဆင်းနေပြီး သဲဖြူဖြူကလေးများတို့နှင့်အတိ။ ထိုသဲပြင်များထက်ဆီတွင် သားကောင်များတို့ ရေသောက်ဆင်းထားကြသည့် အသွားအပြန်ခြေရာများတို့ကိုလည်း တွေ့မြင်နေရသည်မို့ သားကောင်ကြီး၏ ခြေရာကို လိုက်လံကြည့်ရှုနေလိုက်စဉ် –

"ဟူ . . . ဟွဲ ဟွဲ ဟွဲ"

ဟူသော အသံကြီးကို လျှိုမြောင်ကြီးအောက်ဘက် တောင့်ဖြတ်ချိုးဆီမှ ကြားလိုက်ရသဖြင့် ကျွန်တော်တို့အားလုံး ချုံပုတ်များအတွင်းမှ အသာငြိမ်ကုပ်ပြီး အသံကြားလိုက်ရာဆီသို့ လှမ်းကြည့်ကြရာ မြင်ကွင်းက နံနက်ပိုင်းထွက်ပြူနေသော အလင်းရောင်အောက်တွင် ထင်ရှားပြတ်သားစွာပင် မြင်လိုက်ကြရပေသည်။

စောစောကကြားလိုက်ရသော အသံကြီးသည် ဆတ်ကြီးတစ်ကောင်ဟီလိုက်သည့် အသံမှန်းကိုတော့ အားလုံးပင်သိလိုက်ကြသည်။ ဆတ်ဆိုသည့်အကောင်မျိုးက တစ်သံပေးသလို ယခုကဲ့သို့ ဟီသံကိုလည်း ပေးတတ်ကြသည်။ သို့သော် ရှားရှားပါးပါးပင်။ အများဆုံးတစ်သံကိုသာ ပေးလေ့ရှိကြသည်။ ယခုမူ ဆတ်ကြီးဟီသံပေးသဖြင့် ကျွန်တော်တို့ပင် စိတ်တွင်းက ဘယ်လိုသဘောမျိုးဖြင့် ဟီသံပေးလိုက်ခြင်းကို ဝေခွဲမရနိုင်အောင်ဖြစ်နေသည်။

ဆတ်ကြီးက ဆတ်ချွေကြီးတစ်ကောင်ပင်။ ကိုယ်လုံးကိုယ်ထည်က အခြားဆတ်များဖြစ်သည့် ဆတ်ပနီ၊ ဆတ်ကြုတ်၊ ဆတ်နွားတို့လို





အကောင်မျိုးတွေထက် ပိုကြီးပြီးတုတ်ခိုင်ကာ သန်မာထွားကြိုင်းသည်။ အရောင်က ညိုညစ်ညစ်နှင့် ခုနစ်ခွရောင်မျိုးဖြစ်ပြီး အမြီးဖြူဖြူတိုနံ့နံ့ ကလေးက တလှုပ်လှုပ်၊ နားရွက်ကြီးကိုထောင်လျှက်။

ကျွန်တော်တို့ ပုန်းအောင်နေကြသည့် ကမ်းပါးရုံအထက် တောချုံပုတ်များသည် အမြင့်ပေအားဖြင့် ရှစ်ပေခန့်ဆီမှာမို့ မြင်ကွင်းက ထင်ရှားပြတ်သားသည်။ ကျွန်တော်တို့ရှိရာ အောက်ဘက်ဆီ ချောင်းကလေးအတိုင်း လျှောက်လှမ်းလာနေသည့် ဆတ်ကြီးကိုအသေအချာ ကြည့်လိုက်တော့ ပါးစပ်အတွင်းမှ အမြှုပ်များတစီစီထွက်နေပြီ။ ဦးချိုကိုလည်း ချထားပြီးမို့ တစ်မိုက်သာသာနှင့် သူ့ကိုကြည့်ရသည်မှာ အဝေးမှ ပြေးလွှားလာခဲ့ရသဖြင့် အလွန်မောပန်းနွမ်းနယ်နေသည့် အသွင်မျိုး အပြင် သူ့အသက်ကိုလုပြီး ပြေးလွှားလာခဲ့ရသည့်အသွင်က ပေါ်ပြနေသည်။

ဒူးလေးကို လေးညှို့များကို ဆွဲတင်ထားကြပြီး မြားလမ်းကြောင်းတွင် မြားတံကို ပျားဖယောင်းနှင့်ကပ်ပြီး ပစ်ခတ်ရန်အနေအထားမျိုးမို့ လူငယ်သုံးဦးက ဆတ်ကြီးကိုပစ်ခတ်ရန် ချိန်ရွယ်နေလိုက်ကြစဉ် –

"အု အု အု . . . အု အု အု"

စောစောက ဆတ်ကြီးဟီလိုက်သည့် နေရာဆီမှ အသံများတို့ကို ထပ်မံကြားလိုက်ရပြန်သည်မို့ အဘကောင်းက လူငယ်သုံးဦးကို မပစ်ကြရန်နှင့် စောင့်ကြည့်ကြရန် ဟန့်တားလိုက်သည့်အတွက် ဒူးလေးကိုင်ဆောင်ထားကြသူများတို့က မပစ်ခတ်ကြတော့ဘဲ အသာငြိမ်၍ စောင့်ကြည့်နေလိုက်ကြပေသည်။

ထိုအချိန် လျှောက်လှမ်းလာနေသည့် ဆတ်ကြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ကျောဘက်ဆီမှ သဲသောင်ပြင်ထက်ဝယ် ပြာနှမ်းနှမ်းအရောင်နှင့် တောခွေးကြီးသုံးကောင်က လျှင်မြန်သောအရှိန်အဟုန်နှင့် ပါးစပ်ကြီးများကိုဖြဲကာ လျှာကြီးများကိုထုတ်လျှက် သွားစွယ်ကြီးများတို့ အဖွေးသားဖြင့် ဆတ်ကြီး၏နောက်ဆီသို့ အနှံ့ခံလိုက်လာကြသည်ကိုလဲ တွေ့မြင်လိုက်ကြရပေသည်။

ဆတ်ကြီးသည် သူ့နောက်ဆီသို့ တောခွေးများတို့၏ အသံနှင့် ပြေးလိုက်လာကြသည်ကို သိရှိသွားသလို ကျွန်တော်တို့၏ အနံ့အသက်များတို့ကိုလည်း ရရှိလိုက်သည်လားတော့ဖြင့် မသိ။ သူဆက်လက်ပြေးသွားရမည့် ပြေးလမ်းသည်လည်း မကောင်း၍လားတော့ဖြင့်မသိ။ မည်သို့ဆက်လက်ဆောင်ရွက်ရန် ဝေခွဲမရသည့်အသွင်ဖြင့် ရေ့ကို ဆက်လက်လျှောက်လှမ်းနေရာမှ ကျွန်တော်တို့ရှေ့တည့်တည့် ဟိုမှာဘက်ကမ်းပါးရုံအထက်ဆီသို့ တက်ပြေးရန် ရပ်တန့်ကာ ဦးလှည့်လိုက်ပြီး အပေါ်သို့ခုန်တက်ရန် အားယူလိုက်စဉ် တောခွေးသုံးကောင်က ဆတ်ကြီးဘေးတစ်ဖက်တစ်ချက်စီ ဖြန့်ကားနေရာယူလိုက်ကြရင်း အားယူနေသည့် ဆတ်ကြီး၏ပေါင်ကို သူတို့၏ရှည်လျားချွန်ထက်သည့် သွားစွယ်ဖွေးဖွေးကြီးများတို့နှင့် ထိုးဟပ်ကိုက်ခဲဆွဲဖြဲလိုက်မှုကြောင့် အပေါ်ဆီသို့ ဆက်လက်မခုန်တက်နိုင်တော့ဘဲ မြေပြင်ထက်ဆီသို့ နောက်ပြန်လဲကျသွားပေတော့သည်။

ဆတ်ကြီးမှာ ခွေးများကိုက်ခဲခြင်းကို ခံလိုက်ရသည့်အတွက် ကမ်းပါးရုံထက်ဆီသို့ ခုန်တက်လို့မရဘဲ နောက်ပြန်လဲကျသွားရာမှ ကြိုးထလိုက်ပြီး နေရာဆီမှအခြားသို့ ပြေးထွက်ရန်ပြင်ဆင်လိုက်စဉ် ဝဲယာတို့တွင်ညှပ်ထားသော တောခွေးကြီးသုံးကောင်တို့၏ ထိုးဟပ်ကိုက်ခဲလိုက်မှုကို ခံလိုက်ရပြန်သဖြင့် မြေပြင်ထက်ဆီသို့ ဘေးတိုက်ပစ်လဲကျ





သွားပြန်သည်။

တောခွေးကြီးသုံးကောင်တို့၏ ပါးစပ်များအတွင်း သွေးသံရဲရဲတို့နှင့် ဆတ်ကြီး၏ပေါင်သားများတို့က အမြှောင်းလိုက်ပါသွားသည်ကိုလည်း တွေ့မြင်လိုက်ကြရပေသည်။ ကျွန်တော်တို့အားလုံးမှာလည်း ထိုမြင်ကွင်းကြောင့် တအံ့တသြ ဖြစ်သွားလိုက်ကြသလို စိတ်ကိုမထိန်းထားနိုင်သူညာထက်ကျယ်က ဒူးလေးနှင့်လှမ်းချိန်ရွယ်လိုက်သဖြင့် အဘကောင်းက မပစ်လိုက်ဖို့နှင့် ဆက်လက်စောင့်ကြည့်ရန်ပင် တားမြစ်လိုက်ရပေသည်။

ဆတ်ကြီးကား သူ၏ပေါင်သားများတို့ အတုံးလိုက် အတစ်လိုက်အသားတုံးကြီးများတို့ တောခွေးများတို့၏ ကိုက်ဆွဲဖဲ့ခြင်းကို ခံလိုက်ရမှုကြောင့် နေရာမှကြိုးထပြေးထွက်ဖို့ ကြိုးစားလို့မရတော့သဖြင့် ငယ်သံငယ်ရင်းပါအောင် အော်ဟစ်ညည်းညူနေစဉ် တောခွေးကြီးတို့မှာသူတို့ပါးစပ်အတွင်းမှ ဆတ်ကြီး၏ပေါင်သားတုံးကြီးများတို့ကို လွှတ်ကာဆတ်ကြီး၏လည်မျိုအား တစ်ကောင်သော တောခွေးကြီးက ဝင်ရောက်ကိုက်ခဲလိုက်သလို ကျန်တောခွေးနှစ်ကောင်တို့က တစ်ကောင်ကဒူးခေါက်ကျောကို ကိုက်ဖြတ်လိုက်ပြီး ကျန်တစ်ကောင်က ဝမ်းဗိုက်ကိုကိုက်ဖောက်ကာ မာန်သွင်းသံကြီးများတို့နှင့်အတူ ဆတ်ကြီး၏အူများကိုကိုက်ဆွဲဖြတ်တောက် ဖောက်ထုတ်ပစ်နေသည့် တောခွေးသုံးကောင်တို့၏မာန်သွင်းသံ၊ ဟိန်းသံ၊ အစာမာန်ဖီလိုက်သံကြီးများတို့အကြား၊ သေငယ်ဇောနှင့်ဆတ်ကြီး၏ ငယ်သံငယ်ရင်းပါအောင် အော်လိုက်သည့်အသံများတို့က ဝန်းကျင်တွင် ဆူညံသွားပေတော့သည်ကို သွေးသံရဲရဲတို့အကြား စိတ်မကောင်းစွာနှင့် တွေ့မြင်လိုက်ကြရပေသည်။

တောခွေးသုံးကောင်မှာ သူတို့အစာဖောက်နေသလို သွေး



www.burmeseclassic.com

www.burmeseclassic.com



ညီနှံများတို့ကြောင့် မြောင်ကမ်းပါးရံတွင် ကပ်ပေါက်နေကြသည့် တောချုံပုတ်များအတွင်း ကျွန်တော်တို့အုပ်စု ငြိမ်သက်စွာနှင့် လှမ်းကြည့်နေကြသည်ကို သိပုံမပေါ်။

ထိုအချိန်တွင် နောက်မှပြေးလိုက်လာကြသည့် တောခွေးဆယ်ကောင်ခန့်သည် သူတို့အနီးသို့ ရောက်ရှိလာကြပြီး မြေပြင်ထက်ဆီတွင် ဘေးတိုက်လဲကျနေသော ဆတ်ကြီး၏ တင်ပဆုံသားများ၊ လက်ပြင်သား၊ ဘေးသား၊ အူအသည်းများနှင့် လည်ပင်းကြီးတို့ကို ကိုက်ဖြဲခွဲလိုက်ကြပြီး အတုံးလိုက်အတစ်လိုက် သွေးသံရဲရဲတို့နှင့် အသားများပါသွားသည်ကို တွေ့မြင်လိုက်ရသလို၊ မသေမရှင်ဖြစ်နေသော ဆတ်ကြီးမှာ နာနာကြည်းကြည်း ယယ်သံယယ်ရင်းပါအောင် အော်ဟစ်ညည်းညူနေရင်း ငြိမ်သက်ကာ အသက်ပျောက်သွားသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်လိုက်ကြရသည်။ စားနေရင်းကြားမှ တောခွေးများ၏ အလုအယက်ကိုက်ခဲကြသည့်အသံ၊ မာန်သွင်းကြသည့်အသံ၊ ဟိန်းသံများ၊ ဟောက်သံများတို့သည် ထိုဝန်းကျင်တွင် ဆူညံပွက်လော ထသွားပေတော့သည်။ ထိုအချိန်တွင် –

"ဝေါင်း . . . ဂယား"

မြောင်၏ဟိုမှာဘက် တောင့်ကြီးကွေ့နေရာဆီမှပင် မြေတုန်ခမန်း ဟိန်းဟောက်လိုက်သည့် သားကောင်ကြီးတစ်ကောင်၏ အသံကြီးကို ထပ်မံကြားလိုက်ရသဖြင့် ဆတ်ကြီး၏အသားများကို မာန်သွင်းသံကြီးများနှင့် စားသောက်နေကြသည့် တောခွေးများ၏အသံများက "တိ"ခနဲ မီးကိုရေနှင့်ထိလိုက်သလို ငြိမ်သက်ပျောက်ကွယ်သွားကြပြီး တောခွေးများက စားလက်စအစာကိုလွှတ်ကာ စောစောကကြားလိုက်ကြရသည့် အသံကြီးထွက်ပေါ်လာရာဆီသို့ လှမ်းမျှော်ကြည့်နေလိုက်ကြ





သလို ကျွန်တော်တို့၏ အကြည့်များကလဲ အသံကြားလိုက်ရာဆီသို့ ရောက်သွားကြပေသည်။

ကျွန်တော်တို့လှမ်းကြည့်လိုက်ကြစဉ် မြင်ကွင်းတွင် ပြတ်သားထင်ရှားစွာ တွေ့မြင်လိုက်ကြရသည်က တင်ပါး၊ အမြီးနှင့် နောက်ခြေထောက်များတို့က မီးခိုးရောင်ဘက်ဆီသို့သမ်းပြီး အဝါရောင်တွင် အနက်စင်းကျားကြီးများရောထွေးကာ မျက်လုံးရဲရဲကြီးများ၊ ကြီးမားသောပါးစပ်ကြီးကို ဖြဲလျက်ရှည်လျားသော သွားစွယ်ကြီးများ၊ တုတ်ခိုင်သန်မာသော ကိုယ်လုံးကြီးနှင့် သန်မာတောင့်တင်းသော ခြေနှင့်လက်များတို့အပြင် ရှည်လျားသည့်လက်သည်း ခြေသည်းကြီးများနှင့် သူ၏အမြီးကို နှံ့လိုက်မြှင့်လိုက်လှုပ်ယမ်းကာ တစ်လှမ်းခြင်းလာနေသည့် ကျားကြီးတစ်ကောင်ကို တွေ့မြင်လိုက်ကြရသဖြင့် မှန်နှင့်ကုလားကြီးသန်းညွှန့်တို့က လက်သီးဆုပ်ကို ထောင်ပြနေကြသည်ကို တွေ့မြင်လိုက်ရပေသည်။

တောခွေးများသည် သူတို့၏အစာကို ဝင်လုမည့်လက္ခဏာရှိသော ကျားကြီးကို ပြန်လည်ခုခံတိုက်ခိုက်ကြဖို့အတွက် သူတို့စားနေကြသည့်အစာများကိုလွှတ်ကာ ကျားကြီး၏ ဘေးဘယ်ညာများတို့ဆီသို့ ဝိုင်းပတ်ထားလိုက်ကြရင်း ပါးစပ်ကြီးများကို ဖြဲကာသွားစွယ်ကြီးများအဖွေးသားဖြင့် မာန်သွင်းနေကြသည်ကို တွေ့မြင်လိုက်ကြရပေသည်။

ကျွန်တော်တို့မှာ မျှော်လင့်မထားဘဲ တောတွင်းတိုက်ပွဲကောင်းတစ်ပွဲကို ကြည့်ကြရတော့မည်မို့ အသက်ကိုပင် ပြင်းပြင်းမရှူကြဘဲ ငြိမ်သက်ကာ တောချုံပုတ်များတို့အတွင်းမှ စောင့်စားကြည့်ရှုနေလိုက်ကြပေသည်။

တောခွေးကြီးများတို့ကား ပါးစပ်ကြီးများကိုဖြဲကာ သွားစွယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများ အဖွေးသားတို့ဖြင့် ကျားကြီးကို ဝိုင်းပတ်ကာမာန်သွင်းသံကြီးများကို ကြောက်ခမန်းလိလိ ပေးနေကြပေမဲ့ ကျားကြီးအမှုမထားသလို ဖြည်းဖြည်းချင်း လျှောက်လှမ်းနေသည်မို့ ကျားကြီး၏သွားလမ်းကို သေနတ်ဖက်သို့ ဖယ်ရှားပေးလိုက်ကြရင်းမှ နှစ်ဖက်ညှပ်ကာ တောခွေးကြီးများအားလုံးတို့၏ တစ်ပြိုင်တည်းထိုးစစ်ကို စတင်လိုက်ကာ ကျားကြီးကို ဝိုင်းဝန်းကိုက်ခဲလိုက်ကြစဉ် ကျားကြီးက ဟဲခနဲတစ်ချက် မာန်သွင်းသံကြီးကိုပြုလိုက်ရင်း လျှင်မြန်စွာနောက်ဘက်ဆီသို့ နောက်ကျွမ်းပစ်ရှောင်တိမ်းလိုက်ကာ မြေပြင်ထက်ဆီသို့ပြန်အကျတွင် အနီးစပ်ဆုံး တောခွေးကြီးတစ်ကောင်အား လက်သည်းများနှင့်ကုတ်လိုက်စဉ် အရေခွံများလန်သွားသည်နှင့်အတူ သူ၏ကြီးမားသော သွားစွယ်ကြီးများနှင့် ကိုက်ခဲပြီးလည်း ဖြစ်နေပေသည်။

ကျားကြီးမှာ သူ့ပါးစပ်အတွင်း ရောက်ရှိနေသည့် တောခွေးကြီးအား နှစ်ကြိမ်သုံးကြိမ်ခန့် ဆွဲယူခါယမ်းနေသည့်အချိန် အခြားသော တောခွေးကြီးများသည် သူတို့အတွက် ထွက်ပေါက်ပေးလိုက်သည့်အလား။ စောစောက သူတို့ပြေးလိုက်လာကြသည့် လမ်းကြောင်းအတိုင်း ပြန်လည်၍ ပြင်းထန်သော အရှိန်အဟုန်များနှင့် ပြေးထွက်သွားကြသည်ကို တွေ့မြင်လိုက်ရသလို၊ ကျားကြီး၏ပါးစပ်အတွင်း ရောက်ရှိနေသော တောခွေးကြီးမှာ သွေးသံရဲရဲတို့နှင့်အတန်ငယ် လူးလွန့်ရုန်းကန်နေရင်း အတန်ကြာတော့ ငြိမ်သက်သွားသည်ကို တွေ့မြင်လိုက်ရပေသည်။

ကျားကြီးကား ပါးစပ်အတွင်းမှ ခွေးကိုလွှတ်ချလိုက်ပြီး နက်ကျော ကျယ်လောင်စွာနှင့် မြေတုန်ခမန်း အော်ဟစ်လိုက်ပေသည်။

"အာဝူး . . . ဝေါင်း . . . အာဝူး . . . ဝေါင်း . . . ဝေါင်း"





အောင်ပွဲခံသည့် ဟစ်ကြွေးလိုက်သည့်အသံကြီးကို နက်ကျောကျယ်လောင်စွာနှင့် အော်ဟစ်လိုက်သည့် အသံကြီးကြောင့် ကျွန်တော်သည်ပင် မွေးထားသည့်သတ္တိများ ဘယ်ပျောက်ပြီး ဘယ်ရောက်သွားလိုက်မှန်းမသိလိုက်သလို၊ ချုံအတွင်းထိုင်နေရင်း တောခွေးများကဘယ်က ထွက်လာကြမှန်းမသိ၊ ကြက်သီးများလဲ တဖျန်းဖျန်းထကာ တစ်ဦးမျက်နှာတစ်ဦး အားကိုးတကြီးနှင့်လှမ်းကြည့်လိုက်စဉ် –

"ရှုကြည့် . . . ရှုကြည့် . . . ရှုကြည့်"

မြောင်ကြီး၏ ဟိုမှာဘက်ဝါးရုံတောကြီး ထိပ်များထက်ဆီမှ "ပြည့်ကျိုး"ငှက်ငယ်ကလေးတစ်ကောင်၏ အော်သံကို ကြားလိုက်ရပေသည်။ ကျွန်တော်တို့ချုံများအတွင်းမှ တစ်ဦးမျက်နှာတစ်ဦး ကြည့်နေလိုက်ကြစဉ် ကျားကြီးမှာ တောခွေးများစားထား၍ ကျန်နေသည့်ဆတ်သေကြီးရှိရာဆီသို့သွားကာ ကျန်ရှိသည့်အသားများကို ကိုက်ဖွဲ့စားသောက်နေသည်ကို တွေ့မြင်လိုက်ရသည်။ အဘကောင်းက ဒူးလေးကိုင်ထားသည့် လူငယ်သုံးဦးကို သူအပစ်ခိုင်းသည့်အချိန်တွင် ပစ်ခတ်ရန် လက်ဟန်ခြေဟန်နှင့် ပြောနေသည်ကို တွေ့လိုက်ရပေသည်။

ကျားကြီးမှာ ဆတ်သေကောင်၏အသားများတို့ကို အတန်ငယ်စားသောက်နေလိုက်ပြီး ဆက်၍မစားတော့ဘဲ ဟိုမှာဘက်ကမ်းရုံထက်ဆီသို့ မော့ကြည့်လိုက်ကာ အတန်ကြာတော့လျှာကြီးကိုထုတ်၊ ပါးစပ်ကြီးကို အစွမ်းကုန်ဟဖြဲလိုက်ပြီး သမ်းဝေနေလိုက်သည်။ ပြီးတော့မှ ယိုင်နဲ့စွာနှင့် တောခွေးသေကြီးဆီသို့ပြန်လာကာ ကျွန်တော်တို့နှင့်သေးတိုက်အနေအထားမျိုးနှင့် တောခွေးကြီး၏ပေါင်ရင်းကို ကိုက်ဖြတ်နေစဉ်အတွင်း အဘကောင်းက ဒူးလေးသမားသုံးဦးအား ပစ်ခတ်ရန် အချက်ပေးလိုက်သည်နှင့်အတူ –



www.burmeseclassic.com

www.burmeseclassic.com



"ဒေါင် . . . ဒေါင် . . . ဒေါင်"

လေညှို့ကိုဖြတ်လိုက်သည့် အသံများတို့နှင့်အတူ မြားတံများတို့က ကျားကြီး၏သတ်မှတ်ထားရာ သေကွင်းများဆီသို့ "ဖွပ် . . . ဖွပ် ဖွပ်"ဟူသော တစ်ဆုံးတစ်စိုက်ဝင်ထိမှန် ခံလိုက်ရသည့် ကျားကြီး၏ နာနာကြည်းကြည်း အော်ဟစ်လူးလှိမ့်နေသည့် အသံကြီးကို ကြားနေကြရင်းမှ –

"ယောက်ျားတဲ့ဟေ့ . . . ကျား . . . ယား"

ကျွန်တော်တို့နှင့်အတူ ချုံပုတ်ကြီးအတွင်း ပုန်းအောင်းနေကြသည့်အထဲမှ မှန်နှင့် ကုလားကြီးသန်းညွန့်တို့နှစ်ဦးက သူတို့ကိုင်ဆောင်ထားကြသည့်လှံများကို ဆုပ်ကိုင်ကာ မြောင်းနှုတ်ခမ်းသို့ ပြေးသွားလိုက်ကြရင်း အောက်ဘက်ဆီသို့ခုန်ဆင်းသွားကာ မြေပြင်တွင် လူးလှိမ့်နေသောကျားကြီး၏ ဘယ်ဘက်လက်ပြင် နောက်နှလုံးသားရှိရာဆီသို့ မှန်က သူဆုပ်ကိုင်ထားသည့် လှံသွားရှည်ကြီးဖြင့် တစ်ဆုံးထိုးစိုက်ကာ ဖိထားလိုက်သဖြင့် ကျားကြီးမှာ လူးလွန့်ရုန်းကန်လှုပ်ရှားကာ သူ၏ လက်နှင့်ခြေတို့အတွင်းမှ ရှည်လျားချွန်ထက်သည့် လက်သည်းကြီးများနှင့် ပြန်လည်ကုတ်ဖဲ့ရို ကြိုးစားနေသည့်အချိန်၊ ကုလားကြီးသန်းညွန့်ကိုင်ဆောင်ထားသည့် လှံသွားကြီးက ကျားကြီး၏လည်တိုင်ရင်းဆီသို့ စူးစူးနစ်နစ်ထိုးစိုက်ခြင်းကို ထပ်မံခံလိုက်ရသဖြင့် ကျားကြီးမှာ ဆက်လက်ရုန်းကန်လေ အထိနာလေဖြစ်နေသဖြင့် သူ၏မျက်ရုံးကြီးများတို့ပြူးထွက်ကာ မချိမဆန့်ဖြစ်နေသည့်အချိန် ကျန်ရှိနေကြသည့် လှံကိုင်သမားသုံးဦးကပါ အောက်သို့ခုန်ဆင်းလိုက်ကြပြီး ကျားကြီး၏သေကွင်းများဆီသို့ထိုးစိုက်ကာ ဖိထားလိုက်ကြသဖြင့် ကျားကြီးအဖို့မည်သို့မျှ လှုပ်ရှားလို့မရနိုင်သည့် အနေအထားမျိုးတွင် အဘကောင်းနှင့်အစ်ကိုကြီး





ဦးသိန်းလွင်တို့နှစ်ဦးက လက်တွင်ကိုင်ဆောင်ထားကြသည့် ကိုင်းခုတ်ဓား များနှင့် ခုတ်ကာခုတ်ကာ အခုတ်ခံနေရသည့် ကြီးမားသောကျားကြီးမှာ ဦးနှောက်များထွက်လျက် သေပွဲဝင်သွားသည်ကို တွေ့မြင်လိုက်ရပေသည်။

ကျားကြီးကား အသက်ပျောက်ကာ ငြိမ်သက်သွားပြီမို့ သူ့ကိုယ်တွင်းဆီသို့ ထိုးသွင်းဖိစိုက်ထားကြသော လှံများတို့ကို ဆွဲနှုတ်လိုက်ကြပေတော့သည်။ ကျွန်တော်က ရုပ်ရှင်ပိတ်ကားပေါ်တွင် မြင်တွေ့လိုက်ရသလို ပြက်ပြက်ထင်ထင် တွေ့မြင်လိုက်ရသည့် မှန်နှင့် ကုလားကြီးသန်းညွန့်တို့၏ လုပ်ရပ်၊ နောက်ထပ်လှံကိုင်သမား လူငယ်သုံးဦးတို့၏ မယုံကြည်နိုင်လောက်အောင် လျှင်မြန်သွက်လက်လွန်းလှသည့် နောက်ဆက်တွဲလုပ်ရပ်၊ အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့၏ ရဲရဲဝံ့ဝံ့ကိုင်းခုတ်ဓားများနှင့် ဝင်ခုတ်နေကြသည့် လုပ်ရပ်များတို့ကို မယုံကြည်နိုင်လောက်အောင်ကြည့်နေရင်း တအံ့တဩ ဖြစ်နေမိသည်က အမှန်။

အဘယ့်ကြောင့်ဆိုသော် သူတို့အားလုံးမျက်နှာများကို ကြည့်ရသည်မှာ သာမန်အသွင်မျိုး။ သာမာန်လုပ်ငန်းမျိုးမဟုတ်သဖြင့် ကျွန်တော်အံ့ဩနေရခြင်းပင်။ ယခု သူတို့စုပေါင်းသတ်ဖြတ်လိုက်ကြသည့် ကျားကြီးမှာ ကျွန်တော့်အနေနှင့် မြင်တွေ့လိုက်ရသည်ကပင် ထိတ်လန့်စရာ အကောင်ကြီးကို သူတို့အားလုံး ကျားစီးဖားစီးမကြောက်မရွံ့ ရင်ဆိုင်နေကြသည်မှာ ရိုးမှရိုးကြရဲ့လားဟူသော အတွေးမျိုးနှင့် သူတို့မျက်နှာများကို ထပ်မံကြည့်လိုက်တော့ သူတို့ရုပ်ကအပြောင်းအလဲမရှိသော်လည်း သူတို့၏မျက်လုံးများတို့မှာ သာမန်အသွင်မျိုးမဟုတ်။ မျက်လုံးများတို့က ရဲရဲတောက်ကာ မကောင်းဆိုးဝါးအကောင်တို့က



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ပူးကပ်နေသည့် အသွင်သဏ္ဌာန်မျိုးဖြစ်နေသည့်အတွက်ကြောင့်ပင်။

အထူးသဖြင့် မှန်နှင့် ကုလားကြီးသန်းညွှန့်တို့ နှစ်ဦး၏အသွင်မှာ ပိုမိုထူးခြားနေသည်ဟု တွေ့မြင်လိုက်ရခြင်းကြောင့်ပင်။ အရာရာကို ထိမထင်ရင်ဆိုင်မည့်ပုံစံမျိုးနှင့် တွေ့မြင်နေရခြင်းကြောင့်ပင်။ ကျွန်တော်က အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင် မျက်နှာများကို လှမ်းကြည့်လိုက်ပြီး မေးထိုးပြလိုက်တော့ သူတို့လဲ ကျွန်တော်ကဲ့သို့ တအံ့တဩဖြစ်သွားသည်ကို တွေ့မြင်လိုက်ရပြီး ကျွန်တော့်အနီးသို့ တိုးကပ်လာကြသည်ကို တွေ့လိုက်ရပေသည်။

သူတို့ငါးဦးစလုံးမှာ ကျားကြီးကိုယ်တွင် စိုက်ဝင်ထားသည့် လှံများတို့ကိုဆွဲနုတ်ကာ ဆုပ်ကိုင်ထားကြသလို ကျားကြီးကိုယ်မှထွက်ကျသော သွေးများပန်းထွက်ကာ သူတို့ကိုယ်တွင် ပေနေကြသဖြင့် သွေးညှီနံ့များတို့နှင့်အတိ ဖြစ်နေသည့်အပြင် သူတို့၏စိတ်တို့က ပျော့ကျသွားပုံမရသေးသည့် အသွင်မျိုး။ ထိုစဉ် –

မြောင်နုတ်ခမ်း ဟိုမှာဘက်အခြမ်း ဆူးရစ်ချုံတောကြီးအတွင်းဆီမှ "ဟဲ"ခနဲ မာန်သွင်းသံကြီးတစ်သံကို ကြားလိုက်ကြရပြန်သဖြင့် ကျွန်တော်တို့သုံးဦးက အသံကြားလိုက်ရာဆီသို့ လှမ်းကြည့်လိုက်သလို သူတို့လှံကိုင်သမားငါးဦးက လှံများကို အသံကြားလိုက်ရာဆီသို့ ထောင်ထားလိုက်ကြရင်း လူစုခွဲလိုက်သည့်ပုံစံက ညှိနှိုင်းမထားပါဘဲနှင့် ကွက်တိဖြစ်နေသည်က ပိုမိုထူးခြားနေပြန်သည်။ ထိုစဉ်မြောင်ကမ်းပါးရဲ့ အထက်ဆူးရစ်ချုံတောကြီးအတွင်းဆီမှ တိုးထွက်လာသည့် ကျားကြီးတစ်ကောင်ကို ထပ်မံတွေ့မြင်လိုက်ကြရပြန်ပေသည်။

"ဝေါင်း . . . အာဝူး"





ကမ်းပါးရဲ့အထက်မှ ကျွန်တော်တို့အဖွဲ့ကို လှမ်းကြည့်လိုက်ရင်း ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲကာသွားစွယ်ကြီးများ အဖွေးသားဖြင့် ဟိန်းဟောက်လိုက်သည့် ကျားဟိန်းသံကြီးကား အတွေ့အကြုံနည်းပါးသည့် မုဆိုးတစ်ယောက်ဆိုပါက အလွန်တရာထိတ်လန့် တုန်လှုပ်စရာကောင်းသည့်အသံကြီးမျိုးပင်။ သို့သော် လှံကိုင်ထားသည့် သူတို့ငါးဦးကိုင်ထားသည့်လှံများက ကျားကြီးခုန်အုပ်လိုက်ပါက အသင့်ဖမ်းထောက်ရန်အသွင်နှင့် ရဲရဲဝံ့ဝံ့ထိုးချိန်ထားသည်ကို သိရှိသဘောပေါက်သွား၍လားတော့ဖြင့်မသိ။ ခုန်အုပ်ကိုက်ခဲခြင်းကို မပြုသေးဘဲ နောက်ပိုင်းသို့ ပြန်လည်ဆုတ်ခွာသွားသည်ကို တွေ့လိုက်ရပြန်သည်။

ကျားကြီးကားနောက်ပိုင်း ဆူးရစ်ချုံတောကြီးအတွင်း ပြန်လည်တိုးဝင်သွားကာ အသံကပျောက်ကွယ်သွားသလို နောက်တစ်ဖန်အသံမပေးဘဲ ကမ်းပါးရဲဘက်ဆီသို့ တိုးကပ်လာပုံရသည်။ ဆူးရစ်ချုံနွယ်များကို တိုးဖော့ပွတ်တိုက်သည့်အသံ၊ သစ်ရွက်ခြောက်များတို့အပေါ် ဖွဖွနင်းကာ လျှောက်လှမ်းလာသည့် အသံများတို့က တဖြည်းဖြည်းနီးလာသံကိုကြားလိုက်ရပြီး ကမ်းပါးရဲအဖျားဆီမှ အောက်တွင်ရှိနေကြသည့် လူငယ်များအကြားဆီသို့ ခုန်အုပ်ရန် အားယူလိုက်စဉ်အတွင်း –

"ဒေါင် . . . ဒေါင် . . . ဒေါင်"

ကျွန်တော်တို့အဖွဲ့ မူလဝင်ရောက်ပုန်းခိုနေကြသည့် တောချုံပုတ်ကြီးအတွင်းဆီမှ လေးညို့လွှတ်လိုက်သည့် အသံများနှင့်အတူ မြားတံများတို့ကကျားကြီး၏ ကိုယ်လုံးများဆီသို့ ပြေးဝင်စူးနစ်ကြသည်ကို တွေ့မြင်လိုက်ရသည့် ကျားကြီးမှာ ခုနစ်တောင်နီးပါးခန့်ရှိပေသည့် ခါးလျားရှည်ကြီးနှင့် သူ့ဝမ်းဗိုက်အောက်တွင် တွဲလောင်းကျကာ နို့မြုံးကြီးများကြောင့် ကျားမကြီးတစ်ကောင်ပင် ဖြစ်ပေမည်။ မူလကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့အဖွဲ့လှံများနှင့် ထိုးသတ်ထားသည့် ကျားထီးကြီးနှင့်မည်သို့ဆက်နွယ်ပတ်သက်နေသည်ကိုတော့ဖြင့် မသိပေ။

ကျွန်တော့်အတွေးများ မဆုံးသေးခင် မြားတံများစိုက်ဝင်ထားခြင်းခံလိုက်ရသော ကျားမကြီးမှာ ခုန်အုပ်လိုက်သည့်အချိန်နှင့် တိုက်ဆိုင်သွားသည်နှင့်အတူ မြောင်အောက်ဘက်မှ လှံရှည်များကို ကိုင်ဆောင်ထားကြသည့် ငါးဦး၏လှံများနှင့် ထောက်ခံထားလိုက်ကြသည့်အတွက် ကျားမကြီး၏ ကိုယ်အနှံ့ဆီသို့ လှံသွားတို့က စူးဝင်နစ်မြုပ်သွားကြသည်ကို တွေ့မြင်လိုက်ရသည်နှင့်အတူ လှံကိုင်လက်များကို လွှတ်လိုက်ကြရင်း ဘေးကင်းမည့်နေရာများဆီသို့ လှပစွာရှောင်ထွက်သွားကြသည်ကို တွေ့မြင်လိုက်ရပေသည်။

ကျားမကြီးမှာ မြောင်အောက်တွင်ရှိနေကြသော လှံသမား ငါးဦးထံခုန်အုပ်လိုက်စဉ်အတွင်း သူမျှော်လင့်မထားသော မြားတံသုံးချောင်းစူးဝင်ခြင်းကို ခံလိုက်ရပြီး အရှိန်ကိုထိန်းမထားနိုင်ဘဲ အောက်သို့ အရောက်တွင် လှံငါးချောင်းစလုံး၏ ထိုးဖောက်စူးဝင်ခြင်းကို ခံလိုက်ရသည့်အတွက် မြေပြင်ထက်ဆီသို့အကျတွင် အတန်ငယ်လူးလှိမ့်လိုက်ရင်း ငြိမ်သက်သွားသည်ကို တွေ့မြင်လိုက်ရပေသည်။

ကျွန်တော်တို့သုံးဦးစလုံး ဝါးရှူးချွန်များနှင့် ကိုင်းခုတ်ဓါးများတို့နှင့် ထူးခြားလာမည့်အခြေအနေကို စောင့်ကြည့်နေလိုက်ကြသော်လည်း နောက်ထပ်သွေးသံရဲရဲတို့အတွင်း ထူးခြားသည့် လှုပ်ရှားမှုကိုမတွေ့မြင်ကြရတော့သဖြင့် ထိုနေရာတွင် အမောအပန်းဖြေကာ ထိုင်လိုက်ကြရင်း လူစုလိုက်ကြပေသည်။

တစ်နေရာထဲတွင် ကျားကြီးနှစ်ကောင်ကို ဒူးလေးများအပြင် လှံငါးချောင်းနှင့် မယုံကြည်နိုင်စရာ ကောင်းလောက်အောင် အနိုင်ယူ





လိုက်ကြပြီးမှ ထိုကျားကြီးနှစ်ကောင်ကို ပြန်သယ်ဆောင်သွားကြရန်အတွက် ခြေနှင့်လက်များကို နွယ်ကြိုးများနှင့် တုပ်နှောင်လိုက်ကြပြီး ဝါးလုံးနှင့်သပ်လျှိုကာ နှစ်ဖွဲ့ထမ်းကာပြန်ကြရမည့်မို့ ကျွန်တော်တို့အဖွဲ့ ပြင်ဆင်နေလိုက်ကြစဉ် ကျွန်တော့်အကြည့်က မှန်နှင့်ကုလားကြီးသန်ညွန့်တို့နှစ်ဦးထံ ရောက်သွားပြန်သည်။ စောစောကတွေ့လိုက်သည့် ပုံစံမျိုး မဟုတ်သလို မျက်လုံးများက ရဲရဲတောက်မနေတော့သည်ကို တွေ့လိုက်ရပေသည်။ အပြန်မှ သူတို့ကိုမေးစမ်းကြည့်ရပေဦးတော့မည်။

ကျွန်တော်တို့ ကျားကြီးနှစ်ကောင်ကို ထမ်းလျှောက်ပြန်လာခဲ့ကြရင်း သံညှပ်မိထားသည့် ဗိုင်သေကြီးဆီရောက်တော့ ခေါင်းတစ်ဖက် စားထားသည်ကို တွေ့မြင်လိုက်ကြရပေသည်။ နောက်ထပ်ရောက်လာသည့် ကျားမကြီးစားထားသည့် လက္ခဏာပင်။ လူငယ်တို့က ကျားနှစ်ကောင်ကို စခန်းဆီသို့ သယ်ဆောင်သွားကြရန် စေလွှတ်လိုက်ပြီး ကျွန်တော်တို့နှင့် ဒူးလေးကိုင်ဆောင်ကြသည့်အဖွဲ့က အကောင်းပကတိ ရှိသေးသည့် ဗိုင်သားများနှင့် ဦးခေါင်းတို့ကိုလှီးဖြတ်ကာ ဝါးခြမ်းတောင်း သုံးလုံးယက်လုပ်သယ်ဆောင်ရင်း စခန်းရှိရာဆီသို့ ပြန်ရောက်တော့ ကျားနှစ်ကောင်အား အရေခွာပြီး မြေပြင်တွင်ငုတ်များနှင့်ဖြန့်ကားလျှက် ကားကြက်ထားသည်ကို တွေ့မြင်လိုက်ကြရပေသည်။

❁ ❁ ❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အောင်ပွဲပြန်ခရီး

ကျွန်တော်တို့အဖွဲ့ ယခုအထိုင်ချရာစခန်းဆီသို့ ရောက်ရှိခဲ့ကြသည်မှာ ယနေ့ပါဆိုလျှင် (၁၂)ရက်ရှိခဲ့ပေပြီ။ ပြန်ကြရမည့်ရက်ကနီးကပ်လာပြီမို့ ကျန်ရှိနေသည့်လုပ်ငန်းများကို လုပ်ဆောင်ကြရပေတော့မည်။ သို့အတွက် ထောင်ထားသည့် ထောင်ချောက်များတို့ကို ဦးစွာဖြုတ်သိမ်းရှင်းလင်းကြရမည် ဖြစ်သော်လည်း ယနေ့အဖို့ အချိန်ကမရှိတော့သဖြင့် မနက်ဖြန်မှ ၊လုပ်ကြရပေမည်။

ဉာဏ်ကျယ်တစ်ယောက် ''တစ်ပွဲစားအဘဦးနီမောင်'' ထံတွင် တောင်းခံစဉ်က ကတိပေးပြောကြားထားသည်များတို့ကိုလည်း လုပ်ကိုင်





ဆောင်ရွက်ကြရပေမည်။ ရွာခံမုဆိုးတို့၏ ကူညီပံ့ပိုးပေးမှုအတွက်ကိုလည်း အထိုက်အလျောက် ပေးကမ်းသင့်သည်များတို့ကို တွေးတောနေရင်းမှ ကျွန်တော်က အနီးတွင်ရှိသော အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့နှစ်ဦးကို မေးလိုက်သည်–

''ဒီမှာ အဘကောင်းနဲ့ အစ်ကိုကြီး၊ ကျွန်တော်တို့ပြန်ကြဖို့နီးနေပြီဆိုတော့ ကျန်တဲ့ရက်ကလေးတွေကို လုပ်ကြရမဲ့လုပ်ငန်းကလေးတွေကို ဖောက်ချလုပ်လိုက်ကြရအောင်''

''အေးဗျ . . . ကျွန်တော်လည်း အဲဒါကိုစဉ်းစားနေတာနောက်တစ်ချက်က ကျွန်တော်တို့ဒီကို ရောက်နေတဲ့ရက်တွေမှာ ဝိုင်းကူညီနေကြတဲ့ မိသားစုရဲဘော်တွေအတွက်ကိုလည်း ပံ့ပိုးခဲ့ချင်တော့ ဘယ်လိုလုပ်ရရင် ကောင်းမလဲလို့ စဉ်းစားနေတာ''

အဘကောင်းက ပြန်ပြောလိုက်သဖြင့် အစ်ကိုကြီး ဦးသိန်းလွင်က –

''ရထားတဲ့ အသားခြောက်တွေလည်း မနည်းမနော။ ခုလည်း ဒီအသားတွေ ထပ်ရနေတယ်ဆိုတော့ ရောင်းလိုက်ပြီး ထွက်လာတဲ့ငွေနဲ့ အဘစိတ်ကူးကို အကောင်အထည် ဖော်လို့ရတယ်လေ၊ အဲဒါစီစဉ်လိုက်ကြရအောင်''

အစ်ကိုကြီး ဦးသိန်းလွင် ပြောလိုက်သည့် စကားကြောင့် ကျွန်တော်က–

''ဟိုကိုတက်ရောင်းနိုင်ရင်တော့ အစ်ကိုကြီးပြောသလို ဖြစ်မှာပေါ့။ ခုဟာက သည်တောကြီးအတွင်းမှာ ရောင်းရမှာဆိုတော့ ထင်သလောက်ရနိုင်ပါ့မလား''

''ရနိုင်တယ်ကွ။ ဒီတောကြီးထဲမှာကိုလိုက်ဝယ်ပြီး ဈေးကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးနေတဲ့ လူတွေရှိနေတယ်။ ဒါကြောင့်ငါပြောတာ''

''ဟုတ်လား . . . ဒီတောကြီးထဲမှာ ဘယ်ဈေးတွေပေးနေလဲ မဟုသုတအဖြစ် ပြောပြပါအုံး''

''အေးကွ . . . အုံ့သြစရာကောင်းလွန်းလို့ ငါလည်းဟုတ်ပါ့ မလားလို့ ပြန်တောင်မေးမိတော့ ရောင်းမယ်ဆိုရင် သူ့ကိုပြောပါ ချက်ချင်းငွေချေမယ်လို့ ပြောတယ်ကွ။ သူတို့ပေးမဲ့ဈေးက –

| | |
|---|---|
| ကျွဲနဲ့ဒရယ်သားဆိုရင် | ၂၀၀၀ ကျပ် |
| ဆတ် | ၂၂၀၀ ကျပ် |
| ဝံ | ၂၅၀၀ ကျပ် |
| မြွေ | ၁၂၀၀ ကျပ် |
| မြွေ (အဆိပ်ပြင်းပါက) | ၂၀၀၀ ကျပ် |
| တောကြက် | ၂၀၀၀ ကျပ် |
| ရစ် | ၂၅၀၀ ကျပ် |
| ငှက်ငန်း | ၂၅၀၀ ကျပ် |
| ဖွတ် | ၂၅၀၀ ကျပ် |
| သင်းခွေချပ် | ၂၀၀၀ ကျပ် (အသား) |
| သင်းခွေချပ် | ၇၀၀၀ ကျပ် (အခွံ)ပေးတယ် |

ဆိုပဲကွ၊ အခြားအကောင်တွေဆိုလည်း သူ့အတန်းအစားနဲ့သူ ပေးမယ်ဆိုပဲကွ''

''အဲဒါဆိုရင် ဟိုကျားကြီးတစ်ကောင်ဆိုရင် ဘယ်လောက်ရမလဲ''

ကျွန်တော်အရည်ချထားပြီး မလှီးဖြတ်ရသေးသည့် ကျားကြီးနှစ်ကောင်တို့ လက်ညှိုးထိုးပြလိုက်သည်မှ သူပြန်ပြောလိုက်သည်က–





''တစ်ကောင်ဆိုရင် လေးသိန်းအောက်မလျော့ဘူးကွ''

''ကျားသစ်လိုအကောင်မျိုးဆိုရင်ရော ဘယ်ဈေးလောက်ရမလဲ''

''သူလဲကျားဈေးနဲ့ အတူတူပဲကွ''

''ဒါနဲ့မေးရအုံးမယ်၊ ကျွဲနဲ့ဒရယ်လိုအကောင်မျိုးကို နှစ်ထောင်ဈေးဆိုတော့ မနည်းဘူးလားအစ်ကိုကြီးရဲ့''

''ငါပြောတာက ဗိသာဈေးနဲ့ပြောနေတာ။ မင်းက အကောင်လုံးဈေးနဲ့ တွက်နေတာကိုးကွ။ ကျွဲတစ်ဆယ် ဒရယ်အစိတ်ဆိုတော့ မင်းပိဿာ ဈေးနဲ့တွက်ကြည့်ကွာ''

''ကဲ . . . ဒါဆိုရင် အစ်ကိုကြီးသာစီစဉ်လိုက်ပေတော့။ ငွေရတော့မှ ကျွန်တော်တို့အဖွဲ့တိုင်ပင်ပြီး စဉ်းစားလုပ်ကြတာပေါ့၊ ဟုတ်တယ်နော် အဘာကောင်း''

အစ်ကိုကြီးဦးသိန်းလွင်ကို တာဝန်ပေးလိုက်သည်မှ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် တဲပေါ်မှအောက်ဆင်းသွားသည်ကို တွေ့လိုက်ရပေသည်။ လူငယ်များနှင့်ရွာခံများ ကိုယ်လက်သန့်စင်ပြီး ဖြစ်ကြသည့်အတွက် ဆတ်သားခြောက်ဖုတ်နှင့် ဝိုင်သားကြော်များတို့နှင့် အရက်များကို သောက်စားနေလိုက်ကြရင်းမှ ကျွန်တော့်စိတ်တွင် မရှင်းလင်းသည့်အချက်ကို မွန်နှင့်ကုလားကြီးသန်းညွန့်တို့ နှစ်ဦးအားမေးလိုက်မိပေသည်။

''နေပါအုံး မွန်နဲ့ကုလားကြီးသန်းညွန့်တို့ မင်းတို့နှစ်ယောက်ကို ငါမသိလို့ မေးပါအုံးမယ်။ ကျားကြီးကို ဒူးလေးနဲ့ပစ်ပြီး မြေပြင်မှာ လူးလိမ့်နေတုံး နင်တို့နှစ်ဦးလုံးရှေ့တွကိုင်ပြီး ခုန်ဆင်းသွားတဲ့အခါ နင်တို့မျက်လုံးကြီးတွေ ရဲရဲတောက်နေကြပြီး လူစိတ်ပျောက်သလို ဖြစ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ကို သတိထားမိလိုက်ကြရဲ့လား''

''အမှန်ပြောရင် ကျွန်တော်တို့သတိဝင်လာတဲ့အချိန်မှာ ကျားကြီးကို လှံနဲ့ထိုးပြီး ဖိထားတဲ့အချိန်မှ အသိဝင်လာတာဆိုတော့ ဘယ်လိုအောက်ကိုရောက်ပြီး ဘယ်လိုလှံတွေနဲ့ ထိုးထားလိုက်မိတယ်ဆိုတာကို စဉ်းစားလို့ကိုမရတာအမှန်ပဲ။ ဘယ်လိုဖြစ်လို့ ပေါ်ပါးဖျတ်လတ်နေပြီး အားတွေအလိုလိုရှိနေမှန်းမသိဘူး။ ကျွန်တော်တို့ကိုယ်ကို တစ်ကောင်ကောင်ပူးကပ်ပြီး သူလုပ်ချင်တာကို ကျွန်တော်တို့ ခန္ဓာကိုယ်ကလိုက်လုပ်နေကြရတဲ့ပုံပဲဗျ''

''ဟုတ်လား . . . ကုလားကြီးသန်းညွန့်ကကော သတိထားမိလား''

''ကျွန်တော်လည်း မှန်ပြောသလိုပဲ၊ အသိနဲ့စိတ်ကပ်လိုက်မိလို့ သတိထားလိုက်မိတဲ့အချိန် ကျားကိုလှံနဲ့တန်းလန်းထိုးဖိထားလိုက်တဲ့အချိန်ပဲ။ ကျားကရုန်းကန်နေတော့ ကြောက်ကြောက်နဲ့ဖိထိုးထားတုန်း ဟိုကောင်သုံးယောက်ဝင်ထိုးလိုက်ကြတာပဲ''

''ဒီအငိုင်းဆိုရင် အဘတစ်ပွဲစားဦးနီမောင်ကိုယ်တိုင် ပူးကပ်ပြီး အကူအညီပေးတာဖြစ်မယ်ထင်တယ်ကွ''

အဘကောင်းက တွေးတွေးဆဆပြောလိုက်သည်မို့ ကျွန်တော်တို့စဉ်းစားနေလိုက်စဉ် ဆက်ပြောလိုက်သည့် စကားတို့က –

''ငါတို့ ဒီညအနားယူလိုက်ပြီး မနက်ဖြန်ကို တောင်ချောက်တွေဖြတ်မယ်။ ညနေပိုင်းကို ကတိပေးထားတဲ့အတိုင်း အမဲခေါင်းသားနဲ့တင်မြှောက်ပသပြီးတဲ့နောက် မင်းတို့အလောင်းအစားလုပ်ထားတဲ့ ပွဲကလေးကို ဒီမှာပဲလူစုံစုံနဲ့ကျင်းပမယ်''

အဘကောင်း ပြောသည်ကလဲ မှန်သည်။ သူတို့အလောင်း





အစားပွဲကို ကျွန်တော်တို့အဖွဲ့ချည်းသက်သက်ဖြင့် ''နဂါးနီစားတော်ဆက်'' တွင်လုပ်မည်ဆိုပါက ရွာခံမုဆိုးတို့ လိုက်ကြမည်မဟုတ်သည်က အမှန်။ သို့အတွက် သူတို့နှင့်ပါရောလျှက်လုပ်လိုက်ခြင်းဖြင့် သူတို့ပါ ပျော်ရွှင်ကြည်နူးကြမည်က အမှန်ပင်ဖြစ်ပေသည်။ ကျွန်တော်တို့လက်ဝယ်တွင် ငွေရှိနေပြီဖြစ်သည့်အတွက် လိုအပ်သည်ကို အနီးအနားစခန်းများတို့တွင် သွားရောက်ဝယ်ယူလို့က ရနေသည်မဟုတ်ပါလား။

အချိန်ကညည့်နက်နေပြီမို့ အိပ်စက်အနားယူလိုက်ကြပြီး နောက်တစ်နေ့နံနက်ခင်းတွင် လူအုပ်စုကို နှစ်စုခွဲလိုက်သည်။ တစ်စုကစခန်းတွင် လိုအပ်သည်များတို့ကို စီစဉ်ဆောင်ရွက်ကြရန်ဖြစ်ပြီး ကျန်တစ်ဖွဲ့က တောင်ချောက်များတို့ကို သွားရောက်ဖြတ်ယူသယ်ဆောင်ကြရန် အဖွဲ့တို့ဖြစ်ပေသည်။

ကျွန်တော်တို့လူကြီးသုံးဦးပါသည့် အဖွဲ့သားတို့ ဒူးလေးတစ်လက်ကိုကိုင်ဆောင်ပြီး ထွက်ခွာခဲ့ကြသလို သူတို့အဖွဲ့လည်း ထွက်ခွာသွားကြပေသည်။ တောင်ချောက်များတို့တွင် မိထားကာ အသက်ပျောက်နေပြီဖြစ်သော ဂျီတစ်ကောင်၊ ကြောင်နှစ်ကောင်၊ ရစ်သုံးကောင်ကိုယူလျှက် တောင်ချောက်များတို့ကိုဖြတ်ပြီး စခန်းချရာဆီသို့ပြန်ရောက်တော့ ညနေသုံးနာရီပင်ရှိနေပေပြီ။ အနားယူပြီး မနေနိုင်[illegible]။ အမှောင်ထုကမင်းမူလာပြီမို့ ရွာခံမုဆိုးများတို့၏ မိသားစုများတို့ကို အချိုးကျခွဲဝေပေးလိုက်ပြီး ကျွန်တော်တို့အဖွဲ့ စားသောက်လိုက်ကြရင်း အိပ်မှကားနံနက်စောစော ရောက်ရှိလာသဖြင့် ရန်ကုန်သို့ ပျော်ရွှင်ကြည်နူး[illegible] ပြန်ခဲ့ကြပေသည်။

လမ်းတစ်လျှောက် ကျွန်တော်စဉ်းစားလာသည်က မုဆိုးပညာရပ်များကို အထိုက်အလျောက် တတ်သိနားလည်ထားသည့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့အဖွဲ့အနေဖြင့် ထောင်ချောက်အမျိုးမျိုးကို သုံးရွဲကာလုပ်ကိုင်ဆောင်ရွက်လာခဲ့သည့် ယခုလုပ်ရပ်များတို့သည် ဟိုယခင်သေနတ်များလက်ဝယ် ကိုင်ဆောင်ထားခဲ့ကြသည့် အချိန်ကရရှိခဲ့ကြသည့် သားကောင်များတို့ထက် အဆသုံးဆယ်မျှမက ရရှိလိုက်သလို၊ တမလွန်ဘဝကို တစ်ပွဲစားအဖြစ် ရောက်ရှိနေသည့် အဘဦးနီမောင်က "မြည့်ကျိုးငှက်ငယ်"ကလေးအသွင်ဖြင့် ကူညီပံ့ပိုးခဲ့သည့်အတွက် နောက်တစ်ခါအမြန်ဆုံးလာရောက်ပြီး တစ်ပွဲစားအဘဦးနီမောင်အတွက် ကောင်းမှုကုသိုလ်များကိုလုပ်ရင်း အမျှအတန်းပေးဝေရန်အတွက် အမြန်ဆုံးလုပ်ကိုင်ဆောင်ရွက်ကြရန် စဉ်းစားရင်းလိုက်ပါလာခဲ့မိပေတော့သည်။

❁ လေးမောင်




စာမူခွင့်ပြုချက်အမှတ် – ၅၀၁၀၃၂၀၀၈

www.burmeseclassic.com